ပုဂံကျောင်းအုံးပေစာပေဆု ၇

ဗောဓိကုသောကျောင်းတော်
အုပ်ချုပ်ဖေးဆိုင်ရာကျောင်း

တက္ကသိုလ် **မောင်မောင်လှိုင်**

ပ.ဘ.၅၂၅၅
၅

ခ/၃ ၂၉၇.၃၈၂၃၅
ဝေဘဝ

၁၉၉၆ ခုနှစ်၊ ပခုက္ကူ ဦးအုံးဖေ စာပေဆု
သုတေသနစာပေ ဒုတိယဆုရ

E-BOOK

ဇာတကဋ္ဌကထာကျမ်းလာ
အုပ်ချုပ်ရေးဆိုင်ရာကျမ်း

တက္ကသိုလ် မောင်မောင်လှိုင်

စီစဉ်တည်းဖြတ်သူ–စာတည်းမှူး ဦးစိုးမြင့်
အဖုံးပန်းချီ–မြတ်ဟန်



စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

၁၉၉၇ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ ၁၀၀၀

E-BOOK

အဖုံး ဒီဇိုင်း ကျော်

အမှတ် ၅၂၉-၂၃၁၊ ကုန်သည်လမ်း ရန်ကုန်မြို့
စာပေဗိမာန်အုပ်ချုပ်၊ စာတည်းမှူးချုပ် ဦးဝင်းဖေက
(မှတ်ပုံတင်အမှတ် ၄၁၆ ယာယီ) ဖြင့် စာပေဗိမာန်
ပုံနှိပ်စက်ရုံဘွင် ရိုက်နှိပ်၍ (မှတ်ပုံတင်အမှတ် ၂၇၅ ယာယီ) ဖြင့်
ထုတ်ဝေသည်။

ဒို့တာဝန် အရေးသုံးပါး

- မြည်ထောင်စု မပြိုကွဲရေး ..... — ဒို့အရေး
- တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ..... — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — — — ဒို့အရေး

မြည်သူ့သဘောထား

- မြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည် ငြိမ် အေး ချမ်း ရေး နှင့် နိုင်ငံတော် ဘိုးတော်ရေးကို နှောင့် ယှက် ဖျက် ဆီး သူ များ အား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ မြည်တွင်း ရေး ကို ဝင် ရောက် စွက် ဖက် နှောင့်ယှက်သော မြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- မြည်တွင်းမြည်ပ အဖျက် သမား များ အား ဘုံရန်သူ အဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရုပ်ရှာအေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ပွဲစည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ပွဲစည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန် တီး နိုင် မှု စွမ်းအား သည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ဓမ္မိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက် ပျက် အောင် ထိန်း သိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မာတိကာ

အခန်း	အကြောင်းအရာ	စာမျက်နှာ
	စာရေးသူအမှာ	၉
	အတိုမှတ်စာရင်း	၁၁
	နိဒါန်း	၁၅
(၁)	ကျမ်းခေါင်းစဉ်ကိုရွေးချယ်ရခြင်း အကြောင်း	၁၅
(၂)	ကျမ်းဖွဲ့စည်းပုံ	၁၈
(၃)	ကျမ်းပြုစုရာတွင်တွေ့ရသော သုတေသန ဆိုင်ရာအချက်များ	၂၂
(၄)	ဇာတက ဋ္ဌကထာဟူသော ကျမ်းအမည်	၂၄
(၅)	ကျမ်း၏ ခေတ်ကာလနှင့် ကျမ်းပြုပုဂ္ဂိုလ်	၂၆
(၆)	ကျမ်းဖွဲ့စည်းပုံ	၂၉
(၇)	ကျမ်းတွင်ပါဝင်သောအကြောင်းအရာများ	၃၃
(၈)	ဇာတက ဋ္ဌကထာနှင့် ယင်းအဋ္ဌကထာ ဆိုင်ရာ ကျမ်းများ	၃၈

အခန်း အကြောင်းအရာ စာမျက်နှာ

၁။ တိုင်းပြည်မြို့ရွာများ ၄၉

(၁) တိုင်းများ ၄၉
(၂) မင်းနေပြည်နှင့် အခြားမြို့များ ၅၉
(၃) နိဂုံးနှင့် ရွာများ ၆၀

၂။ မင်းများ ၁၀၈

(၁) မင်း၏အရည်အသွေး ၁၀၈
(၂) ပစ္စုပ္ပန်ဇာတ်လမ်းတွင် ပါသောမင်းများ ၁၅၀
(၃) အတိတ် ဇာတ်လမ်းတွင်ပါသော မင်းများ ၁၆၄

၃။ မင်းမှုထမ်းများ ၁၇၆

(၁) အုပ်ချုပ်ရေးဆိုင်ရာ မင်းမှုထမ်းများ ၁၇၆
(၂) စစ်မှုထမ်းဆိုင်ရာ အမှုထမ်းများ ၁၈၇
(၃) မင်း၏ ကိုယ်ရေးကိုယ်တာဆိုင်ရာ
မင်းမှုထမ်းများ ၁၈၇

၄။ တရားရေး ၂၀၈

(၁) တရားစီရင်သည့် ပုဂ္ဂိုလ် ၂၀၈
(၂) ပြစ်မှုနှင့်ပြစ်ဒဏ် ၂၁၀

၅။ အခွန်တော်စည်းကြပ်ခြင်း ၂၁၆

အခန်း အကြောင်းအရာ စာမျက်နှာ

၆။ နိုင်ငံအချင်းချင်းဆက်ဆံရေး ၂၃၉

(၁) နိုင်ငံ၏ ပြည်ဝှင်မင်းများအချင်းချင်း
ဆက်ဆံရေး ၂၂၀
(၂) ပြည်ဝှင်မင်းနှင့် နိုင်ငံခြားသားတစ်ဦးတို့
ဆက်ဆံရေး ၂၂၄
(၃) နိုင်ငံသားအချင်းချင်း ဆက်ဆံရေး ၂၂၇

၇။ စစ်ရေး ၂၃၁

(၁) စစ်မှုထမ်းများ ၂၃၁
(၂) စစ်လက်နက်ပစ္စည်းနှင့်
အသုံးအဆောင်များ ၂၃၄
(၃) စစ်အောင်နိုင်ရေး နည်းလမ်းများ ၂၃၇
(၄) စစ်ဘဏ္ဍများ ၂၄၃

ပြန်လည်သုံးသပ်ချက် ၂၄၆

နိဂုံး ၂၅၅

ကျမ်းကိုးစာရင်း ၂၆၁

စာရေးသူအမှာ

ဇာတကဋ္ဌကထာကျမ်းသည် ပါဠိစာပေနယ်နှင့် မြန်မာ့ယဉ်ကျေးမှုနယ်တို့တွင် ထင်ရှားကျော်ကြားလှသော ကျမ်းတစ်ကျမ်း ဖြစ်ပါသည်။ ထိုကျမ်းသည် ဘုရား ရှင် ၏ အဓိဋ္ဌာန်ဘဝ ဖြစ်ရပ်များကို ဟောကြားသော ကျမ်းဖြစ်သည့် အားလျော်စွာ ထိုကျမ်း၌ ဓမ္မကြောင်းသာမက လောကကြောင်း ရာဇကြောင်းများလည်း ပါဝင်ပါသည်။ ထို့ကြောင့် ကြောင်း ရာဇကြောင်းများတွင်ပါရှိသော ရှေးမင်းတို့၏ အုပ်ချုပ်ရေးဆိုင်ရာ အကြောင်းအရာများကို လေ့လာသုံးသပ်၍ တင်ပြပါသည်။

ထိုသို့တင်ပြရာ၌ နိဒါန်း၊ စာကိုယ်နှင့် နိဂုံးဟူ၍ အပိုင်းသုံးပိုင်းခွဲခြားပါသည်။ နိဒါန်းတွင် ကျမ်းပြုရခြင်းအကြောင်းရင်းနှင့် ကျမ်း၏အကျိုးကျေးဇူး၊ ကျမ်းဖွဲ့စည်းပုံ၊ ကျမ်းပြုရာတွင် တွေ့ရသော သုတေသနဆိုင်ရာအချက်၊ ဇာတကဟူသော ကျမ်းအမည်၊ ကျမ်း၏ခေတ်ကာလနှင့် ကျမ်းပြုပုဂ္ဂိုလ်၊ ကျမ်းဖွဲ့စည်းပုံ၊ ကျမ်းတွင်ပါဝင်သော အကြောင်းအရာ၊ ဇာတကဋ္ဌကထာနှင့် ယင်းအဋ္ဌကထာဆိုင်ရာ ကျမ်းများကို ဖော်ပြပါသည်။

စာကိုယ်ကို ကဏ္ဍခုနစ်ခုခွဲခြားကာ ရှေးဦးကဏ္ဍ၌ တိုင်းနိုင်ငံများ၊ မင်းနေပြည်နှင့် အခြားမြို့များ၊ နိဂုံးနှင့်ရွာများ

ကိုလည်းကောင်း၊ ဒုတိယကဏ္ဍတွင် ပစ္စုပ္ပန်ဇာတ်လမ်းတွင် ပါသောမင်းများနှင့် အတိတ်ဇာတ်လမ်းတွင်ပါသော မင်းများအကြောင်းကိုလည်းကောင်း၊ တတိယကဏ္ဍတွင် မင်းမှုထမ်းများနှင့် အုပ်ချုပ်ပုံစနစ်ကိုလည်းကောင်း၊ စတုတ္ထကဏ္ဍတွင် တရားစီရင်ရေးနှင့်ပတ်သက်၍ ပြစ်မှုပြစ်ဒဏ်များနှင့် တကွ အတုယူဖွယ်ရာလုပ်ရပ်တို့ကိုလည်းကောင်း၊ ပဉ္စမကဏ္ဍတွင် အခွန်တော်စည်းကြပ်ခြင်းနှင့်ပတ်သက်သော အချက်တို့ကို လည်းကောင်း၊ ဆဋ္ဌမကဏ္ဍဝယ် နိုင်ငံအချင်းချင်း ဆက်ဆံပုံ ဆက်ဆံနည်းအမျိုးမျိုးကိုလည်းကောင်း၊ နောက်ဆုံးဖြစ်သော သတ္တမကဏ္ဍ၌ကား ဇာတ်တော်လာ , စစ်မှုရေးရာများကို လည်းကောင်း ဖော်ပြပါသည်။

နိဂုံးတွင်မူ ဖော်ပြပါအကြောင်းအရာများကို ဝေဖန်သုံးသပ်၍ ဇာတကဋ္ဌကထာကျမ်းလာ အုပ်ချုပ်ရေးဆိုင်ရာ အချက်အလက်တို့သည် စိတ်ဝင်စားဖွယ်ကောင်းသည်သဖြင့် သမိုင်းတန်ဖိုးလည်း ကြီးမားလှကြောင်းကို တင်ပြပါသည်။

အတိုမှတ်စာရင်း

အံ၊ ၁	အင်္ဂုတ္တရနိကာယ (ပထမဘာဂ)
အံ၊ ၃	အင်္ဂုတ္တရနိကာယ (တတိယဘာဂ)
အံ၊ ဋ္ဌ၊ ၁	အင်္ဂုတ္တရနိကာယအဋ္ဌကထာ(ပထမဘာဂ)
အံ၊ ဋ္ဌ၊ ၃	အင်္ဂုတ္တရနိကာယအဋ္ဌကထာ (တတိယဘာဂ)
အံ၊ ဋ္ဌီ၊ ၃	အင်္ဂုတ္တရနိကာယဋီကာ (တတိယဘာဂ)
အဘိ၊ ဒီ၊ ကာ	အဘိဓာနပ္ပဒီကာပါဋိ
ဥဒါန၊ ၁	ဥဒါနပါဋိ
ဥဒါန၊ ဋ္ဌ	ဥဒါနအဋ္ဌကထာ
ခု၊ ၂	ဝိမာနဝတ္ထု၊ ပေတဝတ္ထု၊ ထေရဂါထာ၊ ထေရဂါထာ ဂါးရဲ့ဂါးဆယ်ဇာတ်တော် ဂါးရဲ့ဂါးဆယ် ဇာတ်ဘဲ့ ဇာတ်ကြီးဆယ်ဘဲ့
စရိယာ၊ ဋ္ဌ	စရိယာအဋ္ဌကထာ
ဓဋု၊ နိ	ဓဋုနိဒ္ဒေသပါဋိ
တိ၊ ပါ၊ ၉	တိပိဋက ပါဋိမြန်မာအဘိဓာန် အတွဲ ၉
ဒီ၊ ၁	သီလက္ခန္ဓဝဂ္ဂပါဋိ
ဒီ၊ ၂	မဟာဝဂ္ဂပါဋိ
ဓံ၊ ဋ္ဌ၊ ၁	သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ

ဒီ၊ ဋ္ဌ၊ ၂	မဟာဝဂ္ဂဋ္ဌကထာ
ဒီ၊ ဋ္ဌ၊ ၃	ပါထိကဝဂ္ဂဋ္ဌကထာ
ဒီ၊ ဋီ၊ ၁	သီလက္ခန္ဓဝဂ္ဂဋီကာ
ဓမ္မ၊ ဋ္ဌ၊ ၁	ဓမ္မပဒအဋ္ဌကထာ (ပထမဘာဂ)
ဓမ္မ၊ ဋ္ဌ၊ ၂	ဓမ္မပဒအဋ္ဌကထာ (ဒုတိယဘာဂ)
ပဋိသံ၊ ဋ္ဌ၊ ၂	ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာ (ဒုတိယဘာဂ)
ပါ၊ ဝိ၊ ညွန်း	ပါဋိပဒကျမ်းညွှန်းအဝင်
ပေ၊ ဋ္ဌ	ပေတဝတ္ထုအဋ္ဌကထာ
မ၊ ၁	မူလပဏ္ဏာသပါဠိ
မ၊ ၂	မဇ္ဈိမပဏ္ဏာသပါဠိ
မ၊ ၃	ဥပရိပဏ္ဏာသပါဠိ
မ၊ ဋ္ဌ၊ ၃	ဥပရိပဏ္ဏာသအဋ္ဌကထာ
မြန်၊ အုပ်၊ တမ်း	မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း (ပထမတွဲ)
မြန်၊ အုပ်၊ ပညာ	မြန်မာမင်းအုပ်ချုပ်ရေးပညာ
ဝိ၊ ၃	မဟာဝဂ္ဂပါဠိ(ဝိနယ)
ဝိ၊ ၄	စူဠဝဂ္ဂပါဠိ
ဝိ၊ မဂ်၊ နိဒါန	ဝိသုဒ္ဓိမဂ္ဂနိဒါနကထာ
ဝိမာန၊ ဋ္ဌ	ဝိမာနအဋ္ဌကထာ

ABBREVIATIONS

AAHI	AN ADVANCED HISTORY OF INDIA PART I
AGI	ANCIENT GEOGRAPHY OF INDIA
BI	BUDDHIST INDIA
BST	BUDDHIST SHRINES IN INDIA
DAI	DAILY LIFE IO ANCIENT INDIA FROM 200 BC TO 700 AD
DPPN	DICTIONARY OF PALI PROPER NAMES
GEB	GEOGRAPHY OF EARLY BUDDHISM
HIL	A HISTORY OF INDIAN LITERATURE
HPL	A HISTORY OF PALI LITERATURE
PTAI	POLITICAL THEORY OF ANCIENT INDIA
TYBD	2500 YEARS OF BUDDHISM

နိဒါန်း

ဤကျမ်းငယ်၏ နိဒါန်းကို အောက်ပါအတိုင်း ခွဲခြားဖော်ပြထားပါသည်။

၁။ ကျမ်းခေါင်းစဉ်ကို ရွေးချယ်ရခြင်းအကြောင်း
၂။ ကျမ်းဖွဲ့စည်းပုံ
၃။ ကျမ်းပြုစုရာတွင် တွေ့ရသော သုတေသနဆိုင်ရာ အခက်အခဲများ
၄။ ဇာတကဋ္ဌကထာဟူသော ကျမ်းအမည်
၅။ ကျမ်း၏ခေတ်ကာလနှင့် ကျမ်းပြုပုဂ္ဂိုလ်
၆။ ကျမ်းဖွဲ့စည်းပုံ
၇။ ကျမ်းတွင်ပါဝင်သော အကြောင်းအရာများ
၈။ ဇာတကဋ္ဌကထာကျမ်းနှင့် ဆိုင်ရာကျမ်းများ

၁။ ကျမ်းခေါင်းစဉ်ကို ရွေးချယ်ရခြင်းအကြောင်း

ဇာတကဋ္ဌကထာဟူသည် ဗုဒ္ဓ၏အတိတ်ဘဝ ဖြစ်ပျက်ခဲ့သောအကြောင်းအရာများကို ဖော်ပြသောကျမ်းဖြစ်သည်ဟု သာမန်အားဖြင့်ဆိုနိုင်ပါသည်။ ထိုအကြောင်းအရာများမှာ တစ်နည်းအားပုံဝတ္ထုများဖြစ်၍ ယင်းတို့ကိုဇာတ်နိပါတ်များဟူ၍သိရှိနေကြပါသည်။ထိုပုံဝတ္ထုသည်ထေရဝါဒဗုဒ္ဓဘာသာ

သာသနာထွန်းကားရာ နိုင်ငံများ၏ ယဉ်ကျေးမှုအပေါ်တွင် များစွာသြဇာသက်ရောက်လျက်ရှိရာ ထေရဝါဒထွန်းကားသော မြန်မာနိုင်ငံသည်လည်း ထိုသြဇာသက်ရောက်ရာနိုင်ငံတစ်ရပ်ဖြစ်ပါသည်။ စင်စစ်သော် ထိုပုံဇတ္ထုသည် မြန်မာနိုင်ငံ၏စာပေ ယဉ်ကျေးမှုကဏ္ဍအသီးသီးတွင် အလွန်တွင်ကျယ်ပျံ့နှံ့ခဲ့ပါသည်။ ယင်းဇာတကဋ္ဌကထာ ကျမ်း၌ တရားဓမ္မဆိုင်ရာအချက်များ၊ ဒဿနဆိုင်ရာအချက်များ၊ လူ့ဘောင်ဆိုင်ရာစသောအချက်များစသည်ဖြင့် စိတ်ဝင်စားဖွယ်အကြောင်းရပ်တို့ စုံလင်များပြားလှရာ ဤသို့သော ကျမ်းမျိုးတွင် အုပ်ချုပ်ရေးဆိုင်ရာ အချက်အလက်များ မည်သို့ပါဝင်နေသည်ဆိုသောအချက်သည် စိတ်ဝင်စားဖွယ်ကောင်းလိမ့်မည်ဟု ထင်မြင်မိပါသည်။

ဇာတကဋ္ဌကထာကျမ်းတွင်ဇာတ်ကြီးဆယ်ဘွဲ့သည် အုပ်ချုပ်ရေးဆိုင်ရာ အကြောင်းရပ်များ အပါဝင်ဆုံး ဇာတ်တို့ဖြစ်ကြပါသည်။ ပုံစံအားဖြင့် ဝိမုရဇာတ်တွင် ဝိမုရသုမိန်က သားသမီးဆွေမျိုးစသော အင်အေအရံတို့အား မင်းမှထမ်းယောကျ်ားတို့ ကျင့်ရာဆောင်ရာသည့် ရာဇဝတတိခေါ်တရားကိုဟောပြောပုံ၊ စန္ဒကုမာရဇာတ်တွင် ပုပ္ပဝတ်ပြည်၌ဝသဝတ္တီမင်း၏သား ကေရာဇ်မင်းကြီးစိုးစံစဉ် ဗ္ဗေဟာလပုဏ္ဏား တံစိုးစား၍တရားစီရင်ပုံနှင့် အိမ်ရှေ့မင်းသား၏ဖြောင့်မတ်စွာစီရင်ပုံ ဝေဿန္တရာဇာတ်တွင်သိဉ်တိုင်းဧတေတ္တရာပြည်၌သိဉ္စည်းမင်းစိုးစံစဉ် သားတော်ဝေဿန္တရာသည်ဆင်ဖြူတော်ကိုလှူမိသဖြင့် မင်းပင်ဖြစ်သော်လည်း တိုင်းသူပြည်သားတို့၏ဆန္ဒအရ တိုင်းပြည်မှထွက်ခွာပေးရပုံကို တွေ့ရပါသည်။ ထို့ပြင်ဇာတ်တော်ငယ်များဖြစ်သော တေသကုဏာ

ဇာတ်၊ သရဘင်္ဂဇာတ်၊ မာတင်္ဂဇာတ်၊ ဃတပဏ္ဍိတဇာတ်၊ စသည်တို့တွင် အုပ်ချုပ်ရေးဆိုင်ရာ အချက်အလက်များကို တွေ့ရပါသည်။

ဇာတကဋ္ဌကထာကျမ်းတွင်ပါရှိသော အုပ်ချုပ်ရေးဆိုင်ရာ အကြောင်းအရာများနှင့် ပတ်သက်၍ JEANNINE AUBOYER ၏ DAILY LIFE IN ANCIENT INDIA FROM 200 BC TO 700 AD ကျမ်းတွင် ပါရှိသော နိုင်ငံရေးနှင့်အုပ်ချုပ်ရေးစနစ်ကဏ္ဍတွင် ဇာတ်နိပါတ်များနှင့် တကွ ဇာတ်အမည်များကိုညွှန်းဆို၍လည်းကောင်း၊ မင်းနန်းတော်နှင့် ဝန်းကျင်အသုံင်းအဝိုင်းများ ကဏ္ဍတွင်လည်း ဇာတ်အမည်နှင့်နံပါတ်များကိုညွှန်း၍လည်းကောင်း၊ ဖော်ပြထားသည်ကို တွေ့ရပါသည်။ RAYS DAVIDS ၏ BUDDHIST INDIA ကျမ်းတွင် ပါရှိသော မင်းများဟူသောကဏ္ဍခွဲလည်းကောင်း၊ မျိုးနွယ်စုနှင့် လူမျိုများ ဟူသောကဏ္ဍခွဲလည်းကောင်း၊ ရွာများ၊ မြို့များဟူသော ကဏ္ဍခွဲလည်းကောင်း၊ ဇာတ်တော်များကိုညွှန်းဆိုဖော်ပြခဲ့ပါသည်။ အလားတူအခြားကျမ်းများလည်းရှိပါဦးမည်။ ယခုအချိန်ထိတွေ့ရသမျှကျမ်းတို့တွင် ဇာတကဋ္ဌကထာကျမ်းလာအုပ်ချုပ်ရေးဆိုင်ရာ အကြောင်းရာများကိုသိခြား ကျမ်းတစ်စောင်ပြုစု ရေးသားထားသည်ကို မတွေ့ရသေးပါ။ ဤဖြစ်၍ ယင်းလိုအပ်ချက်ကို ဖြည့်ဆည်းသောအားဖြင့် ဇာတကဋ္ဌကထာကျမ်းလာအုပ်ချုပ်ရေးဆိုင်ရာအကြောင်းအရာများ ဟူသောခေါင်းစဉ်ဖြင့် ကျမ်းတစ်စောင်ပြုစုရန် အားထုတ်ပါသည်။

ဤသို့သော ကျမ်းတစ်စောင် ပေါ်ထွန်းလာခြင်းဖြင့် ပါဠိစာပေတွင် တွေ့ရှိရသော အကြောင်းရပ်များသည်

ပစ္စည်းသိုလှောင်ခန်း စာအုပ်အမှတ် ၈/၁၀၃၀၁၄
ဟောင်း
၁.၉.၀၈.

သို့သော် ထိုအတိတ်ဝတ္ထုပါ အကြောင်းအရာများသည် ရှေးခေတ်အိန္ဒိယနိုင်ငံ၏ အကြောင်းအရာများဟု မည်သို့ဆိုနိုင်ပါမည်နည်း။ ဘုရားမပွင့်မီ အချိန်များက အဖြစ်အပျက်များသည် ဘုရားပွင့်တော်မူသောအချိန်က အဖြစ်အပျက်များဟု ယူဆခြင်းမှာ ယုတ္တိတန်ပါ၏လော ဟူမေးဖွယ်ဖြစ်လာပါသည်။ ဤအချက်သည်ပင် စောဒကဖြစ်ပါသည်။ အတိတ်ဝတ္ထုဥပါဒ်ရှိသော မင်းများသည် မျက်မှောက်ကမ္ဘာ့သမိုင်းဥပါဒ်ရှိသော မင်းများဖြတ်ပါ။ ထို့ပြင် အတိတ်ဝတ္ထုလာ ဇာတ်ဆောင်အချို့သည် လူသားများမဟုတ် တိရစ္ဆာန်များသာ ဖြစ်ကြပါသည်။ ထိုမင်းများသည်လည်းကောင်း၊ ထို တိရစ္ဆာန်များသည်လည်းကောင်း ရှေးခေတ်အိန္ဒိယနိုင်ငံကို မည်သို့ကိုယ်စားပြုနိုင်အုံနည်းဟူသော ပြဿနာပေါ်ပေါက်ပါသည်။ ဤပြဿနာကို ဖြေရှင်းနိုင်ရန် အောက်ပါအတိုင်း တင်ပြလိုပါသည်။

ဇာတက ဋ္ဌကထာလာ အတိတ်ဝတ္ထုများသည် ဗုဒ္ဓ ပွင့်တော်မမူမီ အလောင်းတော်နှစ်ဉာဏက ဖြစ်ရပ်များဟူ၍ ဗုဒ္ဓဘာသာဝင်တို့ ယုံကြည်ကြပါသည်။ သို့သော် ထိုဖြစ်ရပ်များတွင် ဗုဒ္ဓပွင့်တော်မူသောကာလက ဖြစ်ရပ်များ ထင်ဟပ်လျက်ရှိပါသည်။ အတိတ်နှင့်ပစ္စုပ္ပန်ကာလအားဖြင့် ခြားနားသည်ဟုဆိုသော်လည်း အကြောင်းအရာအားဖြင့် ခြားနားသည်ဟု မဆိုနိုင်ပါ။ အတိတ်ဝတ္ထုပါ ဇာတ်လမ်းများသည် ပစ္စုပ္ပန်ဝတ္ထုပါ ဇာတ်လမ်းများနှင့် ယေဘုယျအားဖြင့် တူညီနေသည်က သက်သေခံလျက် ရှိပါသည်။ ထို့ကြောင့် အတိတ်ဇာတ်လမ်းများပါ အုပ်ချုပ်ရေး

တရားဓမ္မနှင့်ဘာသာရေးဆိုင်ရာ အကြောင်းအရာများသာမက အုပ်ချုပ်မှုဆိုင်ရာ အကြောင်းအရာများလည်း ပါရှိကြောင်းကို ဖော်ထုတ်ပြသရာ ရောက်မည်ဖြစ်ပါသည်။ ဇာတကဋ္ဌကထာကျမ်းလာ အုပ်ချုပ်ရေးဆိုင်ရာ အကြောင်းအရာများကိုလည်း စနစ်တကျတွေ့ရှိနိုင်ပါမည်။ ယခုခေတ်လူဘောင်အဖွဲ့အစည်းဆိုင်ရာ အုပ်ချုပ်ရေး အချက်အလက်တို့နှင့်လည်း နှိုင်းယှဉ် လေ့လာနိုင်ပါမည်။ ဤကျမ်းသည် အထူးသဖြင့် နိုင်ငံအုပ်ချုပ်ရေး၌ စိတ်ပါဝင်စားသူများအတွက်လည်း အထောက်အပံ့ဖြစ်လိမ့်မည်ဟု ယုံကြည်ပါသည်။ တရားဥပဒေပညာရှင်များ၊ သမိုင်းပညာရှင်များနှင့် သုတေသီများအတွက်လည်း အထိုက်အလျောက် ကျေးဇူးရှိနိုင်ပါသည်။

၂။ ကျမ်းဖွဲ့စည်းပုံ

ဇာတကဋ္ဌကထာလာ အုပ်ချုပ်ရေးဆိုင်ရာ အကြောင်းအရာများသည် ထိုကျမ်းလာ အခြားလူမှုရေး၊ စီးပွားရေးစသော အကြောင်းအရာများကဲ့သို့ပင် ရှေးခေတ်အိန္ဒိယနိုင်ငံ အထူးသဖြင့် ဗုဒ္ဓခေတ်အိန္ဒိယနိုင်ငံ၏ အကြောင်းအရာများဖြစ်ပါသည်။ ဤဥစောဒကတက်ဖွယ် အချို့ကို တွေ့ရပါသည်။ ဇာတကဋ္ဌကထာကျမ်း၌ ပဓေနကျသည်တို့မှာ အဘိဘ်ဝတ္ထုများဖြစ်ပါသည်။ စဉ်စစ်သော် အတိတ်ဝတ္ထုများကိုပင် အဋ္ဌကထာဆရာက ပြောပြလိုရင်းဖြစ်ပါသည်။ ထိုအတိတ်ဝတ္ထုများသည် အနုစ်သာရဖြစ်သောကြောင့် ဗုဒ္ဓခေတ်အိန္ဒိယနိုင်ငံအကြောင်း လေ့လာလိုလျှင် ယင်းအတိတ်ဝတ္ထုများကိုပင် မူတည်၍ လေ့လာရပါမည်။

မြို့ရွာများဟူ၍ မခွဲခြားသာပါ။ အုပ်ချုပ်ရေးဆိုင်ရာနှင့် ပတ်သက်ပါက တိုင်းပြည်မြို့ရွာတို့သည် ပဓာနကျသောကြောင့် ဤကျမ်းတွင်ပါရှိသမျှသော တိုင်းပြည်မြို့ရွာအကြောင်းကို ရှေးဦးစွာဖော်ပြပါသည်။ ဤကျမ်းတွင်ပါရှိသော တိုင်းပြည်မြို့ရွာများအကြောင်းမှာ အချက်အလက်နည်းပါးပြီး မစုံလင်သဖြင့် အခြားကျမ်းများမှ ရှာဖွေဖော်ထုတ်ထားပါသည်။ ဇာတကဋ္ဌကထာကျမ်းတွင် မင်းတို့ပြည့်စုံသင့်သည့် အရည်အသွေးများကို ဖော်ပြထားပါသည်။ မင်းတို့သည် မည်သို့သောအရည်အသွေးများနှင့် ပြည့်စုံသင့်သည်၊ မည်သို့သောအချက်များကို ရှောင်သင့်သည်ဟူသော အချက်အလက်တို့သည် အရေးပါလှသဖြင့် ယင်းတို့ကို အခြေခံပြုဖော်ပြသည့် မင်းတို့၏အည်အသွေးများဟူသောခေါင်းစဉ်ကို မင်းများကဏ္ဍ ဟု ဦးစွာထားပါသည်။ ထို့နောက် မင်းများကဏ္ဍတွင်ပင် ဘုရားရှင်နှင့် ကိုယ်တိုင်ဖူးတွေ့ရသော ပစ္စုပ္ပန်ဇာတ်လမ်းပါ မင်းများကို (က) ပစ္စုပ္ပန်ဇာတ်လမ်းတွင်ပါသော မင်းများနှင့် အတိတ်ဇာတ်လမ်းပါမင်းများကို (ခ) အတိတ်ဇာတ်လမ်းတွင်ပါသောမင်းများဟူ၍ ခွဲခြားဖော်ပြပါသည်။

မင်းမှုထမ်းများသည် မင်း၏တာဝန်ပေးချက်အရ အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ အခြားကိစ္စရပ်များကိုလည်းကောင်း ဆောင်ရွက်ကြရသူများဖြစ်ပါသည်။ မင်းမှုထမ်းတို့သည် အုပ်ချုပ်ရေးကဏ္ဍ၌ အရေးပါသူများ ဖြစ်ကြပါသည်။ ဤကျမ်းတွင်တွေ့ရသော အမှုထမ်းများကို-

၁။ အုပ်ချုပ်ရေးဆိုင်ရာအမှုထမ်းများ

အကြောင်းအရာတို့သည် ဗုဒ္ဓ၏မျက်မှောက်ခေတ်တစ်ဝိုက်၌ ရှိခဲ့သော အုပ်ချုပ်ရေးဟု ဆိုရပါမည်။ အတိတ်ဇာတ်လမ်းများပါ ဇာတ်ဒကာင်အချို့မှာ တိရစ္ဆာန်များဖြစ်နေသည်မှာလည်း မှန်ပါ၏။ သို့သော် ထိုတိရစ္ဆာန်တို့၏ စိတ်နေစိတ်ထား အပြုအမူအပြောအဆိုတို့သည် လူသားတို့၏စိတ်နေစိတ်ထား အပြုအမူ အပြောအဆိုများ အတိုင်းပင် ဖြစ်ပါသည်။ ဘုံချင်းခြားနားသော်လည်း သဘာဝခြင်း ခြားနားသည် မဟုတ်ပါ။ ထို့ကြောင့် ယင်းတိရစ္ဆာန်များ ပါဝင်သော ဇာတ်လမ်းများသည် လူသားတို့၏ ဇာတ်လမ်းများ၊ ဗုဒ္ဓခေတ်ဝန်းကျင်ကာလ၌ ဖြစ်ပျက်နိုင်သော အကြောင်းအရာများကို တစ်စေ့တစ်စောင်း ရည်ညွှန်းသော ဇာတ်လမ်းများဖြစ်နိုင်ပါသည်။ ခြုံ၍ဆိုရလျှင် အတိတ်ဝတ္ထုများလာဖြစ်ရပ်ဘို့သည် ဗုဒ္ဓပွင့်တော်မူချိန်လောက်၌ ပေါ်ပေါက်လာသော ဖြစ်ရပ်များကို ကိုယ်စားပြုလျက်ရှိပါသည်။ ထို့ကြောင့် အတိတ်ဝတ္ထုများလာ အုပ်ချုပ်ရေးအကြောင်းအရာများကို လေ့လာခြင်းဖြင့်လည်း ဘီစီခြောက်ရာစုနှစ်ခန့်က အိန္ဒိယနိုင်ငံ၏ အုပ်ချုပ်ရေးအကြောင်းအရာများကို အပြည့်အစုံမဟုတ်သည့်တိုင်အောင် အတော်အတန် သိရှိနိုင်မည် ဖြစ်ပါသည်။ ဇာတကဋ္ဌကထာကျမ်းတွင် တိုင်းပြည်မြို့ရွာများအကြောင်း ဖော်ပြချက်တို့ကိုလည်း တွေ့ရှိရပါသည်။ ဇာတ်တော်တစ်ခုစီတွင် ပစ္စုပ္ပန်နှင့်အတိတ်ဝတ္ထုဇာတ်ကြောင်းများဟူ၍ရှိရာ တစ်ခါတစ်ရံတွင် ပစ္စုပ္ပန်နှင့် အတိတ်ဝတ္ထုပါ တိုင်းပြည်မြို့ရွာများသည် အမည်တူဖြစ်တာ်ပြီး တစ်ခါတစ်ရံမှသာ အမည်ကဲ့ဖြစ်တတ်ပါသည်။ သို့ဖြစ်၍ ပစ္စုပ္ပန်နှင့်အတိတ်ဝတ္ထုဇာတ်လမ်းပါ တိုင်းပြည်

၂။ စစ်ဖက်ဆိုင်ရာ အမှုထမ်းများ

၃။ မင်း၏ ကိုယ်ရေးကိုယ်တာဆိုင်ရာ အမှုထမ်းများဟူ၍ ခွဲခြားဖော်ပြပါသည်။ ထို့နောက် ဖော်ပြပါအမှုထမ်းများ ပြည့်စုံသင့်သည့်အရည်အသွေးနှင့်တကွ တွေ့ရှိရသော အုပ်ချုပ်ရေးစနစ်ကို ဆက်လက်ဖော်ပြပါသည်။

တရားစီရင်ရေးနှင့်ပတ်သက်၍ (၁) တရားစီရင်သည့် ပုဂ္ဂိုလ် (၂) ပြစ်မှုနှင့် ပြစ်ဒဏ်ဟူ၍ ခွဲခြားနိုင်သည်ကို တွေ့ရပါသည်။ ထို့နောက် အခွန်တော်စနစ်နှင့်ပတ်သက်၍ နှစ်ချို့ရှိကြောင်း တွေ့ရသည်ကို ဖော်ပြပါသည်။

အုပ်ချုပ်ရေးတွင်ပါဝင်သင့်သော နိုင်ငံအချင်းချင်း ဆက်ဆံရေးကိုမူ (က) နိုင်ငံ၏ပြည်ရှင်မင်း အချင်းချင်း ဆက်ဆံရး (ခ) ပြည်ရှင်မင်းနှင့် အခြားနိုင်ငံသား တစ်ဦးဦးတို့ဆက်ဆံရေး (ဂ) နိုင်ငံသား အချင်းချင်း ဆက်ဆံရေးဟူ၍ ခွဲခြားဖော်ပြပါသည်။

ထို့နောက် စစ်ရေးကဏ္ဍတွင် တွေ့ရသမျှသော အချက်အလက်ဘို့ကို စုစည်းရေးသားရာတွင် (က) စစ်မှုထမ်းများ (ခ) စစ်လက်နက်ပစ္စည်းနှင့် အသုံးအဆောင်များ (ဂ) စစ်အောင်နိုင်ရေးနည်းလမ်းများနှင့် (ဃ) စစ်ဘွဲ့များ ဟူ၍ ခွဲခြားနိုင်သည်ကို တွေ့ရပါသည်။

၃။ ကျမ်းပြုစုရာတွင် တွေ့ရသော သုတေသနဆိုင်ရာ အချက်များ

ဇာတက ဋ္ဌကထာကျမ်းလာဇာတ်တော်များတွင် ဘုရားအလောင်း၏ ပါရမီဖြည့်ကျင့်ဆည်းပူးခဲ့ပုံတို့ကို ဖော်ပြသည်ဟု ယေဘုယျအားဖြင့် ဆိုနိုင်ပါသည်။ သို့ဖြစ်၍လည်း

ဇာတ်တော်တိုင်းတွင် ဘုရားအလောင်းသည်သာ အဓိက ဇာတ်ဆောင်အဖြစ် ပါဝင်နေလိမ့်မည်ဟု မှန်းဆဖွယ်ရှိပါသည်။အမှန်မှာမူ ဘုရားအလောင်းသည် အဓိက ဇာတ်ဆောင်အဖြစ်သာမဟုတ်ပဲ ဇာတ်ရုံအဖြစ်လည်းကောင်း၊ တစ်ခါတစ်ရံတွင် ဇာတ်လမ်းတွင်လုံးဝ အကျုံးမဝင်သော ပွဲကြည့်ပရိသတ်အဖြစ် လည်းကောင်း ပါဝင်သည်များကိုလည်း တွေ့ရပါသည်။ ထိုကဲ့သို့သော ဇာတ်တော်အမျိုးအမည်တို့သည်လည်း ဆန်းစစ်ဖွယ်ရာ အချက်များပင်ဖြစ်ပါသည်။ အခြို့ဇာတ်တော်များသည် တစ်ခုနှင့်တစ်ခု တူညီသည့်ဇာတ်လမ်းများ ပြစ်နေကြသည်ကိုလည်း တွေ့ရပါသည်။ ဇာတ်လမ်းတူညီပါလျက် ဇာတ်ဆောင်တို့၏ကျင်လည်ရာဘဝ ကဲ့ပြားခြားနားမှုနှင့်သည့် ဇာတ်တော်များကိုလည်း တွေ့ရပါသည်။ ထိုဇာတ်တော်များကို အနည်းငယ်ကဲ့လဲ့သော ဇာတ်တော်များဟု ဆိုရပါမည်။ ဇာတ်လမ်းတူရာဇာတ်တော်များကို ပုံဖြပြရပါလျှင် မိတ္တဝိန္ဒက (၁၂)၊ မိတ္တဝိန္ဒက (၃၆၉)၊ စတုဒ္ဒါရ (၄၃၉)၊ မိတ္တဝိန္ဒက(၁၀၄)၊ တိုကိုလည်းကောင်း၊ ပရောသဟာသ (၉၉)၊ ပရောသတ(၁၀)တို့ကိုလည်းကောင်း၊ ဥဒဉ္စနီ(၁၄၆) စူဠဉနာဒကဿပ(၄၇၇)တို့ကိုလည်းကောင်း၊ အလားတူတူညီသော ဇာတ်တော်များလည်း ရှိပါသေးသည် အနည်းငယ်ကဲ့လဲ့သောဇာတ်တော်များ ကိုဖော်ပြရပါမူ ကုက္ကုဠ (၄၄၈) ကုက္ကုဠ(၃၃၈)တို့ကိုလည်းကောင်း၊ရောဒိယ(၁၅)၊ဇံပလုတ္ထ (၁၆)တို့ကိုလည်းကောင်း၊ ဂေါဇာန်ယသိန္ဒ(၂၃) အာဇည (၂၄) တို့ကိုလည်းကောင်း တွေ့ရပါသည်။ အခြားဇာတ်တော်များလည်း ကျန်ရှိပါသေးသည်။

အဋ္ဌကထာဟူသည် အဘိဓမ္မာပုဒ်နှင့် ကထာဟူသော ပုဒ်ဘို့ကို ပေါင်းစပ်ထားသော သမာသ်နာမ် ဖြစ်ပါသည်။ အဘိဓမ္မာသည် ဤနေရာ၌ အနက်ကိုဟောပါသည်။ ကထာသည် ပြောခြင်း၊ ဟောခြင်း၊ စကား စသည်တို့ကို ဟောပါသည်။ ထို့ကြောင့် အဋ္ဌကထာဟူသည် အနက်ကို ရှင်းလင်းပြော ဟောသော စကား (၀၊) အနက်ဖွင့်ဆိုချက်ဟူ၍ ဖြစ်ပါသည်။ ယင်းအဘိဓမ္မာကိုပင် အဋ္ဌကထာဟူ၍ ပြောင်းလဲ ရေးသားခြင်းဖြစ်ပါသည်။ ဤ၌ အဋ္ဌကထာကို ပါဠိတော်နှင့်ခြားနား၍ ဆိုအပ်ပါသည်။ ပါဠိတော်ဟူသည် ဘုရားရှင် ဟောတော်မူရင်း အကြောင်းအရာ ဖြစ်ပါသည်။ ထို အကြောင်းအရာများ၏ အနက်ကို ဖွင့်ဆိုချက်များသည် အဋ္ဌကထာဖြစ်ပါသည်။ သို့ဖြစ်၍ ဇာတက ဋ္ဌကထာဟူသည်မှာ ဘုရားဟောပါဠိတော်ဖြစ်သော ဇာတကကျမ်းများကို ဖွင့်ဆိုချက်ဟူ၍ အကြမ်းအားဖြင့် နားလည်နိုင်ပါသည်။ ထပ်၍ဆိုရလျှင် ဇာတကပါဠိတော်လာ ဂါထာတို့၏ သဒ္ဒါ အနက်၊ ပုဒ်အနက်၊ အကြောင်းအရာအနက်တို့ကို ဖွင့်ဆိုသော ကျမ်းဟူ၍ ဆိုအပ်ပါသည်။ ဇာတကကျမ်းတွင် ဇာတ်ဘော်၁၄ ၅၄၇ ဇာတ်ဘို့နှင့် စပ်လျဉ်းရာ ဂါထာများ အသီးသီးပါရှိရာ ဂါထာပါဝေါဟာရတို့၏ အနက်အဓိပ္ပာယ် ရှင်းလင်းစိမ့်သောငှာ လည်းကောင်း၊ ဂါထာပါအကြောင်း အရာများ ပိုမိုပြတ်စုံစိမ့်သောငှာ လည်းကောင်း ဇာတက ဋ္ဌကထာက သက်ဆိုင်ရာဇာတ်ကွက် ဇာတ်လမ်းများနှင့်တကွ ဖွင့်ဆိုပါသည်။ ထိုဖွင့်ဆိုချက်တို့သည် ဇာတ်တော်တစ်ခုစီတွင် အပိုင်းလေးပိုင်းစီပါဝင်သည်ဟု ဆိုနိုင်ပါသည်။ ထိုအပိုင်းတို့ကို ကျမ်းဖွဲ့စည်းပုံတွင် ဖော်ပြပါမည်။

(၄) ဇာတကဋ္ဌကထာဟူသောကျမ်းအမည်

ဇာတကဋ္ဌကထာဟူသည် ဇာတကနှင့် အဋ္ဌကထာဟူသော ပုဒ်နှစ်ခုကို ပေါင်းစပ်ထားခြင်းဖြစ်ပါသည်။ ဇာတကဟူသောဝေါဟာရကို "အတိတ်ကာလ၌ ဖြစ်ခဲ့သော ဘုရားရှင်၏ ပြုမူကျင့်ကြံပုံများကို ပြောပြသောကျမ်းဖြစ်ဖြစ်သောကြောင့် ဇာတကကျမ်းမည်၏" ဟူ၍လည်းကောင်း၊ "ဤ၌ ဇာတကပါဠိတော်များကိုပင်ဇာတကကျမ်းဟုဆိုအပ်၏" ဟူ၍လည်းကောင်း သဒ္ဒနီတိဓာတုမာလာ နှာ (၁၀)၁၌ ဖွင့်ဆိုထားပါသည်။ အခြားနေရာများ၌မူ ဇာတကကိုပင် ဇာတကဟူ၍ခေါ်ကြောင်း ကိုလည်း ရှင်းပြပါသည်။ ဤရှင်းပြချက်အရ အတိတ်ဘဝ၌ ဘုရားရှင်ဖြစ်ပျက်ခဲ့သော အကြောင်းအရာတို့ကိုပင် ဇာတကဟူ၍ ယူရပါမည်။ "ဤတိဝုတ္တက၊ ဇာတက၊ အဗ္ဘုတ စသည်တို့၌မူ ဇာတကသည် ဘုရားဟောဒေသနာအနက်၌ ဖြစ်ကြောင်း ဇာတက (ဇာတ်)ကို ပေါင်းတော်မူ၏ဟုဆိုရာ၌ ဇာတကသည် (အလောင်းတော်၏) ဇာတိ(ဖြစ်ခြင်း)ဟူသော အနက်၌ဖြစ်ကြောင်း" ကိုလည်း ဖြည့်စွက်၍ ပြဆိုပါသည်။ ဇာတကကျမ်းလာ ဂါထာတို့တွင် များသောအားဖြင့် ဘုရားရှင်၏ အတိတ်ကာလက ပြုမူကျင့်ကြံပုံများ ပါရှိပါသည်။ သို့ဖြစ်၍ ဤသို့သော ဇာတကသဒ္ဒါ၏အနက်များတွင် "အတိတ်ကာလ၌ဖြစ်ခဲ့သော ဘုရားရှင်၏ ပြုမူကျင့်ကြံပုံများကို ပြောပြသောကျမ်း" ဟူသော ဖွင့်ဆိုချက်သည် အသင့်လျော်ဆုံးဖြစ်သည်ဟု ဆိုထိုက်ပါသည်။

လွှမ်းမိုးလာ၍ ဗုဒ္ဓသာသနာမှာ တဖြည်းဖြည်းဆုတ်ယုတ်လာသည်။ ထိုအခါ သီဟိုဠ်ကျွန်းသည် ဗုဒ္ဓသာသနာအတွက် ထောက်ခံအားထားခိုလှုံရာဌာန ဖြစ်လာသည်။ အရှင်မဟိန္ဒရောက်ရှိလာပြီးနောက် သာသနာပြုသောအခါမှ အစပြုကာ သီဟိုဠ်ကျွန်းတွင် ဗုဒ္ဓသာသနာ တိုးတက်ထွန်းကားလာခဲ့သည်။ ဘီစီ ၁၀၁–၇၇ အာဘဂဏိမဏိမင်းလက်ထက်၌ ပိဋကတ်တော်များကို သုတ်သင်တည်းဖြတ်သည်သာမက မပျောက်မပျက်ဆိန်းသိမ်းနိုင်ရန် ပေထက်အက္ခရာတင်ခဲ့သည်။ ယင်းကိုပင် စာတွဘသင်္ဂါယနာဟု မှတ်ယူကြသည်။ အရှင်မဟိန္ဒ၏ လက်ထက်နှစ်၍ သီဟိုဠ်ရဟန်းဘိုးသည် ပါဠိပိဋကတ်တော်များကို အာတ်ဘကုဘ် လေ့လာသင်ကြားပြီးနောက် မိမိဘို့ သီဟိုဠ်ဘာသာဖြင့် ပြန်ဆိုကြသည်။[၃]

အခြေခံဆုလောက်ဘွင် အိန္ဒိယပြည် သာသနာမှာ ကွယ်ပုန်းဖြစ်လာသည်၊ ထိုအချိန်၌ အိန္ဒိယပြည် ဗောဓိမဏ္ဍိုင်အနီးရှိဒေသဘွင် နောင်အခါ အဋ္ဌကထာဆရာကြီး ဗုဒ္ဓဃောသဟု ကျော်ကြားလာသည့် ဗြဟ္မဏပုဂ္ဂိုလ်တစ်ဦး ပေါ်ထွန်းနေသည်။ ထိုပုဂ္ဂိုလ်သည် ရှင်ရေဝတမထေရ်ထံ ရဟန်းပြု၍ ဗုဒ္ဓစာပေကို ဆည်းပူးသည်။ ဉာဏ်ပညာထက်မြက်သူဖြစ်၍ မကြာမီ ပါရဂူဖြစ်လာသည်။ အလွန် ခက်ခဲနက်နဲသော အဘိဓမ္မာပိဋကတ်၏ ပထမဆုံးကျမ်း မွေသင်္ဂဏီ၏အနှစ် အဋ္ဌသာလိနီသည် ထိုပုဂ္ဂိုလ်၏လက်ရာပင် ဖြစ်ပါသည်။ ထိုအချိန်တွင် အိန္ဒိယပြည်၌ ပါဠိပိဋကတ်တော်များသာရှိပြီး ပိဋကတ်တော်၏အဖွင့် အဋ္ဌကထာကျမ်းများ မရှိသဖြင့် ဗုဒ္ဓဃောသသည် ဆရာရေဝတမထေရ်၏

(၅) ကျမ်း၏ခေတ်ကာလနှင့် ကျမ်းပြုပုဂ္ဂိုလ်

ဇာတကဋ္ဌကထာ ပြုစုသော ပုဂ္ဂိုလ်သည် အရှင်ဗုဒ္ဓဃောသဖြစ်သည်ဟု အများက မှတ်ယူကြပါသည်။ သို့သော် ဤအချက်ကို အချို့က လက်မခံကြပါ။ ထိုသူတို့သည် ဇာတကဋ္ဌကထာကျမ်း၏ အရေးအသားကို ထောက်ရှု၍ ဤကျမ်းကိုရေးသားသူမှာ အနည်းဆေ သီဟိုဠ်ဒေပနိဒေတော်တစ်ပါးဖြစ်သည်ဟု ဆိုကြပါသည်။ ယင်းတို့၏ အဆို မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ ဤကျမ်းသည် သီဟိုဠ်ကျွန်း (ယခု သီရိလင်္ကာ)ဖြစ် ကျမ်းတစ်စောင်ဖြစ်ကောင်း ကျမ်းပြုခေတ်ကိုလေ့လာရန် သီဟိုဠ်ကျွန်း၏ ရှေးဦးသာသနာ့သမိုင်းကို ပြန်လည်သုံးသပ်သင့်ပါသည်။

ဘုရားရှင် ပရိနိဗ္ဗာန်စံပြီး နှစ်ပေါင်း ၁၅၀ ခန့်အကြာ ဘီစီသုံးရာစုတွင် အိန္ဒိယနိုင်ငံ၌ အသေးက (မွေးသေးက၊ သီရိဓမ္မာသောက)မင်းကြီးသည် သာသနာတော် တိုးတက်ပြန့်ပွားရေးအတွက် တတိယ သင်္ဂါယနာတင်ပြီးနောက် ကိုးတိုင်းကိုးဌာနသို့ သာသနာပြုများ စေလွှတ်ခဲ့သည်။ သီဟိုဠ်ကျွန်းသို့ သာသနာပြုတာဝန်ကျသူမှာ အသေးကမင်းကြီး၏ သားတော် ရှင်မဟိန္ဒမထေရ်ပင် ဖြစ်သည်။ မထေရ်သည် တတိယသင်္ဂါယနာ၌ တည်းဖြတ်သုတ်သင်အပ်သော ပိဋကတ်တော်များသာမက ယင်းတို့၏အဖွင့် အဋ္ဌကထာများကိုပါ သီဟိုဠ်ကျွန်းသို့ ယူဆောင်သွားသည်ဟု သီဟိုဠ်မှတ်တမ်းများက ဆိုပါသည်။[၂]

အသေးကမင်းကြီး နတ်ရွာစံပြီးနောက် နှစ်ပေါင်းအတော်ကြာသော် အိန္ဒိယပြည်၌ ဗြဟ္မဏဝါဒ ကြီးထွား

တိုက်တွန်းချက်အရ သီဟိုဠ်ကျွန်း၌ သီဟိုဠ် ဘာသာဖြင့်ရှိနေသော အဋ္ဌကထာ ကျမ်းများကို ပါဠိဘာသာသို့ ပြန်ဆိုရေးသားရန် သီဟိုဠ်ကျွန်းသို့ ကြွလေသည်။[၇]

ဗုဒ္ဓဃောသသည် သီဟိုဠ်ကျွန်း အနုရာဓမြို့ရှိ မဟာဝိဟာရကျောင်းတွင် သံဃပါလမထေရ်ထံ၌ သံဟိုဠ်ဘာသာဖြင့်ရှိသော အဋ္ဌကထာကျမ်းများကို လေ့လာဆည်းပူးပြီး ပါဠိဘာသာသို့ ပြန်ဆိုရေးသားခဲ့သည်။ သီဟိုဠ်ရဟန်းများက ဗုဒ္ဓဃောသ၏အရည်အချင်းကို စမ်းသပ်လို၍ ပါဠိကျမ်းတစ်စောင် ရေးစေသည်။ ဗုဒ္ဓဃောသသည် ခက်ခဲနက်နဲလှသည့် နာမည်ကျော် ဝိသုဒ္ဓိမဂ်ကျမ်းကို ရေးသားတင်ပြသည်။ ထိုအခါမှ သီဟိုဠ်ရဟန်းတော်များက အဋ္ဌကထာကျမ်းများကို ပါဠိဘာသာသို့ ပြန်ဆိုခွင့်ပေးလေသည်။ အရှင်မြတ်လည်း သီဟိုဠ်အဋ္ဌကထာများကို သီဟိုဠ်ဘာသာမှ ပါဠိဘာသာသို့ ပြန်ဆိုရေးသားခဲ့သည်။

သီဟိုဠ်ဘာသာမှ ပြန်ဆိုခဲ့သောကျမ်းများတွင် ဇာတကပါဠိတော်၏ အဖွင့်ဖြစ်သော အဋ္ဌကထာကျမ်းများလည်း ပါဝင်ပါသည်။[၁] သို့ဖြစ်၍ ဇာတကဋ္ဌကထာကျမ်း ပေါ်ထွန်းခဲ့သည့်ခေတ်ကာလကို အေဒီငါးရာစုဟု ခန့်မှန်းရပါသည်။

အရှင်ဗုဒ္ဓဃောသ ရေးသားပြန်ဆိုခဲ့သော အဋ္ဌကထာကျမ်းများတွင် ဇာတကဋ္ဌကထာပါဝင်သည်ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ ကျမ်းပြုခေတ်ကို အေဒီငါးရာစုနှစ်ဟုပင် သတ်မှတ်သင့်ပါသည်။ ဤကျမ်းပြုသူသည် ဗုဒ္ဓဃောသဖြစ်သည်မှန်လျှင် ဗုဒ္ဓဃောသထွန်းကားသော အေဒီငါးစုသည် ကျမ်းပြုခေတ်ပင်ဖြစ်သည်ဟု တစ်ထစ်ချ ဆိုနိုင်ပါသည်၊ ကျမ်းပြုပုဂ္ဂိုလ်သည်အရှင်ဗုဒ္ဓဃောသနှင့် ခေတ်ပြိုင်ထွန်းကားသော

သီဟိုဠ် ရဟန်းတော်တစ်ပါး ဖြစ်သည်ဟု ဆိုလျှင်လည်း ကျမ်းပြုခေတ်မှာ ထိုဆုံးနှစ်ပင် ဖြစ်နိုင်ပါသည်။

(၆) ကျမ်းဖွဲ့စည်းပုံ

ဤကျမ်းတွင်ပါဝင်သောစာစုတို့သည် လူကြိုက်များသော အိန္ဒိယစာပေစုတွင်ပါဝင်သည့် စကားပြေနှင့် ဂါထာရောပေထားသော စာပေအမျိုးအစားပင်ဖြစ်ပါသည်။ ဂါထာတို့ဖြင့် ဝတ္ထုကြောင်း စကားပြေတို့ကို ပိုမိုရှင်းလင်း ပီပြင်စေခြင်း အခိုင်အမာဖွင့်ဆိုသော စကားပြေများဖြင့် ဝတ္ထုကြောင်း ဂါထာများကို နိဒါန်းပျိုးပေးခြင်း သို့မဟုတ် တန်းဆာဆင်ပေးခြင်းတို့သည် ပျေးခေတ် အိန္ဒိယ နိုင်ငံ၏ လူကြိုက်များသော စာပေရေးသားဟန်ဖြစ်ပါသည်။[၂] ဤကျမ်းကို ယင်းပုံစံဖြင့် ဖွဲ့စည်းထားပါသည်။

အာန်းများ ခွဲခြားရာ၌ ဇာတ်ပါဠိတော်တွင် လာရှိသည့်အတိုင်းပင် နိပါတ်အခန်း (၂၂) ခန်း ခွဲခြားထားပါသည်။ ၎င်းဘို့အနက် ပထမနိပါတ်(ဧကနိပါတ)တွင် ဂါထာတစ်ပုဒ်စီပါဝင်သော ဝတ္ထုဇာတ်လမ်းပေါင်း ၁၅၀၊ ဒုတိယနိပါတ် (ဒုကနိပါဒ) တွင် ဂါထာနှစ်ပုဒ်စီပါဝင်သော ဝတ္ထုဇာတ်လမ်းပေါင်း ၁၀၀ စသည်ဖြင့်ပါရှိရာ ဂါထာအရေအတွက်တို့၍ တိုး၍လာသည့်အလျောက် ဇာတ်ဝတ္ထုအရေအတွက်နည်း၍နည်း၍ လာပါသည်၊ ဧကနိပါတမှ အသီတိနိပါတတိုင်အောင် ၂၂ ခန်းရှိရာ ဂါထာအရေအတွက် တို့သည် နိပါတ်၏အစဉ်နှင့်အမြဲညီညွတ်နေသည် ဟူ၍ကားမဆိုနိုင်ပါ။ အကြောင်းမှာ ဧကနိပါတဆိုသော်လည်း ဂါထာ လေးပုဒ်၊

ငါးပုဒ်၊ ၁၀ ပုဒ်စသည်ဖြင့်ပါရှိသော ဝတ္ထုဇာတ်လမ်းများ၂
ဒုကနိပါတဆိုသော်လည်း ဂါထာသုံးပုဒ်မှ ၁၀ ပုဒ်အထိပါရှိ
သော ဝတ္ထုဇာတ်လမ်းများ စသည်ဖြင့် ပါဝင်နေသော
ကြောင့်ဖြစ်ပါသည်၊[၃] ဝိသတိနိပါတတွင် ဂါထာ ၄၄ ပုဒ်ပါရှိ
သော ဝတ္ထုဇာတ်လမ်းကိုလည်းကောင်း၊[၄] သတ္တတိနိပါတတွင်
ဂါထာ ၁၀၃ ပုဒ်နှင့် ၁၂၄ ပုဒ်ပါသော ဝတ္ထုဇာတ်လမ်းတို့ကို
လည်းကောင်း ၅ တွေ့ရပါသည်။ ဤသို့သော နိပါတတို့တွင်
ကေနိပါတမှ အသီတိနိပါတတိုင် နိပါတ ၂၁ ခုငယ် ဇာတ်
လမ်းပေါင်း ၅၃၇ ဇာတ် ပါဝင်ပြီး နေးကဲဆုံးဖြစ်သော
မဟာနိပါတတွင် ကြီးကျယ်ရှည်လျားသည့် ဇာတ်ကြီး ၁၀
ဇာတ် ပါဝင်ပါသည်၊ ယင်းအခန်းတို့ကို သိသာရန် ဖော်ပြ
ရလျှင်–

(၁)	ကေနိပါတဇာတ်	၁၅၀
(၂)	ဒုကနိပါတဇာတ်	၁၀၀
(၃)	တိကနိပါတဇာတ်	၅၀
(၄)	စတုက္ကနိပါတဇာတ်	၅၀
(၅)	ပဉ္စကနိပါတဇာတ်	၂၅
(၆)	ဆက္က ။	၂၀
(၇)	သတ္တက ။	၂၀
(၈)	အဋ္ဌက ။	၁၀
(၉)	နဝက ။	၁၂
(၁၀)	ဒသက ။	၁၆
(၁၁)	ကောဒသက ။	၉
(၁၂)	ဒွါဒသကနိပါတဇာတ်	၁၀

(၁၃)	တေရသက	နိပါတဇာတ်	၁၀
(၁၄)	ပကိဏ္ဏက	။	၁၃
(၁၅)	ဝီသတိ	။	၁၄
(၁၆)	တိံသတိ	။	၁၀၅
(၁၇)	စတ္တာလီသ	။	၅
(၁၈)	ပဏ္ဏာသ	။	၃
(၁၉)	သဋ္ဌိ	။	၂
(၂၀)	သတ္တတိ	။	၂
(၂၁)	အသီတိ	။	၅ နှင့်
(၂၂)	မဟာ	။	၁၀

တို့ ဖြစ်ကြပါသည်။

ဇာတ်နိပါတ်တို့တွင်ပါရှိသော ဇာတ်ဝတ္ထုတိုင်း၌ အပိုင်း
လေးပိုင်း (အင်္ဂါလေးရပ်) ပါရှိပါသည်။ ယင်းတို့မှာ –

(၁) ပစ္စုပ္ပန်ဝတ္ထု။ ။ အတိတ်ဝတ္ထု၏ အခြေး နိဒါန်း ဖြစ်ပါသည်။ ဗုဒ္ဓလက်ထက်တွင် ဖြစ်ပေါ်သော အကြောင်းတစ်စုံတစ်ရာကို ဆိုလိုပါသည်။ ထို အဖြစ်အပျက်နှင့် စပ်လျဉ်း၍ "ရဟန်းတို့ ယခုဘဝ၌သာလျှင် ဤသို့ ဖြစ်သည်မဟုတ် ရှေးအတိတ်ဘဝ၌လည်း ဖြစ်ခဲ့ဖူးသည်ဟု ဗုဒ္ဓ မိန့်တော် မူသည့်အခါ အတိတ်ဝတ္ထုကို ဟောတော်မူပါ

လမ်းပါ ဇာတ် ဆောင် တို့ကို ဆက်စပ် ပြခြင်း ဖြစ်ပါသည်။ အတိတ်က မည်သူသည် ယခု ပစ္စုပ္ပန်၌ မည်သူ ဖြစ်သည်ဟု ဆက်စပ် ပြခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် ဆက်စပ်ခြင်း ခံရသူသည် သံဝေဂရကာ အကျွတ်တရား ရရှိတတ်ပါသည်။ ဤအခန်းကို သမ္မောဓာနဟုလည်း ခေါ်ပါသည်။

(၇) ကျမ်းတွင်ပါဝင်သော အကြောင်းအရာများ

ဇာတကဋ္ဌကထာကျမ်းသည် ဘုရားရှင်၏ အတိတ်ဘဝ ဖြစ်စဉ်များကို **အလေးထား**ဖော်ပြပါသည်။ ထိုသို့ အလေးထားဖော်ပြရခြင်း၏ **အဓိက**ရည်ရွယ်ချက်မှာ အတိတ်ဘဝများစွာတို့၌ **ဗုဒ္ဓဘာသာဝင်**တို့ ဘုရားအလောင်းတော်၏ ဆောင်ရွက်ချက်များကို သိရှိကြည်ညိုစေရန် ဖြစ်သည်ဟု ဆိုရပါမည်။ ထို**ဆောင်ရွက်ချက်**များမှာလည်း ပဓာနအားဖြင့် ပါရမီဖြည့်ခြင်း**များ** ဖြစ်ပါသည်။ ဘုရားဆုပန်ဖြစ်သည့် အလျောက် **အလောင်းတော်**သည် ဘုရားအဖြစ်သို့ရောက်ရန် ဒါန၊ သီလ **စသည့်ပါရမီ** ၁၀ ပါး အပြား ၃၀ ကို မည်သို့ဖြည့်ကျင့်ခဲ့ရပုံကို **သိရှိ**ရခြင်းဖြင့် စာရှုသူတို့သည် ဘုရားရှင်အား ကြည်ညိုစိတ် **ဖြစ်ပေါ်**စေနိုင်ပါသည်။

ရန် တရား နာပရိသတ်က တောင်းပန်ပါသည်။ ထိုအခါ ဗုဒ္ဓက အာတိတ်ဝတ္ထု ကို ဟောတော်မူပါသည်။

(၂) အတိတ်ဝတ္ထု။ ။ ဘုရားရှင်ကမ်ဗိ၏ဖောဓိသတ္တဘဝ အဖြစ်အပျက်ကို ပုဗ္ဗေနဲဝါသ ဉာဏ်ဖြင့် ဆင်ခြင် ဟောပြာသော ဇာတ်လမ်း ဖြစ်ပါသည်။ ဤ အတိတ်ဇာတ်လမ်း တို့သည် ပစ္စုပ္ပန်ဇာတ်လမ်းနှင့် မကွဲခြားလှပါ။ ပစ္စုပ္ပန် ဇာတ်လမ်းထက် ပို၍ အကြောင်းအရာ ထူးပြား မှုည်လျှားသည်များလည်း ရှိပါသည်။

(၃) ဂါထာ ။ ။ ဇာတ်လမ်းတို့၏ အနှစ်သာရ ဖြစ်ပါသည်။ မှတ်သားဖွယ် သံဝေဂ ယူဖွယ်တို့ ပါရှိပါသည်။ ဤအခန်းတွင် ဂါထာလာဝေါဟာရတို့၏ အနက်အဓိပ္ပာယ် ဖွင့်ဆိုချက်တို့ ပါဝင်ပါသည်၊ ဤအခန်းသည်ပင် ဌကတ်တော်၌ပါဝင်သော ဇာတကကျမ်းလာ ဂါထာများ ဖြစ်ပါသည်။

(၄) ဇာတ်ပေါင်းခန်း။ ။ အတိတ်ဇာတ်လမ်းပါ ဇာတ်ဆောင်များနှင့် ပစ္စုပ္ပန် ဇာတ်

တခြားအလုပ်တခြားလှည့်ပတ်ဖြားယောင်းမှုများ[၁၀]ကိုလည်း တွေ့ရပါသည်၊ အရက်သောက်စားခြင်း[၁၁] လောင်းကစားခြင်း တို့၏ အပြစ်များ[၁၂] ကာမရာဂတို့မည်သည် ရသေ့ရဟန်း သူတော်စင်နှင့်တကွ သတ္တဝါအား ဒုက္ခအပေးဆုံးတရားများ ဖြစ်ကြောင်း ဖော်ပြချက်[၁၃] တို့သည် လောကုတ္တရာအတွက် သာမက လောကီအတွက်ပါ တန်ဖိုးရှိလှပါသည်။ လူပတ်ဝန်း ကျင်အကြောင်း ဖော်ပြချက်[၁၄] တို့မှာလည်း စိတ်ဝင်စားဖွယ် ကောင်းပါသည်။

ထိုမှတစ်ပါး ရှေးဧတ်အိန္ဒိယနှင့် ပတ်ဝန်းကျင် နိုင်ငံတို့ ၏ ရေမြေတောတောင်ပထဝီအနေအထား[၁၅]၊ စီးပွားရေး[၁၆]၊ နိုင်ငံရေး[၁၇]၊ အသက်မွေးကျောင်း[၁၈] ပညာရပ်တို့ကိုပါ ဖော်ကျူးသော ဇာတ်ဝတ္ထုတို့သည်လည်း မှတ်သားဖွယ်ကောင်း လှပါသည်။

ဗုဒ္ဓဘာသာဝင်မဟုတ်သူတို့၏အမြင်အားဖြင့်မူ တစ်နည်း အားဖြင့် ပညာရေးရွှေထောင့်မှ ကြည့်လျှင် ဇာတကဋ္ဌကထာ လာ အကြောင်းအရာများကို တစ်နည်းတစ်ဖုံ ခွဲခြားနိုင်ပါ သည်။ဝင်တာနစ်၏ခွဲခြားပုံမှာ အောက်ဖော်ပြပါသဘောမျိုး ဖြစ်ပါသည်။

၁။ ပုံပြင်များ။ ။ထိုပုံပြင်များအနက် များစွာတို့မှာ အခြားအိန္ဒိယပုံပြင်များကဲ့သို့ပင်နီတိ သို့မဟုတ် လောကီဗဟု သုတကို ပေးရန်ဖြစ်သည်။ ယင်းတို့အနက် အနည်းငယ်သာ လျှင် ရသေ့ရဟန်းတို့၏ အကျင့်သီလ သဘောတရားများ ပါဝင်သည်။ ဗုဒ္ဓဘာသာ တရားသဘော အစစ်အမှန် ပါဝင် သော ဇာတ်လမ်းများမှာ ထိုထက်ပင် နည်းပါသည်။

ထို့ပြင် ဇာတကဋ္ဌကထာ၌ လူသားတို့၏ ကိုယ်ကျင့်တရား မြှုပြင်ရေး[၁] အတွေးအခေါ်မှန်ကန်ရေး၂၊ အသိပညာတိုးပွား ရေး[၃] တို့ကိုဦးတည်သည့်အချက်များကိုလည်းတွေ့ရပါသည်။ ထိုသို့ဦးတည်ရာ၌ အယူမှားလျှင် အပါယ်လားတတ်ကြောင်း ဖော်ပြပါသည်။[၄] အပါယ်ဘုံသားတို့ ခံစားကြရသည့် ကြောက်မက်ဖွယ် ဆင်းရဲဒုက္ခများ၁နှင့် လောကီလူသားတို့ တောင့်တလေ့ရှိသည့် နတ်ပြည်စည်းစိမ်၊ ဗြဟ္မာ့ပြည်စည်းစိမ် တို့ကို နှိုင်းယှဉ်ပြပါသည်။ ကာမနယ်ပယ်မှလွတ်မြောက်ပြီး တည်ငြိမ်အေးဆေးသည့် ဈာန်ချမ်းသာခံစားသော ဗြဟ္မာ မင်းတို့အကြောင်း[၅]၊ ရသေ့သူတော်စင်တို့အကြောင်း[၆]ကိုလည်း တွေ့ရပါသည်။ တောင်မွေလျော်သော ရသေ့သူတော်စင်များ၏ စိတ်အေးချမ်းသာမှုသည် မလောကီချမ်းသာတကာတို့ထက် အဆများစွာသာလွန်ကြောင်းကို သဘောပေါက်၍ နိဗ္ဗာန်ရောက်လိုသူတို့သည် ထိုသူတော်စင်များကဲ့သို့ နေထိုင် ကျင့်ကြံအားထုတ်ရန် စာရှုသူတို့ကို အားပေးသကဲ့သို့လည်း ဖြစ်ပါသည်။ တမလွန်ဘဝဇာတ်ဝတ္ထုတို့သည် ကံ ကံ၏အကျိုး ကိုလည်း ထင်ရှားစွာဖော်ပြထားရာသတ္တဝါဟူသမျှမိမိပြုသည့် ကံအားလျော်စွာ ကောင်းကျိုးဆိုးကျိုးတို့ မလဲမသွေ ရရှိ သည်ကို သိရှိနားလည်ပြီး ဒုစရိုက်ကိုရှောင်၍ သုစရိုက်ကို ဆောင်စေရန် တိုက်တွန်းချက်များပါသည်ဟု ဆိုရပါမည်။

လောကီအကြောင်းနှင့် စပ်လျဉ်း၍ [သူတော်ကောင်း ပညာရှိတို့မည်သည် သူတစ်ပါးအကျိုးကို လိုလိုလားလား ဆုံးမလေ့ရှိကြသည်ဟူသောအချက်ကို ညွှန်းဆိုသည့် ဇာတ် စတ္ထုများ[၉] လည်း ပါရှိပါသည်။ သူယုတ်မာတို့၏ အပြော

သည် ဇာတ်ဝတ္ထုတိုင်း၌ တစ်နည်းနည်းဖြင့်ဆက်နွယ်နေခြင်း ဖြစ်ပါသည်။ ဇာတ်ဝတ္ထုတိုင်း၌ အဓိကဇာတ်ဆောင်အဖြစ် ဖြဲ့လည်းကောင်း၊ သာမန် အရံအဖြစ်ဖြင့်လည်းကောင်း၊ ပဲ့ကြဲသ့ဲဝရံသဘ်အဖြစ်ဖြင့်လည်းကောင်း ပါဝင်လျက်ရှိသည် သဘ်ဖြဲ့ပါသည်။ ထိုသို့ပါဝင်ရာတွင် ခြင်္သေ့၊ ဆင်၊ မြင်း၊ ကျွဲ၊ နွား စသော တိရစ္ဆာန်ဘဝ မျိုးစုံတွင် လည်းကောင်း၊ သူ့ဦး၊ ဓားပြ၊ အရာက်သမားစသော ဒုစရိုက်သမား ဘဝမျိုးတွင်လည်းကောင်း၊ စကြာဝတေးမင်း၊ ကေရာဇ်မင်း၊ မင်းသား၊ အမတ်စသော လူဘဝတို့တွင်လည်းကောင်း၊ နဂါး၊ ဂဠုန်၊ ရက္ခဒူး၊ နတ်စသော တန်ခိုးရှိ ပုဂ္ဂိုလ်များတွင် လည်းကောင်း၊ သိကြားဗြဟ္မာစသော တန်ခိုးကြီးမားသည့်ဘဝတို့ တွင်လည်းကောင်း ကျင်လည်ခဲ့ကြောင်း တွေ့ရပါသည်။

ကမ္ဘာ့စာပေရိပ်မြုံကြီးကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြာခံစေ ကျေးဇူးပြုနေသည်မှာ ဇာတ်တော်များပင် ဖြစ်ပါသည်။ အာရှဘိုးဘွင်ပြုန်ခဲ့သော အိန္ဒိယကျင့်ဝတ် သဘောတရားဘို့သည် ဇာတ်တော်များကို အခြေခံပါသည်။ ကျင့်ဝတ်ဘို့ဘို့ ပုံပြင်ဇာတ်လမ်းမပါ၊ ယင်းတို့ခွဲသက်သက် ဟောပြောလျှင် စိတ်ဝင်စားသူ နည်းပါးပေလိမ့်မည်။ ထို့ကြောင့်ဝတ်ကျင့်သက်သက်သည် လူစိတ်ကို ဆွဲဆောင်နိုင်မည် မဟုတ်ခဲ့ချေ။ ဇာတ်လမ်း၊ ဇာတ်ကွက်ဖြင့်မှမ်းမံ၍ ဟောပြောလျှင်ကား စိတ်ဝင်စားသူ များနိုင်ပေမည်။ ဇာတ်လမ်းဖြင့် မှမ်းမံအပ်သော ကျင့်ဝတ် ဟောကြားချက်သည် လူစိတ်ကို ဆွဲဆောင်နိုင်ပေလိမ့်မည်။ ဤသို့ဖြင့် သန့်စင် မှန်မြတ်သည့် အာပ္ပအချင်းများကို ဇာတ်တော်များက သွတ်သွင်းပေးပါသည်၊ လွဲနွှဲသော ယင်္ဘာခမ်းအနားနှင့် ဗုဒ္ဓဘာသာ စည်း

၂။ နတ်သမီးပုံပြင်များ။ ။ယင်းတို့တွင် တိရစ္ဆာန်ပုံပြင်များစွာပါဝင်သည်။ ဥရောပတိုက်ရှိလူကြိုက်များသော နတ်သမီးပုံပြင်များနှင့် များစွာတူညီသည်။ ယင်းတို့တွင် ဗုဒ္ဓဘာသာကို ရည်ညွှန်းချက် အရိပ်အမြွက်မျှပင် မပါရှိချေ။ အချို့ဇာတ်လမ်းအနည်းငယ်ကို ဗုဒ္ဓဘာသာ အသွင်ပြောင်းပေးထားသည်။ အချို့ဇာတ်လမ်းများသည် ဗုဒ္ဓဘာသာဝင်တို့၏ တီထွင်မှု သက်သက်ဖြစ်ပုံပေါ်၏။

၃။ ပုံပြင်တိုများ၊ ဟာသပုံပြင်များ။ ။ယင်းတို့တွင် ဗုဒ္ဓဘာသာနှင့်ပတ်သက်သော အကြောင်းအရာ မပါရှိချေ။

၄။ ဝတ္ထုနှင့်စွန့်စားခန်းများ ပါဝင်သော အချစ်ဇာတ်လမ်းရှည်များ။ ။တစ်ခါတစ်ရံ ဇာတ်လမ်းရှည်တစ်ခုတည်း၌ ဇာတ်လမ်းတိုကလေးများ ပါရှိတတ်သည်။ ဤဇာတ်လမ်းများ၌ဇာတ်ဆောင် သို့မဟုတ် ဇာတ်လိုက်သည်ဘုရားလောင်းဖြစ်သည်မှအပ ဗုဒ္ဓဘာသာနှင့် ပတ်သက်ခြင်း မရှိချေ။

၅။ ကိုယ်ကျင့်တရားဆိုင်ရာ ဇာတ်လမ်းများ။

၆။ ပြောထုံးများနှင့်

၇။ ဘာသာတရားဆိုင်ရာ ပုံပြင်များ။ ။ထိုပုံပြင်တို့သည် ဘစ်စိတ်တစ်ဒေသသာလျှင် ဗုဒ္ဓဘာသာရင်းမြစ်မှ ပေါက်ဖွားလာသည်များဖြစ်၏။ များစွာတို့သည် အိန္ဒိယ ရသေ့ရဟန်းတို့နှင့်ဆိုင်သော ကဗျာလင်္ကာများ၌လာရှိသော ပုံပြင်ဇာတ်လမ်းဖြစ်သည်။ ထိုပုံပြင်ဇာတ်လမ်းများကို ဗုဒ္ဓဘာသာဝင်တို့ တစ်ဦးတည်းသာလျှင် ပိုင်ဆိုင်သည်မဟုတ်။ ဟိန္ဒူစသော အခြားဘာသာဝင်တို့လည်း ပိုင်ဆိုင်ကြသည်သာဖြစ်သည်။[၁၉]

ထိုဇာတ်လမ်းများကို မည်သို့ခွဲခြားသည်ဖြစ်စေ ထိုဇာတ်လမ်းများ၏ တူညီသောအချက်တစ်ရပ်မှာ ဘုရားအလောင်း

မျဉ်းများကိုလည်း အသိပေးခဲ့ပါသည်။ အချုပ်အားဖြင့် ပုဒ္ဓဘာသာကျင့်ဝတ်များကို ဖြန့်ဖြူးရာတွင် ဇာတ်တော်များ၏ကျေးဇူးမှာ အတိုင်းမသိ ကြီးမားလှပါသည်။

(ဂ) ဇာတကဋ္ဌကထာနှင့် ယင်းအဋ္ဌကထာဆိုင်ရာ ကျမ်းများ

ဇာတကဋ္ဌကထာနှင့်ဆိုင်ရာ ဋ္ဌီကာကျမ်းများ၊ နိဿယနှင့် ဘာသာပြန်ကျမ်းများကို အောက်ပါအတိုင်း တွေ့ရပါသည်။

(၁) အဋ္ဌကထာကျမ်းများ

ဇာတကဋ္ဌကထာကျမ်းကို မြန်မာမူဖြင့် အတွဲခုနစ်တွဲခွဲ၍ ဆဋ္ဌသင်္ဂါယနာတင်မူအဖြစ် မြန်မာနိုင်ငံ ပုဒ္ဓဘာသာအဖွဲ့ ပုံနှိပ်တိုက်မှ ပုံနှိပ်ထုတ်ဝေထားပါသည်။[၁]

V. Fausboll တည်းဖြတ်၍လန်ဒန်မြို့တွင် ၁၈၇၇ – ၉၇ ခုနှစ်တို့အတွင်း ထုတ်ဝေခဲ့သော အင်္ဂလိပ်မူ (ရောမအက္ခရာ ခုနစ်တွဲလည်း ရှိပါသည်။ ယိုးဒယား(ထိုင်း) ပြည့်ရှင်မင်း၏ မိဖုရားများဖြစ်ကြသော Aunt နှင့် Suddhasinnınath တို့ဦးစီးထုတ်ဝေသည့် ယိုးဒယားမူ ဇာတကဋ္ဌကထာ ၁၀ တွဲကို ၁၉၂၅ တွင် ထုတ်ဝေခဲ့ကြောင်း သိရပါသည်။[၂]

ထိုပြင် သီဟိုဠ်မူ၊ ယိုးဒယား (ထိုင်း)မူ၊ ကမ္ဘောဒီးယားမူစသည်တို့လည်း ရှိကြပါသေးသည်။[၃]

(၂) ဋ္ဌီကာကျမ်းများ

ဋ္ဌီကာကျမ်းတို့သည် ဇာတကဋ္ဌကထာကျမ်းတို့၌ပါရှိသော ခက်ခဲသည့်ပုဒ်ပါဠိများကို အနက်အဓိပ္ပာယ်ဖွင့်သည့် ကျမ်းများဖြစ်ကြပါသည်။ ပထမဆုံးရေးသားသဖြင့် ဇာတ်ဋ္ဌကာလောင်းဟုလည်းခေါ်သော လိန္ဒတ္ထပကာသနံဋ္ဌကာကို သံဃာဋ္ဌကျန်း အနုရာမြို့အနောက် ဗဒရတိတ္ထကျောင်းတိုက်နေ အရှင်ဓမ္မပါလမထေရ်က ပါဠိဘာသာဖြင့် ရေးသားခဲ့ပါသည်။ နောက်မှ ပေါ်သဖြင့် ဇာတ်ဋ္ဌကာသင်္ဂဟုလည်း ခေါ်သော အသမ္မောဟဝိလာသိနီ ကျမ်းကို သက္ကရာဇ် ၁၂၃၀ တွင် မင်းတုန်းမင်းလက်ထက် မန္တလေးအနှေးပြင် မင်္ဂလာရာမ ကျောင်းတိုက်နေ ရှင်ပညာသာမိမထေရ်ခေါ် ဒုတိယမောင်းထောင်ဆရာတော်က ပါဠိဘာသာဖြင့် ရေးသားခဲ့ပါသည်။[၄]

သက္ကရာဇ် ၈၀၄ ခု အင်းဝနန်းတက်သည့် နရပတိမင်းလက်ထက် ရှင်အရိယဝံသမမွေးနာပတိမထေရ်သည် ဇာတ်ပါဠိတော် အဋ္ဌကထာ ဋ္ဌီကာကျမ်းများ၌ ပါရှိသော ကော်ခဲသည့်အနက်အဓိပ္ပာယ် တို့ကို ထပ်မံရှင်းလင်းသော ဇာဂဏ်ကျမ်းကို ပါဠိမြန်မာရောပြမ်း၍ ရေးသည်။ ယင်းကျမ်းကို ဇာတကဝိသောဓနီကလည်းကောင်း၊ အရိယဝံသဇာတ်ဂဝံဏ္ဍဟုလည်းကောင်းခေါ်သည်။[၅]

(၃) ဇာတ် အဋ္ဌကထာ နိဿယများ

ဘိုးတော်ဘုရားလက်ထက် ဘိုးတော်ဘုရား၏ လျှောက်ထား တောင်းပန်ချက်အရ ဇာတ်အဋ္ဌကထာ၏ ဇာတ်ငယ်ပေါင်း ၅၃၇ ဇာတ်ပါဝင်သည့် ကေနိပါတမှ အသီတိနိပါတ

သမိုင်းသစ်အရ ပင်းယမဟာဉပါလိ မထေရ်သည်လည်း ဇာတ်ကြီးဆယ်ဘွဲ့နိဿယ ရေးခဲ့ကြောင်း သိရသည်။[၇]

(၄) ဘာသာပြန်ကျမ်းများ

ဘာသာပြန်ကျမ်းများနှင့် စပ်လျဉ်း၍ လက်လှမ်းမီသမျှ အောက်ပါအတိုင်း တွေ့ရပါသည်။

ဇာတ်နိပါတ်ငယ် ၅၃၇ ဇာတ်ကို မြန်မာစကားပြေနှင့် ပြန်ဆိုသည့် ကျမ်းနှစ်စောင်ရှိသည်။ တစ်စောင်မှာ မုန့်တိုင် ဆရာတော်၏ ဇာတ်ဝတ္ထု စကားပြေများ ဖြစ်သည်။ အခြားတစ်စောင်မှာ ရှင်ကဝိန္ဒဘိဝံသ (ညောင်ကန်ဆရာတော်) စီရင်သည့် ဇာတ်နိပါတ်စကားပြေ ဘာသာပြန်ကျမ်း ဖြစ်သည်။ မူလဇာတ်အဋ္ဌကထာငါးတွဲကို ဘာသာပြန် ငါးတွဲခွဲ၍ ပြန်ဆိုသည်။[၈]

အတွဲနှစ်တွဲရှိသည့်အနက် မဟာနိပါတ်၌ ပါဝင်သော ဇာတ်ကြီးဆယ်ဘွဲ့ကိုမူကား မြန်မာစကားပြေဖြင့် တစ်ဦးတည်း စီရင်သည်ကို မတွေ့ရပေ။ နှစ်သက်ရာ ဇာတ်တော်ကြီးအချို့ကိုသာ ရွေးပြီး မြန်မာပြန်ခဲ့သည်ကို တွေ့ရ၏။ ဇာတ်ကြီးဆယ်ဘွဲ့အနက် သုဝဏ္ဏသာမနှင့် ဘူရိဒတ်မှတစ်ပါး ကျန်ရှစ်ဇာတ်ကို မင်းဘူးဦးသြဘာသက လည်းကောင်း၊ ဘူရိဒတ်ဇာတ်ကို မင်းဘူးဆရာတော်၏တပည့် အရှင်နန္ဒမေဓာက လည်းကောင်း၊ သုဝဏ္ဏသာမဇာတ်ကို မင်းဘူးမြို့ ရန်ကုန်ကျောင်းတိုက် ရန်ကုန်ဆရာတော်၏တပည့် အရှင်ပညာဘိဓ္ဇက လည်းကောင်း အသီးသီး မြန်မာပြန်ဆိုခဲ့ကြပါသည်။[၉]

အထိ အခန်း(နိပါတ) ၂၁–ခုကို ဆရာတော် ၁၃ ပါးတို့ အသီးသီးခွဲပြီး ပါဠိမြန်မာတွဲဖက်၍ နိဿယပြန်ဆို ရေးသားကြသည်။ ဇနိပါတကို တောင်တွင်းဆရာတော် ဦးကေသရသည်လည်းကောင်း၊ ဒုကနိပါတကို ပလုံင်းဆရာတော်သည် လည်းကောင်း၊ တိကနိပါတကို မဲထီးဆရာတော်သည် လည်းကောင်း၊ စတုတ္ထနှင့် ပဉ္စမနိပါတများကို ရွှေတောင် ဆရာတော်သည်လည်းကောင်း၊ ဆဋ္ဌနှင့်သတ္တနိပါတများကို ပထမ ငါးခုန် (တောင်လေးလုံး) ဆရာတော်သည်လည်းကောင်း၊ အဋ္ဌကနှင့် နဝတနိပါတများကို ကတိုးဆရာတော်သည်လည်းကောင်း၊ ဒဿကနှင့် တေရသက နိပါတများကို ဆုံတားဆရာတော်သည်လည်းကောင်း၊ စိသတိနှင့် တိံသနိပါတများကိုမုန်တောဆရာတော်သည်လည်းကောင်း၊ စတ္တာလီသနှင့်ပဏ္ဏာသနိပါတများကို ညောင်ကန်ဆရာတော်သည် လည်းကောင်း၊သင်္ဘနှင့်သတ္တတိနိပါတများကို မင်းရွာဆရာတော်သည် လည်းကောင်း၊ အသီတိနိပါတကို ပထမဆာတဲရွာဆရာတော်သည်လည်းကောင်း အသီးသီးရေးစီရင်ခဲ့ကြပါသည်။[၆]

ထို့ပြင် ဘိုးတော်ဘုရားလက်ထက်၌ပင် ဝက်ဒုတ် ဆရာတော်သည် အထက်ဖော်ပြပါ ကေနိပါတမှ အသီတိ နိပါတအထိ ၂၁ ခန်းလုံးကိုလည်းကောင်း၊ ဇာတ်ကြီးဆယ်ဘွဲ့ပါဝင်သည့် မဟာနိပါတကိုလည်းကောင်း နိဿယပြန်ဆို ရေးသားခဲ့ပါသည်၊ ဆင်ဖြူရှင်လက်ထက် ဒန်တိုင် ဆရာတော် ရှင်ဂုဏာလင်္ကာရမထေရ်သည် လည်းကောင်း မဟာနိပါတဇာတ်ကြီးဆယ်ဘွဲ့ ဇာတ်အဋ္ဌကထာနိဿယကို ရေးသားခဲ့သည်။ တစ်ဖန် မြစ်ကွေးဆရာတော်၏ ပိဋကတ်တော်

အခြား ဘာသာပြန်ဆိုသော ကျမ်းသုံးစောင်ကိုလည်း တွေ့ရပါသေးသည်။ ၎င်းတို့မှာ N.W.Rhys Davids အင်္ဂလိပ် ဘာသာဖြင့်ပြန်ဆို၍ ၁၈၀၀ ပြည့်နှစ်တွင် လန်ဒန်မြို့၌ ထုတ်ဝေသော ကျမ်း။ E.B Cowell ကြီးကြပ်တည်းဖြတ်၍ ထိုပုဂ္ဂိုလ်နှင့်တကွ အခြားပုဂ္ဂိုလ်များ အင်္ဂလိပ်ဘာသာ ပြန်ဆို၍ ၁၈၉၅ ခုနှစ်မှ ၁၉၀၇ ခုနှစ်အတွင်း Cambridge တက္ကသိုလ်(လန်ဒန်) မှ ထုတ်ဝေသောကျမ်းနှင့် Iulius Dutoit ဂျာမန်ဘာသာပြန်ဆို၍ ၁၉၀၈ ခုနှစ်တွင် Leipzig မြို့တွင် ထုတ်ဝေသော ကျမ်းတို့ဖြစ်ပါသည်။ အခြားပုဂ္ဂိုလ်များက ဇာတ်နိပါတ်များကို အပိုင်းလိုက် ဘာသာပြန်ကြသည်ကိုလည်း တွေ့ရပါသည်။ ရွှေဟောင်းသုတေသနဌာန၊ အထက်တန်း အရာရှိ ဆရာနိုင်ပန်းလှ မွန်ဘာသာဖြင့် ပြုစုတည်းဖြတ်သော ငါးရာ့ငါးဆယ် မွန်ဘာသာ ကျမ်းကိုလည်း တွေ့ရပါသည်။

ငါးရာ့ငါးဆယ်အကျဉ်းရေး စကားပြေကျမ်းများ

ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထုမူရင်းသည် ကြီးမားကျယ်ပြန့်လွန်းလှသဖြင့် ယင်းတို့ကိုနှံ့စပ်အောင် ဖတ်ရှုနိုင်ရန်မှာမလွယ်ကူလှပါ။ ဇာတ်နိပါတ်သည် စာပေနှင့် အနုပညာကဏ္ဍအသီးသီးတွင် အသုံးတွင်လှသဖြင့်သုတေသီအများစုအတွက် ချုံးထားသောကျမ်းများ လိုအပ်လှပါသည်။ ထိုကျမ်းတို့ကို ပြုစုခဲ့ကြသူ ပညာရှင်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

အမျိုးသားပညာဝန် ဦးဖိုးကျားရေး၍ ၁၉၂၉ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသော ဇာတ်ဝတ္ထု စကားပြေကျမ်းသည်

ဇာတ်ယေ ၅၃၇ ဇာတ်ထဲမှ ၂၄၉ ဇာတ်ကို ထုတ်နုတ်အကျဉ်းချုံး ရေးထားခြင်းဖြစ်သည်။ ဇာတ်ကြီးဆယ်ဘွဲ့မပါဝင်ပေ။ လူယေ်လူရွယ်များ ရတနာသုံးပါးနှင့် နီးစပ်ယဉ်ကျေးစေရန် ကိုယ်ကျင့်တရားပါသည့် ဇာတ်ဝတ္ထုကို့နှင့် ရင်းနှီးစေရန်ဟူသော ရည်ရွယ်ချက်နှစ်ရပ်ဖြင့် ရေးသည်ဟု ကျမ်းပြုသူက ဆိုပါသည်။ ထင်ရှားသည့်ဝတ္ထုကိုသာ ရွေးထုတ်ပြီး လူယေ်ဘို့အတွက် မြင့်လွန်းသည့်ဝတ္ထုများကို ချန်ထားသည်ဟု ဆိုပါသည်။ ပစ္စုပ္ပန်ဇာတ်လမ်းအကျဉ်း၊ အတိတ်ဝတ္ထု အကျဉ်းနှင့် ဇာတ်ပေါင်းခန်းတို့ ပါဝင်ပါသည်။ အကြိမ်ကြိမ် ရိုက်နှိပ်ရသည့် ကျမ်းတစ်ကျမ်းပင် ဖြစ်ပါသည်။[၁၀]

ပထမကျော် ဦးကြီးဖေရေး၍ ၁၉၅၆ ခုမှ ၅၈ ခုအတွင်း ရန်ကုန်မြို့ ဟံသာဝတီပုံနှိပ်တိုက်မှ ထုတ်ဝေသော ဇာတ်ဝတ္ထုကျမ်းသည် ဇာတ်ယေ ၅၃၇ ခုလုံးကို အကျဉ်းချုံးရေးထားခြင်း ဖြစ်သည်။ ဦးကြီးဖေသည် ဦးဖိုးကျားကဲ့သို့ မချုံးလှပေ။ ထူးခြားချက်တစ်ခုမှာ ဇာတ်ဝတ္ထုအသီးသီး၏အဆုံး၌ ဇာတ်ဝတ္ထုမှ သိမှတ်ဖွယ်အခုက်တ်ကိုနည်းများအလိုက် သံပေါက်သုံးလေးငါးပုဒ် ရေးပေဖော်ပြထားခြင်း ဖြစ်ပါသည်။[၁၁]

ဦးမြင့်ဆွေ မဟာဝိဇ္ဇာ(လန်ဒန်) ရေး၍ ၁၉၇၅ ခုနှစ်ကနှလုံးလှစာပေတိုက်မှ ထုတ်ဝေသည့် ဇာတ်တော် ငါးရာ့ငါးဆယ်ကျမ်းသည်ကား ဇာတ်ကြီးဆယ်ဘွဲ့ အပါအဝင် ဇာတ်တော် ၅၄၇ ဇာတ်လုံးကို ပစ္စုပ္ပန်အတိတ် ဇာတ်ပေါင်းခန်း အပြည့်အစုံ လိုရင်းထုတ်နုတ်ဖော်ပြထားသဖြင့် လည်းကောင်း၊ တစ်ကျမ်းတည်းဖြင့် လိုရာကိုရှာဖွေကြည့်ရှုနိုင်ရန်

ကျမ်းနောက်ပိုင်းတွင် အကွာရာဝလိပါရှိသဖြင့် လည်းကောင်း ကျေးဇူးများလှပါသည်။ ထိုပုဂ္ဂိုလ်ပင် ရေးသား၍ ၁၉၇၃ ခုနှစ်က မန္တလေး ဝိဇ္ဇာသိပ္ပံတက္ကသိုလ်၊ သမိုင်းအသင်းမှ စာကူးစက်ဖြင့် ထုတ်ဝေခဲ့သည့် ငါးရာ့ငါးဆယ် ဇာတိခန်း ကျမ်းသည်ကား စာမျက်နှာ ၁၀၀ ခန့်သာရှိပြီး အလွန်ရှည်လျားသော မဟာဥမင်္ဂနှင့် ဝေဿန္တရ ဇာတ်များကိုပင် တစ်မျက်နှာကျော်မျှဖြင့် လိုရင်းကိုခြုံ၍ပြုစုထားခြင်းကြောင့် ကျေးဇူးများသည့် ကျမ်းငယ်တစ်စောင် ဖြစ်ပါသည်။

ဒဂုန် ဦးထွန်းမြင့်ရေး၍ ၁၉၇၄ ခုနှစ်က နှလုံးလှစာပေ ဖြန့်ချိရေးတိုက်မှ ထုတ်ဝေသော ဇာတ်ဝတ္ထု ကျမ်းကား ဇာတ်ကြီးဆယ်ဘွဲ့အကျဉ်းပင် ဖြစ်ပါသည်။ မူရင်း၏ လေးပုံတစ်ပုံခန့်သာရှိသဖြင့် ဇာတ်ကြီး ဆယ်ဘွဲ့ကို လေ့လာရာတွင် အထူးကျေးဇူးပြုသည့် ကျမ်းပြစ်သည်။[၁၂]

ဖော်ပြခဲ့သည်တို့မှာ တွေ့ရှိသမျှကျမ်းများသာ ဖြစ်ပါသည်။ အခြားကျမ်းများ ကျန်ရှိနိုင်ပါသေးသည်။ ယင်းကျမ်းတို့အနက် ဆဋ္ဌသင်္ဂါယနာမူ ဇာတကဋ္ဌကထာကျမ်းကို အခြေပြု၍ ဉာဏ်စွမ်းအလျောက်လေ့လာကာ ဇာတကဋ္ဌကထာကျမ်းလာ အုပ်ချုပ်ရေးဆိုင်ရာ အကြောင်းအရာများကျမ်းငယ်ကို သုံးသပ်ချက်များနှင့်တကွ တင်ပြအပ်ပါသည်။

အောက်ခြေမှတ်စုများ

နိဒါန်း (၄) ဇာတကဋ္ဌကထာဟူသော ကျမ်းအမည်

၁။ ဇာတံ ဘူတံ အတီတံ ဘဂဝတော စရိယံ၊ တံကိယတိ၊ ကထိယတိ ဧ တေနာတိ ဇာတကံ။ ဇာတက ပါဠိတိဏ္ဍ "ဇာတက" နွှိဝုတ္တာ။ အဉ်တြပန ဇာတံ ဝေဇာတကန္တိဂဟေတဗ္ဗံ။ တဆာဟိ ဇာတက သဒ္ဒါဒေသနာယမွိ ဝတ္တတိ "ဣတိဝုတ္တကံ ဇာတကံအမ္ဘ။တ ဓမ္မ" နွှိအာဒီသု။ ဇာတိ ယမွိဝတ္တတိ "ဇာတကံ သမောဓာ နေသိတိ" အာဒီသု။ သဒ္ဒနီတိ ဓာတုမာလာ နှာ ၁၀

၂။ ဇာဘ်တော်ငါးရာငါးဆယ် နှာ ၃၄
၃။ ၎င်း နှာ ၃၄–၅
၄။ ငါးရာငါးဆယ် နှာ ၃၅
၅။ ၎င်း နှာ ၃၅–၆

နိဒါန်း (၆) ကျမ်းဖွဲ့စည်းပုံ

၁။ A HISTORY OF INDIAN LITERATURE VOL II P.117/8

နောင်တွင် ဤကျမ်းကို ကိုးကားလျှင် HIL ဟူ၍သွန်းပါမည်။

၂။ ဇာ၊ ဋ္ဌ၊ ၁၊ ၂၂၀၊ ၂၃၁။ ၄။ ဇာ၊ ဋ္ဌ၊ ၀၊ ၄၁၃–၂၄
၎င်း ၂၊ ၄၃–၅၁။ ၅။၎င်း၊ ၅၊ ၂၉၇–၃၃၁
၎င်း၊ ၄၊ ၁၇–၂၃ စသည်။ ၎င်း၊ ၅၊ ၃၃၃–၄၀၇။
၃။ ၎င်း၊ ၂၊ ၂၉–၃၁။ ၃၉၅–၅၅။

၃။ ဇာတကဋ္ဌကထာကျမ်းပါ ဇာတ်များ၏ အရေအတွက်ဖြစ်ပါသည်။ ၅၄၇ ဇာတ်ဖြစ်သော်လည်း စနေမင်းလက်ထက်မာရိအောင်ရတနာဘုရားတွင် (၁)မဟာဂေါဝိန္ဒ၊ (၂) သစ္စာဘုယာ၊ (၃) မဟာလောမဟံသာ ၃ ဇာတ်ကိုဖျက်၍ ၅၅၀ ဇာတ်တော်ပုံဖြည့်စွက်ပြီးမှ သံဃာတော်များကမသင့်ကြဆိုသဖြင့်ပြန်ဖျက်ရကြောင်း၊ဇာတ်ကြီးဆယ်ဘွဲ့နိဒါန်း နှာ–၂၀ ၌ စာရေးဆရာပါရဂူက ဖော်ပြထားပါသည်။ ၁၇–၅–၀၂ နေ့၌ ဆရာပါရဂူထံတွေ့ဆုံမေးမြန်းချက်အရ ဆရာကိုးကားထားသော စာအုပ်များမှာ ဒဂုန်ဦးထွန်းမြင့်ထံမှရရှိသည့် မှတ်စုများမှကိုးသည်ဟု ထင်မြင်ကြောင်း၊ ရွတ်တရက်ရှာမရကြောင်းဆိုပါသည် ၁၀–၅–၀၂ နေ့၌ ရေးဟောင်းသုတေသနဌာန၊ ဆရာနိုင်ပန်းလှစာကြည့်ကိုက်မှုဦးကျော်ငြိမ်းတို့နှင့်တွေ့ဆုံ၍ ဇာတ်တော် ၅၅၀အရေအတွက်နှင့်ပတ်လျဉ်းကာ မေးမြန်းခဲ့ပါသည်။ ထိုပုဂ္ဂိုလ်များက ပုဂံအာနန္ဒာဘုန်းတွင် ဖက်လိပ်ဘုရားတို့တွင် စဉ်ခွက်များ၌ ရုပ်တုများထွင်းထုထားကြောင်း၊ ထိုရုပ်တုများအရ အာနန္ဒာဘုရှင် ၅၄၇ ဇာတ်သာရှိ၍ ဖက်လိပ်ဘုရား၌မူ ၅၅၀ ဇာတ်အပြည့်ရှိကြောင်း (၁) မဟာဂေါဝိန္ဒ၊ (၂) ဝေလာမ၊ (၃) သုမေဓာ ဇာတ်သုံးဇာတ်တို့ ဖြည့်စွက်ထားကြောင်း ဆိုကြပါသည်။

နိဒါန်း (၃) ကျမ်းတွင်ပါဝင်သော အကြောင်းအရာများ

၁။ သုဟနုဇာတ်. ဇာတကဋ္ဌကထာအတွဲ ၂၊ နှာ ၂၇၊ ဇာတကဋ္ဌကထာကျမ်းသည် အတွဲ ၇–တွဲရှိရာ၊ နောင်ထိုကျမ်းတို့ကို ညွှန်းဆိုရာတွင် အတွဲ ၁ ကို ဇ၁၊ ဋ္ဌ ၁ ဟူ၍လည်းကောင်း၊ အတွဲ ၂ ကို ဇ၂၊ ဋ္ဌ ၂ဟူ၍လည်းကောင်းစသည်ဖြင့်ညွှန်းဆိုပါမည်။ ဓမ္မဓဇဇာတ်လည်းကောင်း၊ ၂၊ ၁၇၁။ ရထလင်ဇာတ်၊ ၎င်း၊ ၃၊ ၉၆။

၂။ ဒုဗ္ဗဇဇာတ်၊ ဇ၁၊ ဋ္ဌ၊ ၁၊ ၄၅၅။ အဂ္ဂိကဘာရဒ္ဝါဇဇာတ်၊ ၎င်း၊ ၁၊ ၄၀၇။ ဗဗ္ဗဇာတ်၊ ၎င်း၊ ၁၊ ၅၀၄။ ကေဝဏ္ဏဇာတ်၊ ၎င်း၊ ၁၊ ၅၃၂။

၄။ ဝတ္တဇာတ်၊ ၎င်း၊ ၁၊ ၄၆၀။ ကာကဇာတ်၊ ၎င်း၊ ၁၊ ၅၁၀။ သဉ္ဇီဝဇာတ်၊ ၎င်း၊ ၁၊ ၅၃၆။ သူကရဇာတ်၊ ၎င်း၊ ၂၊ ၉။

၅။ ခန္ဓိဝါဒီ၊ ၎င်း၊ ၃၊ ၃၇။ အမ္ဗ၊ ၎င်း၊ ၄၊ ၂၀၁။ ဓမ္မဒေဝပုတ္တ၊ ၎င်း၊ ၄၊ ၁၀၂။ မဟာကပိ၊ ၎င်း၊ ၅၊ ၆၉။

၆။ မိတ္တဝိန္ဒကဇာတ်၊ ၎င်း၊ ၁၊ ၄၃၈။ စတုဒ္ဒါရ၊ ၎င်း၊ ၄၊ ၁။ နိမိ၊ ၎င်း၊ ၆၊ ၁၃၁–၄၆။

၇။ အရက၊ ၎င်း၊ ၂၊ ၅၅။ နိမိ၊ ၎င်း၊ ၆၊ ၁၄၆–၆၂။

၈။ ပရောသဟာဿ၊ ၎င်း၊ ၁၊ ၄၃၀။

၉။ သုခဝိဟာရီ၊ ၎င်း၊ ၁၊ ၁၅၇။ ဃနန္ဒသောစိယ၊ ၎င်း၊ ၃၊ ၈၅။

၁၀။ ဥပါဟနဇာတ်၊ ဇ၁၊ ဋ္ဌ၊ ၂၊ ၂၀၃။ ပက္ကဂေါဓ၊ ၎င်း၊ ၃၊ ၉၀။ သာဠိယ၊ ၎င်း၊ ၃၊ ၁၀၀။ ဥမင်္ဂ၊ ၎င်း၊ ၆၊ ၁၆၃–၃၃၂။

၁၁။ ကုဟက၊ ၎င်း၊ ၁၊ ၃၉၀။ အကတညူ၊ ၎င်း၊ ၁၊ ၄၀၀။

၁၂။ သုရုပါန၊ ၎င်း၊ ၁၊ ၃၁၃။ သိဂါလ၊ ၎င်း၊ ၁၊ ၅၁၅။ သုရာမဋ္ဌ၊ ၎င်း၊ ၂၊ ၃၀၀။

၁၃။ လိတ္တ၊ ၎င်း၊ ၁၊ ၄၀၃။ ဝိဓုရ၊ ၎င်း၊ ၇၊ ၁၀၀–၇။

၁၃။ ဗန္ဓနမောလက္ခ၊ ၎င်း၊ ၁၊ ၄၆၃။ ပဗ္ဗတူပဟာရ၊ ၎င်း၊ ၂၊ ၁၁၄။ ဥစ္ဆိဋ္ဌဘတ်၊ ၎င်း၊ ၂၊ ၁၅၃။ မန္ဓာတု၊ ၎င်း၊ ၂၊ ၂၁၀။

၁၄။ ပစ္စုဒ္ဓါန၊ ၎င်း၊ ၂၊ ၃၀၁။ ကဏ္ဍဝေရ၊ ၎င်း၊ ၃၊ ၅၄။

၁၅။ ကုဏပါဏဇာတ်၊ ဇ၁၊ ဋ္ဌ၊ ၂။ ကုဏ္ဍကကုစ္ဆိသိန္ဓဝ၊ ၎င်း၊ ၂။ စမ္ပေယျတ္ထယျ၊ ၎င်း၊ ၄။

၁၆။ သုဟနု၊ ၎င်း၊ ၂၊ ၂၇။ ကုဏ္ဍကကုစ္ဆိသိန္ဓဝ၊ ၎င်း၊ ၂၊ ၂၆၂။

၁၇။ ကုမ္ဘ၊ ၎င်း၊ ၅၊ ၁၃–၄။ မဟာသုတသောမ၊ ၎င်း၊ ၅၊ ၄၉၆–၁၁၅။

၁၈။ အလီနစိတ္တ၊ ၎င်း၊ ၂၊ ၁၆။ ဒဋ္ဌဓမ္မ၊ ၎င်း၊ ၃၊ ၃၆၄။ မဟာထုထသောမ၊ ၎င်း၊ ၅၊ ၄၉၇။

၁၉။ HIL Vol. 1.P. 125.

အခန်း ၁

တိုင်းပြည်မြို့ရွာများ

ဇာတကဥ္စကထာကျမ်းလာ အုပ်ချုပ်ရေးဆိုင်ရာ အခွင့်အလမ်းတို့ကို ဖော်ပြရာ၌ ကျမ်းမှာပါရှိသော တိုင်းပြည်မြို့ရွာများသည် အခြေခံ ဖြစ်သောကြောင့် ယင်းတို့၏ အကြောင်းကို ရှေးဦးစွာ ဖော်ပြပါမည်။ ဤသို့ ဖော်ပြရာ၌ အောက်ပါအတိုင်း ခွဲခြားပါမည်။

၁။ တိုင်းများ (ဇနပဒ၊ ရဋ္ဌ)
၂။ ပြည်နှင့်မြို့များ (နဂရ)
၃။ နိဂုံးရွာများ (နိဂမ)
၄။ ရွာများ (ဂါမ)

၁။ တိုင်းများ (ဇနပဒ[၁]၊ ရဋ္ဌ[၂])

ဇာတကဥ္စကထာကျမ်းလာ အုပ်ချုပ်ရေးစနစ်တို့ကိုလေ့လာလျှင် အကြီးဆုံးသောအုပ်ချုပ်မှုအဖွဲ့အစည်းမှာ တိုင်းပင် ဖြစ်သည်။ တိုင်း၏အမည်သည် များသောအားဖြင့် တိုင်းအတွင်း နေထိုင်ကြသော လူမျိုး၏အမည်ကို အစဲပြု၍ ဖြစ်ပါသည်။ သာဓကအားဖြင့် ပြရလျှင် ကောသလသုဟ် အင်္ဂေသု၄ မဂဓသု၅ စသည်တို့ ဖြစ်ပါသည်။ ကောသလ

နိဒါန်း (၈) ဇာတကဥ္စကထာနှင့် ယင်းအဋ္ဌကထာဆိုင်ရာ ကျမ်းများ

၁။ ဤထက်ရှေးကျသော ပေများ၊ စာအုပ်များ မူကွဲအမျိုးမျိုးရှိသော်လည်း ဤမူသည် ဆဋ္ဌသင်္ဂါယနာတင်ပဲ့၌ ညီနှိုင်းတည်းဖြတ်ထားသောမူ ဖြစ်သောကြောင့် ယင်းကို မဏ္ဍိုင်ထား၍ လေ့လာပါသည်။

၂။ HIL P. 116

၃။ သင်္ဂါယနာတင်ကြရာ၌ ညီနှိုင်းတိုက်ဆိုင်သော မူကွဲများစာရင်းကို ဇာတကဥ္စကထာကျမ်းတွင် ဖော်ပြထားချက်ကို ထောက်၍ ဆိုနိုင်ပါသည်။

၄။ ငါးရာ့ငါးဆယ်၊ နှာ–၃၇
၅။ ဂင်း နှာ–၃၇
၆။ ငါးရာ့ငါးဆယ် နှာ–၃၈
၇။ ဂင်း နှာ–၃၉
၈။ ငါးရာ့ငါးဆယ် နှာ–၃၉
၉။ ဂင်း နှာ–၃၉–၄၀
၁၀။ ငါးရာ့ငါးဆယ် နှာ–၄၀
၁၁။ ဂင်း နှာ–၄၂
၁၂။ ငါးရာ့ငါးဆယ် နှာ–၄၃

လူမျိုးတို့၌၊ အင်္ဂလူမျိုးဘို့၌၊ မဂဓလူမျိုးတို့၌ဟူ၍ အသီးသီး အခိုပွာယ်ရှိသောထိုဝေါဟာရတို့သည် ကောသလလူမျိုးများ နေထိုင်ကြရာ ကောသလတိုင်း၌ အင်္ဂလူမျိုးများနေထိုင်ကြရာ အင်္ဂဘိုင်း၌၊ မဂဓလူမျိုးများ နေထိုင်ကြရာ မဂဓတိုင်း၌ဟူ၍ ဆိုပိုပါသည်။ တစ်ခါဘစ်ခုံဘွင် တိုင်း၌နေထိုင်သော မင်း၊ မင်းသားတို့၏ အမည်များကို စွဲ၍လည်းကောင်း၊ အခြားအကြောင်းများကိုဖွဲ့၍လည်းကောင်း ခေါ်ဝေါ်သတ်မှတ်ကြသည်လည်း ရှိပါသေးသည်။ ထိုတိုင်းတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာများ၌ ဖော်ပြပါမည်။

ပါဠိစာပေ၌ တွေ့ရသော တိုင်းကြီးများ၏ အရေအတွက်သည် များသောအားဖြင့် ၁၆၆ တိုင်းဖြစ်သော်လည်း ဇာတကဋ္ဌကထာကျမ်းတွင် တွေ့ရသော တိုင်းများမှာ အရေအတွက်အားဖြင့် ၂၂ တိုင်း ဖြစ်ပါသည်။ ထိုတိုင်းတို့ကို အကွာရာဝလိစဉ်အရ အောက်ပါအတိုင်း ဖော်ပြနိုင်ပါသည်။

(၁) အင်္ဂတိုင်း
(၂) အဝန္တီတိုင်း
(၃) အဿကတိုင်း
(၄) ဥတ္တရ ပဉ္စာလတိုင်း
(၅) ဥတ္တရ မဒုရတိုင်း
(၆) ကလိင်္ဂတိုင်း
(၇) ကာသီတိုင်း
(၈) ကုရုတိုင်း
(၉) ကေကကတိုင်း
(၁၀) ကောသလတိုင်း

(၁၁) ဂန္ဓာရတိုင်း
(၁၂) စေတတိုင်း
(၁၃) စေတီရတိုင်း
(၁၄) ဘဂ္ဂတိုင်း
(၁၅) မဂဓတိုင်း
(၁၆) မစ္ဆတိုင်း
(၁၇) မလ္လတိုင်း
(၁၈) မဟိ သကတိုင်း
(၁၉) ဝံသတိုင်း
(၂၀) ဝိဒေဟတိုင်း
(၂၁) သိဝိတိုင်း
(၂၂) သုမ္ဘတိုင်း

ထိုတိုင်းများနှင့်စပ်လျဉ်း၍ **ဇာတကဋ္ဌကထာ**၌လာရှိသည့် အကြောင်းအရာများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) အင်္ဂတိုင်း

အင်္ဂတိုင်း မဂဓတိုင်း၌ နေကုန်သောသူတို့သည် တစ်ဦးသည် တစ်ဦး၏တိုင်းသို့ သွားလေ့ရှိကြပါသည်။[၇] တိုင်းနှစ်ခုတို့၏အကြား၌ ဂူထပါဏဇာတ်၏အလိုအားဖြင့် အိုင်တစ်အိုင်ရှိပါသည်။[၈] ခရီးသည်တို့သည် ထိုအိုင်ကိုမှီ၍ သောက်စားနားနေပြီးမှ လှည်းဖြင့် ခရီးဆက်ကြပါသည်။ စမ္မေယျဇာတ်၏အလိုအားဖြင့်ကား ထိုတိုင်းနှစ်တိုင်းတို့၏အကြား၌ စမ္မာယ်မည်သောမြစ်ရှိပါသည်။[၉] တိုင်းနှစ်တိုင်းသည် တစ်ခါတစ်ရံ စစ်ခင်းလေ့ရှိရာ အင်္ဂမင်းက နိုင်သောအခါလည်းရှိ၊

မဂဓမင်းက နိုင်သောအခါလည်း ရှိပေသည်။ တစ်ခါတွင် မဂဓမင်းသည် စစ်ရှုံး၍ စမ္မာယမ်မြစ်ထဲသို့ မြင်းနှင့်အတူ ဆင်းသေအံ့ဟု ကြံဖူးပါသည်။[၁၀]

(၂) အဝန္တိတိုင်း

အဝန္တိတိုင်းကို တစ်ခုံရောအခါက အဝန္တိမင်း အုပ်စိုးသည်။ နေပြည်တော်မှာ ဥဇ္ဇေနီပြည်ဖြစ်သည်။[၁၁]

(၃) အဿကတိုင်း

အဿကတိုင်းကို အဿကမင်းအုပ်ချုပ်ခဲ့ဖူးသည်။[၁၂]အဿကမင် နှင့် ကာလိင်္ဂမင်းတို့ စစ်ထိုးကြသောအခါ ကာလိင်္ဂမင်းသည် အင်အားကြီးမား၍ မိမိအောင်နိုင်မည်ကိုယုံကြည်လျက် ပေါ့လျော့သောကြောင့် လည်းကောင်း၊ အဿကမင်းသည် အင်အားကြီးမားလှသော်လည်း နန္ဒိသေနအမတ်၏ ပညာအစွမ်းဖြင့် သူရဲတစ်ထောင်တို့ကို စည်းရုံး၍ ရွှပ်ရွှပ်ခွံ့ခွံ့ တိုက်ခိုက်စေခြင်းကြောင့်လည်းကောင်း အောင်မြင်ရလေသည်။[၁၃]

(၄) ဥတ္တရ ပဉ္စာလတိုင်း

ဥတ္တရ ပဉ္စာလတိုင်းကို တိုင်း အဖြစ် လည်းကောင်း၊ မြို့အဖြစ် လည်းကောင်း သုံးနှုန်းသည်ကို တွေ့ရပါသည်။ ကုမ္ဘကာရဇာတ်အလိုအရ ဒုမ္မုခမင်း စိုးစံရာ တိုင်းဖြစ်ပါသည်။ မြို့တော်မှာ ကပိလဖြစ်ပါသည်။[၁၄]ကာမနီကဇာတ်အလိုအရလည်း တိုင်း အဖြစ် သုံးနှုန်းသည်ကို တွေ့ရပါသည်။ ဗာရာဏသီပြည့်ရှင်အား ပုဏ္ဏားလုလင်ယောင်

ဆောင်သော သိကြားမင်းက တိုင်းသုံးတိုင်းကို စစ်ထိုး၍ ပေးပါမည်ဟု လျှောက်ထားရာဝယ် တစ်တိုင်းအဖြစ် ပါဝင်ပါသည်။[၁၅]

မြို့အဖြစ်ကိုမူ ဤသို့တွေ့ရပါသည်။ ကပိလတိုင်း ဥတ္တရပဉ္စာလမြို့ကို စူဠနီပြဟ္မဒတ်မင်း စိုးစံခဲ့ကြောင်း မဟာဥမင်္ဂဇာတ်တွင် လည်းကောင်း၊[၁၆]ကပိလတိုင်း ဥတ္တရပဉ္စာလမြို့ကိုပင် ဥတ္တလပဉ္စာလမင်းစိုးစံခဲ့ကြောင်း ဖြဟ္မဒတ္တဇာတ်ဘုတ္တင် လည်းကောင်း၊ ကုရုတိုင်း ဥတ္တရပဉ္စာလမြို့ကို ရေဏုမင်းကြီးစိုးစံခဲ့သည်ဟူ၍ သောမဇာတ်တွင်လည်းကောင်း[၁၇] တွေ့ရပါသည်။ဥတ္တရပဉ္စာလမြို့ တည်ထောင်ပုံနှင့် စပ်လျဉ်း၍ စေတိယဇာတ်တွင် ဤသို့ တွေ့ရပါသည်။ စေတိတိုင်းပြည်ရှင်သည် ရသေ့ကိုဆဲရေး၍ မုသာဝါဒကိုဆို၍ အငိုင်ရဲသို့ကျ၏။ ထိုအခါ မင်း၏ သားတော် ငါးပါးတို့သည် ဘုရားအလောင်း ပညာရှိ ဒြဟ္မဏကပိလထံသို့သွားပြီး ကွန်ုင်တို့၏ ကိုးကွယ်ရာဖြစ်စေလေ့ဟု လျှောက်ထားကြ၏။ ပညာဒ်ကမြို့သစ်များတည်ထောင်ရန် အကြံပေးရာ လေးယောက်မြောက်သားတော် တည်ထောင်သည့် မြို့ကား ဥတ္တရပဉ္စာလမြို့ပင်ဖြစ်သည်။ စေတီမြို့၏မြောက်ဘက် အလုံးစုံသောရတနာဖြင့်ပြည့်သည့် ရထားလှည်းအိမ်ကို မြင်ရသည့်နေရာ၌ တည်ထောင်ထားခြင်းဖြစ်သည်။[၁၈]

(၅) ဥတ္တရမဓုရတိုင်း

ဥတ္တရမဓုရတိုင်းဟု ဆိုသော်လည်း မြို့ဟုလည်း သုံးပါသည်။ ဥတ္တရမဓုရမြို့အနေဖြင့် ဖော်ပြပါ၏။[၁၉]

(၆) ကသိုင်းတိုင်း

ဝေဿန္တရာဇာတ်မှ အရေးပါသောဇာတ်ဆောင် ဇူဇကာ၏ရွာ ဒုန္ဒုဘဋ္ဌသည် ကလိင်္ဂတိုင်းတွင်ရှိသည်။[၂၁] ကလိင်္ဂတိုင်း၏ အမည်သည် လူသိများသော ဝေဿန္တရာဇာတ်တွင်ပါဝင်၍ ထိုဇာတ်ကိုအကြောင်းပြုကာ အသင့်အတင့်ထင်ရှားသည်ဟု ဆိုနိုင်ပါသည်။ ထိုဘိုင်းသည် အိန္ဒိယနိုင်ငံအနောက်တောင်ပိုင်း၌ တည်ရှိပါသည်။ ဥဒ္ဒိစ္စဇြာဟ္မဏဟု ခေါ်ဆိုကြသော ပုဏ္ဏားများကား မြောက်ပိုင်းပုဏ္ဏားများ ဖြစ်ကြပါသည်။ ထို့ကြောင့် ဇူဇကာသည် ဥဒ္ဒိစ္စပုဏ္ဏားများကဲ့သို့ မျိုးရိုးဇာတိအားဖြင့် မြင့်မြတ်သောပုဏ္ဏားမဟုတ်ဟု ဆိုရပါမည်။ ကလိင်္ဂတိုင်း ဒန္တပုရမြို့၌ ကလိင်္ဂမင်းသည်လည်းကောင်း၊[၂၂] ကရဏ္ဍကမင်းသည်လည်းကောင်း[၂၃] အုပ်ချုပ်ခဲ့ပါသည်။

(၇) ကာသိတိုင်း

ကာသိတိုင်းသည် ဇာတကဋ္ဌကထာကျမ်းတွင်အများဆုံး ဖော်ပြခြင်းခံရသော တိုင်းဖြစ်ပါသည်။[၂၄] သို့သော်လည်း ယင်းတိုင်းနှင့်စပ်လျဉ်း၍ အရေးပါသော အချက်များကို မတွေ့ရပါ။ ကာသိတိုင်း၏မြို့တော်မှာ မျိုးသောအားဖြင့် ဗာရာဏသီဖြစ်ပါသည်။ မြို့တော်ဗာရာဏသီကိုပင် ဥဒယဇာတ်ဘွင့် သုဂ္ဂဒ္ဒနနဂရအမည်ဖြင့်လည်းကောင်း၊ စူဠဇနကသောမတွင် သုဒဿနအမည်ဖြင့်လည်းကောင်း၊ သောနန္ဒဇာတ်တွင် ဇြဟ္မဝဇ္ဈနဖြင့်လည်းကောင်း စသည်အားဖြင့် တွေ့ရပါသည်။[၂၅]

(၈) ကုရုတိုင်း

ကုရုတိုင်းသည် ပဋ္ဌာလတိုင်း၊ ကေကကတိုင်းတို့နှင့်အတူ အလွန်အင်အားကြီးမားလှသော တိုင်းသုံးတိုင်းဖြစ်၍ ဗုဒ္ဓခေတ်တွင်မူ အနည်းငယ်မျှမိုန်လာသည်ကို တွေ့ရ၏။[၂၆] ကုရုတိုင်း၏အကျယ်အဝန်းမှာ ယူဇနာ ၃၀၀ ရှိ၍ မြို့တော် ဣန္ဒပတ္တ၏ အကျယ်အဝန်းမှာ ခုနစ်ယူဇနာ ဖြစ်သည်။[၂၇] ကုရုတိုင်းကို ဝနဋ္ဌဃကောရဗျာမင်း[၂၈]၊ ကုရုမင်းနှင့်[၂၉] ရေကုမင်း[၃၀]တို့ စိုးစံခဲ့ကြပါသည်။

(၉) ကေကကတိုင်း[၃၁]

ကာမနိတ ဇာတ်အလိုအရ ဗာရာဏသီပြည့်ရှင်အား ပုဏ္ဏားလုလင်ယောင်ဆောင်သော သိကြားမင်းက တိုင်းသုံးတိုင်းကိုစစ်ထိုး၍ ယူပေးပါမည်ဟု လျှောက်ထားရာတွင် တစ်တိုင်းအဖြစ်ပါဝင်ပါသည်။ [၃၂]

(၁၀) ကောသလတိုင်း

ကောသလတိုင်း သာကေတမြို့ကို ကောသလမင်းစိုးစံခဲ့သည်။[၃၃] ဇြဟ္မဝဇ္ဈနပြည့်ရှင် မနောဇမင်းသည်နန္ဒပညာဌိ၏[၃၄] အကူအညီဖြင့် သိမ်းယူသောတိုင်းတို့ဝယ် တစ်ခုပါဝင်သည်။ ကောသလတိုင်းသည် ရဟန်းသံဃာတော်တို့ သီတင်းသုံးနေထိုင်ရန် သာယာချမ်းမြေ့ဖွယ် တောအုပ်တို့ဖြင့် ပြည့်သည့် တိုင်းဖြစ်၏။ [၃၅]

(၁၁) ဂန္ဓာရတိုင်း

ဂန္ဓာရတိုင်းသည် ဗာရာဏသီပြည်နှင့် ယူဇနာ ၁၂၀ အကွာတွင်ရှိသည်။ [၆၆] ဂန္ဓာရတိုင်း တက္ကသိုလ်နေပြည်တော်၌ နဂဇမင်း စိုးစံခဲ့သည်။ [၆၇] ရှေးဟောင်း အိန္ဒိယသမိုင်းတွင် ပညာသင်တို့ သွားရောက် ပညာဆည်းပူးကြရာ တက္ကသိုလ်ရှိသည့် တိုင်းဖြစ်၍ ထင်ရှားကျော်ကြားလှပါသည်။

(၁၂) စေတတိုင်း

စေတတိုင်းသည် ဝေဿန္တရမင်းကြီး ဇေတုတ္တရမှ တင်ဘာတောင်သို့ ခရီးလမ်းတွင် ခေတ္တဝင်ရောက်သော တိုင်းတစ်ခု၏အမည်ဖြစ်သည်။ မင်းကြီး၏ဦးရီးတော် အုပ်ချုပ်သည်။ [၆၈]

(၁၃) စေတိယတိုင်း

စေတိယတိုင်း သောတ္ထိယမြို့၌ ဥပဝရမင်း အုပ်ချုပ်ခဲ့သည်။[၆၉]

(၁၄) ဘဂ္ဂတိုင်း

ဘုရားရှင်သည် ဘဂ္ဂတိုင်းသံသုမာရဂိရိမြို့ကိုမှီ၍ တေသကဋ္ဌတောအုပ်၌ သီတင်းသုံးတော်မူစဉ် သံသုမာရဂိရမြို့နေ ဥတေနမင်း၏သား ဗောဓိမင်းသားကို အကြောင်းပြု၍ ဝေနသာခါဇာတ်ကို ဟောတော်မူသည်။ [၆၉]

(၁၅) မဂဓတိုင်း

မဂဓတိုင်းသည် အင်္ဂတိုင်းနှင့် ကူးလူး ဆက်ဆံမှုရှိခဲ့သော တိုင်းတစ်တိုင်း ဖြစ်ပါသည်။ ထိုနှစ်တိုင်း၏ အကြားတွင် တောအုပ်တစ်ခုလည်း ရှိပါသည်။[၇၀] စမွာမြစ်လည်း ရှိပါသည်။[၇၁] ထို့ကြောင့် တိုင်းနှစ်တိုင်း၏ဆက်ဆံရေးသည် တိုးတက်မှုရှိခဲ့ကြသည်ဟု မှန်းဆနိုင်ပါသည်။

(၁၆) မဇ္ဈတိုင်း

မဇ္ဈတိုင်းသည် ဗာရာဏသီမှ ပုဏ္ဏားတို့သည် မိမိတို့ ဇာတ်ပျက်ကုန်ပြီဟု ရွက်သောကြောင့် သွားရောက်နေထိုင်ကြရာ တိုင်း၏အမည်ဖြစ်ပါသည်။[၇၂]

(၁၇) မလ္လတိုင်း

သြက္ကာကမင်းကြီးစိုးစံခဲ့သော တိုင်းဖြစ်ပါသည်။[၇၃]

(၁၈) မဟိံသာကတိုင်း

မဟိံသာကတိုင်း၏ မြို့တော်မှာ ကေကကဖြစ်သည်။[၇၄] တက္ကသိုလ်ပြည်မှ လေးအတတ်ကို သင်ပြီးပြန်လာသော ဗုဇ္ဈဓနုဂဟလေးသမားသည် တိမသေနအမည်ရှိ အရပ်အမောင်းကောင်းသော ရက်ကန်းသည် တစ်ယောက်ကိုမှီ၍ မဟိံသကတိုင်းတွင် ဘုရင့်လေးအမှုကို ထမ်းရွက်သည်။[၇၅] ခတရဋ္ဌဟသ်ာနှင့် သုမုခဟသ်ာစစ်သူကြီးတို့ ဟသ်ာအခြံအရံ ၉၆၀၀၀ နှင့်တကွ ကျက်စားရာ ဖြစ်သည်။

(၁၉) ဝံသတိုင်း

ဝံသတိုင်း၏မြို့တော် ကောသမ္ဗီကို ကောသမ္ဗီကမင်း အုပ်ချုပ်ခဲ့သည်။ ကောသလတိုင်း၏ တောင်ဘက်တွင်ရှိပြီး မြို့တော်ကောသမ္ဗီသည်ယမုနာမြစ်ကမ်းပေါ်တွင် ရှိသည်။[၆၆] ဗုဒ္ဓခေတ်၌ ထိုတိုင်း၏ဘုရင်မှာ ပန္ဒုပမင်း၏သား ဝံသရာဇာခေါ် ဥဒေနဖြစ်သည်။[၆၇]

(၂၀) ဝိဒေဟတိုင်း

ဝိဒေဟတိုင်း မိထိလာမြို့ကို သုရုစိမင်း[၆၈]၊သာဓိနမင်းတို့ စိုးစံခဲ့သည်။[၆၉] ဝိဒေဟနယ်ပယ်သည် အကျယ်ယူဇနာ ၃၀၀ ရှာပေါင်း ၁၆၀၀၀ နှင့် ရိက္ခာအပြည့်ရှိ ကျီ ကျ ကချေသည် ပေါင်း ၁၆၀၀၀ ရှိသည်။[၇၀] ဆံဖြူတစ်ပင်မြင်ကာမျှဖြင့် တရားသံဝေရကာ တောထွက်ရဟန်းပြုသော မဃဒေဝမင်း[၇၁] မဟာဇနကမင်း[၇၂]၊ နေမိမင်း[၇၃] နှင့် မဟောသဓ ပညာရှိ သုခမိန်[၇၄]တို့ နေခဲ့ဖူးသည့်တိုင်း ဖြစ်သည်။

(၂၁) သိဝိတိုင်း

သိဝိတိုင်း၏မြို့တော်မှာ အရိဋ္ဌပူရဖြစ်သည်။[၇၅]ဝေဿန္တရာ ဇာတ်တွင်ကား စေတုတ္တရာ ဟုဖော်ပြ၏။[၇၆]

(၂၂) သုမ္ဘတိုင်း

ဘုရားရှင်သည် သုမ္ဘတိုင်း တောအုပ်တစ်ခု၌ သီတင်းသုံးစဉ် အလှန်လှပသည့် ဇနပဒကလျာဏီကို အကြောင်းပြု၍ ရူပါဂုံကိုမတပ်မက်သင့်ကြောင်း သိစေလိုသဖြင့် တေလပတ္တဇာတ်ကို ဟောတော်မူသည်။ [၇၇]

၂။ မင်းနေပြည်နှင့် အခြားမြို့များ

တိုင်းကြီးများအတွင်း၌ရှိသော လူနေများသော အရပ်ဌာနသည် ယခုခေတ်အခေါ် အဝေါ်အားဖြင့် မြို့(နဂရ) ဖြစ်ပါသည်။ သို့သော် ရွာခေတ်အခေါ် အဝေါ်မှာ ပြည် ဖြစ်ပါသည်။ ထိုပြည်သည် ယောဘုယျအားဖြင့် မင်းတို့ထိုးနှန်းစိုက်သောအရပ် ဖြစ်ပါသည်။ ယခုခေတ်မြို့ဟူသည် မင်းတို့ထိုးနှန်းစိုက်သောပြည်နှင့် ထိုးနှန်းမစိုက်သော ပြည်ဟူ၍ နှစ်မျိုးရှိကြောင်းအကြမ်းအားဖြင့် မှတ်ယူနိုင်ပါသည်။ ယင်းဘိုသည် ရွာနှင့်ဂုံးဘိုနှင့် မတူဘဲ အုပ်ချုပ်ရေး တင်သာမက ကူးသန်းရောင်းဝယ်ရေးတွင်ပါ အရေးပါသည့် အချက်အချာဒေသများလည်း ဖြစ်တတ်ကြပါသည်။

ဇာတကဋ္ဌကထာကျမ်းတွင် တွေ့ရသမျှသော မြို့များကို အကွာရာဝလိစဉ်၍အောက်ပါအတိုင်း ဖော်ပြနိုင်ပါသည်။ [၇၈]

(၁) အနုပိယ
(၂) အယူဇ္ဈ
(၃) အရိဋ္ဌပူရ
(၄) အသိတဉ္ဇန
(၅) အာဠဝီ
(၆) ဥက္ကဋ္ဌ
(၇) ဥဇ္ဇေနီ
(၈) ဥတ္တရမဓုရ
(၉) ဥန္ဒုမ္ဗရပတ္တ
(၁၀) ကပိလ
(၁၁) ကာလစမ္ပာနဂိုရ်

(၁၂) ကုဏ္ဍိလ
(၁၃) ကုသာဝတီ
(၁၄) ကုသိနာရုံ
(၁၅) ကောသမ္ဗီ
(၁၆) ဇေတုတ္တရာ
(၁၇) တက္ကသိလာ (တက္ကသိုလ်)
(၁၈) တူဏ
(၁၉) ဒန္တပူရ
(၂၀) ဒွါရာဝတီ
(၂၁) ပါဋလိ
(၂၂) ဗာရာဏသီ
(၂၃) ဘဒ္ဒိယ
(၂၄) မိထိလာ
(၂၅) ရာဇဂဟ(ရာဇဂြိုဟ်)
(၂၆) ရောရုဝ
(၂၇) ဝေသာလီ
(၂၈) သံသုမာရဂီရ
(၂၉) သာကေတ
(၃၀) သာဂလ
(၃၁) သာဝတ္ထိ
(၃၂) သောတ္ထိယ

ယင်းမြို့များအနက် မင်းနေပြည်တော်များသည် တိုင်းအသီးသီး၏ အရေးပါသော မြို့ကြီးများဖြစ်သောကြောင့် မင်းနေပြည်တော်များကို ဦးစွာဖော်ပြပါမည်။

(၁) အရိဋ္ဌပူရ

သိဝိဇာတ်တွင်[၄၄] သိဝိတိုင်းမြို့တော်ဖြစ်ကြောင်း ဖော်ပြ၏။ ဘုရားလောင်းသိဝိမင်းသည်ပုဏ္ဏားယောင်ဆောင်သော သိကြားမင်းအား မျက်စိနှစ်လုံးကို ထုတ်၍လှူဖူးရာမြို့ ဖြစ်သည်။ မဟောသဓသုခမိန်သည် စူဠနီပြဟ္မဒတ်မင်းနှင့် ကောဝဋ်ပုဏ္ဏားတို့အကြံကိုသိရန် ကျေးသားစေလွှတ်ရာ ကျေးသားတစ်ထောက်နားရာမြို့ ဖြစ်သည်။ ၎ဘုရားလောင်း ခဲ့ကုန်သည်နှင့် ဒေဝဒတ်လောင်းရဲ့ကုန်သည်တို့ ရဲ့များ လှည့်လည်ရောင်းချကြရာ တရားသဖြင့် ရွှေခွက်ရသော ဘုရားလောင်းအား ဒေဝဒတ်လောင်း ရဲ့ကုန်သည် ပထမဦးဆုံးရန်ငြိုးဖွဲ့ရာ ဒေသလည်း ဖြစ်သည်။[၄၅]

(၂) ဥဇ္ဇေနီမြို့

အဝန္တီဘိုင်း၏မြို့တော် ဖြစ်သည်။ ၎ဥဇ္ဇေနီသည် ဗာရာဏသီနှင့် ကုန်သွယ်ရောင်းဝယ်ရေးမှုသာမက ယဉ်ကျေးမှုချင်းဖလှယ်သည့် အချက်များကိုလည်း တွေ့ရသည်။

(၃) ဥတ္တရမဓုရ

သူရသေနတိုင်း၏ မြို့တော် ဖြစ်သည်။ ဥတ္တရမဓုရဘုရင်မှာ မဟာသာဂရ ဖြစ်သည်။[၄၇]

(၄) ကုသိနာရုံမြို့

ဘုရားရှင်ပရိနိဗ္ဗာန်စံအံ့ဟု ရည်ရွယ်ရာမြို့တော်ဖြစ်၏။[၄၈] ဗန္ဓုလစစ်သူကြီးကတော် မလ္လိကာ၏ ဇာတိမြို့ဖြစ်သည်။[၄၉]

(၅) ကောသမ္ဗီမြို့[၆၆]

ဝံသတိုင်း၏မြို့တော်ဖြစ်သည်။[၆၇]ကောသမ္ဗီမြို့တွင် ဥဒေနမင်းကြီး၏ ဥယျာဉ်တော် ဥဒကဝန္ဒိသည်။ ဘုရားရှင်က ရဟန်းတော်များ သေရည်သောက်သုံးခြင်းမပြုရန် ပညတ်သောမြို့ဖြစ်သည်။[၆၈]

(၆) တေတုတ္တရာ[၆၉]

သိဝိတိုင်း၏မြို့တော်ဖြစ်သည်။ သိဝိမင်းကြီးနှင့် သဠယမင်းကြီးတို့ စိုးစံသည်။ ယင်းမြို့အတွင်း ကုန်သည်တို့ ခရီးလမ်းအဆုံးတွင် ဖုဿတီမိဖုရားကြီးသည် ဝေဿန္တရာကို ဖွားမြင်သည်

(၇) တက္ကသိလာ (တက္ကသိုလ်)

နဂုဇီမင်းစိုးစံခဲ့ရာမြို့တော်ဖြစ်သည်။ မျေးဟောင်း အိန္ဒိယသမိုင်းပုံပြင်များတွင် တက္ကသိုလ်သည် ပညာသင်တို့သွားလေ့ရှိကြရာမြို့ ဖြစ်ပါသည်။[၇၀] ဇာတကဋ္ဌကထာကျမ်းတွင်လည်း ဗာရာဏသီစသောမြို့များမှ ပညာသင်တို့ သွားရောက်ပညာသင်ကြောင်း တွေ့ရပါသည်။[၇၂] တက္ကသိုလ်မြို့သည် အလွန်ကြီးကျယ် ခမ်းနားဟန်ရှိပါသည်။ တက္ကသိုလ်ကို စစ်တိုက်အံ့ဟုလာသော ဗာရာဏသီဗြဟ္မဒတ်မင်းသည် တံခါးမုခ်တို့ကို မြင်၍ ပြန်ပြေးဖူးလေသည်။[၇၃]

(၈) ပါဠလိ

ကာသိတိုင်းပါဠလိမြို့၌ လည်းကောင်း[၇၄] အဿကတိုင်း ပါဠလိမြို့၌ လည်းကောင်း[၇၅]အဿကမင်း စိုးစံသည်။

(၉) ဗာရာဏသီပြည်

ဇာတကဋ္ဌကထာကျမ်းတွင် အများဆုံးဖော်ပြသော မင်းနေပြည်ဖြစ်သည်။ ပြည်မသိဗာရာဏသီဟု ဆိုရုံးပြုကြသည်အထိ ဖြစ်ပါသည်။[၇၆]ဗာရာဏသီမြို့သည် ၁၂ ယူဇနာကျယ်ဝန်း၏။[၇၇]ဗာရာဏသီမင်းကို ဗြဟ္မဒတ်ဟု များသောအားဖြင့် ဖော်ပြလေ့ ရှိသော်လည်း အင်္ဂ[၇၈]၊ ဥဂ္ဂသေန[၇၉]၊ ဥဒယ[၈၀]၊ ကိကီ[၈၁]ဓနဉယ[၈၂]၊မဟာသီလဝ[၈၃]၊ ဝိဿသန[၈၄]၊ နှင့်သံယမ[၈၅]၊ စသည်ဖြင့်လည်း တွေ့ရ၏။ သုရဿန[၈၆]၊ သုဒဿန[၈၇]၊ ဗြဟ္မဝဇ္ဇန[၈၈]ပပ္ပဝတ[၈၉]၊ ရမ္မနဂရ[၉၀]၊မောလိန်[၉၁]၊ကာသိနဂရနှင့် ကာသိပုရ[၉၂]တို့သည် ဗာရာဏသီပြည်၏ ပရိယာယ်များဖြစ်သည်။

(၁၀) မိထိလာမြို့

မိထိလာမြို့သည် ဝိဒေဟတိုင်းအတွင်း၌ရှိသော တိုင်းမြို့တော်ဖြစ်ပါသည်။ သာဓိနမင်း[၉၃] သုရုစိမင်း[၉၄] နိမိမင်း[၉၅]တို့ အုပ်ချုပ်ခဲ့သည်။မိထိလာမြို့၏အကျယ်အဝန်းမှာ ၃နှစ်ယူဇနာဖြစ်သည်[၉၆] မြို့၏တံခါးကြီးလေးခု၌ စျေးမြို့ကြီးလေး မြို့ရှိရာပါစိန်ယဝမဋ္ဌဂုံး၊ ဒက္ခိဏယဝမဋ္ဌဂုံး၊ ပစ္ဆိမယဝမဋ္ဌဂုံးနှင့် ဥတ္တရယဝမဋ္ဌဂုံး[၉၇] တို့ ဖြစ်ကြသည်။

(၁၁) ရာဇဂဟ (ရာဇဂြိုဟ်)

ရာဇဂြိုဟ်ပြည်ကို ဗြဟ္မဒတ်မင်း[၉၈]၊မဂဓမင်း[၉၉]၊ဓမ္မိကမင်း[၁၀၀] ဒုယျောဓန[၁၀၁]တို့ အုပ်ချုပ်ခဲ့ကြပါသည်။

(၁၂) ရောရုဝ

သိဝိတိုင်း၏ မြို့တော်အဖြစ် တွေ့ရပါသည်။[၁၀၂]

(၁၃) သံသုမာရဂိရမြို့

ဘဂ္ဂတိုင်း၏ မြို့တော်ဖြစ်သည်။ ဘုရားရှင်သည် သံသုမာရဂိရမြို့ကိုမှီ၍ ဘေသကဋ္ဌာတောအုပ်၌ သံတင်းသုံးစဉ် အလွန်ဆန်းကြယ်သည့် ပြာသာဒ်ကို ဆောက်လုပ်ပေးသော လက်သမား၏ မျက်လုံးများကို ထုတ်ပစ်သည့် (ဥတေန မင်း၏သား) ဗောဓိမင်းသားနေရာမြို့ ဖြစ်သည်။[၁၀၁]

(၁၄) သာဂလ

မဒ္ဒရာဇ်မင်းကြီးစိုးစံရာ မြို့ဖြစ်သည်။[၁၀၂] ချောမောလှပသည့် ပဘာဝတီမင်းသမီး၏ ဇာတိလည်းဖြစ်သည်။[၁၀၃]

(၁၅) သာဝတ္ထိမြို့

ဘုရားရှင် ဇာတ်တော်များကို ဟောကြားရာမြို့အဖြစ် တွေ့ရပါသည်။[၁၀၄]

(၁၆) သောတ္ထိယမြို့

စေတိယတိုင်း၏ မြို့တော်ဖြစ်သည်။ ဥပဝေမင်း အုပ်ချုပ်စိုးစံခဲ့သည်။[၁၀၅]

(၁) အနုပိယမြို့

ဘုရားရှင်သည် အနုပိယမြို့ သရက်ဥယျာဉ်၌ သီတင်းသုံးတော်မူစဉ် ချမ်းသာစွာနေလေ့ရှိသော ဘဒ္ဒိယမထေရ်ကို အကြောင်းပြု၍ သုခဝိဟာရီဇာတ်ကိုဟောတော်မူသည်။[၁၀၆]

(၂) အယုဇ္ဈာမြို့

ဃတပဏ္ဍိတဇာတ်တွင် အယုဇ္ဈာမြို့အမည်ကိုတွေ့ရပါသည်။ ကာလဃောနကမင်းအုပ်ချုပ်သော မြို့ဖြစ်သည်။[၁၀၇]

(၃) အသိတဉ္ဇနမြို့

ဥတ္တရာပထတိုင်းကံသခရိုင်မြို့တစ်မြို့ဖြစ်၏။ မဟာကံသနှင့် အန္ဓကဝေဏှုဒါသပုတ္တမင်းတို့ စိုးစံရာ မင်းနေပြည်တော် ဖြစ်သည်။[၁၀၈]

(၄) အာဠဝီပြည်

ဘုရားရှင်သည် အာဠဝီပြည် အဂ္ဂါဠဝစေတီ၌ မဏိကဏ္ဌဇာတ်[၁၀၉] ဇြဟ္မဒတ္တဇာတ်[၁၁၀]နှင့် အဒ္ဒါသေနဇာတ်[၁၁၁] တို့ကို ဟောတော်မူသည်။ အာဠဝီပြည်ဟု ဆိုသော်လည်း မင်းနေပြည်မဟုတ်ဘဲ သာမန်မြို့တစ်မြို့ဟုသာ ယူဆရပါသည်။

(၅) ဥက္ကဋ္ဌမြို့

ဘုရားရှင်သည် ဥက္ကဋ္ဌမြို့ကိုမှီ၍ တောတစ်ခုဋ္ဌသီတင်းသုံးတော်မူစဉ် ဘုရားရှင်လည်း ပိဋ္ဌကတ်သုံးပုံကို တတ်၏။ ငါတို့လည်း ပိဋ္ဌကတ်သုံးပုံကိုတတ်ကြ၏။ မထူးပြီဟု မာန ထောင်လွှားပြီး ဘုရားရှင်အား မခစားကြသည့် ရဟန်း ငါးရာတို့အား ဟောကြားအပ်သည့် မူလပရိယာယသုတ္တန်ကို အကြောင်းပြု၍ မူလပရိယာယဇာတ်ကို ဟောတော်မူသည်။[၁၁၂]

(၆) ဣန္ဒပတ္တနဂိုရ်မြို

ကုရုဓမ္မ၊ ဓူမကာရိနှင့် ဒသဗြာဟ္မဏဇာတ်စသည်[၁၁၃]တို့တွင် ဣန္ဒပတ္ထမြို့အမည်ကို တွေ့ရပါသည်။ ကုရုနိုင်ငံ၌မြို့တစ်မြို့ဖြစ်သည်။ ကုရုဓမ္မဇာတ်တွင် ထိုမြို့၏ဘုရင်မှာ မနဉ္ဇယကောရဝ်ဟု ဖြစ်ပြီး ထူးဆန်းသောတန်ခိုးရှိသည့်အဉ္ဇနဝသဘ ဆင်ပိုင်ရှင်လည်းဖြစ်သည်။[၁၁၄]မြို့အကျယ်အဝန်းမှာ ခုနစ် ယူဇနာဖြစ်သည်။[၁၁၅]ဣန္ဒပတ္ထမှ ဗာရာဏသီသို့သွားရာ ဖြောင့်တန်းသည့် လမ်းမကြီးရှိသည်။[၁၁၆]ထိုခေတ်အခါက ဇမ္မူဒီပရှိမြို့ကြီးသုံးမြို့တွင် ပါဝင်သည်။ အခြားနှစ်မြို့မှာ ကေကနှင့် ဥတ္တရပဉ္စာလတို့ဖြစ်ကြသည်။[၁၁၇]

(၇) ကပိလမြို

ကုမ္ဘကာရဇာတ်တွင် ဥတ္တရပဉ္စာလတိုင်း ကပိလမြို့၏ ဘုရင် ဒုမ္မုခသည် နွားမတစ်ကောင် နောက်သို့လိုက်သော နွားလားတစ်ကောင်ကို အခြားနွားလားက ဝှေ့၍ သေသည်ကို မြင်သောကြောင့် တရားသံဝေဂရကာ တောထွက် ရဟန်းပြုကြောင်း ပါရှိ၏။[၁၁၈] စူဠနိဒ္ဒေသဟာ ဒတ် မင်း စိုးစံ ရာ မြို့ဖြစ်သည်။[၁၁၉]ဂေါတမဘုရား အလောင်း ပဋိသန္ဓေ ယူခဲ့ရာ မြို့ဖြစ်သည်။[၁၂၀]ယင်းမြို့အနီး၌ ဘုရားအလောင်း ဖွားမြင်ရာ လုမ္ဗိနီဥယျာဉ်ရှိသည်။ ထိုဥယျာဉ်ကို ကပိလဝတ်၊ ဒေဝဒဟ နှစ်ပြည်ထောင် ပိုင်ဆိုင်သည်။[၁၂၁] ကပိလမြို့နှင့် ရာဇဂြိုဟ်မြို့သည် ယူဇနာ ၆၀ ဝေး၏။[၁၂၂]ကပိလမြို့ကို တိုင်းဟု ညွှန်းဆိုထားသော်လည်း[၁၂၃]မြို့ဟူ၍သာ ဆိုသင့်ပါသည်။

(၈) ကာလစမွဂါနဂိုရ်[၁၂၄]

အင်္ဂတိုင်းရှိ မြို့တစ်မြို့ ဖြစ်သည်။ မိထိလာနှင့် ယူဇနာ ၆၀ ကွာဝေးပြီး ယင်းနှစ်မြို့ကို လှည်းလမ်းဖြင့် ဆက်သွယ်ထားသည်။[၁၂၅]ဟိမဝန္တာဝမှ ရသော့တို့သည် ချဉ်ဆားမှဲလဲရန် အလို့ငှာ ကာလစမွဂါသို့ ကြွလေ့ ရှိကြသည်။[၁၂၆]ကာလစမွဂါ၌ ကစ္စည်းလုလင်အမည်ခံ ပဏ္ဏတကဘီလူး၏ ဆွေမျိုးအဆက်အနွယ်များ နေထိုင်ကြသည်။[၁၂၇] နဂါးတို့၏ ဘုရင် ဝဠဏကဝံမူရအမတ်ကြီးကို ပြောပြရာ၌ သူနှင့်သူ၏ဆွေမျိုးများသည် ကာလစမွဂါ၌နေခဲ့ကြဖူးသည်ဟု ပါရှိ၏။[၁၂၈] ဘုရားအလောင်း စမွေယျ နဂါးမင်း[၁၂၉] နှင့် ဇနကမင်းကြီးတို့၏ ဇာတိဖြစ်သည်။[၁၃၀]

(၉) ကုဏ္ဍိယမြို

ဘုရားရှင်သည် "ကုဏ္ဍိယမြို့အနီး" တောအုပ်တစ်ခုဌ သီတင်းသုံးတော်မူစဉ် ခုနစ်နှစ် ကိုယ်ဝန်ဆောင်ပြီး မီးဖွားရသော သုပ္ပါဝါသ[၁၃၁] အမည်ရှိသီတင်းသည်ကို အကြောင်းပြု၍ သားအမိနှစ်ယောက်ကို ဤသို့ဆင်းရဲရခြင်းအကြောင်းနှင့် မကောင်းမှုကံကို သိစေလိုသောကြောင့် အသာတရုပဇာတ်ကို ဟောတော်မူသည်။[၁၃၂]

(၁၀) ကုသာဝတီ

မလ္လမင်းတို့ပိုင် နယ်မြေပေါ်ရှိမြို့တစ်မြို့ဖြစ်သည်။[၁၃၃] ယခုခေတ် ကုသိနာရာ ခေါ်သည်။ တစ်ချိန်က မဟာသုဒဿနမင်းကြီး၏ မြို့တော်ဖြစ်သည်။ အရှေ့အနောက် အလျား

တစ်ဆယ့်နှစ်ယူဇနာ၊ တောင်မြောက် အနံခုနစ်ယူဇနာရှိပြီး လူနေပြည့်သိပ်ကာ အာဠဝကမန္ဒာ နတ်မြို့ကဲ့သို့ စည်ပင်ထွန်းကားသောမြို့ဖြစ်သည်။[၁၃၄]

(၁၁) တုဏ္ဍမြို့

မြို့အဖြစ်လည်းကောင်း၊ ရွာအဖြစ်လည်းကောင်း တွေ့ရသော်လည်း ဤနေရာ၌ မြို့အဖြစ်သာ ဖော်ပြလိုပါသည်။ မဟာဇနကမင်းကြီး ဟိမဝန္တာသို့ ကြွမြန်း၍ တောထွက်ရာဟန်းပြုရာတွင် လမ်းခုလတ် ခေတ္တရပ်နားရာ မြို့ဝေးတစ်မြို့ဖြစ်၏။[၁၃၅]

(၁၂) ဒန္တပုရ[၁၃၆]

ဘုရား အလောင်း တော် ကလိင်္ဂစကြာမင်းလက်ထက် တစ်နေရာဖြစ်သည်။[၁၃၇] ကရဏ္ဍကမင်း၊ နာဠိကေရမင်းတို့ အုပ်စိုးခဲ့ရာဌာန ဖြစ်သည်။[၁၃၈]

၃။ နိုဂုံးနှင့်ရွာများ

ပြည် သို့မဟုတ် မြို့များအောက်ငယ်သော လူနေမှု အဖွဲ့အစည်းမှာ နိဂုံး(နိဂမ) ဖြစ်ပါသည်။ နိဂုံးဟူသည် မြို့ငယ်ဖြစ်၍ စျေးရှိသောမြို့လည်း ဖြစ်ပါသည်။[၁၃၉] စျေးရှိ၍ တံတိုင်းမရှိသောမြို့ဟုလည်း ဆိုပါသည်။[၁၄၀] မြို့နယ်ဟု၍ ပြန်ဆိုထားသည်လည်း ရှိပါသည်။[၁၄၁]

နိဂုံးငယ်များအောက် သေးငယ်သော လူနေမှု အဖွဲ့အစည်းမှာ ရွာ(ဂါမ)ဖြစ်ပါသည်။ ဂါမဟူသည် နေအိမ်များ၏အစု၊ နယ်နိမိတ်ရှိပြီး ဝန်းကျင်ဒေသမှ သီးခြား

ဖြစ်သော ရွာဖြစ်ပါသည်။ ယင်းသည် အရွယ်အစား အမျိုးမျိုး ရှိကြသော်လည်း အများအားဖြင့် သေးငယ်ပါသည်။ ရွာသည် တိုင်းတစ်ခု၏ ဖွဲ့စည်းပုံတွင် အသေးငယ်ဆုံးအစိတ်အပိုင်း ဖြစ်ပါသည်။[၁၄၂]

ဇာတက ဋ္ဌကထာကျမ်းတွင် တွေ့ရသမျှသော နိဂုံးနှင့် ရွာများမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ ကလ္လပဗုလ္လကနိဂုံး
၂။ ကာသိနိဂုံး
၃။ သက္ကာရနိဂုံး
၄။ သေတကဏ္ဍိကနိဂုံး
၅။ သေဒကနိဂုံး
၆။ ကမ္မာသဒမ္မရာ
၇။ ဂါသိကဂါမကရွာ
၈။ ကောသလရွာ
၉။ ကုဋုကဏ္ဍရွာ
၁၀။ နာဠကရွာ
၁၁။ မစလရွာ
၁၂။ ဝဋုမာနရွာ
၁၃။ ဇေဋ္ဌရွာ
၁၄။ ကောဋ္ဌရွာ
၁၅။ နဠကပါနရွာ

တို့ဖြစ်ပါသည်။

ဖော်ပြခဲ့သော နိဂုံးနှင့် ရွာများ၏ အရေးပါသော အချက်များမှာ ဤသို့ဖြစ်သည်။

(၁) ကလ္လပ္ပစုလ္လကနိဂုံး

ဘုရားအလောင်း ဇောတိပါလရသ့ေက သာလိသ ရ
ရသေ့ကိုခေါ်၍ ဂေါဓာဝရီမြစ်ကမ်းရှိ သီးတောကျောင်း
သည် ရသေ့တို့ဖြင့် ပြည့်သဖြင့် အင္ဂုမင်းပိုင်နက်၌ ကလ္လပ္ပ
စုလ္လနိဂုံး[၁၄၃]၌ မှီ၍နေပါဟု မိန့်တော်မူသည်။

(၂) ကာသိနိဂုံး

ဘုရားအလောင်းသည် ပုဏ္ဏားမျိုး၌ဖြစ်စဉ် ကာသိနိဂုံး၌
နေ၏။ အမိသေသော် အဖနှင့် ညီငယ်ကို ခေါ်၍ တော
ထွက် ရဟန်းပြု၏။[၁၄၄]ကာသိနိဂုံးနေ အားနှင့်ပြည့်စုံသော
ပုဏ္ဏား တစ်ယောက်သည် သား သမီးတို့ကို သတ်စား
ခြင်းကြောင့် မျက်မှောက်ဘဝ၌ပင် လူပြိတ္တာ ဖြစ်ရ
လေသည်။[၁၄၅] ယင်းနိဂုံးနေ ဥစ္စာပစ္စည်းကြွယ်ဝကုံလုံသော
ပုဏ္ဏား၏သား ဘုရားလောင်းသည် ဥစ္စာပစ္စည်းတို့ကိုစွန့်၍
မယားနှင့်တကွ တောသို့ဝင်၍ ရသေ့ပြုကာနေကြ၏။[၁၄၆]

(၃) သတ္ထာဂရနိဂုံး

ရာဇဂြိုဟ်မြို့အနီး ရွာတစ်ရွာဖြစ်သည်။ ဘုရားရှင်
လက်ထက် နှမြောတွန့်တိုလွန်းလှသော မစ္ဆရိယ သူဌေး
သည် မုန့်ဆီကြော်ကို မည်သူ့အားမျှမပေးလိုဘဲ မိမိတစ်ဦး
တည်းစားရန် ဘုံခုနစ်ဆင့်သို့တက်လေသည်။ရှင်မောဂ္ဂလ္လန်၏
တရားပြမှုကြောင့် ဝန်တိုခြင်း ကင်းခဲ့ရဖူးသည်။[၁၄၇]

(၄) သောတကဏ္ဍိကနိဂုံး

မဇ္ဈိမဒေသ နယ်စပ်တောင်ဘက်ပိုင်းရှိ ရွာတစ်ရွာ
ဖြစ်သည်။[၁၄၈]

(၅) ဒေသကနိဂုံး

ဘုရားရှင်သည် သုမ္ဘတိုင်းရှိ ဒေသကနိဂုံးကို မှီ၍
တောအုပ်တစ်ခုဌ သီတင်းသုံးတော်မူစဉ် တေလပတ္တဇာတ်ကို
ဟောတော်မူ၏။[၁၄၉]

(၆) ကမ္မာသမ္မရွာ

စူဠဒုတမ္မာသဒမ္မနှင့် မဟာကမ္မာသဒမ္မဟု နှစ်မျိုးကဲ့သည်။
မဟာကမ္မာသဒမ္မ (မူလကမ္မာသဓမ္မသည်) မဟာသုတ
သောမဇ္ဈိမတ်တွင်ပါသော ပေါရိဏသာဒမင်းကို အသိတရားရ
ယဉ်ကျေးစေသည့်အရပ် ဖြစ်သည်။[၁၅၀] စူဠဒုကမ္မာသဒမ္မကား
ဇယဒိသဇာတ်တွင်ပါသော ဇယဒိသမင်းသား၌သည်
စိတ်ဓာတ်ဆိုင်ရာတိုက်ခိုက်မှုဖြင့် ဘီလူးကိုအောင်မြင်သော
အရပ် ဖြစ်သည်။[၁၅၁]

(၇) ကာသိတဂါမကရွာ

ကာသိတဂါမကရွာ၌ ပုဏ္ဏားလယ်သမား တစ်ယောက်
သည် နွားတို့ကိုလွှတ်၍ ပေါက်တူးပေါက်စဉ် နွားတို့
ပျောက်သဖြင့် လိုက်ရှာရင်း မျက်စိလည်ကာ ချောက်ကြီး
ထဲကျ၍ ၁၀ ရက်တိုင်နေရ၏။ ဘုရားလောင်းမျောက်မင်းက

ကယ်ဆယ်သဖြင့် လွတ်ခဲ့ရသော်လည်း ကျေးဇူးရှင်မျောက်မင်းကိုပြစ်မှားသောကြောင့် ရွေမျိုခံရသည်။ အဝီစိငရဲ၌ ဖြစ်လေ၏။[၁၅]

(၈) ကောသလရာ

ဘုရားရှင်သည် ကောသလရာ[၁၆]၌၌ သီတင်းသုံးတော်မူစဉ် ဥယျာဉ်စောင့်ကို အကြောင်းပြု၍ အာနာပဒုသကဇာတ်ကို ဟောတော်မူ၏။

(၉) ကုရုကစ္ဆရာ

ကုရုတိုင်း ကုရုမင်းလက်ထက် ကုရုကစ္ဆမည်သောရွာ၌ ဘုရားအလောင်းသည် သဘော်ဒသုကြီးဇ်သားဘဝင်ဖြစ်စဉ် နေခဲ့သောရွာဖြစ်၏။ မင်းထံစေးရာ ထိုက် သင့် သော ချီးမြှင့်မှုမခံစားရသဖြင့် ပင်လယ်သွား သဘော်ဝ များ၌ သဘော်ဝသူကြီးအဖြစ် လိုက်ခဲ့လေသည်။[၁၇]

(၁၀) နာဠကရာ

ရှင်သာရိပုတ္တရာမထေရ် ဖွားတော်မူရာနှင့် ပရိနိဗ္ဗာန်စံရာရွာဖြစ်သည်။[၁၈]

(၁၁) မစလရာ

မာဃလုလင်နှင့် အပေါင်းပါ သုံးကုိဝ်သုံးယောက်တို့သည် ရပ်ကျိုးရွာကျိုးကို ဆောင်ရွက်လျက် နေထိုင်ရာရွာဖြစ်သည်။

(၁၂) ဝလ္လမာနရာ

ကံသမင်းကြီးနှင့်ဥပကံသအိမ်ရှေ့မင်းတို့သည် ဥပသာဂရမင်းသားနှင့် နှမတော်ဒေဝဂမ္ဘာမင်းသမီးတို့အား လက်ထပ်ပေးပြီးနောက် ဝလ္လမာနမည်သောရွာကိုလက်ဖွဲ့ကြကုန်၏။[၁၉]

(၁၃) ဝေဠုဂါမရာ

အဝန္တိနိုင်ငံရှိ ရွာတစ်ရွာဖြစ်သည်။ ဣသိဒတ္တထေရ်၏ မွေးဖွားရာဇာတိဖြစ်သည်။ ဘုရားရှင် ခေတ္တသီတင်းသုံးခဲ့ဖူးသော ရွာဖြစ်၏။[၂၀]

(၁၄) ကောဋိရာ

ဘဒ္ဒိယမြို့ ဘဒ္ဒိယသူဌေးသား ဘဒ္ဒဇီကို ဘုရားရှင်သည် ရဟန်းပြုပေးပြီးနောက် သံဃာတော်များနှင့်အတူ ကြွရောက်အလှူခံရာ ရွာဖြစ်သည်။[၂၁]

(၁၅) နဠကပါနရာ

ဘုရားရှင် ကောသလတိုင်း၌ ဒေသစာရီကြွစဉ် ကုရုဂ်မိဂဇာတ်ကို ဟောရာ ရွာဖြစ်၏။[၂၂]

အောက်ခြေမှတ်စုများ

အခန်း(၁) တိုင်းပြည်မြို့ရွာများ

၁။ ဇနပဒအမိပ္ပာယ်မှာ လူတို့၏ နေထိုအရပ်၊ စကြဝဠာ၊ ဇမ္ဗူဒီပ်၊ တိပိဋကတ်ပါဠိမြန်မာအဘိဓာန်အတွဲ ဂ၊နှာ–၉၇၊ နောက်တစ်ကြိမ် ဤကျမ်းကို ကိုးကားလျှင် "တိ၊ ပိ၊ ဓာန်" ဟူ၍ ညွှန်းဆိုပါမည်။
ဤ၌ ကာသိတိုင်း၊ ကောသလတိုင်းစသည့် တိုင်းအနက်ကို သာ ဆိုလိုပါသည်။

၂။ ရဋ္ဌအဓိပ္ပာယ်မှာ တိုင်းပြည်၊ နိုင်ငံ၊ မဟာဇနပုဒ်၊ ပါဠိပဒကျမ်းညွှန်း အဝဂ် ၁၊ နှာ–၂၀၃၊ နောက်တစ်ကြိမ်ဤကျမ်းကို ကိုးကားလျှင် ပါ၊ ပ၊ ညွှန်းဟူ၍ ညွှန်းဆိုသည်။

၃။ သီလက္ခန္ဓဝဂ္ဂပါဠိ၊ နှာ–၀၂၊ နောက်တစ်ကြိမ် ဤကျမ်းကို ကိုးကားလျှင် ဒီ၊ ၁ ဟူ၍ညွှန်းဆိုပါမည်။

၄။ မူလပဏ္ဏာသပါဠို၊ နှာ–၃၅၄၊ နောက်တစ်ကြိမ် ဤကျမ်းကို ကိုးကားလျှင် မ၊ ၁ ဟူ၍ ညွှန်းဆိုပါမည်။

၅။ ဝိမာနဝတ္ထုအဋ္ဌကထာ၊ နှာ ၃၁၆။

၆။ တိုင်းကြီး၁၆ တိုင်းမှာ–၁။ အင်္ဂတိုင်း၊ ၂။ မဂဓတိုင်း၊ ၃။ ကာသိတိုင်း၊၄။ ကောသလတိုင်း၊၅။ဝဇ္ဇီတိုင်း၊၆။မလ္လတိုင်း ၇။ စေတီတိုင်း၊၈။ ဝင်္ကတိုင်း၊ ၉။ ကုရုတိုင်း၊ ပဉ္စာလတိုင်း ၁၁။ မစ္ဆတိုင်း၊ ၁၂။ သူရသေနတိုင်း၊ ၁၃။ အဿကတိုင်း ၁၄။အဝန္တိတိုင်း၊၁၅။ ဂန္ဓာရတိုင်းနှင့် ၁၆။ကမ္ဗောဇတိုင်းတို့ ဖြစ်ကြ၏။ အံ၊ ၁၊ ၂၁၃။ အံ ၃၊ ၄၃၁။ အဏက်ပါ ၁၆ တိုင်းအနက် ဝင်္ကတိုင်း၊ မစ္ဆတိုင်းနှင့် ဂန္ဓာရ

တိုင်းတို့ဒေသ၊ မဇ္ဈိမဇနပုဒ်၊ ယောနကတိုင်းဟူ၍လည်း တွေ့ရ၏။ မဟာဝဂ္ဂပါဠို (သုဘ)၊ နှာ–၁၆၂၊ နောက်တစ်ကြိမ် ဤကျမ်းကိုကိုးကားလျှင် ဒီ၊ ၂ ဟူ၍ ညွှန်းပါမည်။ မဟာဝဂ္ဂကထာနှာ–၂၃၀။နောက်တစ်ကြိမ်ဤကျမ်းကိုကိုးကားလျှင် ဒီ၊၄၊ ၂ ဟူ၍ ညွှန်းဆိုပါမည်။

– အထက်ပါကဲ့သို့နေသော တိုင်းသုံးတိုင်းနေဆုံ၌ ဝံသတိုင်း၊ မစ္ဆတိုင်း၊ ယောနကတိုင်းတို့ကို ဖော်ပြကြသည့်အပြင် ကလိင်္ဂတိုင်းကို ဖြည့်စွက်လျက် တိုင်းကြီး၁၇ တိုင်းအဖြစ် ဖော်ပြသည်လည်း ရှိ၏။ စူဠနိဒ္ဒေသပါဠို၊ နှာ–၁၅၀။ နောက်တစ်ကြိမ် ဤကျမ်းကို ကိုးကားလျှင် စူဠ၊ နိ ဟူ၍ ညွှန်းဆိုပါမည်။

– ဝင်္ကတိုင်းကို အချို့က ဝံသတိုင်းဟု ဖော်ပြကြသည်။ **Buddhist Indis P 13** နောက်တစ်ကြိမ် ဤကျမ်းကို ကိုးကားလျှင် **BI** ဟူ၍ ညွှန်းပါမည်။

တိုင်းကြီး ၂၁ တိုင်းအဖြစ် ဖော်ပြသည်ကိုလည်း တွေ့ရ၏။ ယင်းတို့မှာ –

၁။ ကုရုတိုင်း	၂။ သင်္ကတိုင်း	၃။ ကောသလတိုင်း
၄။ မဂဓတိုင်း	၅။ သိဝိတိုင်း	၆။ ကလိင်္ဂတိုင်း
၇။ အဝန္တိတိုင်း	၈။ မဒ္ဒသလတိုင်း	၉။ ဝဇ္ဇီတိုင်း
၁၀။ ဂန္ဓာရတိုင်း	၁၁။ စေတတိုင်း	၁၂။ ဝင်္ကတိုင်း
၁၃။ ဝိဒေဟတိုင်း	၁၄။ ကမ္ဗောဇတိုင်း	၁၅။ မဒ္ဒတိုင်း
၁၆။ ဘဂ္ဂတိုင်း	၁၇။ ဘင်္ဂတိုင်း	၁၈။သိဟိဠ်ဒိုတိုင်း
၁၉။ကသ္မီရတိုင်း	၂၀။ ကာသိတိုင်း နှင့်	၂၁။ ပဏ္ဏဝတိုင်း

တို့ ဖြစ်ကြ၏။ အဘိဓာနဒီပကာပါဠို၊ နှာ–၁၇။ နောက်တစ်ကြိမ် ဤကျမ်းကို ကိုးကားလျှင် အဘိဒီကာဟူ၍ ညွှန်းဆိုပါမည်။

– ငါးရာ့ငါးဆယ် မြန်မာပြန်ကျမ်းတွင် ဥတ္တရာပထကိုတိုင်းဟု ပြန်ဆိုထားသော်လည်း ဇာတကဋ္ဌကထာကျမ်းတွင် ဥတ္တရာပထဟူ၍သာ တွေ့ရပါသည်။ ဥတ္တရာပထနှင့်စပ်လျဉ်း၍ ဤသို့ တွေ့ရ

ပါသည်။ ဇမ္မုဒီပ၏ မြောက်ဘက်ပိုင်းဒေသ ဖြစ်သည်။ မူလက ကြီးကျယ်သော ကုန်သွယ်ရာလမ်းမကြီးဖြစ်၍ သာဝတ္ထိမှ ဂန္ဓာရတိုင်း တက္ကသိလာထိ ကျယ်ပြန့်သည်။ ယင်းနယ်နိမိတ်ကို အရှေ့ဘက် အင်တိုင်းမှ အနောက်မြောက်ဘက် ဂန္ဓာရတိုင်းထိ လည်းကောင်း၊ မြောက်ဘက် တိမာလယမှ တောင်ဘက် ဝိန္ဓျထိ လည်းကောင်း မှန်းဆရ၏။ ယင်းတိုင်းအတွင်း၌ ကသို့ရ၊ ဂန္ဓာရနှင့် ကမ္ဗောဇ စသည်တို့ပါဝင်၏။ (DPPN Vol. I. 363) ဥတ္တရာပထတိုင်းကို ပါဋိန်းအရ ဂင်္ဂါမြစ် မြောက်ဘက်တစ်လျှောက်ဟု လည်းကောင်း၊ ဂင်္ဂါမြစ် တောင်ဘက်တစ်လျှောက်ကိုမူ ဒက္ခိဏာပထဟု လည်းကောင်း သတ်မှတ်၏။ သက္ကတနည်းအရ မြောက်ဘက်၌ ဟိမဝန္တာတောင်၊ တောင်ဘက်ဝ ဝိန္ဓျတောင်တန်း၊ အရှေ့ဘက်၌ ဘင်္ဂလားအော်၊ အနောက်ဘက်၌ အာရေဗျပင်လယ် စသည်တို့၏ အတွင်းနယ်တစ်လျှောက်ကို ဥတ္တရာပထဟု ခေါ်သည်။ (ဇု၊ သာ၊ ဝင်၊ ၇၅–၆)။ သို့ဖြစ်၍ ဥတ္တရာပထကို တိုင်းဟု မသတ်မှတ်ဘဲ ဒေသဟုသာ သတ်မှတ်သင့်ပါသည်။

၇။ အင်္ဂဝ မဂဓ ဝါသိနော အညမညဿ ရဋ္ဌံ ဂစ္ဆန္တာ။ "ဇာ၊ ဋ္ဌ၊" ၂၊ ၁၉၃။

၈။ ဒွိန္နံရဋ္ဌါနံ သီမန္တရေ ကော် သရံ နိဿာယ ဝသိတ္ထာ သုရံ ပိဝိတ္ထာ မစ္ဆမံသံ ခါဒိတ္ထာ။ ၎င်း၊ ၂၊ ၁၉၃။

၉။ အင်္ဂရဋ္ဌေ အင်္ဂေစ မဂဓရဋ္ဌေ မဂဒေစ ရဇ္ဇံကာရေန္တေ အင်္ဂ မဂဓ ရဋ္ဌာနံ အန္တရေ စမ္ပာနာမ နဒီ တတ္ထ နာဂဘဝနံ အဟောသိ။ ၎င်း၊ ၄၊ ၄၅၇။

၁၀။ ဇာ၊ ဋ္ဌ၊ ၄၊ ၄၅၇။

– ယင်းတိုင်းနှင့်စပ်လျဉ်း၍ ဤသို့ တွေ့ရှိရပါသည်။

ကိုယ်အင်္ဂါသုပသော မင်းသားများနေထိုင်ရာအရပ်ဖြစ်၍ အင်္ဂတိုင်းဟုခေါ်သည်။ သီလက္ခန္ဓဝဂ္ဂဋ္ဌကထာ၊ နှာ ၂၄၉။ နောက်တစ်ကြိမ် ဤကျမ်းကို ကိုးကားလျှင် "ဒီ၊ ဋ္ဌ၊"၁ ဟူ၍ ညွှန်းဆိုပါမည်။

ယင်းတိုင်းသည် မဂဓတိုင်း၏အရှေ့ဘက်တွင် ရှိသည်။ အင်္ဂလူမျိုးများ နေထိုင်ကြသည်။ AN ADVANCED HISTORY OF INDIA PART I P. 41.

နောက်တစ်ကြိမ် ဤကျမ်းကိုကိုးကားလျှင် AAHI ဟူ၍ ညွှန်းဆိုပါမည်၊ BI P. 14.

အင်္ဂတိုင်းနှင့် မဂဓတိုင်းကို စမ္ပာမြစ်က ပိုင်းခြားထားသည်။ အင်္ဂတိုင်း၏ မြို့တော်မှာ စမ္ပာဖြစ်၍ ယခုခေတ် Bhagalpur အနီးတွင်ရှိသည်။ ပိဗ္ဗသာရမင်းသည် မဂဓထီးနန်းကို သိမ်းပိုက်ပြီးမကြာမီပင် အင်္ဂတိုင်းကို သိမ်းပိုက်ခဲ့သောကြောင့် ဘုရားရှင် လက်ထက်တွင် အင်္ဂတိုင်းသည် မဂဓတိုင်း၏ လွှမ်းမိုးအောက်သို့ ကျရောက်ခဲ့သည်။ BI P. 14 ဗုဒ္ဓခေတ် အင်္ဂရာဇာတစ်ပါးသည် စည်းစိမ်ချမ်းသာနှင့် ပြည့်စုံကြောင်း ဗြဟ္မာဏတစ်ဦးကို ရိက္ခာချီးမြှင့်ကြောင်းသိရသည်။ DICTIONARY OF PALI PROPER NAMES vol I. P. 17 ဤကျမ်းသည် အဘဲနှစ်ဘဲရှိရာ နောက်တစ်ကြိမ် ဤကျမ်းကို ကိုးကားလျှင် DPPN vol: I, II စသည်ဖြင့် ညွှန်းဆိုပါမည်။

၁၁။ ဇာ၊ ဋ္ဌ၊ ၄၊ ၃၉၀။

ယင်းတိုင်းနှင့်စပ်လျဉ်း၍ ဤသို့ တွေ့ရပါသည်။ ဗုဒ္ဓခေတ် ထင်ရှားသော ဘုရင်အုပ်ချုပ်ရေး လေးနိုင်ငံတွင် ပါဝင်သည်။ AAHI P. 57

ယင်းတိုင်း၏မြို့တော်မှာဥဇ္ဇေနီဖြစ်သည်။ ဗုဒ္ဓခေတ်တွင် အဝန္တိတိုင်းကို စဏ္ဍပဇ္ဇောတမင်း အုပ်စိုးခဲ့သည်။ BI P. 17 အဝန္တိတိုင်းသည်ဝိန္ဓျတောင်တန်းများ၏မြောက်ဘက် ဘုံဘေ၏ အရှေ့မြောက်ဘက်တွင်တည်ရှိခဲ့ပြီး ယခုခေတ် Malwa, Nimar ဒေသ၊ မဇ္ဈဒေသတို့နှင့် ဆက်စပ်လျက်ရှိသော ဒေသဟု အကြမ်းအားဖြင့် ယူဆရပါသည်။ GEOGRAPHY OF EARLY BUDDHISM P:22 နောက်တစ်ကြိမ် ဤကျမ်းကို ကိုးကားလျှင် CEB ဟူ၍ ညွှန်းဆိုပါမည်။ အဝန္တိတိုင်းကို နှစ်ပိုင်း

ပိုင်း၍ မြောက်ပိုင်းမြို့တော်သည် မဟိဿတီ ဖြစ်ကြောင်း၊ မဟာဘာရတကျမ်းတွင်မူ အဝန္တိနှင့် မာဟိဿတ်တို့သည် သီးခြားနိုင်ငံများဖြစ်ကြောင်း ဖော်ပြ၏။ **DPPN Vol: P: 193.**

အဝန္တီထိုင်းကို ပါဠိ၏ ဇာတိနယ်မြေဟုဆို၏။ **B I P: 80** ရေကုမင်းကြီးကခဲ့ပေးသည့် နိုင်ငံတစ်ခုဖြစ်ပြီး သူ၏ ပိသုကာအမတ်ကြီး ဂေါဝိန္ဒ၏အကူအညီဖြင့် မြို့ပြတည်ထောင်ခဲ့သည်။ မဟာဝဂ္ဂပါဠိ၊ နာ–၁၀၉။ နောက်တစ်ကြိမ် ဤကျမ်းကိုကိုးကားလျှင် "ဒီ"၊ ၂ ဟူ၍ ညွှန်းဆိုပါမည်။

၁၂။ ဇာ၊ ၄၊ ၃၊ ၃။

၁၃။ ၎င်း၊ ၅၊ ၃၃၇။ အဿကတိုင်းနှင့်စပ်လျဉ်း၍ ဤသို့ တွေ့ရသည်။

ကျောက်ခဲကောင်း များသောအရပ်၌ တည်ထောင်ထားသောကြောင့် လည်းကောင်း၊ မြင်းစီးအတတ်၌ တစ်ဖက်ကမ်းခတ် ကျင်လည်တတ်မြောက်၍ အဿက အမည်ရကြသောမင်းသားတို့စီးရာတိုင်း ဖြစ်သောကြောင့်လည်းကောင်း၊ အဿကတိုင်းဟု ခေါ်၏။ **ဗုဒ္ဓသာသနိက ပထဝီဝင်ကျမ်းကြီး**၊ နာ–၂၀၈။ နောက်တစ်ကြိမ် ဤကျမ်းကိုကိုးကားလျှင် ဗု၊ သာ၊ ဝင်ဟူ၍ ညွှန်းဆိုပါမည်။ အဿကတိုင်းသည် အဝန္တိတိုင်းနှင့် သူရဿနတိုင်းတို့၏အကြားတွင် တည်ရှိ၏။ အင်္ဂနှင့် မဂဓတိုင်းတို့ကို ယှဉ်တွဲဖော်ပြလေ့ရှိသကဲ့သို့ အဿကနှင့် အဝန္တိတိုင်းတို့ကိုလည်း- ယှဉ်တွဲဖော်ပြလေ့ရှိသည်။ ဗုဒ္ဓခေတ် အဿကတို့၏ ဘုရင်သည်- အန္ဓကဏ္ဍာဖြစ်သည်။ အဿကတိုင်း၏မြို့တော်ပေါတနကို မဟာဘာရတကျမ်းတွင် **Paudanya** ဟု ဖော်ပြ၏။ **Kautilya** ၏ **Arthasastra** အဖွင့် ကျမ်းကိုရေးသားသူ **Bhattasvami** က အဿကတိုင်းသည် **Maharastra** ပင်ဖြစ်သည်ဟု ဖော်ပြသည်။

DPpN Vol: 1 P: 233 အဿကတိုင်း၏ ရှေးမြို့တော်အမည်မှာ ပေါတလိ၊ ယခုအမည်မှာ ပေထနဖြစ်သည်။ ယင်းတိုင်းကို

ပတိဋ္ဌာန၊ ပေါတနဟုလည်းခေါ်သည်။ ယခုခေတ် ဟိုက်ဒြာဗာဒ်နယ်အနောက်မြောက်ပိုင်း၊ ဩရန်ဂဗတ်ဗီရဒီစတြိတ်စီရင်စုနယ်ပယ်များ၌ တည်ရှိသည်။ **ဗု၊ သာ၊ ဝင် ၂၀၇။**

၁၄။ ဇာ၊ ၆၊ ၃၊ ၃၅၇။
၁၅။ ၎င်း၊ ၂၊ ၁၉၅-၆။
၁၆။ ၎င်း၊ ၆၊ ၃၁၀။
၁၇။ ၎င်း၊ ၃၊ ၇၃။
၁၈။ ၎င်း၊ ၄၊ ၄၄၇။

၁၉။ ဇာ၊ ၆၊ ၃၊ ၄၃၇။ ဤတိုင်းနှင့်စပ်လျဉ်း၍ ဤသို့တွေ့ရပါသည်။

ပဉ္စာလတိုင်းသည် ဥတ္တရပဉ္စာလနှင့် ဒက္ခိဏပဉ္စာလဟူ၍ နှစ်ပိုင်းရှိရာ ဘာဂီရထီမြစ်သည် ယင်းဒေသနှစ်ခုကို နယ်နိမိတ်ပိုင်းခြားဆက်သို့ အလယ်မှ စီးဆင်းလျက်ရှိသည်။ ပဉ္စာလတိုင်းသည် ကုရုတိုင်း၏ အရှေ့ဘက်တွင်ရှိ၏။ ဥတ္တရပဉ္စာလကိုပိုင်ဆိုင်ရန် ကုရုနှင့် ပဉ္စာလတို့သည် အမြဲမပြတ် စစ်တိုက်ခဲ့ကြသည်။ ဥတ္တရပဉ္စာလတိုင်းသည် ရံခါကုရုတိုင်း၏ လက်အောက်ခံဖြစ်၏။ **(DppN vol. IP. 108)** ပဉ္စာလတိုင်းသည် ယခုခေတ် အနောက်မြောက်ဘက် ဟိမဝန္တာတောင်ခြေမှ **Chambal** မြစ်အထိဖြစ်သည်ဟု ဆို၏။ **(GEB p.19)** ဥတ္တရပဉ္စာလတိုင်းမြို့တော်သည် အဟိစ္ဆတြ (ယခုခေတ်အမည် ရာမပူရ) တည်ရာကား ခဏ္ဍမရာဒါဗာဓိ လီဘီတ စီရင်စုများဖြစ်သည်။ (ဗု၊ သာ၊ ဝင်၊ ၁၃၄)

၂၀။ ၎င်း၊ ၄၊ ၈၀။ ညောင်ကန်ဆရာတော်ကမူ ဥတ္တရမရုမည်သောပြည်ဟု ပြန်ဆိုပါသည်။ (ငါးပြန်၊ တ၊ ၆၁၈) ငါးရှင်ငါးဆယ်မြန်မာဘာသာပြန် တတိယတွဲ။ ဤကျမ်းသည် အတွဲငါးတွဲရှိရာ နောက်တစ်ကြိမ် ဤကျမ်းကိုကိုးကားလျှင် ငါးပြန်၊ တ၊ ဟူ၍ ညွှန်းဆိုရပါမည်။

၂၁။ ၎င်း၊ ၇၊ ၂၉၂။
၂၂။ ဇာ ၆၊ ၃၊ ၃

၂၃။ ၎င်း၊ ၄၊ ၂၉၀

ကလိင်္ဂတိုင်းနှင့်စပ်လျဉ်း၍ ဤသို့ တွေ့ရပါသည်။ တန်ခိုးအင်အား ကြီးမားလှသော ရေဏုမင်းအုပ်စိုးသည့် ကာလက နိုင်ငံရေးအရ ထင်ရှားလှသည့် တိုင်းကြီးခုနစ်တိုင်းတွင် ပါဝင်၏။ ထိုစဉ်က မြို့တော်မှာ ဒန္တပုရဖြစ်သည်။ ဘုရင်မှာ သတ္တဘူဖြစ်သည်။ အသောကမင်းကြီး နန်းစံ ၁၃ နှစ်မြောက်တွင် ကလိင်္ဂတိုင်းကို တိုက်ခိုက်အောင်မြင်ပြီး ယင်းအောင်မြင်မှုသည် မင်းကြီး၏ ဘဝတာကို ပြောင်းလဲသွားစေသည့် အဖြစ်အပျက်တစ်ခုပင်ဖြစ်၏။ မင်းကြီးသည် စစ်ကိုလည်း ရွံရှာမုန်းတီးသွား၏။ သိဟိဠ်သို့ မဟာဗောဓိခက်မျှားယူရန် အသောကမင်းကြီးစေလွှတ်ရာ ကလိင်္ဂတိုင်းမှ မိသားစု ၁၀ ဦး ပါဝင်၏။ အသောက၏ညီငယ် တိဿမင်းသားသည် ဥပဋ္ဌာယ်ဆရာ ဓမ္မရက္ခိတနှင့်အတူ ကလိင်္ဂတိုင်းတွင် ဘီတင်းသုံးဖူး၏။ (DPpN Vol. I. p. 585) စူဠနိဒ္ဒေသကျမ်း၌ ဖော်ပြထားသော တိုင်းကြီး ၁၆ တိုင်း၌ ပါဝင်၏။ (စူ၊ နိ၊ ၁၅၀) ဘုရားရှင်၏ အောက်လက်ဝဲစွယ်တော်မြတ် ကိန်းဝပ်တည်ရာ ဌာနဖြစ်သည်။ မဒရာဇ်နယ် အရှေ့မြောက်ပိုင်း ဂေဒါဝတီမြစ်နှင့် မဟာနဒီမြစ်နှစ်သွယ်တို့အကြား ဇဂန္နာထမြို့နယ်တွင် ရှိ၏။ မြို့တော်ဟောင်း အမည်မျှားမှာ ဒန္တပုရ၊ ကောသလိန့် သောဘဝတီ ဟုလည်း ဆိုး၏၊ (ဗု၊ သာ ဝင်၊ ၁၂၁) ကလိင်္ဂတိုင်းသည် ယခု ခေတ် သြရီဿနယ်တွင်ရှိ၏။ (DPPN Vol. I. P. 585)

၂၄။ ဇာ၊ ဌ၊ ၁၊ ၆၂၊ ၇၆၊ ၁၁၄၊ ၂၅၆။
၎င်း၊ ၂၊ ၁၄၊ ၆၄၊ ၆၆၊ ၇၇၊ ၉၂၊ ၁၁၉။
၁၂၃၊ ၁၃၃၊ ၁၃၆၊ ၁၄၂၊ ၁၅၀၊ ၁၅၃၊ ၂၂၆။
၂၄၅၊ ၂၀၅၊ ၃၂၄၊ ၃၆၉။ ၎င်း၊ ၃၊ ၁၀။ ၃၀။ ၃၉။
၁၃၁။ ၁၄၂။ ၁၄၄။ ၎င်း၊ ၅၊ ၁၃။ ၄၀။ ၂၀၃။ ၂၄၀။
၎င်း၊ ၆၊ ၁။ ၄။

၂၅။ ဇာ၊ ဌ၊ ၄၊ ၁၂၂။

ကာသိတိုင်းနှင့်စပ်လျဉ်း၍ ဤသို့တွေ့ရပါသည်။ ကာသိတိုင်းကို မဟာဂေါဝိန္ဒပုဏ္ဏားသည် ရေဏုမင်း၏ညွှန်ကြားချက်အရ တည်ထောင်ဖန်ဆင်းသည်။ (ဒီ၊ ၂၊ ၁၈၉) ဗုဒ္ဓခေတ်မတိုင်မီက အိန္ဒိယနိုင်ငံမြောက်ပိုင်းတွင် တန်ခိုးကြီးသောနိုင်ငံဖြစ်ခဲ့၏။ (GEB P.3) ဘုရားရှင်လက်ထက်တွင် ကောသလတိုင်း၏လက်အောက်ခံ ဖြစ်သည်။ ပသေနဒီသည် ကာသိနှင့်ကောသလတို့၏ ဘုရင်ဖြစ်သည်။ (ဒီ၊ ၁၊ ၂၁၇) ရှေးဆိုရိုးအရ ကာသိတိုင်း၏ဘုရင်သည် မြဟ္မဒတ်ဖြစ်သည်။ တစ်ခါတစ်ရံ ကာသိရာဇာဟူသောအမည်နှင့်လည်း တွေ့ရ၏။ ကာသိတိုင်းသည် ကုန်ရောင်းကုန်ဝယ်ရာ ဗဟိဒ္ဓဒေသဖြစ်သည်။ ကာသိတိုင်းထွက် အမွေးနှံ့သာ အဝတ်အထည်များကြောင့် ထင်ပေါ်ကျော်ကြားသည်။ ရာဇဂြိုဟ်၊ သာဝတ္ထိတို့နှင့် လမ်းပန်းအဆက်အသွယ်ရှိသည်။ (DPPN VOl I p, 592) ကာသိတိုင်းကို ဝါသဘဂါမ မစ္ဆိကာသဏ္ဍ၊ ကိဉ္စာဂိရိနှင့် ဓမ္မပါလဂါမဟူ၍သည်း ခေါ်သည်။ (အံ၊ ၁၊ ၂၁၃) ကာသိတိုင်းသည် ယူဇနာ ၃၀၀ ကျယ်၍ ရွာပေါင်း ၁၀၀၀၀ ပါဝင်၏။ ပါစိကျာဒိအဋ္ဌကထာ၊ နှာ–၁၉၉။ နောက်တစ်ကြိမ် ဤကျမ်းကိုကိုးကားလျှင် ဝိ၊ ၌၊ ၂၊ ဟူ၍ ညွှန်းပါမည်။ ၂၆။ ဇာ၊ ဌ၊ ၂၊ ၁၉၆။ ၂၇။ ၎င်း၊ ၅၊ ၅၅၄။ ၂၈။ ၎င်း၊ ၂၊ ၃၃၁။ ၂၉။ ၎င်း၊ ၄၊ ၁၄၀။ ၃၀။ ၎င်း၊ ၃၊ ၄၄၈။

ကုရုတိုင်းနှင့်စပ်လျဉ်း၍ ဤသို့တွေ့ရပါသည်။ ကုရုနှယ်ဝင်မင်းသားတို့နေရာ တိုင်းဖြစ်၍ ကုရုတိုင်းဟုခေါ်သည်။ (ဒီ၊ ၌၊ ၂၊ ၂၂၃။ မ၊ ၌၊ ၁၊ ၂၃၀–၁) ပဒုမဝတီဒေဟာ၊ အဟရဂေါဃာန၊ ဥတ္တရကုရုကျွန်းသားတို့သည် ဇမ္မူဒီပ်မည်သည်ဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓ၊ မဟာသာဝက စကြဝတေးမင်း စသောသူမြတ်တို့ ဖြစ်ထွန်း ပေါ်ပေါက်ရာကျွန်းဖြစ်၏ဟု ကြားကြ၍ ဘုရားအလောင်း မနွာတုစကြာမင်းဖြစ်စဉ် အခါက စကြာရတနာဖြင့် လှည့်လည်ကြသောအခါ မိမိတို့ကျွန်းသို့ မပြန်နိုင်ကြဘဲ နေရာအသီးသီးတောင်းခံနေကြ၏။ ယင်းသုံးကျွန်းသားတို့တွင် ပဒုမဝတီဒေဟတိုင်းသားတို့နေရာအရပ်ကို အဟန္တ တိုင်း၊

ဥတ္တရကုရုတိုင်းသားတို့ နေရာအရပ်ကို ကုရုတိုင်းအသီးသီးခေါ်ကြောင်းတွေ့ရ၏။ ယင်းတိုပ်းသည်ရာသီဥတုကောင်း၏။ စားသောက်ဖွယ်ပြည့်စုံ၏။ တိုင်းသားတို့သည် ကိုယ်အင်္ဂါကျန်းမာမှုနှင့်ပြည့်စုံကြရာ ဗုဒ္ဓဓမ္မတို့ကိုသင်ယူနိုင်စွမ်းရှိကြ၏။ ထို့ကြောင့် ခက်ခဲနက်နဲသောနိဒါနသုတ်၊ မဟာသတိပဋ္ဌာနသုတ်ကို ယင်းတိုင်းတွင် ဟောခဲ့၏။ စရိယာအဋ္ဌကထာ နှာ–၂၄၅။ နောက်တစ်ကြိမ် ဤကျမ်းကို ကိုးကားလျှင် စရိယာ၊ ဋ္ဌ၊ ဟူ၍ ညွှန်းဆိုပါမည်။ ကုရုတိုင်းသည် ယခုခေတ် ထာနေသာဒီစကြိတ် ပတ်ဝန်းကျင်တွင် တည်ရှိပြီး မြို့တော်ဣန္ဒပတ္ထသည် ယခုခေတ် ဒေလီမြို့အနီးတွင်ရှိ၏။ (DPpN Vol I p,642)

၃၁။ ယင်းကိုကေကဟူ၍လည်းခေါ်သည်။ ကေကယဟူ၍လည်းခေါ်သည်။ (DPPN Vol, I P,662) ကေက၊ ကေကက၊ ကေကယ တို့သည် အမည်တစ်ခုတည်းမှကွဲသုံးရပ် ဖြစ်နိုင်သည်။

၃၂။ ဇာ၊ ဋ္ဌ၊ ၂၊ ၉၅–၆။

၃၃။ ၎င်း၊ ၃၊ ၂၅၅။

၃၄။ ၎င်း၊ ၅၊ ၃၃၅။

၃၅။ ဇာ၊ ဋ္ဌ၊ ၃၊ ၂၈၉။ ၎င်း၊ ၄၊ ၁၃၄။

ကောသလတိုင်းနှင့်စပ်လျဉ်း၍ ဤသို့ တွေ့ရပါသည်။

ကောသလ မင်းသားများနေထိုင်ရာဖြစ်၍ ကောသလတိုင်းဟုခေါ်၏။ (အံ၊ ၁၊ ၂၁၃) ယင်းဒေသသားတို့သည် အချင်းချင်းနှုတ်ဆက်ရာ၌ 'အချင်း' ကျန်းမာပါ၏လော(ကစ္စိ ဘောကုသလံ) ဟု သုံးစွဲလေ့ရှိ၍ ထိုဒေသနေတို့ကို ကုသလဟုခေါ်ပြီး အုပ်ချုပ်သူ မင်းသားများစိုးစံရာဖြစ်သောကြောင့် ကောသလဟုဝှင်၏။ (ဒီ၊ ဋ္ဌ၊ ၁၊ ၂၁၃) ဤတိုင်းသည် မာဂဓတိုင်း၏အနောက်မြောက်ဘက်တွင်ရှိပြီး အခြားတစ်ဖက်တွင် ကာသီတိုင်းရှိ၏။ မြို့တော်မှာ သာဝတ္ထိပြည်ဖြစ်၏။ ဤတိုင်း၏ တောင်ဘက်တွင် ဂင်္ဂါမြစ်၊အရှေ့ဘက်တွင် ဂန္ဓက်(Gandhak)၊မြောက်ဘက်တွင် တောင်တန်းများရှိသည်။ (BI 25)၊ အနောက်

ဘက်တွင် ဥတ္တရ ပဉ္စာလတိုင်း ရှိသည်ဟု ယူဆရသည်။ (ဗုဒ္ဓ၊ သာ၊ ဝင်၊ ကျမ်းလာ မြေပုံအရ ဖြစ်သည်။) ဘုရားရှင်သည် ကောသလတိုင်းသားဟု ယူဆရသည်။ (အံ၊ ၁၊ ၂၀၀၊ မ၊ ၂၊ ၃၂၆) သာကေတမြို့သည်လည်း ဤတိုင်း၏ မြို့တော် ဖြစ်ခဲ့ဖူး၏၊ (ဇာ၊ ဋ္ဌ၊ ၃၊ ၂၅၅) ဘုရားရှင်သည် ကောသလတိုင်း၌ တရားလှည့်လည်ဟောခဲ့ရာ ဝိနည်းသည် အများဆုံးဖြစ်သည်။ (DPPN Vol IP. 697) ဤတိုင်း၏ ယခုခေတ် နေရာကား မြောက်ဘက်တွင် ဗဟရာဣစဒီစတြိတ်၊ တောင်ဘက်တွင် သုလ်တာန်ပုရ်၊ အနောက်ဘက်တွင် ဗာရာဗင်္ကီနှင့် ဖေဇာဒီစတြိတ်၊ အရှေ့ဘက်တွင် ဂေါရက္ခပုရ်ဗဿိန့် အာဇာမဂရဇောနပုန္ဒရ်တို့ ဖြစ်ကြသည်။ (ဗုဒ္ဓ၊ သာ၊ဝင်၊ ၁၀၁)

၃၆။ ဇာ၊ ဋ္ဌ၊ ၁၊ ၄၁၉–၂၀။ ၃၇။ ၎င်း၊ ၃၅၆

ဂန္ဓာရတိုင်းနှင့်စပ်လျဉ်း၍ ဤသို့တွေ့ရသည်။ အိန္ဒိယနိုင်ငံအနောက်မြောက်ပိုင်း ကမ္ဗောဇတိုင်း၊ သိဝိတိုင်း၊ ကသ္မီရတိုင်း သုံးတိုင်းတို့၏ အကြားဌ တည်ရှိ၏။ ဘုရားရှင်၏ အထက်လက်ဝဲစွယ်တော်မြတ်ကိန်းဝပ်တည်ရာဖြစ်၏။ သာသနာပြု ကိုးတိုင်း ကိုးဌာနတွင်ပါဝင်၍ သာသနာနှစ် ၂၃၆ ခုနှစ်တွင် မဇ္ဈန္တိကမထေရ်ပါဠလိပုတ်ပြည်မှ ကောင်းကင်ခရီးဖြင့်ကြွတော်မူ၍ အာသိဝိသောပမသုတ်ကို ဟောတော်မူရာ တိုင်းလည်း ဖြစ်သည်။ (ဗုဒ္ဓ၊ သာ၊ ဝင်၊ ၁၃၆) ဗုဒ္ဓခေတ်တွင် ဂန္ဓာရတိုင်းတွင် ဟက္ကုသာတိမင်း အုပ်စိုး၏။ (မ၊ ဋ္ဌ၊ ၄၊ ၁၉၄) ဟက္ကုသာတိနှင့် မဂဓတိုင်းအချင် ဗိမ္ဗိသာရတို့သည် မဟာမိတ်ဖြစ်ကြပြီးနောက် တစ်ပြည်နှင့်တစ်ပြည် ကူးသန်းရောင်းဝယ်သောကုန်စည်များကို အခွန်ကင်းလွှတ်ခွင့်ပေးကြသည်။ ဟက္ကုသာတိမင်းက ဗိမ္ဗိသာရမင်းထံ လက်ဆောင်ပေးသော ကမ္ဗလာတို့သည် အဖိုးမဖြတ်နိုင်ဟု လည်းကောင်း၊ ဂန္ဓာရတိုင်းဖြစ် ဂမ္ဗလာနီဟုဆိုသဖြင့် ယင်းတိုင်းသည် ကမ္ဗလာကောင်းများထွက်ရာတိုင်းဟု ဆိုသင့်၏။ ဥပရိပဏ္ဏာသ အဋ္ဌကထာ၊ နှာ–၁၉၆။ နောက်တစ်ကြိမ် ဤ

ကျမ်းကို ကိုးကားလျှင် မ၊ ဋ္ဌ၊ ၄ ဟူ၍ ညွှန်းဆိုပါမည်။ သုတ္တန်ပါတ အဋ္ဌကထာ၊ သုတ္တန်၊ ဋ္ဌ၊ ၂၊ ၂၀၆။ ဇာ၊ ဋ္ဌ၊ ၇၊ ၂၆၈။ ဂန္ဓာရတိုင်းသည် ယခုခေတ် (Kandaher) ဖြစ်သည်။ အာဖဂန်နစ္စတန်ခရိုင်နှင့် အရှေ့ပန်ဂျပ် (Punjab) အနောက်မြောက်ပိုင်းပါဝင်၏။ (BI 28)

၃၇။ ဇာ၊ ဋ္ဌ၊ ၇၊ ၂၀၄–၇။

စေတတိုင်းနှင့်စပ်လျဉ်း၍ ဤသို့တွေ့ရပါသည်။ စစ်တိုက်မှုစသည်ကို လှုံ့လှုံ့ပြုတတ်သော အကြောင်းကိုစဉ်၍ စေတအမည်ရသော မင်းသားတို့နေထိုင်ရာ တိုင်းဖြစ်ခြင်းကြောင့်တည်း။ စေတတိုင်းကို မဒ္ဒတိုင်း သို့မဟုတ် ပဉ္စနဒ တိုင်းဟုလည်း ခေါ်၏။ မြို့တော်မှာ သာကလ ယခုမြို့အမည် သာလကောဋ္ဌ ဆေလကုတ်သိလာယကောဋ္ဌ ဖြစ်သည်။ ပဉ္စာပ (ပန်ဂျပ်) ပြည်နယ် အနောက်ပိုင်း တောင်စွန်းရောဝတီခေါ် ရာဝီမြစ်နှင့် ၊စန္ဒဘာဂါခေါ် ချီနပ်မြစ်တို့၏အတွင်း နယ်ပယ်မှာရှိ၏။ (ဗု၊ သာ၊ ဝင်၊ ၁၅၅–၇) မဒ္ဒတိုင်းသည် ဝေဿန္တရာမင်းကြီးမယ်တော် ဖုဿတီမိဖုရားကြီး၊ ကြင်ယာတော် မဒ္ဒီဒေဝီ၊ ကုသမင်း၏ကြင်ယာတော် ပဘာဝတီစသော ဣတ္ထိရတနာတို့ပြစ်ဆွန်းရာဘိုင်းဖြစ်သည်။ စေတတိုင်း၏ မူလအမည်သည် မဒ္ဒတိုင်း ဖြစ်သည်။ စေတတိုင်း မဒ္ဒရာဇ်ပြည်ဟူသော အသုံးမသင့်။ ခေမာဆေရီ၊ ဘဒ္ဒကဝိလာနီတေရီ၊ အပါဒါန်ပါဠိ၊ ကုသဇာတ်၊ အင်္ဂုတ္တရအဋ္ဌကထာ၊ မဟာကပ်ိန်ထေရဝတ္ထု တို့၌ မဒ္ဒတိုင်း သာကလပြည်ဟု တညီတညွတ်တည်းလာသည်။ (ဗု၊ သာ၊ ဝင် ၁၅၆–၇)။

၃၈။ ဇာ၊ ဋ္ဌ၊ ၃၊ ၄၃၁

စေတိယတိုင်းနှင့်စပ်လျဉ်း၍ ဤသို့တွေ့ရပါသည်။ စေတိယမင်းတို့အုပ်စိုးသောကြောင့် စေတိဘိုင်းဟု ခေါ်သည်။ (အ၊ ဋ္ဌ၊ ၃၊ ၂၂၅)။ စေတိယတိုင်းဟုလည်းခေါ်၏။ (ဒင်း၊ ၁၊ ၁၁၇)။ စေတိယတိုင်းတွင်လူမျိုးစုနှစ်စုရှိပြီး ရှေးကျသောလူမျိုးစုတို့မှာ တောင်

တန်းများပေါ်တွင်နေထိုင်ကြ၏။ ယခုခေတ်နိုပေါလ်ပြည်ဟု ယူဆရ၏။ နောက်တစ်အုပ်စုမှာ ယမုံနာမြစ်ကမ်းနားတွင် နေထိုင်ကြ၏။ ယခုခေတ် (Bundelkhand) ဟုယူဆရသည်။ (GEB P, 16)။ စေတိယဇာတ်လာ စေတိတိုင်းနှင့် ဝေဿန္တရဇာတ်လာ စေတိယတိုင်းတို့သည် တစ်တိုင်းတည်းမဟုတ်ကြပါ။ စေဒိ သို့မဟုတ် စေတိတိုင်းသည် ညီတစ်ဝမ်းကွဲ အနုဇဒ္ဓါမထေရ်မြတ်အား အရိယဝံသပဋိပဒါကို ဘုရားဟောတော်မူရာတိုင်းဖြစ်သည်။ စေတိယဇာတ်လာ စေတိတိုင်းကား မြို့တော် သောတ္ထိယဖြစ်ပြီး ကုရုတိုင်း ဟတ္ထိပုရမြို့မှ အနောက်ရာဇပုတာနာနယ်၏မြောက် ပဉ္စာပ် (ပန်ဂျပ်) အတွင်းမှာရှိသင့်သည်။ သဟဇာတိသည် စေတိတိုင်း၏ ရှေးမြို့တော်ဟောင်းဖြစ်ပြီး တည်ရာမှာ ခရိုင်နယ်ကေပုရ(ကပုရ်)အရှေ့တောင် သောဏမြစ်လက်တက် ကန္တာမြစ်အနီးဖြစ်၏။ (ဗု၊ သာ၊ဝင်၊ ၁၄၂–၃။

၃၉။ ဇာ၊ ဋ္ဌ၊ ၃၊ ၄၄၆–၇

ယင်းတို့နှင့်စပ်လျဉ်း၍ ဤသို့တွေ့ရပါသည်။ ဘဂ္ဂ တိုင်းသည် ဝေသာလီနှင့်သာဝတ္ထိပြည်တို့အ ကြားရှိ တိုင်းဖြစ်သည်။ မြို့တော်မှာ သံသုမာရဂိရဖြစ်သည်။ (အံ၊ ၂၊ ၂၆၁၊ ၄၆၁။) ကောသမ္ဗီဘုရင် ဥတေနမင်း၏သားတော် ဗောဓိဆုဇကုမာရသည် ခမည်းတော် သိမ်းသွင်းအောင်နိုင်ဆုဒေသ ဖြစ်ဟန်တူသော သံသုမာရဂိရတွင်နေထိုင်ခဲ့သည်။ ထို့ကြောင့်လည်း ကောသမ္ဗီ၏ လက်အောက်ခံ အဖြစ် သံသုမာရဂိရကို ဇော်ပြတတ်ပါသည်။ (DpPN Vol II J 345) ထို့ကြောင့် ဘဂ္ဂတိုင်းသည် တိုင်းကြီး ၁၆ တိုင်းတွင် မပါဝင်ခြင်းဖြစ်သည်ဟုယူဆရသည်။ ဘဂ္ဂတိုင်းသည် သက္ကတိုင်းကဲ့သို့ပင် ဂဏအုပ်ချုပ်ရေးစနစ်ကျင့်သုံးသည့် တိုင်းငယ်တစ်ခုဖြစ်သည်။ (AAHI p. 57)။ တေသကဋ္ဌမည်သော ဘီလူးမ နေထိုင်ရာဖြစ်ခြင်းကြောင့် ဤအမည်ကိုရသည်။ (DppN V0L I 393)

၄၀။ ဇာ၊ ဋ္ဌ၊၄၊ ၃၂၆။ ၄၁။ ၎င်း၊ ၄၊ ၄၅၇။

မဂဓတိုင်းနှင့်စပ်လျဉ်း၍ ဤသို့တွေ့ရပါသည်။ တိုင်းကြီး ၁၆၊ တိုင်းတွင်ပါဝင်၏။ (ထင်ရှားကျော် ကြားသောတိုင်းကြီးလေးတိုင်း

တွင်လည်း ပါဝင်၏။) (AAHI P. 57)။ ဗုဒ္ဓခေတ်မဂဓတိုင်းကို ဗိမ္ဗိသာရနှင့် ယင်းအားဆက်ခံသူ အဇာတသတ်တို့အုပ်ချုပ်ခဲ့သည်။ ထိုတိုင်း၏အရှေ့ဘက်၌ စမွာမြစ်၊တောင်ဘက်တွင် ဝိန္ဓျတောင်တန်း အနောက်ဘက်၌ သောဏမြစ်၊ မြောက်ဘက်၌ ဂင်္ဂါမြစ်တို့ ရှိကြ၏။ နေပြည်တော်မှာ ရာဇဂဟ (ဂိရိဗ္ဗဇ)ဖြစ်၏။ နောက်ပိုင်း၌ ပါဋလိပုတ်ဖြစ်လာ၏။ (BI 29)။ ဗုဒ္ဓခေတ် မဂဓတိုင်းသည် (အင်္ဂတိုင်း အပါအဝင်) ရွာပေါင်း ၈၀၀၀ ရှိပြီး ယူဇနာ ၃၀၀ ခန့် ကျယ်ဝန်း၏။ (BI 24) ဗုဒ္ဓခေတ်ဦးကပင် နိုင်ငံရေး၊ ကူးသန်းရောင်းဝယ်ရေးတို့၌ ဗဟိုအချက်အချာဖြစ်၍ အိန္ဒိယမြောက်ပိုင်းမှ မဂဓတိုင်းသို့ ကူးလူးလေ့ရှိကြပါသည် EB p. II)။ မြို့တော်ရာဇဂဟ ယခုခေတ်မြို့အမည် ရာဇဂိရိဟဋ္ဌ နှာ၊ ရှေးအရံမြို့အမည် နာလန္ဒာမြို့ ဖြစ်သည်။ (ဗု၊ သာ၊ ဝင် ၁၀၇)။

၆၂။ ဇာ၊ ဋ္ဌ၊ ၄၊ ၃၈၈။ ၄၃။ ဌင်း ၅၊ ၂၉၇

မလ္လတိုင်းနှင့်စပ်လျဉ်း၍ ဤသို့တွေ့ရပါသည်။ မလ္လလူမျိုးစုတို့ နေထိုင်ရာတိုင်းဖြစ်သည်။ ဗုဒ္ဓခေတ်ဘုင် ပါဝါနှင့် ကုသိနာရာဟူ၍ တိုင်းနှစ်ပိုင်းကဲ့လျက်ရှိ၏။ ပါဝါပြည်သားများကို ပါဝေယျကမလ္လာ၊ ကုသိနာရာပြည်သားများကို ကောသိနာရကာဟု ခေါ်၏။ ဘုရား ရှင်သည် နောက်ဆုံးဆုမ်း(ပစ္ဆိမဘတ္တ)ကို ဘုဉ်းပေးခဲ့၏။ ကုသိနာမှာ ဗုဒ္ဓပရိနိဗ္ဗာန်စံရာပြည် ဖြစ်သည်။ (DppN Vol I 543)။ ထို့ကြောင့် ပါဝါနှင့် ကုသိနာရာပြည်တို့သည် ဗုဒ္ဓစာပေတွင် ထင်ရှားလှသည်။ မလ္လတိုင်း၌ ဘုရားရှင်၏ ဥတုဇရုပ်ကလာပ်တော် တေဇောဓာတ် လောင်ရာ ကုဋ္ဌဗန္ဓနအရပ်ရှိသောကြောင့်လည်းကောင်း၊ ဘုရားရှင် သီတင်းသုံးတော်မူခဲ့ဖူးသည့် ဘောဂနဂရ၊ အနုပိယာနှင့် ဥရုဝေလ ကပ္ပတို့ ရှိခြင်းကြောင့် လည်းကောင်း၊ မလ္လတိုင်းသည် ထင်ရှားပါသည်။ မလ္လလူမျိုးတို့သည် ဂရိပြည့်ရှင်အလက်စန္ဒား၏ အိန္ဒိယကို နယ်ချဲ့တိုက်ခိုက်ရာ၌ Maiioi လူမျိုးဟု ဖော်ပြခြင်းခံရသော လူမျိုးစုတို့ ဖြစ်ဖွယ်ရှိသည်။ ထိုလူမျိုးစုတို့သည် စစ်မက်ရေးကိစ္စ လိုလားနှစ်ခြိုက်ကြပြီး တစ်ခါတွင် အလက်စန္ဒားဘုရင်၏တိုက်ခိုက်ခြင်းကိုပင်

ကောင်းစွာ ခုခံကာကွယ်နိုင်ခဲ့သည်။ ယင်းတို့ နေထိုင်ရာဒေသကား ပန်ဂျပ်နယ်အတွင်း သို့မဟုတ် အနီးအနားတွင် ဖြစ်သည်။ DPPN Vol II p. 454.

၄၄။ ကေကကို ရံခါတိုင်းဟူ၍ လည်းကောင်း၊ ရံခါမြို့ဟူ၍လည်း ကောင်း တွေ့ရပေရာ ဤ၌ မြို့ဟူ၍ တွေ့ရှိရပါသည်။

ဇာ၊ ဋ္ဌ၊ ၁၊ ၁၅၃။

သီဟိုဠ်၊ ယိုးဒယား၊ ထိုင်း၊ အင်္ဂလိပ် မူတို့၌ ကေကဟု ဖော်ပြပါသည်။

၄၅။ ၎င်း၊ ၁၊ ၃၇၈။

မဟိံသကတိုင်းနှင့်စပ်လျဉ်း၍ ဤသို့တွေ့ရပါသည်။ စန္ဒကတောင် အနီးရှိ ဘုရင့်တိုင်းဟု သခ်ပါလဇာတ်၌ ဖော်ပြကြောင်း မာလလဆေ ကရက ဆိုပါသည်။ (DPPN Vol II P. 582)။ ထိုအဆိုမသင့်ဟု ထင်ပါသည်။ သခ်ပါလဇာတ်တွင် မဟိံသကတိုင်းအတွင်းရှိ စန္ဒကတောင်ဟူ၍သာ ဖော်ပြပါသည်။ (ဇာ၊ ဋ္ဌ၊ ၅၊ ၁၇၃)။ မဟိံသကတိုင်းသည် မဟာဒေဝမထေရ်အမှူးရှိသောရဟန္တာအရှင်မြတ်ငါးပါးတို့ သာသနာပြုကြွသွားတော်မူ၍ ပုဂ္ဂိုလ်လေးသောင်းတို့ကို ရဟန်းပြုစေ၍ သာသနာတည်စေရာတိုင်းလည်း ဖြစ်သည်။ (ဗု၊ သာ၊ ဝင်၊ ၂၀၂)။

၄၆။ ဇာ၊ ဋ္ဌ၊ ၄၊ ၂၀

၄၇။ ၎င်း၊ ၄၊ ၃၇၆

ဝံသတိုင်းနှင့် စပ်လျဉ်း၍ ဤသို့တွေ့ရသည်။ ဝံသမျိုးနွယ်စုတို့ နေထိုင်ရာ တိုင်းဖြစ်သည်။ (DPPN Vol IIP. 798)။ ဝံသတိုင်း၏ တောင်ဘက်တွင် အဝန္တိတိုင်းရှိ၏။ (BI 327)။

၄၈။ ဇာ၊ ဋ္ဌ၊ ၂၊ ၃၀၁

၄၉။ ၎င်း၊ ၄၊ ၃၅၅

၅၀။ ၎င်း၊ ၃၊ ၃၄၄

၅၁။ ဇာ၊ ဋ္ဌ၊ ၁၊ ၁၅၄
၄၂။ ၎င်း၊ ၆၊ ၃၉
၅၃။ ၎င်း၊ ၆၊ ၁၂၀
၅၄။ ၎င်း၊ ၆၊ ၁၆၄

ဝိဒေဟတိုင်းနှင့်စပ်လျဉ်း၍ ဤသို့တွေ့ရပါသည်။ ဝိဒေဟတိုင်းသည် ဂနအုပ်ချုပ်ရေးနယ်ပယ်နှစ်ခုအနက် တစ်ခုဖြစ်၏။ မြို့တော်သည်မိထိလာဖြစ်၏။ ဂင်္ဂါမြစ်ကမ်းပေါ်တွင်ရှိပြီး မာဂဓတိုင်းနှင့် တစ်ဘက်တစ်ချက်ဖြစ်၏။ အနီးရှိမြို့များမှာ ကာသိနှင့်ကောသလတို့ ဖြစ်ကြသည်။ ကုန်စည်ကူးသန်းဆောင်းဝယ်ရာ ဗဟိုအချက်အချာဒေသဖြစ်၏။ သာဝတ္ထိမှ ကုန်သည်များ အဝတ်အထည်ဆောင်းရန် ဝိဒေဟသို့လာကြသည်။ (DPPN Vol 11 P, 879)။ ဝိဒေဟတိုင်း၏ တည်နေရာဌာနမှာ ဗီရ်ဟာနယ်မြောက်ပိုင်း ကောသိကီခေါ် ရုစိမြစ်အနောက်ဘက် ဒရဘင်္ဂစော်ဘွားပိုင် တေရဂုတ်နယ်အရှေ့ပိုင်းဖြစ်သည်။ ဝိဒေဟတိုင်းကို တိဂသုတ္တဟုလည်းကောင်း၊ နိစ္ဆဝိ ဟုလည်းကောင်း ခေါ်သေး၏။(ဗု၊ သာ၊ ဝင်၊ ၂၁၅-၇)။
၅၅။ ဇာ၊ ဋ္ဌ၊ ၄၂၀။ ၎င်း၊ ၅၊ ၂၂၁။ ၎င်း၊ ၆၊ ၂၆၅။
၅၆။ ၎င်း၊ ၇၊ ၂၄၂။

သိဝိတိုင်းနှင့်စပ်လျဉ်း ဤသို့တွေ့ရပါသည်။ သိဝိလူမျိုးများနေထိုင်ရာ တိုင်းနိုင်ငံဖြစ်သည်။ (DPpN Vol 11 P, 1154)။ သိဝိတိုင်းသည်အဝတ်အထည်ကောင်းထွက်ရှိရာဒေသဖြစ်ခြင်းကြောင့်လည်း ထင်ရှားကျော်ကြားသည်။ သီဝေယျကခေါ် သိဝိတိုင်းဖြစ်အထည်သက်နှံစုံကို ပဇ္ဇောတမင်းသည် မိမိကိုဆေးကုပေးသည့် ဇီဝက ဆရာအား ပူဇော်ကန်တော့ရာ ဇီဝက က ဘုရားရှင်အား ထပ်ဆင့်လှူဒါန်းသည်။ မဟာဝဂ္ဂပါဠိ (ဝိနယ)။ နှာ -၃၉၂။ နောက်တစ်ကြိမ် ဤကျမ်းကို ကိုးကားလျှင်၊ ဝိ၊ ၃ ၊ ဟူ၍ ညွှန်းဆိုပါမည်။

၅၇။ ဇာ၊ ဋ္ဌ၊ ၁၊ - ၄၁၇-၉

၅၀။ PALi–ENGLISH DICTIONARY P , 345/O
ဤကျမ်းကို နောက်တစ်ကြိမ် ကိုးကားပါသျှင် PED ဟူ၍ ဖော်ပြပါမည်။

၅၉။ ဇာ၊ ဋ္ဌ၊ ၄၊ ၄၁၂
သိဝိတိုင်းမြို့တော်၌ အရိဋ္ဌပူရကို ဧတေတ္တရဟုလည်း ခေါ်သည်။ အရိဋ္ဌပူရ၏ ယခုခေတ်မြို့အမည် သိဝိဖြစ်သည်။ ပန်ဂျပ်ပြည်နယ်အနောက်တောင်ဘက် ဖြိတိသျှပိုင်နှင့် တိုင်းရင်းသားပိုင်ဖြစ်သော ဗေလုစိဋ္ဌာ(ပလူကျိစ်ထာန်နယ်)အစပ်တောရကောဋ္ဌအရပ်တွင်ရှိ၏။ ဗု၊ သာ၊ ဝင်၊ နှာ-၁၂၀။
၆၀။ ဇာ၊ ဋ္ဌ၊ ၆၊ ၂၆၅
၆၁။ ၎င်း၊ ၁၊ ၁၂၇
၆၂။ ၎င်း၊ ၄၊ ၃၉၀

ဗုဒ္ဓခေတ် ဥဇ္ဇေနီမင်းမှာ စဏ္ဍပဇ္ဇောတ ဖြစ်သည်။ ဝိ၊ ၃၊ ၃၀၇ ဥဇ္ဇေနီမြို့ကို သီဟိဋ္ဌကျွန်းမှ အစ္စုတဂါမိအမတ်ကြီးတည်ထောင်သည်။ ဒီပဝံ၊ ၃၆။ ဥဇ္ဇေနီမြို့သည် မဟာကစ္စန၊ ဣသိဒါသိ၊ အာဘယမင်းသားနှင့် ၎င်း၏မယ်တော် ပဒုမဝတီတို့ မွေးဖွားရာဇဓာတိ ဖြစ်သည်။

အသောကမင်းကြီးသည် ခမည်းတော်၏အရိုက်အရာထိုးနှန်းကို မအောင်မြင်မီ ဥဇ္ဇေနီ၌ နှစ်ပေါင်းများစွာ အုပ်ချုပ်ခဲ့ပြီး ထိုကာလအတွင်း သမီးတော် သင်္ဃမိတ္တာနှင့် သားတော် မဟိန္ဒတို့ကို ဖွားမြင်ခဲ့ခြင်းဖြစ်သည်။ ဥဇ္ဇေနီ၏ ဂရိစ်အခေါ်မှာ Ozene ဖြစ်သည်။ မဟာဂေါဝိန္ဒသုတ်တွင် အဝန္တိတိုင်း၏ မြို့တော်ကို မဟေသယဟု ဖော်ပြသည်။ (DppN Vol. I. P. 345)
ဒီ၊ ၂၊ ၁၈၉

၆၃။ ဇာ၊ ဋ္ဌ၊ ၄၊ ၈၀

ဥတ္တရမဓုရသည် ယမုနာမြစ်ကမ်းပေါ်တွင် ရှိ၏။ မဓုရဟုလည်း ခေါ်သည်။ ဗိမ္မိသာရမင်း နတ်ရွာစံသောအခါ အဝန္တီပုတ္တ ဆက်လက်စိုးစံခဲ့သည်။ ဘီစီ သုံးရာစုခန့်တွင် မဓုရသည် ဂျိန်းဘာသာဝင်တို့၏ ဗဟိုအချက်အချာနေရာဖြစ်ခဲ့သည်။ သို့သော်လည်း တရုတ်ရဟန်းသည်များ ဖြစ်ကြသော Fa-Hsien နှင့် Hiouen Thsang တို့ ထိုအရပ်သို့ အလည်ရောက်ကြစဉ် ဗုဒ္ဓဘာသာနှောတော် အလွန်စည်ပင်ထွန်းကားကာ သံဃာရာမနှင့် ထူပါရုံစေတီများကို ဖူးတွေ့ခဲ့ရသည်ဆို၏။ မဓုရာကို တစ်ခါတစ်ရံတွင် ဥတ္တရမဓုရာဟူ၍လည်း ညွှန်းဆိုကြသည်။ ဒက္ခိဏာမဓုရာနှင့် ကဲ့ပြားစေရန်ဖြစ်သည်။ မဓုရာသည် ယခုခေတ် မထူရာ သို့မဟုတ် မုတ္တမမြို့၏ အရှေ့တောင်ဘက် မဟောလိပင် ဖြစ်၏။ (DPPN vol- II. P. 438-9)

အဝန္တိပုတ္တမင်းလက်ထက် မဟာကစ္စနသည် ဥတ္တရမဓုရရှိ ဂုန္ဓာဝန်ကျောင်းတွင် သီတင်းသုံးတော်မူခဲ့ပြီး အတော်လေး နှစ်ခြိုက်သဘောကျကြောင်း မဓုရသုတ်တွင်ပါရှိ၏။ မ၊ ၂၊၂၇၀ ၆၄။ ဇာ၊ ဋ္ဌ၊ ၁၊ ၄၁၅ ၆၅။ ဇာ၊ ဋ္ဌ၊ ၄၊ ၁၅၁၊ ၁၅၄

ကုသိနာရုံနှင့်စပ်လျဉ်း၍ ဤသို့တွေ့ရ၏။ မလ္လမင်းတို့၏ မြို့တော်ဖြစ်သည်။ **သမန်း**မြက်ကိုကိုင်စွဲသော ယောကျ်ားကို မြင်ရာအခါပင် တည်ထောင်သောကြောင့် ကုသိနာရ အမည်တွင်သည်။ **သီထက္ကန္ဒဂရအဘိနဝဋ္ဌီကာ**၊ နှာ ၃၇။ နောက်တစ်ကြိမ်ဤကျမ်းကို ကိုးကားလျှင်၊**သီ**၊ **ဋ္ဌ**၊ **သစ်**၊ ၁၊ ဟူ၍ ညွှန်းဆိုပါမည်။

ဗုဒ္ဓပရိနိဗ္ဗာန်စံရာမြို့ဖြစ်သည်။ မူလက တောအုပ်လယ်တွင် သစ်ခက်များဖြင့်မိုးထားသော အိမ်လေးများဖြင့် စတင်တည်ထောင်သော မြို့ငယ်လေးမျှသာဖြစ်သည်။ ထို့ကြောင့်ပင် ဘုရားရှင်က ထိုမြို့ကို ပရိနိဗ္ဗာန်စံအံ့ဟုမိန့်သောအခါ အရှင်အာနန္ဒာသည် မရွှင်မလန်းရှိခဲ့ရသည်။ ဘုရားရှင်က မဟာသုဒဿနသုတ်ကို ဟောတော်မူလျက် ထိုမြို့သည် ရှေးက ကုသာဝတီအမည်နှင့် မဟာသုဒဿန

မင်းကြီး စိုးစံခဲ့ရာမြို့တော်ကြီးဖြစ်ခဲ့ကြောင်း ညွှန်ပြခဲ့သည်။ ဘုရားရှင်သည် ရာဇဂဟမှ ကုသိနာရာသို့ ကြွမြန်းရာခရီးတစ်လျောက်တွင် နေရာအမျိုးမျိုး၌ ရပ်နာတော်မူခဲ့ပြီး နောက်ဆုံး မလ္လမင်းတို့အလေးအမြတ်ပြုရာ မကုဋဗန္ဓန အရပ်ဘွင် ပရိနိဗ္ဗာန် ပြုတော်မူသည်။ (ဒီ၊ ၂၊ ၁၁၆–၁၂၁) ထို့ကြောင့် မြင့်မြတ်သည့်လေးဌာနတွင် တစ်ဌာနအပါအဝင်ဖြစ်ခဲ့သည်။ အခြား သုံးဌာနကား၊ ကပိလဝတ်၊ ဗုဒ္ဓဂယာနှင့် ဣသိပတ္တနတို့ဖြစ်ကြသည်။ (DPPN VOL I P.654)

၂။ ကုသိနာရာသည် ဗန္ဓုလနှင့် ကြင်ယာတော် မလ္လိကာတို့၏ ဖွားချင်းတိုင်ဖြစ်၏။ ဓမ္မပဒအဋ္ဌကထာ နှာ ၂၁၅၊ ၂၂၂။ နောက်တစ်ကြိမ်ဤကျမ်းကို ကိုးကားလျှင်၊ ဓမ္မ၊ ဋ္ဌ၊ ၁၊ ဟူ၍ ညွှန်းဆိုပါမည်။

ကုသိနာရာသည် ရှေးက တာလိဿရနှင့် မင်း ၁၂ ပါးတို့၏ မြို့တော်လည်း ဖြစ်ခဲ့သည်။ ကုသိနာရုံမြို့နေရာကို ယခုခေတ် ဂေါရက်ခ်ပုရ်ခရိုင်အရှေ့ဘက်ရှိ ရပဲ(ပ်)တီမြစ်နှင့် ဂန်ဒက်(ခ်)မြစ်ယံတို့ဆုံရာ Koria ရွာဟူ၍လည်းကောင်း၊ (DPPN vol I 655) ယင်းရွာ၏ အနောက် တစ်မိုင် ခန့်ရှိ ဗိရွန်ပုရ ရွာငယ်ဟူ၍လည်းကောင်း (ဗု၊ သာ၊ ဝင်၊ နှာ ၁၉၃) မြောက်ဘက် တစ်မိုင်ခန့် အရပ်ရှိ (Matha Kunwar) ဟူ၍လည်းကောင်း (BUDDHIST SHRINES IN INDA) P. 93။ နောက်တစ်ကြိမ် ဤကျမ်းကို ကိုးကားလျှင်– (BSI) ဟူ၍ ညွှန်းဆိုပါမည်။) ခန့်မှန်းကြပါသည်။

၆၆။ ဇာ၊ ဋ္ဌ၊ ၄၊ ၂၀၊ ၅၅၊ ၃၉၂ ၆၇။ ဇာ၊ ဋ္ဌ၊ ၂၊ ၂၆၆ ၆၈။ ဇာ၊ ဋ္ဌ၊ ၄၊ ၃၇၆

ကောသမ္ဗီနှင့်စပ်လျဉ်း၍ ဤသို့တွေ့ရပါသည်။

ကောသမ္ဗီသည် ဗုဒ္ဓခေတ်တွင် အလွန်အရေးပါသော မြို့တစ်မြို့အဖြစ် ထင်ရှားသည်။ ရှင်အာနန္ဒာက ဘုရားရှင်အား ပရိနိဗ္ဗာန်စံရန် သင့်တော်သည့်မြို့များကို လျှောက်ထားရာတွင် တစ်မြို့အပါ

အဝင်ဖြစ်သည်။ (ဒီ၊ ၂၊ ၁၂၁) မြို့တော်သည် ရေကြောင်းလမ်း အတိုင်းဆိုပါက ဗာရာဏသီမှ ယူဇနာ ၃၀ ကွာသည်။ (အံ၊ ၆၊ ၁၊ ၂၃၇) ဘုရားရှင်သည် ကောမ်ဗြိုရှိ သီသဝါဝနတွင် တစ်ခါက သီဘင်းသုံးတော်မူခဲ့သည်။ (သံ၊ ၅၊ ၃၇၃) ပထမသင်္ဂါယနာအပြီး တွင် မဟာကစ္စာန အရှင်သူမြတ်သည် ကောသမ်ဗီအနီး တောအုပ် တစ်ခုတွင် သီတင်းသုံးခဲ့ဖူးသည်။ **ပေဝတ္ထုအဋ္ဌကထာ**၊ နှာ ၁၃၁။ နောက်တစ်ကြိမ် ဤကျမ်းကို ကိုးကားလျှင် **ပေဋ** ဟူ၍ ညွှန်းဆို ပါမည်။ ကောသမ်ဗီဥဒေါ်ရှားသော ကျောင်းကြီးလေးကျောင်းရှိရာ ယင်းတို့မှာ ကုက္ကုဋ္ဌာရုံ၊ ဃောသိတာရုံ၊ ပါဝါရိကမ္မဝနနှင့် ဗဒရိကာရုံ ကျောင်းတိုက်တို့ ဖြစ်ကြသည်။ (သံ၊ ၂၊ ၁၀၃၊ ဇာ၊ ၆၊ ၁၊ ၁၇၇)။

ကောသမ်ဗီ၌ ဘုရားရှင် သီတင်းသုံးစဉ်ကာလ၌ပင် သံဃာချင်း ကွဲပြားကာ အဓိကရဏ်းတစ်ခု ဖြစ်ခဲ့ရာ ဘုရားရှင် အကြိမ်ကြိမ် သွန်သင်ဆုံးမသည်ကိုပင် မနာယူဘဲ ရှိကြသဖြင့် ပါရိုလေယျက တောအုပ်သို့ကွဲသွားတော်မူခဲ့ရသည်။ ဝိ၊ ၃၊ ၄၈၀–၅၀၁။ ကုသမ္ဗရသေ့ကြီး၏ ကျောင်းသင်ခန်းအနီးတွင် မြို့တည်တော်ခဲ့သော ကြောင့်လည်းကောင်း၊ (**သာရတ္ထ**၊ ၂၊၊ ၃၃၈) ကောသမ်ဗီမြို့တွင်း နှင့် ပတ်ဝန်းကျင်တွင် ကြို့ပင်များစွာ ပေါက်ရောက်သောကြောင့် လည်းကောင်း **ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ**၊ နှာ–၁၈၅။

ကောသမ်ဗီဟုခေါ်သည်။ ထို့အဆိုနှစ်ခုအနက် ပထမအဆိုကို လက်ခံသင့်ကြောင်း မာလာလ ဆေကရက ဆွေးနွေးထားပါသည်။ (DPPN VOL, I P, 694) နောက်တစ်ကြိမ် ဤကျမ်းကို ကိုးကားလျှင်၊ ပဋိသံ၊ ၌၊ ၂၊ဟူ၍ ညွှန်းဆိုပါမည်။

တောင်ဘက်နှင့်အနောက်ဘက်အရပ်တို့မှကောသလနှင့် မဂဓ တိုင်းတို့သို့ ကုန်ရောင်းကုန်ဝယ်လာကြသော ကုန်သည်တို့အတွက် ရပ်နားရန်အရေးပါဆုံးမြို့ဖြစ်သည်။ ကောသမ်ဗီ၌ ဗုဒ္ဓခေတ်ပြည့်ချင်မင်းမှာ ပရန္တပဖြစ်သည်။ ၎င်းကွယ်လွန်သောအခါ သားတော် ဥဒေန ဆက်လက် အုပ်ချုပ်သည်။ သံယုတ္တနိကာယ်ကျမ်းတွင်

ကောသမ်ဗီမြို့သည် ဂင်္ဂါကမ်း၌ရှိသည်ဟု ပြဆိုထားသည်။ ထို့အဆိုမှာ မှားယင်းဖော်ပြမှုသော် လည်းကောင်း၊ ဂင်္ဂါမြစ်ကို ညွှန်းဆိုခြင်း မဟုတ်ဘဲ ယမုနာမြစ်ကိုညွှန်းဆိုခြင်းသော် လည်းကောင်း ဖြစ်ဖွယ် ရှိသည်။

(DppN VOL. I p. 692 – 694)

ကောသမ်ဗီသည် အလ္လဟာဗဒ်မြို့အနီး အနောက်ဘက်မိုင် (၉၀) ခန့် အကွာရှိ ကောသမ်ဗီရွာနှစ်ရွာဖြစ်သည်ဟု မှန်းဆကြသည်။ (Ancient Geography of India p 448)။ နောက်တစ်ကြိမ် ဤကျမ်းကို ကိုးကားလျှင် (AGI) ဟု ညွှန်းဆိုပါမည်။

၆၉။ ဇာ၊ ၆၊ ၇၊ ၂၄၂

၇၀။ ၎င်း၊ ၇၊ ၂၄၀

၇၁။ ဇာ၊ ၆၊ ၇၅၆ ၇၂။ ၎င်း၊ ၂၊ ၃၂၄ ၎င်း၊ ၃၊ ၃၂၂ ၎င်း၊ ၄၊ ၉၇ ၎င်း၊ ၅၊ ၁၇၂ ၇၃။ ၎င်း၊ ၂၊ ၁၉၉

ပါဟိယန်၏ ခရီးစဉ်ကျမ်းဘင်္ကား ရှေးအခါက အလောင်းတော် သည် တရားမြို့တော်၌ ခေါင်းကိုဖြတ်၍ အလှူခံတို့အား လှူဖူးသည် ကို စဉ်း၍ တရာဂိရဟု အမည်တွင်သည်ဟုဆို၏။ တိ၊ ပိ၊ ၉၊ ၃၀။

ဂန္ဓာရတိုင်း၏ မြို့တော်ဖြစ်သည်။ ပညာသင်ကြားရေးနှင့် စပ်လျဉ်း၍ အမြဲဖော်ပြလေ့ရှိသောမြို့ဖြစ်သည်။ ဇာတကဋ္ဌကထာ ကျမ်းတွင် ပါလေ့ရှိသော ဗုဒ္ဓခေတ်မတိုင်မီ စာသင်ကြားရာ ဗဟို ဌာနတစ်ခုဖြစ်သည်။ သမားတော်ကြီးဇီဝက အဝန်တို့ပြည့်ရှင်ဓမ္မပါလ၊ အင်္ဂုလိမာလ၊ ပသေနဒိကောသလမင်း၊ ဗန္ဓုလမင်းသား၊ နန္ဒပဏ္ဍား၊ ဘာရဒ္ဒါဇ ယသဒတ္တနှင့် ဇာတကဋ္ဌကထာကျမ်းပါ ပဉ္စါဝုဓမင်းသား၊ ဗြဟ္မဒတ်မင်းသား၊သေတကေတုလုလင်စသည့်ပုဂ္ဂိုလ်များ ပညာဆည်း ပူးရာမြို့တော်ဖြစ်သည်။ပသေနဒိကောသလမင်း၊ လိစ္ဆဝီခေါင်းဆောင် မဟာလိမလ္လမင်းသား ဗန္ဓုလတို့သည်တက္ကသိုလ်ပြည်ကျောင်းနေဘက် များ ဖြစ်ကြသည်။ ဒီပဝံသကျမ်းအလိုအရ ဒီဟင်္ဂရမှ ဆင်းသက် လာသော မင်း ၁၂ ပါးသည် တက္ကသိုလ်ကို အောင်မြင်အုပ်စိုးခဲ့သည် ဆို၏။ အသောကမင်း ကျောက်ဆောင်စာနှစ်အရ တက္ကသိုလ်ပြည်

ဂန္ဓာရတိုင်း၏ အရေးပါသော မြို့တစ်မြို့ဖြစ်ပြီး ကုမာရမင်းသား တစ်ပါး အုပ်စိုးစေသည်ဟု သိရ၏။ အသောကမင်းလက်ထက် ထိုမြို့၌ သူပုန်ထရာ သားတော်ကုနာလကို သွားရောက်နှိမ်နင်းစေရသည်။ တက္ကသိုလ်မြို့ဟောင်းသည် အိန္ဒိယနယ်မြေ ပန်ဂျပ်နယ်အတွင်း ရာဝလပိဏ္ဍိမြို့မှ အနောက်မြောက် မိုင် ၂၀၊ အိန္ဒိယမြို့တော် နယူးဒေလီမှ ၎၇၇မိုင်ကွာဝေးသောအရပ်ရှိ ယခုခေတ် Cheek– Taxila ဖြစ်သည်။

(DPPN vol. I.P. 982 – 3)

တက္ကသိုလ်ပြည်ပညာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ဗဟိုအချက်အချာကျသော မြို့ဖြစ်ပြီး အိန္ဒိယအနှံ့ ပို့နှံ့စေရာမြို့လည်းဖြစ်သည်။ ဝေးလံသော ဒေသများမှ ခရီးကြမ်းအဖုံဖုံကို ဖြတ်ကျော်လျက် အိန္ဒိယ၏ အကြီးမားဆုံး ပညာသင်ကြားရာဌာနကြီးသို့ လာရောက်ပညာသင်ကြသည်။ ပါရှားအင်ပါယာကြီး တန်ခိုးအာဏာ အမြင့်မားဆုံးကာလတွင် ပါရှားတို့၏လက်အောက်ခံ ဖြစ်ခဲ့ဖူးသည်။ ဘီစီ ၃၂၆ အလက်ဇန္ဒားဘုရင်ကြီး အိန္ဒိယကိုသိမ်းပိုက်ရာတွင် တက္ကသိုလ်ပြည် လက်အောက်ခံဖြစ်ခဲ့ရပြီး ထိုသို့လက်အောက်ခံ ဖြစ်ရခြင်းကြောင့်ပင် ကမ္ဘာကျော်ဖြစ်ခဲ့လေသည်။ ထိုစဉ် တက္ကသိုလ်ပြည်ရှင် အမ္ဘိမင်းသည် အလက်ဇန္ဒား၏ စစ်ရေးစစ်ရာတွင် မိမိတပ်များဖြင့် ကူညီခဲ့သေးသည်။ မောရိယပြည့်ရှင် စန္ဒကုတ်လက်အောက် ကျရောက်ခဲ့စဉ် အိမ်ရှေ့ဥပဇ္ဈာအသောက သူပုန်ရန် နှိမ်နင်းခဲ့ရလေသည်။ ပထမ အာဇာတ်(A Sez I)လည်း တက္ကသိုလ်ကိုအုပ်ချုပ်ခဲ့ဖူး၏။ များမကြာမီ အုပ်ချုပ်သော Godopharnes မင်းသည် Arehosiaနိုင်ငံနှင့် ပူးပေါင်းအုပ်စိုးခဲ့သည်။ ကုသျန်မင်းတို့ ၆၀ နှင့် ၆၄ အေဒီအတွင်း တက္ကသိုလ်ကို သိမ်းပိုက်ခဲ့ကြဖူးသည်။ ကုသျန်မင်းဆက် ဒုတိယ အသောကဟုတွင်သော ကနိသျကမင်းကြီး နှစ်ရာစု အေဒီ၌ တက္ကသိုလ်ကိုအုပ်စိုးစဉ် ပုဒ္ဓသာသနာကို ကြည်ညိုလှသဖြင့် သာသနာ့အရေးကို ချီးမြှောက်အားပေးခဲ့လေသည်။ (B S I P.P.224–5)

ဇာ၊ ၄၊ ၂၊ ၁၄၂

ပါဠလိနှင့် စပ်လျဉ်း၍ ဤသို့တွေ့ရပါသည်။ မဂဓတိုင်း၏မြို့တော် ဖြစ်ပြီး စောစောပိုင်းက ရွာမျှသာဖြစ်သည်။ ဘုရားရှင်က ပါဠလိဂါမ ရွာသည် အလွန်ကြီးကျယ်သော မြို့ကြီးဖြစ်လာပြီးနောက် ရေမီးတို့ဖြင့်လည်းကောင်း၊ အချင်းချင်းပို့ကဲခြင်းဖြင့် လည်းကောင်း၊ ပျက်စီးလိမ့်မည်ဟု ဗျာဒိတ်ပေးတော်မူသည်။ ပါဠလိပုတ်မြို့တော် ဟူ၍ ဖြစ်လာသည့်ကာလအပိုင်းအခြားကိုမူ တိတိကျကျ မသိရပေ။ ဒီ ၂၊ ၇၄။

အဇာတသတ်၏ အမတ်ကြီးများဖြစ်ကြသော သုနီတနှင့် ဝဿကာရအမတ်ကြီးတို့သည် ဝတ်ဇီရန်မှ ကာကွယ်ရန် ခံတပ်ကြီးများ တည်ဆောက်ရာ၌ ပါဝင်ကူညီခဲ့ကြသည်။ ဒီ၊ ၂၊ ၇၄။

ကာလာသောကမင်းလက်ထက်တွင် မြို့တော်ကို ရွှေ့သည်။ ဂျိန်းတို့ကမူ အဇာတသတ်၏သားတော် ဥဒါယိလက်ထက်တွင် ရွှေ့သည်ဟု ဆို၏။ နောက်အဆိုသည် မှန်ဖွယ်ရှိ၏။ အသောကမင်းကြီးလက်ထက်တွင် ပါဠလိမြို့တော်သည် ကြီးကျယ်ခမ်းနားလှ၏။ မြို့တော်ကို ဂရိစာဆာဖြင့် Palibothra ဟု ခေါ်၏။ ပါဠလိ၌ အခိုင်အတန်ကြာနေခဲ့သော Megasthenc ဂရိစံသံအမတ်ကြီးကမြို့တော်အကြောင်းကို ကျယ်ပြန့်စွာရေးသားထား၏။ ဂုတ္တ(Gupta) မင်းဆက် လေးရာစုမှ ခြောက်ရာစု အေဒီအတွင်းဝယ် မြို့တော်အဖြစ် ဆက်လက်တည်တံ့ခဲ့ဟန်တူ၏။ ကိုပုပ္ဖပုရဟု လည်းကောင်း၊ ကုသမပုရဟု လည်းကောင်း ခေါ်ကြသေး၏။ ဘုရားရှင်၏ ရေအိုးနှင့် ခါးပန်းတော်မှ ထိုမြို့၌ ရှိသဖြင့် ထင်ရှားပါသည်။ ပါဠလိယခုခေတ်တည်နေရာမှာ patta အနီးတွင် ဖြစ်သည်(DppN VOL 11 P 78–9)

မြို့ပန္နက်ချသောနေ့တွင် သခွတ်မင်ပျိုလေးများ ပေါက်သောကြောင့် ပါဠလိဂါမဟု ခေါ်သည်။ အဇာတသတ်မင်းနှင့် လိစ္ဆဝီမင်းသားတို့၏ နောက်လိုက်တို့သည် မြို့တည်သောနေ့တွင် ဆောက်လာကြပြီး ရွာသူရွာသားတို့ကို နှင်ထုတ်ကြ၍ အတင်းအဓမ္မဝင်ဆောက်နေထိုင်ကြသည်။ ရွာအလယ်တွင် အ ဆောက် အ အုံကြီး တစ်ခု

၈၅။ ၎င်း၊ ၅၊ ၁၈၉
၈၆။ ၎င်း၊ ၅၊ ၃၃၂
၈၇။ ၎င်း၊ ၇၊ ၇၃
၈၈။ ၎င်း၊ ၎၊ ၁၂၂
၈၉။ ၎င်း၊ ၎၊ ၁၆
၉၀။ ၎င်း၊ ၅၊ ၅၅

ဗာရာဏသီပြည်နှင့်စပ်လျဉ်း၍ ဤသို့တွေ့ရပါသည်။ ဗာရာဏသီပြည်သည် ကာသိတိုင်း၏ မြို့တော်ဖြစ်သည်။ ဗုဒ္ဓဆိုင်ရာ ရှေးဦးမြို့တော် လေးမြို့အနက် တစ်မြို့ဖြစ်သည်။ အခြားမြို့များမှာ ကပိလဝတ္ထု၊ ဗုဒ္ဓဂယာနှင့် ကုသိနာရုတို့ ဖြစ်ကြ၏။ ဗာရာဏသီပြည်အနီး ဣသိပတနအရပ်ရှိ မိဂဒါယတောတွင် ပဉ္စဝဂ္ဂိငါးဦးကို ရှေးဦးတရား (ဓမ္မစက္ကာ) ဟောတော်မူသည်။ ဒီ၊ ၂၊ ၁၈၉။

ဗာရာဏသီပြည်သည် ကူးသန်းရောင်းဝယ်ရေးနှင့် စီးပွားရေးအချက်အချာ မြို့ဖြစ်၏။ ဗာရာဏသီနှင့် သာဝတ္ထိသည် တိုက်ရိုက်ကူးသန်းရောင်းဝယ်လေ့ရှိကြသည်။ (DPPN. vol 11 p 275)

ဗာရာဏသီတွင် တက္ကသိုလ်တက် နှစ်ပေါင်းရင့်သောင်း ကြာရှည်သောတက္ကသိုလ်များရှိဟန်တူ၏။ သခ်ၤါသားသုသိမသည် တက္ကသိုလ်မှဗာရာဏသီသို့ ပညာသင်သွားခဲ့ဖူးသည်။ ဓမ္မပဒအဋ္ဌကထာ၊ ဒုတိယတဲ့၊ နှာ–၂၇၀။ နောက်တစ်ကြိမ် ဤကျမ်းကိုကိုးကားလျှင် ဓမ္မ၊ ဋ္ဌ၊ ၂၊ ဟူ၍ညွှန်းဆိုပါမည်။

ဗာရာဏသီကို ရေဏုမင်းကြီး၏အမတ် မဟာဂေါဒှ တည်ထောင်၏။ ဒီ၊ ၂၊ ၁၈၉။

ဗုဒ္ဓခေတ်တွင် ဗာရာဏသီသည် နိုင်ငံရေးအရ ကျဆင်းခဲ့ရသည်။ အဇာတသတ်မင်းလက်အောက်သို့ ရောက်ခဲ့ရသည်။ ဒီ၊ ၁၊ ၂၁၇။ အံ၊ ၃၊ ၃၀၃။

အာနန္ဒာက ဘုရားရှင်ကို ပရိနိဗ္ဗာန်စံသင့်သည့် မြို့ကြီးများလျှောက်ထားသည့်စာရင်း၌ ထည့်သွင်းခြင်းခံခဲ့ရသည့် မြို့ဖြစ်၏။ ဒီ၊ ၂၊ ၁၂၁။

ဆောက်၍ မင်းညီမင်းသားနှင့် အခြားအဆင့် ပု ဂ္ဂိုလ် များတို့၏ မိသားစုများ စုဝေါင်းနေထိုင်ရန် အခန်းများစွာ ခွဲထားကြသည်။ ဘုရားရှင်သည် မြို့တည်ထောင်ပြီးစီးသည့် နေ့တွင်ပင် ကြွတော်မူလာရာ ရွာသူရွာသားတို့က တစ်ညတာမျှ သီတင်းသုံးရန် လျှောက်ထားခဲ့ကြဖူးလေသည်။ ဥဒါနပါဠိ၊ နှာ–၁၀၆–၇။ အဋ္ဌကထာ၊ နှာ ၃၆၇–၈။ နောက်တစ်ကြိမ် ဤကျမ်းကိုကိုးကားလျှင် ဥဒါန၊ ဟူ၍ ညွှန်းဆိုပါမည်။

၇၄။ ဇာ၊ ဋ္ဌ၊ ၁၊ ၅၂၊ ၉၄၊ ၁၀၀ စသည်
၎င်း၊ ၂၊ ၆၊ ၉၊ ၁၂ စသည်
၎င်း၊ ၃၊ ၈၊ ၁၂၊ ၁၄၊ ၁၇ စသည်
၎င်း၊ ၄၊ ၁၊ ၇၊ ၁၆၊ ၂၂ စသည်
၎င်း၊ ၅၊ ၁၀၉၊ ၃၃၂ စသည်
၎င်း၊ ၆၊ ၁၊ ၉၁
၎င်း၊ ၆၊ ၁၀၊ ၁၁၅၊ ၁၅၁၊ ၁၅၁
၎င်း၊ ၆၊ ၁၊ ၉၃
၎င်း၊ ၇၊ ၂၊ ၉၊ ၂၃၊ ၁၅၁
၇၅။ ၎င်း၊ ၁၊ ၁၄၁၊ ၂၇၈
၎င်း၊ ၃၊ ၃၆၉
၇၆။ ၎င်း၊ ၂၊ ၁၆
၎င်း၊ ၇၊ ၅၀
၇၇။ ၎င်း၊ ၄၊ ၄၆၀
၇၈။ ၎င်း၊ ၄၊ ၁၀၆
၇၉။ ၎င်း၊ ၇၊ ၂၄၃၊ ဒီ၊ ၂၊ ၃
ဇာ၊ ဋ္ဌ၊ ၂၊ ၁၈၄
ထေရ၊ ဋ္ဌ၊ ၁၁၉၀
၈၀။ ၎င်း၊ ၃၊ ၃၇၉
၈၁။ ဇာ၊ ဋ္ဌ၊ ၁၊ ၂၇၉။
၈၂။ ဇာ၊ ဋ္ဌ၊ ၂၊ ၃၁၂
၈၃။ ၎င်း၊ ၅၊ ၃၃၄
၈၄။ ၎င်း၊ ၄၊ ၁၀၆

ယသ သတ္တိသား၏ ဇာတိဖြစ်၏။ ဝိ၊ ၃၊ ၂၁၊ ဝ ၄၊ ၄၉၁။

ဗာရာဏသီနှင့် အသိမြစ် နှစ်စင်းအကြား တည်ရှိသဖြင့် ဗာရာဏသီ အမည် ရဟန်းရှိသည်။ (AGI P , 499)

၉၁။ ဇာ၊ ဋ္ဌ၊ ၄၊ ၃၅၅။
၉၂။ ၎င်း၊ ၆၊ ၁၁၃။
၉၅။ ၎င်း၊ ၆၊ ၁၆၄။

၉၄။ ၎င်း၊ ၂၊ ၃၀၁။
၉၄။ ၎င်း၊ ၄၊ ၃၁၆။
၎င်း၊ ၃၊ ၃၄၄။

မိထိလာမြို့သည် ဝိဒေဟတိုင်း၏ မြို့တော်ဖြစ်သည်။ ရှေးကျသော မြို့တစ်မြို့ဖြစ်သည်။ မဟာဂေါဝိန္ဒသုတ်စသော ၎င်းကြီး၏ အမတ် ပဟာဂေါင်္ဂတည်ထောင်ခဲ့သည်ဟု ပါရှိသည်။ ဒီ၊ ၂၊ ၁၈၃ မဃဒေဝမင်းကြီးနှင့် ရှစ်သောင်းလေးထောင်သော မင်းတို့ စိုးစံခဲ့ရာ မြို့တော်ဖြစ်သည်။ မ၊ ၂၊ ၂၆၅

ရာမာယဏကျမ်းတွင် မိထိလာပြည် ဇနကမင်းကြီး စိုးစံရာ ဖြစ်သောကြောင့် အလွန်ထင်ရှားကြောင်း ဖော်ပြသည်။ (DPPN vol II P . 635)

မိထိလာသည် နီပေါနယ်စပ် Mazaffar Pur နှင့် Darbanga တို့ဆုံရာ ကုန်ပုံမြို့နယ်ဖြစ်သည်။ (AGI 718)

၉၆။ ဇာ၊ ဋ္ဌ၊ ၁၊ ၄၆၆ ၉၇။ ၎င်း၊ ၁၊ ၄၇၀
၉၈။ ၎င်း၊ ၅၊ ၁၇၂ ၉၉။ ၎င်း၊ ၅၊ ၁၇၂

ရာဇဂြိုဟ်ကို ရာဇဂဟဟုလည်းခေါ်၏။ မဂဓတိုင်း၏မြို့တော်ဖြစ်သည်။ မဒ္ဒာတ်စကြာမင်း မဟာဂေါဝိန္ဒအစဉ်ဆက် ၎င်းတို့နေပြည်တော်အဖြစ် သိမ်းပိုက်အပ်သောကြောင့် ရာဇဂြိုဟ်ဟုခေါ်သည်။ ဒီ၊ ဋ္ဌ၊ ၁၊ ၁၂၂။ ဒီ၊ ၂ဋ္ဌ၊ ၁၊ ၂၀၈။

ရာဇဂဟဟူသောအမည်နှင့် မင်းနေပြည်တော်နှစ်ခုရှိရာ တစ်ခုမှာ တောင်ပတ်လည်ဝန်းရံ နေသည်ကို၎င်း ဂိရိဗ္ဗဇဟုခေါ်သော ရာဇဂြိုဟ် နေပြည်တော်ဟောင်းဖြစ်သည်။ မဟာဂေါဝိန္ဒတည်ထောင်ခဲ့သောမြို့ဖြစ်၏။ ၎င်းမြို့နှင့်နေနီးမဝေးတောင်ခြေတွင် ဗိမ္ဗိသာရမင်း တည်ထားခဲ့သော ရာဇဂြိုဟ်မြို့သစ်ရှိ၏။ ယင်းမြို့သစ်သည် ဒုဒ္ဓလက်

ထက်တွင်ကြီးကျယ်ထင်ရှားပါသည်။ ကာလာသောကမင်းလက်ထက် နေပြည်တော်သည် ပါဋလိပုတ် ယခု Patna ဖြစ်သည်။

မြို့ရိုးတံတိုင်းများဖြင့် ဝန်းရံထားပြီး ပင်မတံခါးကြီး ၃၂ ပေါက်၊ ကံခါငယ် ၆၇ ပေါက်ရှိသည်။ ဒီ၊ ဋ္ဌ ၊ ၁၊ ၁၃၇။ မြို့ဟောင်း မြို့သစ်နှစ်ခုလုံး၏ အကာအရံ တံတိုင်းဟောင်းတို့ကို ယခုတိုင်တွေ့နိုင်ပေသေးသည်။ (BIP 57) အိန္ဒိယရှိ ရှေးအကျဆုံးမြို့တစ်မြို့ဖြစ်သည်။ ရာမာယဏကာဗျကျမ်းအရ ဝသုမင်းကြီး စတင်တည်ထောင်၍ ဝသုမတီခေါ်သည်။ အင်အားကြီးမားလှသော မဂဓတိုင်းနိုင်ငံ၏ မြို့တော်ဖြစ်သောကြောင့် လည်းကောင်း၊ ချမ်းသာကြွယ်ဝမှုနှင့် ခမ်းနားမှုတို့ကြောင့်လည်းကောင်း အိန္ဒိယတွင်ထင်ရှားကျော်ကြားခဲ့သည်။ (BSI P. 131)

၁၀၀။ ဇာ၊ ဋ္ဌ၊ ၃၊ ၄၄၆။

ရောရုဝမြို့နှင့်စပ်လျဉ်း၍ ဤသို့တွေ့ရပါသည်။ ရောရုဝကို ရောရုကဟုလည်း ခေါ်သည်။ သောပိရတိုင်း၏ မြို့တော်ဖြစ်သည်။ ပင်လယ်ကူးသဘော်ဆိပ်များတွင် အရေးပါသောမြို့တစ်မြို့ဖြစ်သည်။ BI P. 23ယခုခေတ် Kharragoa အနီး Kachပင်လယ်ကွေ့တွင်ရှိ၏။ မိလိန္ဒကျမ်းတွင် အိန္ဒိယသားတို့ ရောရုဝသို့ ရွက်လွှင့်သွားကြောင်း အချင်းချင်းပြောလေ့ရှိပုံကို ဖော်ပြသည်။ (BI P 23) ဇောတိပါလမင်း တည်ထောင်သော မြို့ဖြစ်၏။ (ဒီ၊ ၂၊ ၁၈၉)။ ဟိန္နုမြစ်ကမ်းရှိ သက္ကရ(ဆုတ်ကုရ်၊ မြို့အနီး ဒီစတြိတ်စီရင်စုများတွင်ရှိ၏။ ဗု၊ သာ၊ ဝင်၊ ၂၄၂။

၁၀၁။ ဇာ၊ ဋ္ဌ၊ ၃၊ ၁၄၆–၇

သံသုမာရဂိရ၏ ယခုအမည် စုန္နာရ (ကျုန်နာရ) ဖြစ်သည်။ လောဟာဗာဒ်နယ်အတွင်း ဗာရာဏသီမှ အရှေ့တောင်ဘက် အရှေ့လောင်ဂျီတွဒ် ၈၀ နှင့် ၈၄ နှင့် ၂၆ အတွင်းရှိသည်။

မိကျောင်းနှင့်တူသောတောင်ရှိသောကြောင့် လည်းကောင်း၊ ထိုမြို့ကို တည်ထောင်ဖန်ဆင်းသောအခါ မိကျောင်း အော်မြည်သံ ကြားရသောကြောင့် လည်းကောင်း သံသုမာရဂိရဟု ခေါ်သည်။ (ဗု၊ သာ၊ ဝင်၊ နှာ–၁၆၀)

၁၀၂။ ဇာ၊ ဋ္ဌ၊ ၄၊ ၂၃၁။ ၎င်း၊ ၃၊ ၃၀၂။ ၁၀၃။ ၎င်း၊ ၅၊ ၂၉၃ မဒ္ဒတိုင်း၏ မြို့တော်ဖြစ်သည်။ ဥစ္စာတေနာတို့၏ တည်ရာမြို့ဟု အဓိပ္ပာယ်ရသော သာကလအသုံးသည်သာ သင့်ကြောင်း၊ ပင်လယ်အနက်ဟော သာဂလကို မသုံးသင့်ကြောင်း တောင်ပေါက် ဆရာတော်က အဓိန္ဓိဋ္ဌာန်။ (ဗု၊ သာ၊ ဝင်၊ နှာ–၁၅၉)။

အစိတ်အပိုင်းဌာန နယ်ပယ်ရှိသောကြောင့် လည်းကောင်း၊ သာဂလ ရသော့ ဖန်ဆင်းတည်ထောင် အပ်သောကြောင့် လည်းကောင်း၊ သဝဂလမြို့ အမည်တွင်သည်။ (ဗု၊ သာ၊ ဝင်၊ နှာ–၁၅၉)၊ မိလိန္ဒမင်း၏ မင်းနေပြည်ဖြစ်သဖြင့် ထင်ရှားလှ၏။ မိလိန္ဒပါဠိ၊ ၁၊ ခေမာထေရီ၊ ဘဒ္ဒကာ၊ ပိလာနိနှင့် မနောဇမိဖုရားတို့ဇာတိဖြစ်သည်။ သာဂလသည် ပန်ဂျပ်နယ် Sialkot ဒေသဖြစ်သည်။
DPPN Vol. II. P. 1090

၁၀၄။ ဇာ၊ ဋ္ဌ၊ ၁၀၉၊ ၁၀၈၊ ၁၁၁ စသည်၎င်း၊ ၂၊ ၄၀၊ ၅၇၊ ၆၉ စသည်။ ၎င်း၊ ၃၊ ၁၉၊ ၂၉၊ ၄၁၊ ၄၅ စသည်၎င်း၊ ၄၊ ၁၅၊ ၅၉၊ ၀၂၆ စသည်၎င်း၊ ၅၊ ၁၂၊ ၁၄၊ ၃၇၊ ၄၀၇၊ ၄၀၇၊ ၄၄၂။ ၎င်း၊ ၆၊ ၁၅၅ ၎င်း၊ ၇၊ ၁။

သာဝတ္ထိပြည် ကောသလတိုင်း၏မြို့တော်ဖြစ်၏။ ဗုဒ္ဓခေတ်မြို့ကြီးခြောက်မြို့တွင် တစ်မြို့ဖြစ်သည်။ သာဝတ္ထိရသေ့ကြီး၏ နေရာကို မြို့တည်ထားခြင်းကြောင့်လည်းကောင်း၊ ထိုမြို့၌ တည်းခိုနေထိုင်ရန် အဆောက်အအုံရှိပြီး ထိုနေရာသို့လာရောက် တည်းခိုကြသူတို့အချင်းချင်း နှုတ်ဆက်ရာ၌ အလိုရှိရာ ပြည့်စုံကြပါစေဟု ပြောဆိုလေ့ရှိကြသောကြောင့် လည်းကောင်း၊ သာဝတ္ထိဟုခေါ်သည်။ (သုတ္တနိပါတ၊ ဋ္ဌ၊ ၂၊ ၅၅)။ ဘုရားရှင် ၂၅ ဝါလုံးလုံး ဝါဆိုခဲ့ရာ

မြို့တော်ဖြစ်၏။ (ဓမ္မ၊ ဋ္ဌ၊ ၁၊ ၃)။ မြို့တောင်ဘက် အနာထပိဏ်သူဌေးလှူဒါန်းသော ဇေတဝန်ကျောင်းတော်နှင့် အရှေ့ဘက်တွင် ဝိသာခါ၏ ပုဗ္ဗာရုံကျောင်းတော်တို့ရှိကြ၏။ သာဝတ္ထိတွင် လူဦးရေ ငါးကုဋေရှိ၏။ ဗု၊သာ၊ဝင်၊ နှာ–၁၀၄။ (DPPN Vol.II P.1127) ၁၈ ကုဋေ ဟုလည်းဆို၏။ (သုတ္တနိပါတ၊ ဋ္ဌ၊ ၁၀၂)။ သာဝတ္ထိ၏ ယခုခေတ်ဗေဿမှာ Sahet-Mahet ပြစ်ပြီး Rapti မြစ်ကမ်းပေါ်တွင် ရှိ၏။ ဇေတဝန်ကျောင်းတော်ရာကို Mahat ၊ ကောသလမင်းကြီး၏ နန်းတော်ရာကို Mahe၊ ဟု ခန့်မှန်းကြ၏။ (ဗု၊ သာ၊ ဝင်၊ နှာ–၁၀၄) Sahet သည် ၃၂ ကောက်ယဉ်ပြီး၊ Mahet သည် ၄၀၀ ကောက်ယဉ်သည်။ 2500 Year of Buddhism P.31 နောက်တစ်ကြိမ် ဤကမ္ဘမ်းကုံကိုးကားလျှင် TYBD ဟူ၍ ညွှန်းဆိုပါမည်။ ၁၀၅။ ဇာ၊ ဋ္ဌ၊ ၃၊ ၃။ ၎၃၁။

၁၀၆။ ဇာ၊ ဋ္ဌ၊ ၁၊ ၁၅၆

၁၀၇။ ၎င်း၊ ၄၊ ၈၃

စစ်မတိုက်နိုင်၊ စစ်တိုက်၍ မသိမ်းပိုက်နိုင်သော မြို့ဖြစ်သောကြောင့် အယုဒ္ဓဟု ခေါ်သည်။ (သံ၊ ၎၊ ၂၊ ၂၄၉)။ တာဝတ်သာနတ်ပြည်၊ အသူရပြည်တို့သည် စစ်ထိုးပယ်ခြင်းငှာ မတတ်နိုင်သောကြောင့် အယုဒ္ဓပုရမည်၏။ (ဇာ၊ ဋ္ဌ၊ ၁၊ ၂၁၉–၂၀) ဂင်္ဂါမြစ်ကမ်းပေါ်၌ရှိ၏။ ယင်းမြို့၌ ဖေကာပိဏ္ဍုပမသုတ်ကို ဟော တော်မူသည်။ (သံ၊ ၂၊ ၁၁၄)။

ဂင်္ဂါမြစ်ကမ်းပေါ်၌ တည်ရှိသည်ဆိုသော အယုဒ္ဓမြို့သည် ပင်ရင်းမူလမြို့မဟုတ်ဘဲ နယ်ချဲ့တို့တည်ထောင်ခဲ့သော အမည်တူမြို့ ဖြစ်နိုင်သည်။ ဒါရက္ခန္ဓသုတ် အချို့ပေမူတို့တွင် ယုဇ္ဈအစား ကောသမ္မီကို ဖော်ပြထားသည်။ သို့သော်လည်း စင်စစ် ကောသမ္မီ မြို့သည် ယမုန်နာ မြစ်ကမ်းပေါ်၌ တည်ရှိသည်မဟုတ်ပေ။ ဗုဒ္ဓခေတ် သရယူမြစ်ကမ်းပေါ်ရှိ အယုဇ္ဈသည် ဒက္ခိဏာကောသလတိုင်း၏ မြို့တော်ဖြစ်သည်။ ယခုခေတ်သစ် အု(တ်) နယ်နှင့် အကြမ်းအားဖြင့် တူ

ညီသည်ဟု ဆိုရပါမည်။ ရာမယနကျမ်း၌ပါသော အယောဇ္ဈာသည် ရာမာယဏကား ယခုခေတ် ဖိုင်ဇာဘတ်နှင့် တစ်မိုင်ခန့်ဝေးသည်။ ဆတပဏ္ဍိတဇာတ်လာ အယုဇ္ဈကား သတ္တတကာဗျများတွင် လာသော အယုဇ္ဈာဖြစ်၏။ ဒီပဝံသကျမ်းတွင် အရိန္ဒမမင်း၏ မြို့တော်ဟု တွေ့ရ၏။ ရာမမျိုးနွယ်ဝင် ဇာဂတိပါဌမည်သော စစ်သည်သည် အယုဇ္ဈမှ သီဟိုဠ်သို့ရောက်လာပြီး အိမ်ရှေ့စံ ဝိက္ကမ္မဇ္ဈာကို သတ်၍ ရောဟဏတိုင်းကို ငါးနှစ်တိုင် အုပ်စိုးခဲ့။ DPPN Vol. ၁၀၈။ ဇာ၊ ဋ္ဌ၊ ၄၊ ၈၀–၈၂ ပေ၊ ဋ္ဌ၊ ၁၀၄

အသိတဉ္ဇနမြို့သည် တဖုဿနှင့်ဘလ္လိက ကုန်သည်နှစ်ဦးတို့ မွေးဖွားရာ ဇာတိဖြစ်၏။ အံ၊ ဋ္ဌ၊ ၁၊ ၂၉၄။

၁၀၉။ ဇာ၊ ဋ္ဌ၊ ၂၊ ၂၅၇–၈

အာဋဝီပြည်နှင့်စပ်လျဉ်း၍ ဤသို့တွေ့ရှိရပါသည်။ အာဋဝီပြည်သည် သာဝတ္ထိမှယူဇနာ ၃၀ ကွာဝေးသောအရပ်၌ ရှိ၏။ မြို့ဟုလည်းကောင်း၊ တိုင်းဟုလည်းကောင်း သုတ္တနိပါတ်အဋ္ဌကထာ အာဋာဝကသုတ်အဖွင့်၌ ဆိုသည်။ အဘိဓာန်ဋီကား မြို့အဖြစ် လာသည်။ ကောသမ်ဗီမှ ရှစ်ယူဇနာကွာဝေးသည်ဟု ဖာဟီယန် မှတ်တမ်းတွင်ဆိုသည် သာသနာတော်ကုမ်းဂန်နည်းအရ ဒက္ခိဏာပဌာလတိုင်းအတွင်း ပါဝင်သည်။ အာဋဝီပြည်၏ ရွေးမြို့တော်အမည်မှာ အာဋဝီ၊ ပဒုမြို့တော်အမည် အလမ်ကာပူရီဖြစ်သည်။ အာဂရာနယ် ဖာရွာဇက်(ဖရွခါဗဒ်) ဒီစတြိတ် ဂင်္ဂါမြစ်တောင်ဘက် နားဦရှိသည်။ (ဗု၊ သာ၊ ဝင်၊ နှာ– ၂၇၈)

၁၁၀။ ၎င်း၊ ၃၊ ၈၂
၁၁၁။ ၎င်း၊ ၃၊ ၃၃၀
၁၁၂။ ဇာ၊ ဋ္ဌ၊ ၂၊ ၂၃၆–၇

ဥက္ကဋ္ဌမြို့သည် ဟိမဝန္တာတောင်အနီး ကောသလတိုင်းအတွင်းရှိ မြို့ဖြစ်သည်။ ပေါက္ခရသာတိပုဏ္ဏားကြီးကို ကောသလပြည့်ရှင် မင်းက ပညာဥာဏ်ထူးချွန်မှုကြောင့် ဆုလာဘ်အဖြစ်ခံ၍ဖြင့်သော

မြို့ဖြစ်သည်။ ထိုမြို့သည် အခွန်များအားလုံး ကင်းလွတ်ခွင့်ရှိသည်။ လူဦးရေထူထပ်၍ သာယာစိမ်းစိုသည်။ ပေါက္ခရသာထိ ပဏ္ဏားကြီး ဘုရားရှင်ကိုဖူးတွေ့ရာ ဤဆွာနဂ်လတောအုပ်နှင့်နီးသည်။ ထိုမြို့ကို မင်္ဂလာရှိသည့် ကာလအတွင်း အချိန်မီ ပြီးစီးအောင်မြင်ရန် ဥမိးများထွန်းပြီးတည်ဆောက်ခဲ့သောကြောင့် ဥက္ကဋ္ဌဟုတွင်သည်။ (DPpN vol, P,239–3o)

၁၁၃။ ဇာ၊ ဋ္ဌ၊ ၃၃၁။ ၎င်း၊ ၃၊ ၃၇၉။ ၎င်း၊ ၄၊ ၃၆၁၊ ၄၄၇။ ၎င်း၊ ၅၊ ၁၇၊ ၄၉၆။ ၎င်း၊ ၇၊ ၁၅၁။

၁၁၄။ ၎င်း၊ ၂၊ ၃၃၂။

၁၁၅။ ၎င်း၊ ၅၊ ၅၀။

၁၁၆။ ၎င်း၊ ၅၊၄၉၆။

၁၁၇။ ၎င်း၊ ၂၊ ၁၉၅။

ကုန္ဒပတ္တမြို့ဟု အမည်ရခြင်းမှာ ကုန္ဒမည်သော မြင်းမိုရ်တောင်၏ ညီညွတ်သောမြေအဖို့ တောင်လျှင်၊ တောင်ဝှမ်း၊ တောင်ထွတ်နှင့် တူသောကြောင့်ဖြစ်သည်။ ဗု၊ သာ၊ ဝင်၊ နှာ–၈၁။

ဗုဒ္ဓသင်တုံးဓားနှင့်အပ်တို့ကို ကုန္ဒပတ္တတွင်ဌာပနာခဲ့သည်ဟု ဗုဒ္ဓဝံသ၏ နိဂုံးဂါထာတပုဒ်၌ပါ၏။ ယခုခေတ်ဒေလီမြို့သည် ကုန္ဒပတ္တမြို့နေရာ၌ တည်ထောင်ခဲ့ဟန်တူသည်။ (DPPN vol. 1. P.312)

၁၁၈။ ဇာ၊ ဋ္ဌ၊ ၃၊ ၃၅၇
၁၂၀။ ၎င်း၊ ၁၊ ၅၈
၁၂၂။ ၎င်း၊ ၁၊ ၁၀၁

၁၂၃။ ၎င်း၊ ၆၊ ၃၁၀
၁၂၁။ ၎င်း၊ ၁၊ ၆၂
၁၂၃။ ၎င်း ၆၊ ၂၃၅
ကပိလတိုင်း ဥတ္တရ
ပဌာလမြို့ဟု တွေ့ရ၏။

– ကပိလကို ကပိလဝတ္ထု ဟူ၍လည်း ခေါ်သည်။ ဗုဒ္ဓဝင်၊ ၃၁၁။ ဒီပဝံသကျမ်းတွင် ပါရှိသော အဘိတက္က (အဒိတဒိန)၏ မြို့တော်သည် ကပိလဖြစ်ဖွယ် ရှိ၏။ (DPpN vol. I. p. 515)။ ဖာဟီယန်နှင့် ဟူယန်ဆန်တရုတ်ဘုန်းကြီးများ၏မှတ်တမ်းအရ လုမ္ဗိနီဥယျာဉ်မှ

အနောက်မြောက်ဘက် "ကိလောက်ရာလောဋ္ဌ" (တောက်လိဟဝါ)မှ မြောက်ဘက် "ကျန္ဒိုတာလတလ်ပ်" ခေါ် အိုင်အနီးရှိ နဂရာခါဆီ ခေါ် အရှမ်ကို ကပိလဝတ်မြို့တော် တည်နေရာဟု ဆုံးဖြတ်ကြသည်။ သီဟိုဠ်ဘာသာ ဗုဒ္ဓစရိယကျမ်း၌ ကပိလဝတ္ထုကို ယခု "ပဒရိယာ" ဟု ခေါ် သည်ဆို၏။ သဒ္ဓမ္မမကရန္ဒကျမ်းအဆိုအရ ဗာရာဏသီမှ မြောက် ကောသ ၅၀ =မိုင် ၁၀၀ နေပါလ(နီပေါ)မှ တောင်ဝ ကောသ=၂ မိုင် အကွာရှိ နေပါလ နယ်အတွင်း၌ ပါဝင်၏။
(ဗု၊ သာ၊ ဝင်)

၁၂၄။ ဇာ၊ ဋ္ဌ၊ ရ၊ ၁၅၂၊ ၁၇၃၊ ၂၂၆။ ၁၂၅။ ၎င်း၊ ၆၊ ၄၀–၁။
၁၂၆။ ၎င်း၊ ၇၊ ၁၅၂။ ၁၂၇။ ၎င်း၊ ၇၊၁၇၃။
၁၂၈။ ၎င်း၊ ၇၊ ၂၂၆၊

၁၂၉။ အင်္ဂတိုင်း၊ မဂဓတိုင်းတို့၏အကြားရှိ စမ္ပာမြစ်အောက်၌ စမ္ပာမည်သော နဂါးပြည်ကို အုပ်စိုးသည်။ စရိယာ၊ ဋ္ဌ၊ ၁၂၅။ ဇာ၊ ဋ္ဌ၊ ၄၊ ၄၅၇။
၁၃၀။ ၎င်း၊ ၆၊ ၄၁။

ကာလစမ္ပာသည် စမ္ပာမြို့၏ ပရိယာယ်နာမည်တစ်မျိုး ဖြစ်ဖွယ်ရှိသည်။ ဇာတကဋ္ဌကထာကျမ်းတွင် ကာလစမ္ပာအစား စမ္ပာဟု သုံးသည်ကို တစ်ကြိမ်မက တွေ့ရ၏။ အင်္ဂုတ္တရ အဋ္ဌကထာတွင်ကား ကောဋိဝိသ မထေရ်၏ ဇာတိကို ကာလစမ္ပာဟု ဆိုသော်လည်းထေရဂါထာ အဋ္ဌကထာ၌မူ မထေရ်၏ဇာတိကို စမ္ပာဟု ဖော်ပြ၏။ (DppN vol. I p. 576)

စမ္ပာမြို့ကို မဟာဂေါဝိန္ဒဇုကာကြီး တည်ထောင်ခဲ့သည်။ ဒီ၊၂ ၁၇၉။ စမ္ပာ၏ရှေးဟောင်းအမည်မှာ မာလိနီ(ဝါ)မာလိနဟု ခေါ် ကြောင်း၊ မဟာဘာရတနှင့်ပုရာဏကျမ်းတို့၌ ဖော်ပြ၏။ ရှေးဟောင်း အိန္ဒိယမြို့ကြီး ခြောက်မြို့၌ ပါဝင်၏။ ကူးသန်းရောင်းဝယ်ရေးအချက်အခြာကျသော မြို့ဖြစ်၍ ကုန်သည်များစွာ ဝင်ထွက်သွားလာခဲ့ကြ၏။ အင်္ဂတိုင်း၏ မင်းနေပြည်တော် ဖြစ်ခဲ့သော်လည်း ဗုဒ္ဓခေတ်၌ကား

မြို့စားပေးထားသော အရံမြို့လေးတစ်မြို့သာ ဖြစ်သည်။ မဂဓတိုင်း၏ လက်အောက်ခံဖြစ်သည်။

စမ္ပာဟုခေါ် တွင်ရခြင်းမှ ဝဂ္ဂရာမည်သည့် မိဖုရားကြီး တူးဖော်ခဲ့သော ရေကန်၏ပတ်ဝန်းကျင်တွင်စမ္ပာက(စကားဝါပင်)များ ဝေဝေဆာဆာ ပေါက်ရောက်သောကြောင့် ဖြစ်သည်။ ဒီ၊ ၎၊ ၁၊၃၁၃။

ထိုမြို့သည် ဆန်ရေစပါး ပေါများ၏။ လူစည်ကားသောမြို့တစ်မြို့ဖြစ်သည်။ ဗိမ္ဗိသာရမင်းကြီးသည် သောဏဒဏ္ဍပုဏ္ဏားကြီးအား မြို့စားခန့်ထား၍ ထိုစမ္ပာကို အုပ်ချုပ်စေတော်မူခဲ့သည်။ (ဒီ၊ ၁၊ ၁၀၄။ ထို စမ္ပာသည် စမ္ပာမြစ်ကမ်းပေါ် တွင် ရှိ၏။ ယခုခေတ် Bhagalpur) အရှေ့ ၂၄ မိုင် အကွာရှိ အလားတူ အမည်ရှိ ရွာကလေးများကား စမ္ပာရွာဖြစ်သည်ဟု Canningham က ဆို၏။ (BI. P. 24) ပုဏ္ဏားကို မြို့စားခန့်ထားသည်ကို ထောက်ဆ၍ ၎င်းစမ္ပာမြို့ရှိ ပုဏ္ဏားတို့သည် တိုင်းပြည်အသီးသီးမှ ပုဏ္ဏားငါးရာတို့ စုဝေးလာရောက်ကြသည်ကို ထောက်၍ လည်းကောင်း၊ ပုဏ္ဏားမျိုးရိုးစုတို့ နေထိုင်ကြသည်ဟု ခန့်မှန်းရ၏။

(ဒီ၊ ၁ ၁၀၄–၅)။ ၁၃၁။ ရှင်သီဝလိမယ်တော်၏အမည်။

၁၃၂။ ဇာ၊ ဋ္ဌ၊ ၁၊ ၄၃၁။ ၁၃၃။ ၎င်း၊ ၁၊ ၄၁၆။ ၎င်း၊ ၅၊ ၂၉၇။
၁၃၄။ ဒီ၊ ၂၊ ၁၃၉။ ဇာ၊ ဋ္ဌ၊ ၁၊ ၄၁၆။

ကုသာဝတီမြို့သည် ရွှေဥစ္စော တံတိုင်းခုနစ်ထပ်တို့ဖြင့် ခြံရံလျက်ရှိ၏။ ရွှေဥစ္စော တံခါးလေးခုရှိ၏။ ဒီ၊ ၂၊ ၁၄၀။
ဆင်မြင်းစသော ရတနာတို့ဖြင့် ပြည့်စုံ၏။ ရတနာတို့ဖြင့် စီခြယ်သောဓမ္မပြာသာဒ်လည်း ရှိ၏။ ဒီ၊ ၂၊ ၁၄၁-၆။

စုံမက်သာယာဖွယ်အသံထွက်သည့် ထန်းပင်တန်း ခုနစ်တန်းရှိ၏။ ကြည်နူးဖွယ်ရေကန်လည်း ရှိ၏။ အသံ ၁၀ ပါးနှင့် ပြည့်စုံ၏။ ဒီ၊ ၂ ၁၄၀၊ ၁၄၆။

ထို့ကြောင့်ကြီးကျယ်ခမ်းနား၍ ပျော်ရွှင်ကြည်နူးဖွယ် ကောင်းလှသော မြို့ဟု ဆိုနိုင်ပါသည်။

ရှစ်သောင်းလေးထောင်သော မြို့တို့၏ အကြီးအမှူး ဖြစ်၏။ ဤသံ၊ ၂၊ ၁၁၈

ကုသမင်းကြီး၏ခမည်းတော် ဥက္ကန္ဒကမင်းအပါအဝင် မျိုးစုသော မဟာသမ္မတမင်းဆက်တို့၏ မြို့တော်ဖြစ်သည်။ မောတ္တယျဘုရားရှင်လက်ထက်တွင် ကေတုမတီအဖြစ် ထင်ရှားလိမ့်မည် ဖြစ်သည်။ (DPpN Vol I P.635)

မြို့တော်တည်နေရာမှာ ကာဆိယာအနောက်ဘက်တစ်မိုင်ခွဲခန့်တွင် ဖြစ်၏။ ယခုအခါ ဗီရှာန်ပူရခေါ် ရွာငယ်သည် ရှေးကကုသိနာရုံပြည်၏ တည်ရာဖြစ်၏။ ဗု၊ သာ၊ ဝင်၊ ၁၉၃။

၁၃၅။ ဇာ၊ ဋ္ဌ၊ ၆၊ ၇၇
၁၃၆။ ၎င်း၊ ၃၊ ၃။
၁၃၇။ ၎င်း၊ ၄၊ ၂၃၀
၁၃၈။ ၎င်း၊ ၃၊ ၃၅၅
၎င်း၊ ၅၊ ၁၄၂
၁၃၉။ PED P. 345/ a ယင်းအပြင် လမ်းခရီးသွား ကုန်သည်အုပ်စု ဟူ၍လည်း အနက်ရပါသည်။ (A Sanskrii– English Dictionary p. 545)
၁၄၀။ ပါဠိမြန်မာအဘိဓာန် ၅၂၁။
၁၄၁။ DPPN P. 1079
၁၄၂။ DPPN. P. 49/a

ရွာ၊ အစု၊ အသင်းအပင်း၊ CpD P. 141/a နေထိုင်သူအများ စုစည်းထားသောနေရာ၊ လူနေမှုအဖွဲ့အစည်း၊မျိုးနွယ်စု၊ အမျိုးဇာစား၊ လူထု၊ ရွာ ဟူ၍လည်း ဟောပါသည်။
(A Sarskrit-English Dictionary P. 373)
တပိဓာန်၊ ၆၊ ၈၀၁–၂ တို့၌လည်း ရှုပါ။

၁၄၃။ ဇာ၊ ဋ္ဌ၊ ၅၊ ၁၄၀။
၁၄၄။ ၎င်း၊ ၃၊ ၃၅။

၁၄၅။ ဇာ၊ ဋ္ဌ၊ ၃၊ ၄၄၃။
၁၄၆။ ၎င်း၊ ၁၊ ၃၆၆ ။
၁၄၇။ ၎င်း၊ ၁၊ ၉၆၆ ။
၁၄၈။ ၎င်း ၊ ၁၊ ၉၆ ။
၁၄၉။ ၎င်း ၊ ၁၊ ၉၆ ။
၁၅၀။ ဇာ၊ ဋ္ဌ၊ ၅၊ ၁၅၃။
၁၅၁။ ၎င်း၊ ၅၊ ၃၆–၇။
၁၅၂။ ၎င်း ၂၊ ၆၄–၇၂
၎င်း၊၅၊ ၆၉။
၁၅၃။ ၎င်း၊ ၁၊ ၂၆၇။
၁၅၄။ ဇာ၊ ဋ္ဌ၊ ၄၊ ၁၄၀–၃။
၁၅၅။ ၎င်း၊ ၁၊ ၄၁၅ ။
၁၅၆။ ၎င်း၊ ၁၊ ၂၂–၃။
၁၅၇။ ၎င်း ၊ ၁၊ ၅၆ ။
ဘရုကစ္ဆဟုသိမ်ဟိုင်္အင်္ဂလိပ်တို့၌ရှိ၏ဟု သိမ်ဟိုင်္အင်္ဂလိပ်မူတို့၌၎င်း။
၁၅၈။ ၎င်း၊ ၁၊ ၄၁၅ ။
၁၅၉။ ၎င်း၊ ၄၊ ၁၅၄။
၁၆၀။ ဇာ၊ ဋ္ဌ၊ ၂၊ ၃၁၀ – ၁။
၁၆၁။ ၎င်း၊ ၁၊ ၁၀၆။

အခန်း (၂)

မင်းများ

(၁) မင်း၏အရည်အသွေး
(၂) ပစ္စုပ္ပန်ဇာတ်လမ်းတွင်ပါသောမင်းများ
(၃) အတိတ်ဇာတ်လမ်းတွင် ပါသောမင်းများ

၁။ မင်း၏ အရည်အသွေး

နိုင်ငံတော်၏ အနှစ်သာရသည် မင်းပင် ဖြစ်ပါသည်။ မင်းသည် အရည်အသွေး ကောင်းများနှင့်ပြည့်စုံပြီး နိုင်ငံကို ကောင်းမွန်စွာ စီရင်အုပ်ချုပ်နိုင်ပါလျှင် နိုင်ငံသည် သာယာဝပြော စည်ပင်တိုးတက်မည် ဖြစ်ပါသည်။ မင်းသည် အရည်အသွေးသုံ့ဖျင်း၍ အုပ်ချုပ်ရေးမနိုင်မနင်း မကျွမ်းကျင်ပါက နိုင်ငံဖရိုဖရဲဖြစ်၍ ပြိုကွဲပျက်စီးတတ်ပါသည်။ သို့ဖြစ်၍ နိုင်ငံအနှစ်သာရဖြစ်သောမင်းတို့သည် မိမိတို့၏ အရည်အသွေးကို တိုးတက်ကောင်းမွန်အောင် အစဉ်သဖြင့် ကြိုးပမ်းအားထုတ်နေသင့်ကြပါသည်။ မင်းတို့၏အရည်အသွေးများနှင့်စပ်လျဉ်း၍ ဇာတကဋ္ဌကထာကျမ်းတွင် တွေ့ရသမျှတို့ကို ဖော်ပြရပါမူ အောက်ပါအတိုင်း ခွဲခြားနိုင်ပါသည်။

၁။ ကျင့်အပ်သောတရားများ
၂။ ပြည့်စုံအပ်သောတရားများ

၃။ အလိုရှိအပ်ဇသာသူများ
၄။ မင်းတို့၌ရှိထိုက်သော အခြားအရည်အသွေးများ
၅။ ရှောင်အပ်သောတရားများ

ထိုတရားတို့တွင် ကျင့်အပ်သောတရားများသည် ပဓာနကျသောကြောင့် ကျင့်ကြံရမည့်တရားများကို ရှေးဦးစွာ ဖော်ပြ၍ ပြည့်စုံအပ်သောတရားများ စသည်တို့ကို အစဉ်အတိုင်း ဖော်ပြပါမည်။

၁။ ကျင့်အပ်သောတရားများ

(၁) မင်းကျင့်တရား ၁၀ ပါး
(၂) သင်္ဂဟတရားလေးပါး
(၃) ပြည်သူတို့နှင့် အစဉ်ထိတွေ့ခြင်း
(၄) မိမိကိုယ်ကိုဝေဖန်ရေးနှင့် ပြင်ဆင်ရေးကျင့်သုံးခြင်း
(၅) အမှုထမ်းတို့အပေါ် ကျင့်သုံးရန် နည်းလမ်းတို့ကို ကျင့်ကြံခြင်း
(၆) စူးစမ်းဆင်ခြင်၍ ပြုလေ့ရှိခြင်း

(၁) မင်းကျင့်တရား ၁၀ ပါး (ဒသရာဇဓမ္မ)

မင်းကျင့်တရား ၁၀ ပါးဟူသည် တိုင်းနိုင်ငံကို အုပ်စိုးရသူတို့ မလွဲမသွေ ပြုမူဆောင်ရွက်သင့်သော တရား ၁၀ ပါး ပင်ဖြစ်ပါသည်။ ထိုတရား ၁၀ ပါးမှာ ၁။ ဒါန (အလှူပေးခြင်း)၊ ၂။ သီလ(သီလဆောက်တည်ခြင်း၊ ၃။ ပရိစ္စာဂ (စွန့်လွှတ်ခြင်း)၊ ၄။ အဇ္ဇဝ (ဖြောင့်မတ်ခြင်း)၊ ၅။ မဒ္ဒဝ (နူးညံ့ခြင်း)၊ ၆။ တပ (ခြိုးခြံခြင်း)၊ ၇။ အက္ကောဓ

(အမျက်ထွက်ခြင်း) ၈။ အဟိံသာ (မညှဉ်းဆဲခြင်း)၊ ၉။ ခန္တီ (သည်းခံခြင်း)၊ ၁၀။ အဝိရောဓန (ပြည်သူတို့နှင့်မဆန့်ကျင်ခြင်း)တို့ ဖြစ်ပါသည်။

ထို ၁၀ ပါးလောက် လူသိမများ မထင်ရှားသော မင်းကျင့်တရား ၁၀ ပါးတစ်မျိုးကိုလည်း တွေ့ရပါသေးသည်။ ဒီယင်းဆယ်ပါးမှာ ၁။ မယ်တော် ခမည်းတော်တို့၌ တရားနှင့်အညီ ကျင့်ခြင်း၊ ၂။ သားတော် သမီးတော် မိဖုရားတို့၌ ကျင့်ဝတ် တရားနှင့်အညီ ကျင့်ခြင်း၊ ၃။ အဆွေခင်ပွန်းမှူးမတ်တို့၌ တရားနှင့်အညီကျင့်ခြင်း၊ ၄။ ဆင်မြင်းဥယ်ပါတို့၌ တရားသဖြင့် ကျင့်ခြင်း၊ ၅။ ရွာသူရွာသား နိုဂုံးသူနိုဂုံးသားတို့၌တရားသဖြင့်ကျင့်ခြင်း၊ ၆။ တိုင်းသူတိုင်းသား ဇနပုဒ်သူဇနပုဒ်သားတို့၌ တရားသဖြင့်ကျင့်ခြင်း၊ ၇။ ရဟန်းပုဏ္ဏားတို့၌ တရားသဖြင့်ကျင့်ခြင်း၊ ၈။ သားငှက်တို့၌ တရားသဖြင့်ကျင့်ခြင်း၊ ၉။ အရာခပ်သိမ်းတို့၌ တရားသဖြင့် ကျင့်ခြင်း၊ ၁၀။ တရားကိုမမေ့မလျော့ဘဲကျင့်ခြင်း တို့ဖြစ်ပါသည်။ ထိုဆယ်ပါးတို့အနက် ပထမကိုးပါးသည် ကျင့်ဝတ်တရားနှင့်အညီ ကျင့်ခြင်းအားဖြင့် တစ်မျိုးတည်းသာဖြစ်၍ ဆက်ဆံ၍ကျင့်ရမည့် ပုဂ္ဂိုလ်သတ္တဝါတို့သာလျှင် ကိုးပါးကဲ့ပြားပါသည်။ ထို့ကြောင့် ထိုကိုးပါးသည် မင်းအနေဖြင့် မိမိတို့နှင့် ဆက်ဆံရသော ပုဂ္ဂိုလ် သတ္တဝါတို့၏ အာဆင့် အာတန်းအလျောက် ကျင့်သုံးရမည့် ဆက်ဆံရေးကျင့်ဝတ်များဖြစ်ပါသည်။ တရားကိုမမေ့မလျော့ဘဲ ကျင့်သုံးခြင်းဟူသည်မှာ အထက်ပါကိုးပါးကိုခြုံငုံ၍ ဖော်ပြခြင်းပင်ဖြစ်ပါသည်။ ထို့တရား ၁၀ ပါးကို ရေမြေသနင်းမင်းတို့ နတ်ရွာသုဂတိသို့ရောက်ကြောင်း တရား ၁၀ ပါးဟု ဟုလည်း ဆိုပါသည်။

ဤသို့ မင်းကျင့်တရား ၁၀ ပါး နှစ်မျိုးရှိသည့်အနက် ပထမ မင်းကျင့်တရားဆယ်ပါးက ပို၍ ထင်ရှားပါသည်။ မင်းကျင့်တရားဟူ၍ဆိုလျှင်ပင် ပထမ ၁၀ ပါးကိုပင် ရည်ညွှန်းလေ့ရှိ၍ ထို ၁၀ ပါးဟုပင် နားလည်ရပါသည်။

မင်းကျင့်တရား ၁၀ ပါးကို မည်သည့်မင်းများ မည်သို့ကျင့်သုံးခဲ့ကြပုံနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း တွေ့ရှိရပါသည်။

၁။ ဒါန (အလှူပေးခြင်း)

အလှူပေးခြင်းဟူသည် သာမန်ဒေကြေးအသပြာ ဥစ္စာပစ္စည်းကို ရဟန်း၊ပုဏ္ဏားနှင့်တကွ ဆင်းရဲသူဆင်းရဲသား ပြည်သူအများအား ရက်ရောစွာပေးလှူခြင်းကို ဆိုလိုပါသည်။ ဒါနတရားကို ကျင့်သုံးကြသော မင်းများအနက် ဗာရာဏသီပြည့်ရှင် ဇနသန္ဓမင်းသည် တစ်နေ့လျှင် ခြောက်သိန်းကုန်သော အလှူဒါနကို လည်းကောင်း၊ မိထိလာပြည့်ရှင် သာဓိနမင်းကြီးသည်လည်း တစ်နေ့လျှင်ခြောက်သိန်းကုန်သော အလှူဒါနကို ဇမ္မူဒိပ်ကျွန်းအလုံးခြောက်ချားစေ၍ လည်းကောင်း၊ နေမိမင်းကြီးသည် တစ်နေ့လျှင် ငါးသိန်းကုန်အလှူကို လည်းကောင်း၊ ဇေတ္တရပြည့်ရှင် ဝေဿန္တရမင်းကြီးသည်သည်း နေ့စဉ် ခြောက်သိန်းအလှူကိုမျှမက နိုင်ငံ၏ဆင်ဖြူတော်ကို လည်းကောင်း ပေးလှူခဲ့ကြပါသည်။

ဒါနအရာ၌ရက်ရောသော အခြားမင်းတို့မှာ ဗာရာဏသီပြည့်ရှင် မဟာသီလဝမင်း[၁၀]၊ ဗာရာဏသီပြည့်ရှင် ဒြဟ္မဒတ်မင်း၏သားတော် ပြဟ္မဒတ္တကုမာရမင်းသား[၁၁]၊ ကာလိင်္ဂတိုင်း

ဒန္တာပူရပြည့်ရှင် ကာလိင်္ဂမင်း[၁၂]၊ ကုရုတိုင်း ကျန္ဒပတ္ထုနုဂို၏ ပြည့်ရှင်ကောရဗျာ[၃]၊ ဗာရာဏသီပြည့်ရှင်သောတ္ထိသေနမင်း[၄] ကုရုတိုင်း ကျန္ဒပဘုနဂို၏ပြည့်ရှင် မနဉ္ဇယကောရဗျာ[၅]၊ အရိဋ္ဌပူရပြည့်ရှင် သီဝိမင်း[၆] တို့ ဖြစ်ပါသည်။

၂။ သီလ (သီလဆောက်တည်ခြင်း)

သီလဆောက်တည်ခြင်းဟူသည် ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလ တို့ကို ဆောက်တည်ခြင်းကိုသာမက နေ့စဉ်နေ့တိုင်း ယွားလာဆက်ဆံကျင့်သုံးမှု၌ ကောင်းမြတ်သော အမူအကျင့်ကိုလည်း ဆိုလိုပါသည်။ သီလဆောက်တည်သောမင်းများအနက် ဝတ္တာရဋ္ဌ နဂါးပြည့်ရှင် ဘူရိဒတ်နဂါးမင်း၏ အကျင့်သီလသည် ထူးခြားပါသည်။ မိမိ၏နဂါးပြည်ဘုံင နဂါးမတို့ ကခုန်မြူးတူး နှောင့်ယှက်မှုကြောင့် သီလမဆောက်ဘည်ဘဲ လူပြည်သို့လာရောက်၍ "ငါ့ကို အလိုဿ ပိုပြု၍ သင်္ဘာလိုသူဃူပါစေ" ဟု အဓိဋ္ဌာန်ဥပုသ်ကို ဆောက်တည်ပါသည်။[၁၃]

အကျင့်သီလကောင်းမြတ်မှုကို ဤသို့ တွေ့ရပါသည်။ တစ်ခါဘုံင် ဗလ္လိကအမည်ရှိသော ကောသလမင်းနှင့် ဗာရာဏသီမင်းတို့၏ ရထားတို့သည် ချိုင့်ဝှမ်းရှိရာလမ်းကြောင်း တစ်ခုဌ ဆုံဝံကြသည်။ ရထားနှစ်စင်းတို့ ရှောင်လွဲ၍မဖြစ်သောကြောင့် တစ်ပါးသည်ဆင်း၍ မိမိရထားမှ မြင်းတို့ကို ချက်ကာ ရထားကိုဖယ်ပေးရမည့် အခြေအနေမျိုးကို ကြုံတွေ့ရပါသည်။ ထိုမင်းနှစ်ပါးတို့သည် ဖယ်ပေးရမည့် ပုဂ္ဂိုလ်ကို နှစ်ဦးသဘောတူဆုံးဖြတ်ကြရာဝယ် မိမိ စိုးစံသောပြည်၏ ပမာဏ၊ စည်းစိမ်ဥစ္စာ စသည်တို့ကို ပြိုင်ဆိုင်

ကြပါသည်။ ထိုဂုဏ်အရည်အချင်းတို့သည် တူမျှနေကြသဖြင့် သီလအကျင့် ပိုမိုမြင့်မြတ်မှုကို ပြိုင်ဆိုင်ကြပါသည်။ ဤဝတ္ထုင် ဗာရာဏသီပြည့်ရှင် ဗြဟ္မဒတ်မင်း၏ သီလကို တွေ့ရပါသည်။ ထိုမင်းသည် အမျက်ထွက်သူကို မေတ္တာဖြင့်လည်းကောင်း၊ မကောင်းသူကို ကောင်းသဖြင့်လည်းကောင်း၊ စေးနဲသူကို ပေးကမ်းသဖြင့်လည်းကောင်း၊ မမှန်စကား ဆိုသူကို အမှန်စကားဖြင့် လည်းကောင်း အောင်ပါသည်။ ကောသလမင်းကား ထိုသို့မဟုတ်သောကြောင့် ဗာရာဏသီပြည့်ရှင် ဗြဟ္မဒတ်မင်း၏ သီလသည်သာ ပိုမိုမြင့်မြတ်သည်ဟု သဘောတူည်ကြ၍ အနိုင်ရပါသည်။[၁၄] ဤသို့ဖြင့် ဗာရာဏသီပြည့်ရှင်မင်း၏ သီလအကျင့်သည် ခြီးကျူးအတုယူဖွယ်ဖြစ်ကြောင်း သိရပါသည်။

သီလအရာ၌ ကောင်းမြတ်သော အခြားမင်းတို့မှာ ဗာရာဏသီပြည့်ရှင် မဟာသီလဝမင်း[၁၅]၊ ဗြဟ္မဒတ်မင်း၏ သားတော်[၁၆] ဇနသန္ဓမင်း၊[၁၇] မိထိလာပြည့်ရှင်သာဓိနမင်း[၁၈]၊ နှင့် နေမိမင်းကြီး၊[၁၉] ကျန္ဒပတ္ထနုဂို၏ပြည့်ရှင်ကောရဗျမင်း[၂၀]၊ နှင့် ဇေတုတ္တရပြည့်ရှင် ဝေဿန္တရာမင်းကြီး[၂၁] တို့ ဖြစ်ကြသည်။

၃။ ပရိစ္စာဂ (စွန့်လွှတ်ခြင်း)

စွန့်လွှတ်ခြင်းဟူသည် ဒါနဟူသောပေးလှူခြင်းမျိုးထက် အဆင့်အတန်းမြင့်သော ပေးလှူခြင်း ဖြစ်ပါသည်။ ဤစွန့်လွှတ်ခြင်းမျိုးသည် မြင့်မြတ်မှုအရာ၌ ကြီးမားရကား မဟာပရိစ္စာဂ (စွန့်ခြင်းကြီးငါးပါး) ဟူ၍ပင် ခေါ်ကြ

ပါသည်။ မဟာပရိစ္စာဂငါးပါးရှိရာ ၎င်းတို့မှာ (က) ဓနပရိစ္စာဂ(စည်းစိမ်ဥစ္စာတို့ကိုစွန့်လွှတ်ခြင်း)၊ (ခ)အင်္ဂပရိစ္စာဂ(ဦးခေါင်း၊ မျက်စိ စသည့် ကိုယ်အင်္ဂါ အစိတ်အပိုင်းတို့ကို စွန့်လွှတ်ခြင်း)၊ (ဂ) ပုတ္တပရိစ္စာဂ(သားသမီးတို့ကို စွန့်လွှတ်ခြင်း)၊ (ဃ) ဘရိယပရိစ္စာဂ(မိမိမယားကိုစွန့်လွှတ်ခြင်း)နှင့် (င) ဇီဝိတပရိစ္စာဂ(အသက်ကိုပင်စွန့်လွှတ်ခြင်း)တို့ ဖြစ်ကြပါသည်။[၂၃] သိဝိတိုင်း အရိဋ္ဌပူရပြည့်ရှင် သိဝိမင်းကြီးသည် မိမိ၏ မျက်လုံးအစုံကို အလှူခံပုဏ္ဏားအား မတွန့်မဆုတ် စွန့်လှူဘော်မူခဲ့ပါသည်။[၂၄] ဇေတုတ္တရာပြည့်ရှင် ဝေဿန္တရာမင်းကြီးကား မိမိ၏သားတော် ဇာလိနှင့် သမီးတော်ကဏှာဇိန်တို့ကိုလည်းကောင်း၊ မယားမဒ္ဒီဒေဝီကို လည်းကောင်း စွန့်လွှတ်သူ့အဖြာခံခဲ့သောမင်းကောင်းမင်းမြတ်ဖြစ်ပါသည်။[၂၅] မိမိဦးခေါင်း မျက်စိ နှလုံးသာ အစရှိသော အင်္ဂအင်္ဂလှူကို ပင်သော်လည်း အလိုရှိသောသူက တောင်းခံလာလျှင် လှူအံ့ဟု အကြံရှိသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ပင် ဖြစ်ပါသည်။[၂၆]

လိုအပ်ပါက မိမိ၏အသက်ကိုပင် စွန့်လွှတ်သည့် ဇီဝိတပရိစ္စာဂအလှူကိုနိဂြောဓော်ဘုရားအလောင်းသမင်မင်း၏ခေါင်းဆောင်ကောင်းပီသသည့် လုပ်ရပ်တွင် တွေ့ရပါသည်။ မင်းထံဆက်သရန် အသားဟင်းလျာအတွက် မင်းဥယျာဉ်တွင်ရှိ သမင်တို့သည် တစ်နေ့လျှင် တင်ကောင်ကျ စားတော်ချက်ထံ လည်စင်း ပေးကြရပါသည်။ တစ်နေ့တွင် ကိုယ်ဝန်အရင့်အမာရှိသော သမင်မ အလှည့် ကျရောက်ရာ ဘုရားအလောင်း သမင်မင်းသည် မိမိအုပ်စုမှ မဟုတ်သော်လည်း မင်းကောင်းမင်းမြတ်ပီသစွာ မိမိအသက်ကိုစွန့်လွှတ်၍ အစားဝင်ရောက် လည်စင်းပေးခဲ့ပါသည်။[၂၀]

ဤပရိစ္စာဂ တရားသည် ရန်အောင်ကြောင်း တရားပါးတွင် ပါဝင်သော လုံအပ်ပါက မိမိ၏ ကိုယ်အသက်ကိုပင် စွန့်လွှတ်ခြင်း(စာဂ)[၂၁]နှင့် ဆိုလိုရင်းတူပါသည်။

၄။ အဇ္ဇဝ (ဖြောင့်မတ်ခြင်း)

ဖြောင့်မတ်ခြင်းဟူသည် မှန်မှန်ကန်ကန် ပြုမူဆောင်ရွက်ခြင်း၊ တရားနည်းလမ်းအမှန်အတိုင်း ဆောင်ရွက်ခြင်းပင် ဖြစ်ပါသည်။ ဗာရာဏသီပြည့်ရှင် ဗြဟ္မဒတ်မင်းသည် ဥယျာဉ်တော်အုပ်၌ လှည့်လည်စဉ် ငြိစွန်းမိခဲ့သော ထင်းငေ့သည်မနှင့် ထိုမိန်းမဖြစ်သော သားတို့ နန်းတော်သို့ လိုက်လာကြသည်ကိုရှု သားဖြောင့်မတ်စွာလက်ခံသိမ်းငုံက်ခဲ့လေသည်။[၂၂]

ဇာဇင်္ဂိုဟ်ပြည့်ရှင် မဂဓမင်းသည် ရုပ်ရှာ အကျိုးငှာ လမ်းပြင်၊ တံတားခင်း၊ ရေကန်တူးစသော လုပ်ငန်းများကို ဆောင်ရွက်သူ မာဃလုလင်နှင့် အပေါင်းပါ ၃၂ ဦးအား အထင်မှားခဲ့ရာမှ အဖြစ်မှန်ကိုသိရသောအခါတွင်မူ ၎င်းအထင်မှားအောင် ကုန်းတိုက်သော ရွာစား၏ ပစ္စည်းအားလုံးကို မာဃလုလင်နှင့် အပေါင်းအပါတို့အား ပေးစေသည့်အပြင် ရွာစားကိုလည်း ကျွန်အဖြစ် ထည့်ပေးလိုက်လေသည်။[၂၃]

ကုရုတိုင်း ဥတ္တရ ပဉ္စာလငြိုင်ရှင် ရေဏုမင်းကြီး၏ အဇ္ဇဝတရားကို ဤသို့တွေ့ရပါသည်။ ရေဏုမင်းကြီး ကိုးကွယ်သော ရသေ့သည် မိမိသီတင်းသုံးရာ မင်းဥယျာဉ်၌ ဟင်းသီးဟင်းရွက်တို့ကို စိုက်ပျိုးရောင်းချလေ့ရှိပါသည်။ တစ်နေ့တွင် ဥယျာဉ်၌ ဟင်းရွက်ခင်းတို့ကို ရေလောင်းနေသောရသေ့ကို မင်းကြီး၏သားတော် မြင်တွေ့ရာ ရှိမခိုးဘဲ ရှက်ဖွယ်စကားကိုသာ ဆိုခဲ့ပါသည်။ ရသေ့သည် မင်းသားအပေါ် အမျက်

သိုကာ ရေဏုမင်းကြီး ဥယျာဉ်သို့ကြွလာစဉ် "မင်းသားသည် မိမိကို သတ်ပုတ် ညှဉ်းဆဲသည်" ဟူ၍ လိမ်လည်ပြောဆိုလေသည်။ မင်းကြီးအမျက်ထွက်၍ သူသတ်တို့အား မင်းသားကို သတ်စေလေသည်။ မင်းသားက မင်းကြီးကို ဖူးမြော်ခွင့် တောင်းခံကာ အကြောင်းစုံ လျှောက်ထား လေသည်။ မင်းသား၏စကားအရဟင်းရွက်သည်ဘို့ကို ခေါ်မေးရာ အဖြစ်မှန်ကို သိရသောအခါတွင်မူကား မင်းကြီးသည် မိမိမစ္စူးမစမ်း ပြုမူမိသည်ကို ဝန်ခံတော်မူသည်။[၃၄]

ကပိလဘိုင်း ဥတ္တရ ပဉ္စာလပြည့်ရှင် ဇယဒိသမင်းသည် လည်း အင္ဇဝတရားနှင့်ပြည့်စုံသည်ကို တွေ့ရပါသည်။ မင်းကြီးသည် သမင်းလိုက်ရင်း အစာငတ်သော ဘီလူး၏ ဖမ်းဆီးခြင်း ခံရပါသည်။ မိမိကို စားဒုံ့ဟုပြောင်သော ဘီလူးအား မိမိသည် သမင်လိုက်အုံဆဲဆဲကာလ၌ နန္ဒပုဏ္ဏားထံမှ ဂါထာလေးခု ကို နာယူပါမည်ဟု အချိန်းအချက် ထားခဲ့၍ ပြန်ခွင့်ပြုရန် တောင်းခံလေသည်။ ဘီလူးကယုံကြည်၍လွှတ်လိုက်ရာ တဖန်ပြန်လည်၍ ဘီလူးစားခံရန် ရည်သန်ကာ မြို့မှ ထွက်ခွာမည် ဖြစ်လေသည်။[၃၅]

သိဒ္ဓိကိုင်း အရိဋ္ဌပူရပြည့်ရှင် သိဝိမင်းကြီး၏ အင္ဇဝတရားနှင့် ပြည့်စုံပုံကား ဤသို့ဖြစ်ပါသည်။ အဘိပါရကစစ်သူကြီးကတော် ဥမ္မာဒန္တီ၏ ယစ်မူးဖွယ်အလှအပ၌ စွဲလန်းတွယ်ငြိသော မင်းကြီးသည် ကိလေသာစိတ်တို့ဖြင့် နှိပ်စက်ခြင်း ခံရပါသည်။ ဤအကြောင်းကိုသိသောအခါ အဘိပါရက စစ်သူကြီးက မိမိအရှင်သခင် သိဝိမင်းအား ဥမ္မာဒန္တီကို ပေးဆက်သော်လည်း အမှန်အကန်ကိုလိုလားသော သိဝိမင်းကြီးသည် လျှောက်ထားချက်ကို ငြင်းပယ်တော်မူလေသည်။[၃၆]

ကုရုတိုင်း ဣန္ဒပတ္ထနဂိုဏ်းပြည့်ရှင် သုတသောမမင်းကြီး၏ အင္ဇဝတရားနှင့် ပြည့်စုံမှုမှာ ရှေတွင်ဖော်ပြခဲ့သည့်အတိုင်း ရပဋ္ဌာလပြည့်ရှင် ဇယဒိသမင်းကြီးနှင့် ဖြစ်ရပ်ချင်း တူညီပါသည်။ လူသားစားပေါရဲသာရဘီလူး၏ ဖမ်းဆီးခြင်းခံရသော သုတသောမမင်းကြီးသည် မိမိကိုသတ်၍ ယင်ဗူဇော်အံ့ ဆဲဆဲဆို မိမိသည် နန္ဒပုဏ္ဏား၏ ဂါထာလေးခုကို နာယူရန်အချိန်းအချက် ထားရှိခဲ့သဖြင့် ခေတ္တပြန်ခွင့်ပြုရန် တောင်းခံလေသည်။ ဘီလူးကယုံကြည်၍လွှတ်လိုက်ရာပုဏ္ဏားထံတရားနာယူပြီးနောက် ကတိအတိုင်းရဲသားဖြောင့်မတ်စွာ ပြန်လာခဲ့ပါသည်။[၃၇]

ရှေဆောင်နွားလား ဖြောင့်ဖြောင့်သွားမှ နောက်နွားတစ်သိုက် ဖြောင့်ဖြောင့်လိုက်တတ်သောကြောင့် မင်းတို့သည် ဖြောင့်မတ်သင့်ကြောင်း မဟာဗောဓိ ပရိဗ္ဗာဇကဇာတ်တွင် ဖော်ပြထားပါသည်။[၃၈]

၅။ မဒ္ဒဝ (နူးညံ့ခြင်း)

နူးညံ့ခြင်းဟူသည် သိမ်မွေ့ညင်သာခြင်း၊ အေးဆေးခြင်းပင် ဖြစ်ပါသည်။ ဗာရာဏသီပြည့်ရှင် မဟာသီလဝမင်းသည် အလွန်နူးညံ့သိမ်မွေ့သောမင်းဖြစ်ပါသည်။ ဗာရာဏသီပြည့်ရှင်၏ နူးညံ့သိမ်မွေ့မှုနှင့်စပ်လျဉ်း၍ မင်း၏ နှင်ထုတ်ခြင်း ခံရသော အမတ်က ကောသလမင်းထံ လျှောက်ထားရာတွင် "ဗာရာဏသီပြည်သည် ပျားကောင်မရှိသော ပျားလင်္ဂနှင့်တူသည်။" ဟူ၍ ပါရှိသောအချက်က ညွှန်းပြနေသည်။ စစ်တိုက်အံ့လာသော ကောသလမင်းကိုလည်း အသာတကြည်ပင် နန်းမှဆင်းပေးပြီး တိုင်းပြည်ကို လှဲပေးပါသည်။[၃၉] နူးညံ့ခြင်း

တရားကို ကျင့်သုံးသော မင်းအဖြစ် ဤတစ်ပါးတည်းကိုသာ တွေ့ရပါသည်။

၆။ တပ (ခြိုးခြံခြင်း)

မင်းတို့သည် စည်းစိမ်ဥစ္စာနှင့် ပြည့်စုံပါသော်လည်း မင်းကျင့်တရားကို ကျင့်သုံးသောအားဖြင့် ခေါင်းပါးဆင်းရဲစွာ နေထိုင်စားသောက်ခြင်းမျိုးပင် ဖြစ်ပါသည်။ ခြိုးခြံခြင်းတရားကို ကျင့်သုံးကြောင်း ဖော်ပြထားသည့် ဖြစ်ရပ်ကိုမူ မတွေ့ရပါ။

၇။ တပ္ပောမ (အမျက်မထွက်ခြင်း)

အမျက် မထွက်ခြင်းဟူသည် မိမိအား ထိပါးစော်ကားလာလျှင်သော်လည်း ကောင်း၊ မိမိစိတ်ဆန္ဒနှင့်ညီညွတ်ကိုက်ညီခြင်းမရှိသျှင်သော် လည်းကောင်း မကျေမနပ် ဖြစ်ခြင်းကို နှာဘက်အနာအရာ၊ ကိုယ်အင်္ဂါအရာဘို့ဖြင့် ပြသခြင်းမရှိဘဲ မိမိနေမြဲအတိုင်း အေးဆေးစွာ နေခြင်းပင် ဖြစ်ပါသည်။ ဗာရာဏသီပြည့်ရှင် ဘောဇနသုဒ္ဓိက မင်းသည် အမျက်မထွက်ခြင်းတရား ဖြင့် ပြည့်စုံသည်ကို တွေ့ရပါသည်။ မိမိပွဲတော်အုပ်ကို စားချင်လှန်းသော အာသာဆန္ဒကြောင့် ရဲတင်းစွာ ဝင်စားသော ပုဂ္ဂိုလ်အား အမျက်မထွက်ပဲ ပြီးဆုံးအောင် စားသောက်စေပါသည်။[၄၀]

၈။ အဟိံသာ (မညှဉ်းဆဲခြင်း)

မညှဉ်းဆဲခြင်းဟူသည် သူတစ်ပါးကို စိတ်၏ဆင်းရဲခြင်း၊ ကိုယ်၏ဆင်းရဲခြင်းဖြစ်အောင် နှိပ်စက်မှု မပြုခြင်းပင် ဖြစ်

ပါသည်။ ဤမင်းကျင့်တရားကို မည်သို့မည်ပုံ ကျင့်သုံးခဲ့သည့်အကြောင်းကို ဖော်ပြထားသည်ကိုမူ မတွေ့ရပါ။

၉။ ခန္တီ(သည်းခံခြင်း)

သည်းခံခြင်းဟူသည် လူတစ်ဦးတစ်ယောက်အပေါ် မကျေမနပ်ဖြစ်သော်လည်း ကျေအေးဆွံ့လွှတ်ခြင်း၊ မိုက်ကိုနှိပ်စက်ရန်မူသော်လည်း တုံ့ပြန်မှုမပြုခြင်း၊ ရာသီဥတုဒဏ်၊ အစားဆင်းရဲ အနေဆင်းရဲဒဏ် စသည်တို့အား လျစ်လျူရှုကာ ခံနိုင်ရည်ရှိခြင်း စသည်တို့ဖြစ်ပါသည်။ သည်းခံခြင်းတရားနှင့် ပြည့်စုံသောမင်းအဖြစ် ဗာရာဏသီပြည့်ရှင် ဒြဟ္မဒတ်မင်းကို တွေ့ရပါသည်။[၄၁] ဗာရာဏသီပြည့်ရှင်ဗြဟ္မဒတ်မင်းသည်နန်းတွင်းသူတစ်ဦးကို မှားယွင်းသောအမတ်အား သည်းခံခဲ့ပါသည်။[၄၂] အိမ်ရာကိုပြုပြင်မှားသောအမတ်အားလည်းကောင်း၊[၄၃] မိမိ၏မူလဘဝဟောင်းကိုမေ့၍ ဆီးသီးကပင် မည်သည့်အသီးနည်းဟုမေးမြန်းသည့် မိဖုရားကြီးအား လည်းကောင်း၊[၄၄] မိမိစက်တော်ခေါ်စဉ် သတ်အံ့ဟုကြံသော ဒီဃာဝုမင်းသားအား လည်းကောင်း၊[၄၅] သည်းခံခဲ့ပါသည်။ နဂါးပြည်မှ ဘုရိဒတ်နဂါး မင်းသည် မိမိအား စိတ်တိုင်းကျနှိပ်စက်စေခိုင်းသည့် အလမ္ဗါယ်ဆရာ၏ ရက်စက်မှုကို တုံ့ပြန် ရန်မပြုဘဲ သည်းခံခဲ့ပါသည်။[၄၆]

၁၀။ အဝိရောဓန(ပြည်သူတို့နှင့်မဆန့်ကျင်ခြင်း)

ပြည်သူတို့နှင့်မဆန့်ကျင်ခြင်းဟူသည် ပြည်သူဆန္ဒကိုလိုက်လျော ဆောင်ရွက်ခြင်းပင် ဖြစ်ပါသည်။ မလ္လတိုင်း ကုသဝတီပြည့်ရှင်သိက္ခာကာဇာမင်းကြီးကား မိမိ၏ မောင်းမများနှင့် တကွသီလာတိမိဟုရားကြီးတို့တွင်သားမဖွားမြင်သောကြောင့်

ဖြဟ္မဒတ်မင်း[၁၁]နှင့် သားတော်[၁၂]တက္ကသိုလ်ပြည့်ရှင် ဗာရာဏသီမင်း၏ သားတော်အငယ်ဆုံး[၁၃] ကုရုတိုင်းကွန္ဒပတ္တိနုဂိုရ် ပြည့်ရှင်မနုဉ္ဇယကောရဗျမင်း[၁၄] သိဝိတိုင်း ရောရုဝပြည့်ရှင် ရောဟဝမင်း[၁၅] သိဒ်တိုင်း အရိဋ္ဌပုရပြည့်ရှင် သိဝိမင်း[၁၆]နှင့် ဗာရာဏသီပြည့်ရှင် သံယမမင်း[၁၇]တို့ ဖြစ်ကြပါသည်။

တရားနှင့်အညီ အုပ်စိုးသည်ဟူ၍ သာမန်ဖော်ပြချက် တို့ဘွင် တရားဟူသည် မင်းကျင့်တရားကိုသာ ညွှန်းဆိုသည် ဟူ၍ ယူသင့်ပါသည်။ ထို့ကြောင့်ညွှန်းဆိုခဲ့သဖြင့် မင်းကျင့်တရား ၁၀ ပါးနှင့်အညီအုပ်စိုးခဲ့သည်ဟူ၍ဆိုရန်ရှိသော မင်းကောင်း မင်းမြတ်တို့ဖြစ်ကြ ဗာရာဏသီပြည့်ရှင် မဟာသီလဝမင်း[၁၈] ဖြဟ္မဒတ်မင်း[၁၉]နှင့် သားတော်[၂၀] ဒဿရထမင်း[၂၁] သုဒဿနပြည့်ရှင် သုတသောမမင်း[၂၂] မလ္လဘိုင်း ကုသာဝတီပြည့်ရှင် ရှင်ဩကာကမင်း[၂၃] မဟိသကတိုင်း သာဂလပြည့်ရှင် သာဂလမင်း[၂၄]၊ ကွန္ဒပတ္တနုဂိုပြည့်ရှင် ကောရဗျမင်း[၂၅]နှင့် မိထိလာပြည့်ရှင် အင်္ဂတိမင်းကြီး[၂၆] တို့ ဖြစ်ကြပါသည်။

ထိုမင်းကျင့်တရားကို ကျင့်သုံးရာ၌ တိုင်းနိုင်ငံအုပ်ချုပ်သော မင်းများသာမက ထိုမင်းများ၏သားတော်အချို့လည်း ကျင့်သုံးကြပါသည်။ သာဓကအားဖြင့် ဗာရာဏသီပြည့်ရှင် ဖြဟ္မဒတ်မင်း၏သားတော်အချို့လည်း ကျင့်သုံးကြပါသည်။ ထို့ပြင် တိရစ္ဆာန်တို့၌ အကြီးအမှူး ဖြစ်သော သူတို့၏ ကျင့်သုံးပုံ အချို့ကိုလည်း တွေ့ရှိရပါသည်။ တိရစ္ဆာန်ဘုံနှင့် လူဘုံဟူ၍ ဘုံ ချင်း ခြား နား သော်လည်း မင်းဟူသော ဘဝချင်းတူညီမှုကြောင့် လည်းကောင်း၊ တိရစ္ဆာန်တို့သည် လူ တို့ ၏ ဘဝ ကို ထင် ဟပ် ပြ ရာ ရောက် သော ကြောင့်

"ပြည်သူသို့လွှတ်၍ မွေလျော်ပျော်ပါးပါစေ" ဟူသော်တိုင်း သူပြည်သားတို့၏ ဆန္ဒကို လိုက်လျောသည့် ထူးခြားသော မင်းကောင်းမင်းမြတ်ပင် ဖြစ်ပါသည်၊[၆၆]

စေတုတ္ထရာပြည့်ရှင် ဝေဿန္တရာမင်းကြီးကား နိုင်ငံတော်၏ ဆင်ဖြူတော်ကို လှူမိ၍ တိုင်းပြည်မှ နှင်ထုတ်ကြသော တိုင်းသူပြည်သားတို့၏ဆန္ဒကို လိုက်လျောကာ ပြည်မှ ထွက်ခွာတော်မူခဲ့ပါသည်။[၆၇]

ဗာရာဏသီပြည့်ရှင် ဖြဟ္မဒတ်မင်းသည် လူသားစားကြူး သောကြောင့် တိုင်းပြည်ဆန္ဒအရ နိုင်ငံမှ ထွက်ခွာပေးခဲ့ ရပါသည်။[၆၈]

မင်းတစ်ပါးက မင်းကျင့်တရား ၁၀ ပါးလုံး ကျင့်သုံးပုံ အကြောင်းအရာများကိုမူ မတွေ့ရပါ။ ထို ၁၀ ပါးအနက် တစ်ပါးသော် လည်းကောင်း၊ နှစ်ပါးသော် လည်းကောင်း၊ ကျင့်သုံးပုံမျိုးကိုသာ တွေ့ရပါသည်။ သို့သော် ထိုသို့တစ်ပါး နှစ်ပါး စသည်ဖြင့် ကျင့်သုံးသည်ပင်လျှင် မင်းကျင့်တရား ၁၀ ပါးလုံးကျင့်သုံးသည်ဟုပင် ယူသင့်ပါသည်။ အကြောင်းမှာ ထိုမင်းကျင့်တရားအားလုံး ကျင့်သုံးပုံကို ဇာတ်လမ်းအရ ဖော်ပြရန်မလိုသောကြောင့် ဖြစ်ပါသည်။ ထိုမင်းတို့တွင် မိထိလာပြည့်ရှင် သာခိနမင်းကြီး[၆၉]နှင့်နေမိမင်းကြီး[၇၀]တို့သည် မိမိတို့၏ ဒါနဂုဏ်သတင်းမွှေးပျံလှသောကြောင့် တာဝတိံသာ ပရိသတ်တို့၏တောင်းဆိုမှုအရ သိကြားမင်းက မာတလိနတ်သားကို စေလွှတ်၍ နတ်ပြည်သို့ ပင့်ဆောင်ခြင်းခံရသည့် မင်းနှစ်ပါး ဖြစ်ပါသည်။

မင်းကျင့်တရား ၁၀ ပါးနှင့်ပြည့်စုံသည်ဟူ၍ ညွှန်းဆိုခြင်း ခံရသော မင်းကောင်းမင်းမြတ်တို့ကား ဗာရာဏသီပြည့်ရှင်

(၂) သင်္ဂဟတရား လေးပါး

သင်္ဂဟဟူသည် သင်္ဂြိဟ်ခြင်း ဖြစ်ပါသည်။ သင်္ဂြိဟ်ခြင်း ဟူသည်လည်း ချီးမြှင့်ထောက်ပံ့ခြင်းပင် ဖြစ်ပါသည်။ ပြည့်ချင်မင်းတို့သည် နိုင်ငံကိုစီမံအုပ်ချုပ်ရာကွင် မင်းမှုထမ်းများနှင့်တကွ တိုင်းသူပြည်သားတို့အား အထိုက်အလျောက် ချီးမြှင့်ထောက်ပံ့ခြင်း ဆိုလိုပါသည်။ ထိုသို့ချီးမြှင့်ထောက်ပံ့မှုကို သင်္ဂဟာကွဲ့ ခေါ်ပါသည်။ မြန်မာဘာသာဖြင့် သင်္ဂဟဘရားဟူ၍ ခေါ်ဆိုကြပါသည်။ ယင်းတရားလေးပါးရှိရာ ယင်းတို့မှာ (၁) သဿမေဓ (ထိုက်သင့်သောအခွန်ကောက်ခြင်း) (၂) ပုရိသမေဓ (မင်းမှုထမ်းတို့အား ရိက္ခာချီမြှင့်ခြင်း) (၃) သမ္မာပါသ (တိုင်းသူပြည်သားတို့အား ငွေကြေးထောက်ပံ့ခြင်း၊ (၄) ဝါစာပေယျ (ချစ်ဖွယ်သောစကားကို ဆိုခြင်း) တို့ ဖြစ်ကြပါသည်။ [၆]

သင်္ဂဟတရားလေးပါးနှင့်စပ်လျဉ်း၍ ဣတိဝုတ္တိက အဋ္ဌကထာ၌ ဤသို့ဖွင့်ဆိုထားပါသည်။

ရှေးမင်းတို့၏လက်ထက်၌ သဿမေဓ၊ ပုရိသမေဓ သမ္ဘာပါသ၊ ဝါစာပေယျ ဟူ၍ ချီးမြှင့်ထောက်ပံ့သောတရားလေးပါးတို့သည် ရှိကြလေသည်။ ထိုသင်္ဂဟတရားလေးပါးတို့ဖြင့် မင်းတို့သည် လူအပေါင်းကို ချီးမြှောက်ခဲ့ကြကုန်၏။ ထိုလေးပါးတို့တွင် (၁) ကောက်စပါးတို့ပြည့်စုံသောကာလ၌ ဆယ်ဖို့တစ်ဖို့ယူခြင်းသည် သဿမေဓမည်ပါသည်။ ကောက်စပါးတို့ ပြည့်စုံစေရာ၌ ကျမ်းကျင်လိမ္မာသည်၏ အဖြစ်သည် ဆိုလိုရင်းအနက်တည်း။ (၂) စစ်သူကြီးတို့အား ထမင်းလစာ ရိက္ခာ

လည်းကောင်း၊ တိရစ္ဆာန်မင်းတို့၏ မင်းကျင့်တရားကျင့်သုံးပုံကိုလည်း အထိုက်အလျောက် တွေ့ရှိရပါသည်။

မင်းကျင့်တရား ၁၀ ပါးကို ကျင့်ကြံသောပုဂ္ဂိုလ်များကို ကြည့်လျှင် ထိုပုဂ္ဂိုလ်တို့သည် သာမန်ပုဂ္ဂိုလ်များမဟုတ်၊ ဘုရားအလောင်းများသာဖြစ်ကြောင်း ယေဘုယျအားဖြင့် တွေ့ရှိနိုင်ပါသည်။ ထို့ကြောင့် ဘုရားအလောင်းများဖြစ်ကြရသော ပါရမီ ၁၀ ပါးအနက် အချို့မှာ မင်းကျင့်တရား ၁၀ ပါးမှ အချို့နှင့် တူညီသည်ကို သတိပြုဖွယ်ဖြစ်ပါသည်။ မင်းကျင့်တရားလာ ဒါနသည် ဒါနပါရမီနှင့် လည်းကောင်း၊ သီလသည် သီလပါရမီနှင့်လည်းကောင်း၊ ခန္တီသည် ခန္တီပါရမီနှင့် လည်းကောင်း တူညီပါသည်။ အဇ္ဇဝသည် သစ္စာပါရမီနှင့် လည်းကောင်း၊ အက္ကောသည် မေတ္တာပါရမီနှင့် လည်းကောင်း တူညီပါသည်။ ဒါနကို ဥပပါရမီအဆင့်သို့လည်းကောင်း၊ ပရမတ္ထပါရမီ အဆင့်သို့ လည်းကောင်း မြှင့်တင်ပါမူ ယင်းသို့ မြှင့်တင်ခြင်းသည် မင်းကျင့်တရား ၁၀ ပါးလာ ပရိစ္စာဂပင် ဖြစ်သည်ဟု ဆိုဖွယ်ရှိပါသည်။

ဤသို့ မင်းကျင့်တရား ဆယ်ပါးကို ကျင့်ကြံခြင်း၏ အကျိုးကျေးဇူးကို မဟာဟံသဇာတ်၌ တွေ့ရှိရပါသည်။ “မင်းကျင့်တရား ၁၀ ပါး၌တည်သောကြောင့် တစ်လွန်လောကကိုမကြောက်လန့်၊ ကုသိုလ်တရားတို့ မိမိ၌တည်သောကြောင့် နှစ်သက်ခြင်းသည် လည်းကောင်း၊ ဝမ်းမြောက်ခြင်းသည် လည်းကောင်း ဖြစ်ရပါသည်” ဟု၍ သံဃမင်းကြီးက ရှေဟသ်ဝမင်းကို မိန့်တော်မူသောစကားဖြင့်သည် မင်းတို့အတွက် တန်ဖိုးရှိလှပါသည်။

သည်သာ ပဓာနဖြစ်ပါသည်။ အချုပ်အားဖြင့်ဆိုသော် ကောက်စပါး(သဿ)ကောက်ခံရာ၌ လိမ္မာခြင်း (မေဓ) သည် သဿမေဓဖြစ်ပါသည်။ ထို့ကြောင့် သဿမေဓကို ထိုက်သင့်သော အခွန်ကောက်ခံခြင်းဟုလည်း ပြန်ဆိုသင့်ပါသည်။

ပုဂ္ဂိသမေဓဟူသည် ပုရိသဂ်ဟဏေမေဓဝိတာ ယောဂျိုးတို့အား ချီးမြှင့်ရာ၌ လိမ္မာခြင်းဖြစ်ပါသည်။ ပုရိသဟူသည် စစ်သူကြီးကဲ့သို့သော ယောဂျိုးများ ဖြစ်ပါသည်။ ဤနေရာတွင် မင်းမှုထမ်းအားလုံးကိုဆိုလိုပါသည်။ မင်းမှုထမ်းတို့ကို မည်သို့ ချီးမြှင့်ပါသနည်း။ လစာရိက္ခာပေးခြင်းဖြင့် ချီးမြှင့်ပါသည်။ ခြောက်လတစ်ကြိမ်ချီးမြှင့်သည်ဟု အဋ္ဌကထာ၌ ဆိုသော်လည်း သုံးလတစ်ကြိမ်၊ လေးလတစ်ကြိမ်လည်း ဖြစ်နိုင်ပါသည်။ လစာရိက္ခာချီးမြှင့်သည့်နှုန်းကိုမူ အဋ္ဌကထာ၌ မဖော်ပြပါ။ သို့သော် ထောက်ပံ့မှု၌ လိမ္မာခြင်းဟူ၍ ဆိုသောကြောင့် ထိုက်သင့်သောအချိန်၌ ထိုက်သင့်သောလစာရိက္ခာကို မင်းမှုထမ်းတို့၏ ရာထူးအလျောက် ချီးမြှင့်ခြင်းဖြစ်နိုင်သော်၊ မင်းမှုထမ်း (ပုရိသ)တို့ကို ချီးမြှောက်ရာ၌ လိမ္မာခြင်း(မေဓ)သည် ပုရိသမေဓဖြစ်ပါသည်။ ထို့ကြောင့် ပုရိသမေဓကို မင်းမှုထမ်းတို့အား ချီးမြှင့်ခြင်း ဟုလည်း ဆိုနိုင်ပါသည်။

သမ္ပာပါသဟူသည် သမ္ပာမနုဿောပါသေတိ ကောင်းစွာလူတို့ကို ဖွဲ့နှောင်၏ဟူ၍ ဖြစ်ပါသည်။ လူတို့ကိုဖွဲ့နှောင်ခြင်းဟူသည် တင်စား၍ဆိုခြင်း ဖြစ်ပါသည်။ လူတို့၏နှလုံး၌ မေတ္တာကို ဖွဲ့နှောင်၍ထားခြင်း ဖြစ်ပါသည်။ လူတို့၏ ချစ်မြတ်နိုးမှုရရှိခြင်းကို ဆိုလိုပါသည်။ မည်သို့ ရရှိသနည်းဟူမူ

ပေးကမ်းခြင်းသည် ပုရိသမေဓမည်ပါသည်။ မင်းချင်း ယောဂျိုးတို့အား ချီးမြှင့်ခြင်း၌ ကျမ်းကျင်လိမ္မာသည်၏အဖြစ်သည် ဆိုလိုရင်းအနက်တည်း။ (၃) ဆင်းရဲသောသူတို့အား စာအုပ်၌ အကွရာကိုယူ၍ (စာချုပ်စာတမ်းပြု၍)သုံးနှစ်ပတ်လုံး အတိုးမယူဘဲတစ်ထောင်၊ နှစ်ထောင်မျှလောက်သော ငွေကို ပေးကမ်းချေးငှားခြင်းသည် သမ္ပာပါသမည်၏။ မှန်၏။ ထိုတရားသည် လူတို့ကို ကောင်းစွာဖွဲ့ခဲ့ချည်၏။ စိတ်နှလုံး၌ ချည်နှောင်ထားသကဲ့သို့တည်၏။ ထို့ကြောင့် သမ္ပာပါသဟူ၍ဆို၏။ (၄) (အဖိုတစ်ပါးကား) ဖခင်၊ ဦးလေး ဤသို့ အစရှိသည့် သိမ်မွေ့သောစကားဖြင့် ချီးမြှောက်ခြင်းသည် ဝါစာပေယျမည်၏။ ချစ်ဖွယ်သောစကားကို ပြောခြင်း၊ ချစ်ဖွယ်သောစကား ရှိသည်၏အဖြစ်သည် အနက်တည်း။ ဤသင်္ဂဟတရားလေးပါးတို့ဖြင့် သင်္ဂိုဟ်ထောက်ပံ့သော တိုင်းနိုင်ငံသည် ပြည့်လည်ပြည့်စုံ၏။ ပြန့်လည်း ပြန့်ပြော၏။ များစွာသော ထမင်းအဖျော်ရှိသည်။ ဘေးကင်းသည်။ ခိုးသူမရှိသည် ဖြစ်၏။[၆]

အဋ္ဌကထာဋ္ဌဂ္ဂင်းပြချက်အရ သဿမေဓဟူသည် သဿသမ္ပာဒနေမေဝါဒိတာ ကောက်စပါးတို့ပြည့်စုံသေးကာလဋ္ဌ လိမ္မာခြင်းဖြစ်ပါသည်။ လိမ္မာခြင်းဟူသည် လိမ္မာစွာ အခွန်စည်းကျပ်ကောက်ခံခြင်းကို ဆိုလိုပါသည်။ ကောက်ခံသောနှုန်းမှာ ထွက်ရှိသမျှသောပမာဏ၏ ဆယ်ပုံတစ်ပုံသာဖြစ်ပါသည်။ သို့သော် အခါကြဘန၊ အခွါကာလများတွင် ထိုထက်ပိုသည်လည်း ရှိနိုင်ပါသည်။ မည်သို့ဆိုစေ ကောက်စပါးကို အခွန်အကောက်အဖြစ် စည်းကြပ်ကောက်ခံမှုဋ္ဌ လိမ္မာခြင်း

ထောက်ပံ့ခြင်းဖြင့် တိုင်းသူပြည်သားတို့၏မေတ္တာကို ခံယူရပါသည်။ မည်သူကိုပင်ဖြစ်စေ ချစ်ဖွယ်သော စကားဖြင့် ဆက်ဆံရပါမည်။ ဤသို့ ပြုမူဆောင်ရွက်ခြင်းကိုပင် သင်္ဂဟတရားလေးပါးကို ကျင့်သုံးသည်။ သင်္ဂဟတရားလေးပါးနှင့် ပြည့်စုံသည်ဟု ဆိုရပါသည်။

ယင်းသို့ကျင့်သုံးသော မင်းတို့ကို ဇာတကဋ္ဌကထာ၌ တွေ့ရပါသည်။ ထိုမင်းတို့တွင် အာဒါသမုခမင်းသား၏ မမည် တော် ဗာရာဏသီပြည်၌ နေသန္ဓမင်းကြီး သည် လေးပါးကုန်သော သင်္ဂဟာတို့ဖြင့် လူဘိုကို သင်္ဂြိုဟ်တတ်သောကြောင့် နေသန္ဓဟူသောအမည်ကို ရတော်မူပါသည်။ ၉၀

သိဝိတိုင်း ရောရုဝပြည့်၌ရှင် ရောရုဝမင်းကြီး သည်လည်း လေးပါးကုန်သော သင်္ဂဟဝတ္ထုတို့ဖြင့် လူများကို သင်္ဂြိုဟ်ထောက်ပံ့တော်မူပါသည်။ ၉၁

မိထိလာပြည်သူဘိုအား သင်္ဂဟတရားလေးပါးဖြင့် သင်္ဂြိုဟ်ထောက်ပံ့တော်မူသော မိထိလာပြည့်ရှင် သာစိန မင်းကြီး ၃၂ နှင့် နိမိ ၇၃ မင်းကြီးတို့အား တာဝတိံသာမှ နတ်ပရိသတ်ဘို၏ ဖူးမြင်လိုမှုဆန္ဒကြောင့် သိကြားမင်းသည် စိဘလိနတ်သားကိုနတ်ပြည်သို့ပင့်ဖိတ်စေတော်မူလေသည်။ မတ္တာကုဋ္ဌတောင် နေတရဋ္ဌ အမည်ရသော ရွှေဟင်္သာမင်းသည်လည်း သင်္ဂဟတရားလေးပါးဖြင့် ပြည့်စုံတော်မူပါသည်။ ၉၇

သင်္ဂဟတရားလေးပါးတွင်ပါသော ပုရိသမဓ (မင်းမှုထမ်းတို့အား လစာရိက္ခာချီးမြှင့်ခြင်း) တရားဖြင့် ပြည့်စုံမှသာလျှင် မင်းတို့ပြည့်စုံရာသည့် အားငါးပါးတွင်

ဆင်းရဲသူ ဆင်းရဲသားတို့အား တစ်ထောင်တန်သည်၊ နှစ်ထောင်တန်သည် စသည်အားဖြင့် ငွေကြေးထောက်ပံ့ချေးငှားခြင်းဖြင့် ရရှိပါသည်။ ထိုသို့ ထောက်ပံ့ချေးငှားရာ၌ သုံးနှစ်တာမျှ အတိုးအညှန့်မယူဘဲ ထားရှိပါသည်။ သုံးနှစ်ဟုဆိုသော်လည်း နှစ်အရေအတွက် အတိုးအလျော့အမျိုးမျိုး ဖြစ်နိုင်ပါသည်။ ထိုသို့ ချေးငှားခြင်းဖြင့် ဆင်းရဲသူဆင်းရဲသားတို့၏ နှလုံးသားကို ကျေးကွင်းဥစ္စာနှောင်၍ ထားသကဲ့သို့ ရှိနေမည်ဖြစ်ပါသည်။ ထို့ကြောင့် သမ္မာပါသဟူသည် ဆင်းရဲသားတို့အား ငွေချေးငှားရာ၌ ကောင်းစွာ (သမ္မာ) ဖွဲ့နှောင်ထားခြင်း (ပါသ)ပင် ဖြစ်ပါသည်။ ထို့ကြောင့် သမ္မာပါသကို တိုင်းသူပြည်သားတို့အား ငွေကြေးထောက်ပံ့ခြင်းဟုလည်း ပြန်ဆိုနိုင်ပါသည်။

ဝါစာပေယျဟူသည် ပီယဝါစာ ချစ်ဖွယ်သောစကားဖြစ်ပါသည်။ ချစ်ဖွယ်သောစကားကို သိမ်မွေ့သောစကားဟူ၍လည်း ဆိုနိုင်ပါသည်။ ချစ်ဖွယ်သောစကား သိမ်မွေ့သောစကားဟူသည် တိုင်းသူပြည်သားတို့ကို ဆက်ဆံရာ၌ ဖခင်အရွယ်ရှိသူကို ဖခင်၊ ဦးလေးအရွယ်ရှိသူကို ဦးလေးစသည်ဖြင့် ခေါ်ဝေါ်ပြောဆိုခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဝါစာပေယျကို ချစ်ဖွယ်သောစကား ပြောဆိုခြင်းဟုလည်း ပြန်ဆိုသင့်ပါသည်။

အထက်ပါ သင်္ဂဟတရားလေးပါးသည်လည်း မင်းတို့ကျင့်သုံးရမည့် တရားလေးပါ ဖြစ်ပါသည်။ မင်းမည်သည် အကောက်အခွန်ကို လိမ္မာစွာ ကောက်ခံရပါသည်။ မင်းမှုထမ်းများအား လစာရိက္ခာများကို လိမ္မာစွာ ချီးမြှင့်ရပါသည်။ တိုင်းသူပြည်သားတို့အား ငွေကြေး ချေးငှား

ပါဝင်သော အမစ္စဗလ (အမှုထမ်းအရာထမ်း မှူးမတ် အပေါင်းနှင့် ပြည့်စုံခြင်း)နှင့် ပြည့်စုံနိုင်ပါမည်။[၇၅]

သင်္ဂဟတရားလေးပါး

အိမ်ရာထောင်သော လူဘောင်၌ အိမ်ထောင်သည်တို့ ကျင့်ဆောင်ရသော သင်္ဂဟတရားလေးပါးကိုလည်း ဤသို့ ပြဆိုထားသည်ကို တွေ့ရပါသည်။ ၎င်းတို့မှာ (၁) ဒါန (ပေးကမ်း ဖွဲ့ကြဲခြင်း)၊ (၂) ပေယျဝဇ္ဇ (ချစ်ဖွယ်သော စကားကိုဆိုခြင်း)၊ (၃) အတ္ထစရိယာ (အကျိုးစီးပွားကို ကျင့်ဆောင်ခြင်း)၊ (၄) သမာနတ္တတာ(မိမိနှင့်ထပ်တူ ညီမျှ ဆက်ဆံခြင်း)တို့ ဖြစ်ကြပါသည်။

သုတ်ပါထေယျအဋ္ဌကထာတွင် ထိုသင်္ဂဟတရားလေးပါး၏အနက်ကို ဤသို့ဖွင့်ဆိုထားပါသည်။

ဒါနအာဖြင့်ဟူသော စကားရင်တို့တွင် အခြို့သော ပုဂ္ဂိုလ်တို့ကို ဒါနအားဖြင့်သာလျှင် ပေးကမ်းချီးမြှောက်အပ်သည် ဖြစ်၏ဟု ဆိုလိုပါသည်။ (ဒါနကို အလိုရှိသော ပုဂ္ဂိုလ်တို့ကို ဒါနဖြင့်သာလျှင် ပေးကမ်းချီးမြှောက်အပ်ပါသည်။ ရဟန်းတော်တို့အား ရဟန်းတော်၏အသုံးအဆောင် (သင်္ကန်းစသော ပရိက္ခရာ)ကို ပေးကမ်း လှူဒါန်းအပ်ပါသည်။ လူတို့အား လူတို့၏ အသုံးအဆောင် (အဝတ်စသော အသုံးအဆောင်)ကို ပေးကမ်းအပ်ပါသည်။

ပေယျဝဇ္ဇကို ဤသို့ သိအပ်ပါသည်။ အချို့သော ပုဂ္ဂိုလ်သည်၊ ဤပုဂ္ဂိုလ်သည် ပေးသင့်သော အရာ

မည်သည်ကိုပေး၏။ ထိုသို့ပင်ဖြစ်သော်လည်း တစ်ခုသော စကားဖြင့် အလုံးစုံကိုချေဖျက်၍ ဖျက်ဆီးတတ်၏။ ထိုပုဂ္ဂိုလ်၏ အလှူဒါနသည် အဘယ်အကျိုးရှိအံ့နည်းဟူ၍ ပြောဆိုတတ်သည်ဖြစ်၏။ အချို့ပုဂ္ဂိုလ်သည် အလှူကိုမူကား မပေးလို၊ ပြောဆိုသည်နှိမ့်သော် ဆင်ဖြင့် လူးသကဲ့သို့ ချေဖျက်တတ်၏။ ဤပုဂ္ဂိုလ်သည် ပေးသည်မူလည်းဖြစ်စေ၊ မပေးသည်မူလည်းဖြစ်စေ၊ ထိုပုဂ္ဂိုလ်၏ စကားသည်သာလျှင် တစ်ထောင်ထိုက်တန်၏ဟု ပြောဆိုတတ်သည်ဖြစ်၏။ ဤသို့ သဘောရှိသော ပုဂ္ဂိုလ်သည် ပေးကမ်းခြင်းကို မတောင့်တ၊ ချစ်ဖွယ်သောစကားကို သာလျှင် တောင့်တ၏။ ထိုပုဂ္ဂိုလ်ကို ချစ်ဖွယ်သော စကားဖြင့် ချီးမြှောက်အပ်ပါသည်။

အတ္ထစရိယာယဟူသည်အကျိုးစီးပွားတိုးပွားစေသော စကားဖြင့် (ဟူ၍ဖြစ်သည်)၊ (ဟိ-အကျယ်ချဲ့ဦး အုံ့) အချို့သောပုဂ္ဂိုလ်သည် ဒါနကိုလည်းကောင်း၊ ချစ်ဖွယ်သောစကားကိုလည်းကောင်း မတောင့်တ၊ မိမိအကျိုးစီးပွားနှင့်စပ်သော စကားကိုသာလျှင် တောင့်တ၏။ ဤသို့သော သဘောရှိသောပုဂ္ဂိုလ်ကို သင်သည် ဤအမှုကိုပြုသင့်၏။ သင်သည် ဤအမှုကို မပြုသင့်။ ဤသို့သဘောရှိသောပုဂ္ဂိုလ်ကို မိုဝဲဆည်းကပ်သင့်၏။ ဤသို့သော သဘောရှိသောပုဂ္ဂိုလ်ကို မမှီဝဲမဆည်းကပ်အပ်။ ဤသို့အကျိုးစီးပွားနှင့် စပ်သောစကားဖြင့် ချီးမြှောက်အပ်ပါသည်။

သမာနတ္တတာယာတိဟူသည် တူသော ချမ်းသာဆင်းရဲရှိသည်၏အဖြစ်ဖြင့်(ဟုဆိုလိုသည်)၊(ဟိ-အကျယ်

ရဟန်းသည် အတူဘက္ခ သုံးဆောင်ခြင်းငှာ မတတ်ကောင်။ ထိုသို့မပြုအပ်သော်လည်း အမျက်မထွက်၊ သီလရှိသောရဟန်းသည် ချီးမြှောက်ရန် လွယ်ကူသည်ဖြစ်၏။ သီလရှိသောပုဂ္ဂိုလ်သည်မပေးမလျှူသော်လည်း အမျက်မထွက်။ အတူတကွမပြုအပ်သော်လည်း အမျက်မထွက်။ တစ်ပါးသော အတူတကွ သုံးဆောင်ခြင်းကို မပြုဒသာသူကိုလည်း ယုတ်မာသော အကုသိုလ်စိတ်ဖြင့် မကြဉ့်၊ သုံးဆောင်ခြင်းသည်လည်း ထိုသီလရှိသော ရဟန်းနှင့် လွယ်ကူသည်ဖြစ်၏။ ထို့ကြောင့် ဤသို့သဘောရှိသော ပုဂ္ဂိုလ်ကို မိမိနှင့်တန်းတူ ထားသော အားဖြင့် ချီးမြှောက်အပ်ပါသည်။[၇၆]

အဋ္ဌကထာ၏ဆိုလိုရင်းအရ ဒါနဟူသည် ရဟန်းပုဂ္ဂိုလ်တို့အား ရဟန်းတို့နှင့်ဆိုင်သော အသုံးအဆောင်တို့အား လှူဒါန်းခြင်း၊ လူပုဂ္ဂိုလ်ဘို့အား လူတို့နှင့်ဆိုင်သောအသုံးအဆောင်ဘို့ကို ပေးကမ်းခြင်းပင် ဖြစ်ပါသည်။ ထို့ကြောင့် ဒါနကို ပေးကမ်းစွန့်ကြဲခြင်းဟု ပြန်ဆိုသင့်ပါသည်။

ပေယျဝဇ္ဇဟူသည် ပိုယဝစန ချစ်ဖွယ်သောစကားပင်ဖြစ်ပါသည်။ အချို့ပုဂ္ဂိုလ်တို့သည် မိမိကိုယ်တိုင်လည်းမပေးလှူ စကားဆိုရာဘဝင်လည်း ဆီဖြင့်လူးသကဲ့သို့ ချေဖျက်ပြောဆိုတတ်၏။ သို့ပါသော်လည်း ထိုပုဂ္ဂိုလ်၏စကားသည် တစ်ထောင်ထိုက်၏ဟု ပြောဆိုတတ်ကြ၏။ ထိုသို့သော ပုဂ္ဂိုလ်မျိုးကို ချစ်ဖွယ်သောစကားဖြင့် ချီးမြှောက်သင့်ပါသည်။ ထို့ကြောင့် ပေယျဝဇ္ဇကို ချစ်ဖွယ်သောစကားကိုဆိုခြင်းဟု ပြန်ဆိုသင့်ပါသည်။

ခဲ့ဦးအံ့) အချို့သောပုဂ္ဂိုလ်သည် ဒါနအစရှိသည်တို့တွင် တစ်ခုကိုမျှလည်း မတောင့်ဘာ၊ တစ်ခုသောနေရာ၌ ထိုင်နေခြင်းကိုလည်းကောင်း၊ တစ်ခုသောပလ္လင်၌ အိပ်ခြင်းကို လည်းကောင်း၊ အတူတကွစားခြင်းကိုလည်းကောင်း တောင့်တ၏။ ထိုသို့တူသော ချမ်းသာဆင်းရဲရှိသည်၏အဖြစ်ကို တောင့်တ၍ ထိုပုဂ္ဂိုလ်တို့တွင် အမျိုးဇာတ်အာဒိဖြင့် ယုတ်ညံ့သောသူသည် စည်းစိမ်အာဒိဖြင့်လွန်ကဲမှု ချီးမြှောက်ရန် ခဲယဉ်းသည်ဖြစ်၏ (မှန်၏)။ ထိုပုဂ္ဂိုလ်နှင့် အတူတကွ သုံးဆောင်ခြင်းကို ပြုခြင်းငှာ တတ်ကောင်း။ ထိုသို့မပြုအပ်သည်ရှိသော် ထိုပုဂ္ဂိုလ်သည် အမျက်ထွက်၏။ စည်းစိမ်ဖြင့် ယုတ်ညံ့သောသူသည် အမျိုးဇာတ်အားဖြင့် လွန်ကဲသော်လည်း ချီးမြှောက်ဖို့ရန် ခက်ခဲသည်ဖြစ်၏။ မှန်၏။ ထိုပုဂ္ဂိုလ်က ငါသည် အမျိုးဇာတ်ကြီးသူတည်းဟူ၍ ဤသို့စည်းစိမ်ဥစ္စာပြည့်စုံသောသူနှင့် အတူတကွသုံးဆောင်ခြင်းကို အလိုမရှိ၊ ထိုအရာကို မပြုအပ်သည်ရှိသော် အမျက်ထွက်၏။ ဇာတ်ပစ္စည်းနှစ်မျိုးလုံးအားဖြင့်လည်း ယုတ်ညံ့သောသူသည် ချီးမြှင့်ရန် လွယ်ကူသည်ဖြစ်၏။ မှန်၏။ ထိုပုဂ္ဂိုလ်သည် တစ်ပါးသောသူနှင့် အတူတကွသုံးဆောင်ခြင်းကို အလိုမရှိ၊ တပေါင်းတည်းမပြုအပ်သော်လည်း အမျက်မထွက်၊ ဇာတ်ပစ္စည်းနှစ်မျိုးလုံးတို့ဖြင့် တန်းတူသောပုဂ္ဂိုလ်သည်လည်း ချီးမြှောက်ရန် လွယ်ကူသည်တည်း။

ရဟန်းတော်တို့ဝင် သီလရှိသော ရဟန်းသည် ချီးမြှောက်ရန် ခက်ခဲသည်ဖြစ်၏။ မှန်၏။ ထိုဒုသီလ

အဘွစရိယာဟူသည် အတ္ထသံဝဏ္ဏနကထာအကျိုးစီးပွားကို တိုးတက်လိုခြင်းအလို့ငှာ ကျင့်ဆောင်ခြင်းပင်ဖြစ်ပါသည်။ အချို့ပုဂ္ဂိုလ်တို့သည် ဒါနကိုလည်းကောင်း၊ ချစ်ဖွယ်သောစကားကိုလည်းကောင်း အလိုမရှိတတ်၊ မတောင့်တတ်ကြပါ။ မိမိ၏အကျိုးစီးပွားနှင့် ယှဉ်သောစကားကိုသာ အလိုရှိတတ်ကြပါသည်။ မိမိအား ဤအမှုသည်မပြုအပ်ဟူ၍လည်းကောင်း၊ ဤသူကိုမပေါင်းအပ်ဟူ၍ လည်းကောင်း အကျိုးနှင့်ယှဉ်စွာ ပြောဆိုခြင်းကိုသာ အလိုရှိတတ်ကြပါသည်။ ထိုသို့သောပုဂ္ဂိုလ်မျိုးကို အကျိုးနှင့်ယှဉ်သောစကားဖြင့်သာ ချီးမြှောက်သင့်ပါသည်။ ထို့ကြောင့် အတ္ထစရိယာကို အကျိုးစီးပွားကိုတိုးတက်စေခြင်းအလို့ငှာ ကျင့်ဆောင်ခြင်းဟု ပြန်ဆိုသင့်ပါသည်။

သမာနတ္တတာဟူသည် သမာနသုခဒုက္ခဘာဝ ချမ်းသာဆင်ရဲတွင်းတို့ အတူတကွရှိခြင်းပင်ဖြစ်ပါသည်။ လူပုဂ္ဂိုလ်တို့သည် စည်းစိမ်မဲ့သူ၊ အမျိုးဇာတ်နိမ့်သူတို့ကို မိမိနှင့်အတူတကွ သုံးဆောင်ခံစားခွင့်မပြုဘဲ နေလေ့ရှိကြပါသည်။ ထိုအခါ မပြုခြင်းခံရသူ ပုဂ္ဂိုလ်တို့သည် မကျေမနပ်ဖြစ်တတ်ပါသည်။ ထိုသို့မကျေမနပ်မဖြစ်စေခြင်းငှာ ထိုကဲ့သို့သောပုဂ္ဂိုလ်တို့နှင့် အာဘုဘကွဒေးသောက်နေထိုင်ခြင်းသည် သမာနတ္တတာပင် ဖြစ်သည်။ မိမိအောက်စည်းစိမ် ဇာတ်ယုတ်လျော့သူတို့နှင့် အတူတကွ သုံးဆောင်ခံစားခြင်းဖြင့် ထိုပုဂ္ဂိုလ်တို့ကို ချီးမြှောက်ရာရောက်ပါသည်။ ရဟန်းသံဃာတို့သည်လည်း သီလမရှိသောရဟန်းသံဃာတို့နှင့် အတူတကွမှီဝဲသုံးဆောင်လိုစိတ် မရှိတတ်ကြပါ။ ထိုစိတ်ကိုဖယ်ရှား၍ သီလမရှိသော်လည်း မိမိနှင့်အတူ သုံးဆောင်ခံစားခြင်းသည်

သမ္မာနတ္တတာ မိမိ၏ထပ်တူပြုခြင်း၏အဖြစ်ပင် ဖြစ်ပါသည်။ သင်္ဂဟတရားလေးပါးတွင် စည်းစိမ်ဇာတ် မတူသော်လည်း မိမိနှင့်ထပ်တူသုံးဆောင်ခံစား ခြင်းသည် သမ္မာနတ္တတာပင်ဖြစ်သောကြောင့် ယင်းကို မိမိနှင့်ထပ်တူညီမျှ ဆက်ဆံခြင်းဟု ပြန်ဆိုသင့်ပါသည်။

(၃) မြည်သူတို့နှင့် အစဉ်ထိတွေ့ခြင်း

မင်းတို့၏လုပ်ငန်းတစ်ရပ်မှာ ပြည်သူတို့၏အခြေအနေမှန်ကို သိရှိအောင်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ မင်းသည် တိုင်းပြည်ဇနပုဒ်အတွင်းရှိ ပြည်သူတို့၏အနီးသို့ ချဉ်းကပ်၍ ထိုတိုင်းပြည်ဇနပုဒ်အတွင်းဦးမြင့်၍လည်းကောင်း၊ ကြားရှု၍လည်းကောင်း ထိုမြင်ရာကြားရာတို့ကိုဆင်ခြင်၍ဆောင်ရွက်ရပါသည်။ ၁၃ဂျူတိန္ဒကဇာတ်တွင်မြို့၏အခြေအနေကိုသိရှိရန် ပဥ္စာလမင်းသည် ပုရောဟိတ်နှင့်တကွလှည့်လည်စုံစမ်းသောအခါ မိမိတို့၏ဆောင်ရွက်ဆဲအမှုကိစ္စတို့၌ အဆင်မပြေသောထိခိုက်ခြင်းခံရသော သူအို၊ သူဆင်းရဲ၊ မိန်းမအို၊ လယ်ထွန်ယောကျ်ားစသည်တို့၏ မကျေနပ်သော အချက်များကို ကြားသိရလေသည်။ ထိုသူတို့က မင်းသည် ဇနပုဒ်ပြည်ရွာတို့ကို မစောင့်ရှောက် အဓမ္မဖြစ်သော အခွန်အတုတ်တို့ဖြင့် နှိပ်စက်ညှဉ်းဆဲ၏။ ညှဉ်၍ ခိုးသူတို့သည် လုယက်ဖျက်ဆီး၏။ နှေ၍ အခွန်တောင်းသော မင်းချင်းတို့သည် လုယက်ဖျက်ဆီး၏။ မင်းယုတ်၏ နိုင်ငံ၌တရားမစောင့်သောလူသည် များ၏ဟူ၍ အုပ်ချုပ်သူမင်း၏ အပြစ်ကို ပြောဆိုကြလေသည်။ ထိုအချက်တို့ကို ကြားသိရသောအခါမှ ပြည်သူတို့၏ အခြေအနေမှန်ကို သိရှိကာ ပြင်ဆင်ဆောင်ရွက်နိုင်ပေသည်။ ဤ

(၅) အမှုထမ်းတို့အပေါ်တွင် ကျင့်သုံးရန် နည်းလမ်းတို့ကို ကျင့်ကြခြင်း

မင်းမည်သည် မည်သို့သော ပုဂ္ဂိုလ်ကို မည်သို့ ဆက်ဆံ ကျင့်သုံးရမည်ဆုံသည်ကိုမှနှံကန်စွာသိနားလည်ရုံလည်းလုံအပ်ပါသည်။ ဥဒါဟရဏ်အားဖြင့် ဘဏ္ဍာစိုး ခန့်ထားမည့်ပုဂ္ဂိုလ်သည် တည်ကြည်ခြင်း၊ လောင်းကစား ကင်းခြင်း၊ အသုံးအဖြုန်းမကြွယ်ခြင်း စသောအရည်အချင်းမျိုးနှင့် ပြည့်စုံကြောင်း သိထားသင့်ပါသည်။ မင်းတို့သည် မိမိထံမြဲ့စားသူကို ပေးကမ်းခြင်း စသည်ဖြင့် ကောင်းစွာ ချီးမြှင့်ထောက်မရမည်။ ကိုယ်တိုင်ရှု၍ ဥစ္စာတို့ကိုမြုပ်ထားခြင်း၊ ကြေးမိုပေးခြင်းတို့ကို မျက်မြင်ပြုသင့်သည်။ သူတစ်ပါးကို မယုံကြည်ရာကျေးဇူးပြုဖူးသူကိုလည်းကောင်း၊ မပြုဖူးသူကိုလည်းကောင်း ကိုယ်တိုင်သိရာ၏။ နှိပ်ကွပ်ထိုက်သူကို နှိပ်ကွပ်ရာ၏။ ချီးမြှောက်ထိုက်သူကို ချီးမြှောက်ရာ၏။[၅] မင်းသည် အထွတ်နှင့်တူ၍ အမတ်ဗိုလ်ပါသူကြွယ်တို့သည် အခြင်နှင့် တူသည်။ အထွတ်နှင့်အခြင်တို့သည် တစ်ခုနှင့် တစ်ခု အညမညကူညီထောက်ပံ့ နေကြသကဲ့သို့ မင်းနှင့် အမှုထမ်း တို့သည်လည်း အချင်းချင်းကူညီ ထောက်ပံ့နေသင့်ကြကား တရားစောင့်သော မင်းသည်မိမိအဆွေခင်ပွန်းဖြစ်ကုန်သော အမတ်ဗိုလ်ပါသူငယ်တို့ကို ထောက်ပံ့သင့်ကြောင်းဂုဏ်တို့ကိုမထောက်ပံ့၍ ဂုဏ်းတို့ ပျက်စီးလျှင် မင်းသည် အစိုးရခြင်းမှ ယုတ်မည်ဖြစ်ကြောင်းကုက္ကုရ[၆]ဇာတ်တွင် ဖော်ပြပါသည်။ မင်းတို့သည် ဖော်ပြခဲ့သည့်အချက်များကို အမှုထမ်းတို့အပေါ်တွင် ကျင့်သုံးဆောင်ရွက်သင့်ကြပါသည်။

ဇာတ်တွင် မင်းသည် အဆောင်အယောင်နှင့် မဟုတ်သော သာမန်ပြည်သူတစ်ယောက်အသွင်ကို ဆောင်၍ စူးစမ်းခြင်း ဖြစ်၍ ယင်းသို့စူးစမ်းခြင်းမျိုးကို ဇာတ်တော်များတွင် ရံခါတွေ့ရှိရပါသည်။[၇]

(၄) မိမိကိုယ်ကိုဝေဖန်ရေးနှင့် ပြင်ဆင်ရေးကျင့်သုံးခြင်း

မင်းတို့အရည်အသွေးတွင် မိမိမှားကြောင်းသိက ဝန်ခံကာ အမှားကိုပြန်လည်ပြုပြင်ခြင်းသည်လည်း တစ်နည်းအပါအဝင်ဖြစ်သည်ဟု ဆိုသင့်ပါသည်။သောမနဿဇာတ်[၈]တွင် "ရေကုမင်းကြီးသည် ရသေ့စဉ်းလဲ၏ စကားကိုယုံ၍ သားတော်ကို သတ်မည် ပြုပြီးမှ ဟင်းရွက်သည်တို့ကို ဧါဝေးရာ သားတော်၏ စကားမှန်ကြောင်း သိသဖြင့် မိမိမှားကြောင်း ဝန်ခံသည် ဖြစ်ရပ်"ကို တွေ့ရပါသည်။

သုဟာနုဇာတ်[၉]တွင် "လောဘကြီးသော ဇာရဏာသ်ပြည့် ရှင် ပြဟ္မဒတ်မင်းသည် သူတစ်ပါး၏ နွေးတို့ကို အနာဂုံ၍ တန်ဖိုးလျော့ပြတ် ငယ်ယုရာ ဘရားလောင်းရဟန်တော်အား "မင်းမည်သည်ကား အလွန်ကောင်းတတ်သည် ဟုဆို သူတစ်ပါး၏ ဥစ္စာမည်သည်ကို စုက်ဆင်းခြင်းငှာ မအပ်" ဟု မြင်းတို့၏ တန်ဖိုးမှန်ဖြတ်သည်ကို ပြန်လည်လက်ခံဖူးကြောင်း ဖော်ပြပါသည်။

မဟာဗောဓိဇဋ္ဌကဇာတ်[၁၀]တွင် တံငါးယဉ် တရားဆုံးဖြတ်သောအမတ်တို့ကို ပယ်ရှား၍ ဘရားလောင်းဟန်းအား တရားစီရင်စေသည့် ပြစ်ရုပ်ကိုလည်း တွေ့ရပါသည်။

(၆) စူးစမ်းဆင်ခြင်၍ ပြုလေ့ရှိခြင်း

အစိုးရမင်းတို့သည် ခပ်သိမ်းသောအမှုတို့၌ အဟုတ်အမှန် သိရအောင် စုံစမ်းဆင်ခြင်ပြီးမှ ဆောင်ရွက်ကြရသည်။ ထို့ကြောင့် ဆောင်ရွက်သူကို နိသမ္မကာရီဟု ခေါ်ပါသည်။ မင်းအစိုးရတို့သည်။ ခပ်သိမ်းသော အမှုတို့၌ မစုံစမ်း မဆင်ခြင်မူ၍ ကိုယ်တိုင်ပင်သော်လည်းကောင်း၊ တစ်ပါးသူကိုသော်လည်းကောင်း အဆောတလျင် မပြုစေအပ်။ ပြုမိလျှင် မကောင်းသောပြုခြင်းဖြစ်သဖြင့် နောင်တစ်ဖန် ပူပန်ရတတ်သည်။[၇] စူးစမ်းဆင်ခြင်၍ ပြုလေ့ရှိသောမင်းသည်သာလျှင် အခြံအရံအကျော်အစော အကျိုးစီးပွားများပြားသည်။ ကာမဂုဏ်ကို ခံစားသောလူဖြစ်ပါလျက် ပျင်းရိမှုမကောင်း၊ ရဟန်းဖြစ်လျက် ကိုယ်နှုတ်နှလုံးမစောင့်စည်းမှု မကောင်း၊ မင်းဖြစ်လျက် မစူးစမ်းမဆင်ခြင်၍ပြုမှုမကောင်း၊ ပညာရှိဖြစ်လျက် အမျက်ထွက်လွန်ကြူးက မကောင်းဟူ၍ရထလင်္ဂဇာတ်[၇]တွင် ဖော်ပြထားပါသည်။ မင်းသည် ကိုယ်တိုင်မစူးစမ်းမဆင်ခြင်ဘဲ ဒဏ်ထားက ပဋိသန္ဓေအားဖြင့် ကန်းသူသည်ယင်ကောင်ရှိသောဆူးရှိသော ဘောင်ကို မျိုသကဲ့သို့ အကျိုးမဲ့ကို ပြုသည် မည်၏။ သူကန်းသည် မည်ညွတ်သောရေးကို မသိသကဲ့သို့ ဒဏ်မပေးထိုက်သူကို ဒဏ်ပေး၍ ဒဏ်ပေးထိုက်သူကို ဒဏ်မပေးသော ပြည့်ရှင်မင်းသည် တရားနှင့်ညီသည်မညီသည်ကို မသိ" ဟူ၍ မဟာပဒုမဇာတ်[၇]တွင် ဖော်ပြသည်။ သို့ဖြစ်ပါ၍ ပြည့်ရှင်မင်းတို့သည် စူးစမ်းဆင်ခြင်ရှိသာ ပြုအပ်ကြောင်း မင်း၏အရည်အသွေးတွင် ထိုအရည်အသွေးသည်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း ဆိုနိုင်ပါသည်။

၂။ ပြည့်စုံအပ်သောတရားများ

မင်းတို့ပြည့်စုံအပ်သောတရားနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ခွဲခြားဖော်ပြနိုင်ပါသည်။

(၁) အားငါးပါး
(၂) သတ္တိသုံးပါး
(၃) ရန်အောင်ကြောင်း တရားလေးပါး
(၄) မဇ္ဈိမပဋိပဒါလမ်းစဉ်
(၅) မမေ့မလျော့ခြင်း (အပ္ပမာဒ)
(၆) လျှိုဝှက်ခြင်း
(၇) ပရိယာယ်ကြွယ်ဝခြင်း

(၁) အားငါးပါး

မင်းတို့ပြည့်စုံသင့်သည့် စွမ်းအားငါးပါးကိုလည်း ဝေ့ရပါသည်။ ၎င်းတို့မှာ–

(၁) ဗာဟုဗလ (လက်ရုံးအား)၊
(၂) ဘောဂဗလ (စည်းစိမ်အား)၊
(၃) အမစ္စဗလ (အမှုထမ်း အရာထမ်း မှူးမတ်အပေါင်းနှင့်ပြည့်စုံခြင်း)၊
(၄) အာဘိဇ္စဗလ (သုံးပါးသောအမျိုးတို့ထက် လွန်မြတ်သောမင်းမျိုးအား)၊
(၅) ပညာဗလ (အမှုကြီးငယ်တို့၌ ခွဲခြားဝေဖန်နိုင်ခြင်း) တို့ ဖြစ်ပါသည်။

ထိုအားငါးပါးတွင် ပညာအားသည် အမြတ်ဆုံးအထွတ်အဖျားဖြစ်သည်ဟု ဆိုအပ်သည်။ ပညာအား ထောက်ပံ့သဖြင့် ပညာရှိသည် စီးပွားချမ်းသာခြင်းကို သေည်။ ပညာနည်းသူသည် ရတနာခုနစ်ပါးဖြင့်စုံသော မြေအပြင်ကိုလွှင့်ကစား ပညာမရှိသူအား ပညာရှိသည် အနိုင်အထက် လုယက်၍ ခုပ်စိုးတတ်၏။ အမျိုးသုံးပါးထက် လွန်မြတ်သော ခတ္တိယမျိုးဖြစ်၍ မင်းသားဖြစ်လင့်ကစား မင်းအဖြစ်ကို ရှောပညာနည်းချေက အလုံးစုံသောမင်းအဖြစ်ဖြင့် အသက်မမွေးနိုင်ချေ။ ပညာသည်သာလျှင် တရားကျမ်းဂန်အမှုကိစ္စကို ဆုံးဖြတ်နိုင်သည်။ ပညာသည် ကောင်းသောကျေးဇူးခြင်း၊ စည်းစိမ်ဥစ္စာတို့ကို တိုးပွားစေနိုင်၏။ ဤလေးကဲ့ပညာရှိသည် စင်စစ် ဆင်းရဲရန်အမှုဋ္ဌလည်း ခုမ်းသာတို့ကို ရနိုင်သည်။[၇၃]

သာဓကပြရပါမူ မဟာဥမင်္ဂဇာတ်၌ ဆင်းရဲဒုက္ခ ဘေးဘယနှင့်တွေ့သော ဥပကာရီမြို့၌ အဝိုင်းခံရသော မြေဟာသခသုခမိန်သည် မိမိနှင့်တကွ အလုံးစုံသော မင်းအပေါင်းကို ချမ်းသာစေပူး သည့်ဖြစ်ရပ်ကို ပြရပေမည်။[၇၄]

(၂) သတ္တိသုံးပါး

မင်းတို့သည် သတ္တိသုံးပါးနှင့် ပြည့်စုံသင့်ကြပါသည်။ ထိုသတ္တိသုံးပါးမှာ –

(၁) ပဘာဝသတ္တိ = ဒဏ်ထိုက်သောသူအား အပြစ်နှင့်လျော်စွာ စိမ်းကျက်နီးဝေးမရွေး ဒဏ်ပေးသောအားဖြင့် ဆုံးမခြင်း။ စူဠပလောဘနဇာတ်၌ မင်း၏သားတော်ပင်ဖြစ်စေ အပြစ်ရှိပါကနိုင်ငံမှနှင်ထုတ်သောထုံးစံ[၇၅]ကို တွေ့ရသည်။

(၂) ဥဿာဟသတ္တိ = ချီးမြှင့်ထိုက်သောသူတို့အား ချီးမြှင့်သင့်သည့်အလျောက် စိမ်းကျက်နီးဝေးမရွေး လုံလထုတ်ပေးကမ်းချီ မြှင့်ခြင်း။

သာခကာ့ဇာတ်ကထာသီမင်းသည် တစ်ကြိမ်မျှမတွေ့ဖူးသော တောကျေးလက်အသည်သား ငယ်ရွယ်သူပင် ဖြစ်သော်လည်း ပညာအမြော်အမြင်နှင့်ပြည့်စုံသည်ကို ထောက်ထားသဖြင့် တိုင်းရေးပြည်မှုကို ကြည့်ရှုဆောင်ရွက်စေ၍ အကျိုးအကြောင်းအားလျော်စွာ ဆုံးမတတ်သော အမတ်ကြီး ခန့်ထားခဲ့ခြင်းကိုလည်းကောင်း၊ မဟောသဓသည် စူဠဥနိဗြဟ္မဒတ်မင်းကြီး၏ ကျေးဇူးမဲ့ကို မျှားစွာပြုဖူးသော်လည်း မင်းကြီးသည် ရန်ငြိုးမထား၊ ပညာရည်သွားကို လိုက်၍ ဝိဒေဟရာဇ်မင်းကြီး၏ ကျေးဇူးကို ဆောင်ရွက်သကဲ့သို့ ငါလက်ထက် ငါ့အမတ်ဖြစ်လျှင်လည်း ငါ၏ကျေးဇူးကို ဆောင်ရွက်ပေလိမ့်မည် အမှန်ဟုယုံကြည်ကာ တိုင်းရေးပြည်မှု လွှဲအပ်ခြင်းကို လည်းကောင်း၊ ဘုရားအလောင်း လုလင်သည် တောကျေလက်သား သူစိမ်းဖြစ်သော်လည်း ပညာဉာဏ်စွမ်းကို သိစ်သက်သဖြင့် စစ်သူကြီးခန့်ထားခြင်းကိုလည်း ကောင်းဧ၅ ပြရပါမည်။

ရန်အောင်ကြောင်း တရားလေးပါးတွင် ပါဝင်သော မိတိ (အခါမပြတ်ဖြစ်သော ဝီရိယ) တရားနှင့် ဆက်နွယ်နေသည်ကိုလည်း တွေ့ရပါသည်။ အခါမပြတ်ဖြစ်သော ဝီရိယဟူသည် အချိန် နေရာမရွေး အကြောင်းရပ်အမျိုးမျိုး၌ ဝီရိယရှိခြင်းကို ဆိုလိုသော်လည်း ဥဿဟသတ္တိမှာမူ မိမိ၏အာဏာ အာဏာထမ်းကိုအပါအဝင် ပုဂ္ဂိုလ် အားလုံးအား ချီးမြှောက်သင့်သူကို ချီးမြှောက်ရာတွင် မပြတ်လုံလ ဝီရိယ

ထားရန် ဖြစ်ပါသည်။ မမေ့မလျော့ခြင်းတရားဌဖော်ပြထား သောအကြောင်းအရာတို့နှင့် ပတ်သက်နေပါသည်။ အရာရာ တိုင်းကို မမေ့လျော့ရန်ဆိုလိုသော်လည်း ဥဿဟသတ္တိတရား ကမူ ထိုက်သင့်သောမင်းမှုထမ်းတို့အား ချီးမြှင့်ရန် မမေ့ မလျော့ခြင်းကိုသာ ဆိုလိုပါသည်။

(၃) မန္တသတ္တိ=အမှုခပ်သိမ်းတို့၌ တတ်မြောက်ကျမ်း ကျင်သည်မှန်သော်လည်း ချို့တဲ့ခြင်း ကင်းလွတ်အောင် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် တိုင်ပင်ခြင်း။ ဝိဒေဟရာဇ် မင်းကြီးသည် မဟောသဓသုခမိန်နှင့်တကွ သေနက အစရှိ သော သုခမိန်လေးယောက်တို့ကို အရာရာ၌ တိုင်ပင်ဆောင် ရွက်ခြင်း၊ ပညာရှိကို တိုင်ပင်၍သာ မင်း၏ဆင် ရက်စက် ကြမ်းကြုတ်ရခြင်း အကြောင်းရင်းကို သိနိုင်စွမ်းခြင်း၊ အချိုးယုတ်သောမြည်းကို ရေရောသော မုဒရက်ရည်ကို သောက်၍ မူးယစ်ကြကြောင်းကို ဘုရားအလောင်းအမတ် ၏ကျေးဇူးကြောင့် သိရခြင်း၌ စသည်တို့ကို ဥဒဟရဏ် အဖြစ် တွေ့ရပါသည်။

(၁) ရန်အောင်ကြောင်းတရားလေးပါး

မင်းတို့ပြည့်စုံသင့်သည့် အရည်အသွေးများတွင် ရန် အောင်ကြောင်းတရားလေးပါးကိုလည်း တွေ့ရပါသည်။[၆] ၎င်းတို့မှာ-

(၁) သစ္စာ=ဝစီသစ္စာ ဖြစ်သည်၊ လာမည်ဆိုတိုင်းလာ သည်။ ပြုမည်ဆိုတိုင်းပြုသည်ကို ဆိုလို၏။

(၂) ဓမ္မ=စုံစမ်းဆင်ခြင်တတ်သောပညာ။ ဤသို့ပြုလျှင် ဤသို့ ဖြစ်လိမ့်မည်ဟု စုံစမ်းဆင်ခြင်တတ်သော ပညာ။

(၃) ဓိတိ=အခါမပြတ်ဖြစ်သောဝိဇ္ဇာ၊

(၄) စာဂ ၈၃ =မိမိကိုယ်အသက်ကိုစွန့်ခြင်းတို့ပင် ဖြစ်ပါ သည်။

(၄) မဇ္ဈိမပဋိပဒါလမ်းစဉ်

မင်းတို့ပြည့်စုံရမည့် အရည်အသွေးတွင် မဇ္ဈိမပဋိပဒါ (မတင်းလွန်း မပျော့ပြောင်းလွန်းခြင်း) လမ်းစဉ်သည်လည်း ပါဝင်ပါသည်။ မဟာပဒုမဇာတ် တွင်[၇] "မင်းသည် အလုံးစုံ သော အပြစ်ကြီးငယ်တို့ကိုလိုက်၍ ဆုံးမရာ၏။ မင်းသည် မနုလွန်း မထက်လွန်းဖြစ်ရာ၏။ နူးညံ့လွန်းက ပြည်သူတို့ နှိပ်စက်ရာ၏။ ထက်မြက်လွန်းက ရန်များရာ၏။" ဟူ၍ တွေ့ရပါသည်။

မင်းတို့ ကျင့်သုံးရမည့် မဇ္ဈိမ ပဋိပဒါလမ်းစဉ်သည် မင်းကျင့်တရားဆယ်ပါးလာ ခန္တီ(သည်းခံခြင်း) တရားနှင့် ဆန့်ကျင်သကဲ့သို့ ဖြစ်နေပါသည်။ အမှန်မှာ မဆန့်ကျင်ပါ။ မင်းတို့ ကျင့်သုံးရမည့် မဇ္ဈိမ ပဋိပဒါလမ်းစဉ် (မနုလွန်း မထက်လွန်းခြင်း)သည် မိမိက နိုင်ငံအုပ်ချုပ်ရေးနှင့် စပ်လျဉ်း၍ လည်းကောင်း၊ အခြားအကြောင်းများနှင့် စပ်လျဉ်း၍ လည်းကောင်း ပြည်သူပြည်သား တို့အပေါ် ကျင့်သုံးရန် လမ်းစဉ်ဖြစ်ပါသည်။ ခန္တီ(သည်းခံခြင်း)တရား ကား မိမိအပေါ်တွင် ပြုမူဆက်ဆံလာကြသော ပုဂ္ဂိုလ် အသီးသီး၏စရိုက်နှင့် အပြုအမူတို့ကို မနှစ်သက် မကျေနပ်

သော်လည်း သည်းခံခြင်းတရား လက်ကိုင်ကျင့်သုံးခြင်းပင် ဖြစ်ပါသည်။

(၅) မမေ့မလျော့ခြင်း (အပ္ပမာဒ)

ဇနသန္ဓေသုတ်တွင် "မင်းမည်သည်ကား ၁၀ ပါးကုန်သော မင်းကိစ္စတို့၌ မမေ့မလျော့သည် ဖြစ်ရာ၏။" ဟူ၍လည် ကောင်း၊ ဂန္ဒတိန္တိကဇာတ်၁၀၀ တွင် "မင်းမေ့လျော့ကတိုင် ပြည်အလုံးသည် ပျက်စီးရာ၏။ မင်းမမေ့လျော့ကပြည်တွင်းနေသူတို့ မမေ့မလျော့ကုန်သည်ဖြစ်ရာ၏။ အနာကင်းသောမာန်၊ အရွယ်ကောင်းသောမာန်ယစ်ခြင်းကြောင့် မေ့လျော့ခြင်းဖြစ်၏။ မေ့လျော့၍ အမျိုးဥစ္စာ အသက်ကုန်ခြင်းသည် ဖြစ်ရာ၏။ ဥစ္စာအခြံအရံကုန်ခြင်းကြောင့် အပြစ်တို့သည် ဖြစ်ကုန်၏။ မေ့လျော့ခြင်းသည် ပြည့်နှင်မင်း၏ဆင်းရဲကြောင်းဟုဆိုအပ်၏။ မေ့လျော့ခြင်းသည် နွေးငင်းတို့အကျင့်မဟုတ်။ မေ့လျော့က ထမင်းအဖျော် စသည်နှင့် ပြည့်စုံသော ရွှေဥစ္စာသည်ဖြင့်ကြွယ်ဝသော ဇနပုဒ်ကို ခံသူတို့သည် လုယက်ဖျက်ဆီးကုန်၏။ မင်း၏သားတို့သည် အစဉ်အဆက် စောင့်သည်မဖြစ်ကြလတ္တံ့။ ရွှေတိုက်တို့သည် မဖြစ်လတ္တံ့။ အလုံးစုံသောစည်းစိမ်မှ ယုတ်သူကို မင်းပင်ဖြုံငြားသော်လည်း ဆွေမျိုးခင်ပွန်းတို့သည် လည်းကောင်း၊ ခုနှစ်သူတို့သည် လည်းကောင်း မင်းဟူ၍ မအောက်မေ့ကြကုန်" ဟူ၍ ဖော်ပြပါသည်။

(၆) လျှို့ဝှက်ခြင်း

နိုင်ငံအုပ်ချုပ်သောမင်းသည် တိုင်းပြည်၏အမြင့်မားဆုံးအရေးပါဆုံးပုဂ္ဂိုလ်ဖြစ်သောကြောင့် မင်းရေးမင်းရာ ကိစ္စတို့

သည် အရေးကြီးလှပါသည်။ ထိုကိစ္စရပ်များအနက် လျှို့ဝှက်အပ်သော ကိစ္စများကို လျှို့ဝှက်အပ်ပါသည်။ လျှို့ဝှက်ကမိမိအတွက်ရော နိုင်ငံအတွက်ပါ အန္တရာယ်ကြီးလှပါသည်။ ပဏ္ဏာနဂရာဇဇာတ်၁၀၁တွင် "လျှို့ဝှက်အပ်သော စကားကိုမည်သူကိုမျှ မပြောသင့်ကြောင်း" အကျယ်တဝင့်ပြဆိုထားပါသည်။

(၇) ပရိယာယ်ကြွယ်ဝခြင်း

မင်းတို့သည် ရာဇပရိယာယ် ကြွယ်ဝသင့်ကြပါသည်။ "ရှောက်သီးကို အခွံနွာသူသည် ပါးနပ်စွာခွာတတ်မှ မခါးသကဲ့သို့ မင်းသည်ကျင့်ရာ၏" ဟူ၍ ကုက္ကဇာတ်၁၂တွင် တွေ့ရပါသည်။

(၈) အလိုရှိအပ်သောသူများ

မင်းတို့သည် မည်သို့သောကာလမျိုးတွင် မည်သို့သော ပုဂ္ဂိုလ်မျိုးကို အလိုရှိအပ်ကြောင်း သိသင့်လှပါသည်။ သို့မှသာ မိမိတို့ဆောင်ရွက်မည့်အမှုကြီးငယ်တို့ မှန်ကန်အောင်မြင်နိုင်ပေလိမ့်မည်၊ ကေနိပါက၊ မဟာသာရဇာတ်၁၄ တွင်ဖော်ပြချက်အရ ရာဇသူးကိုလိုက်၍ မင်းတို့အလိုရှိအပ် တောင်းတအပ်သူ လေးမျိုးရှိသည်ဟု သိရပါသည်။ ထိုလေးမျိုးမှာ -

(၁) စစ်မြေအရပ်၌ မိုးကြိုးထိပ်ထက် ကျလင့်ကစား ဆုံးဉာဉ်နွာပြေးမည်မကြံဘဲ ရဲမာန်တက်ကြွသောသူရဲကို အလိုရှိရမည်။

(၂) ပြုရန်သင့်မသင့်စသည်ဖြင့်လျှို့ဝှက်ခက်ခဲသည်တို့ကို တိုင်ပင်ရန်ရှိသောအခါတို့၌ နှုတ်စောင့်သူကို အလိုရှိရမည်။

(၃) ချီမြိန်ကောင်းမြတ်သောအစာအာဟာရကိုစား စဉ်ချစ်ကျမ်းဝင်သူကိုသာ အလိုရှိရမည်။

(၄) လျှို့ဝှက်နက်နဲ ခက်ခဲစွာသောပုစ္ဆာပြဿနာဖြစ်ကပညာရှိကို အလိုရှိရမည်။

၄။ မင်းတို့၌ရှိထိုက်သော အခြားအရည်အသွေးများ

မင်းတို့ပြည့်စုံရာသည့်အခြားအရည်အသွေးများကိုလည်း ဇာတ်တော်များတွင် တွေ့ရပါသေးသည်။ မရေသေးသော စည်းစိမ်ဥစ္စာကို ရအောင်ယူခြင်း၊ ပြီးသော စည်စိမ်ကို စောင့်ရှောက်ခြင်းဟူသော တရားနှစ်ပါးဝတ္ထု ကောင်းမှုကို ပြုခြင်း၊ အကြားအမြင်များသောပညာရှိထံ နည်းနာနှိုးနှာခံခြင်း၊ ကုသိုလ်ကမ္မပထ ၁၀ပါးကို ဖြည့်ကျင့်ခြင်း၌ လိမ္မာခြင်း လုံ့လပြုသင့်သောအခါ၌ လုံ့လပြုခြင်း၊ ကုသိုလ်တရားအားထုတ်ခြင်း၊ သီလဝန္တပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ်ခြင်း၊ ကုသိုလ်ပြုရာ၌ ပျော်ရွှင်ခြင်း၊ အားထုတ်သင့်သည်၌ အားထုတ်ခြင်းဝတ္ထုတို့သည်လည်း မင်းတို့ ရှိသင့်ရှိထိုက်သော အရည်အသွေးများဖြစ်ပါသည်။

မင်းတို့ရှိသင့်သည့် အခြားအရည်အသွေးတစ်ခုမှာ ရာဇပရိယာယ်ကြွယ်ဝခြင်းပင် ဖြစ်ပါသည်။ "ရှောက်သီးကိုအခွံနှာသူသည် ပါးနပ်စွာ ခွာတတ်မှ မခါးသကဲ့သို့ မင်းသည် ကျင့်ရာ၏" ဟူ၍ ကဏ္ဏဇာတ်၁၄ တွင် တွေ့ရပါသည်။

မင်းတို့ရှိထိုက်သည့် အခြား အရည်အသွေး တစ်ခုမှာ မင်းသားဘဝတွင် အခြား မြို့ပြည်နိုင်ငံများသို့ ပညာသင်သွားရောက်ခဲ့ခြင်းပင် ဖြစ်ပါသည်။ မိမိ၏ ပြည်၌ ဒီသာပါမောက္ခဆရာ ရှိပါလျက် အခြား မြို့ရွာသို့ ပညာသင်

စေလွှတ်ခြင်းသည် "မာနကင်းရန်၊ အချမ်းအပူကိုသည်းခံနိုင်ရန်၊ လောကစရိုက်ကို သိရန်" ဟူ၍ ညွှန်ပြသင်ကြားခြင်း သိရပါသည်။[၁၀၇] မင်းလောင်းဘဝတွင် ထိုအရည်အသွေးသုံးရပ်နှင့် ပြည့်စုံခြင်းသည် မင်းဘဝတွင် အရည်အချင်းကို ပိုမိုထက်မြက်စေပါသည်။

၅။ ရှောင်အပ်သောတရားများ

မင်းတို့ရှောင်ရှားသင့်သောတရားများကို

(၁) အဂတိလေးပါး

(၂) ရှောင်ကြဉ်အပ်သည့်တရားသုံးပါးနှင့်

(၃) အခြားအချက်များ

ဟူ၍ ခဲ့ခြားဖော်ပြပါသည်။

(၁) **အဂတိလေးပါး**

မင်းကျင့်တရားနှင့်တွဲ၍ ဖော်ပြလေ့ရှိသည်မှာ အဂတိတရားလေးပါးပင်ဖြစ်ပါသည်။ အဂတိဟူသည် မမှားအပ်သောအရာဖြစ်ပါသည်။ ပစ္စည်းတစ်စုံတစ်ခုကို ဝေဖန်ရာ၌ ဖြစ်စေ၊ အမှုတစ်စုံတစ်ရာကိုဆုံးဖြတ်ရာ၌ဖြစ်စေ တရားမျှတခြင်းကင်းသော အစီအရင်သည် အဂတိတရားလိုက်ခြင်းပင် ဖြစ်ပါသည်။ အဂတိတရားတို့မှာ-

(၁) ဆန္ဒာဂတိ (ချစ်သဖြင့် မလားအပ်သည်ကို လားခြင်း)၊

(၂) ဒေါသာဂတိ (မုန်းသဖြင့်၊ စိတ်ဆိုးသဖြင့် မလားအပ်သည်ကို လားခြင်း)၊

(၃) မောဟာဂတိ (တွေဝေမိန်းမောသဖြင့် မလား သင့်သည်ကို လာခြင်း)၊

(၄) ဘယာဂတိ (ကြောက်သဖြင့် မလာအပ်သည်ကို လာခြင်း)[၁၀၇] ဟူ၍ လေ့ပါးရှိသည်။

အဂတိတရာလေ့ပါသည်လည်း ပြည့်ရှင်မင်းတို့ရှောင်ကြဉ်ကြရမည့်တရားလေ့ပါငါးဖြစ်သည်ဟု ယေဘုယျအားဖြင့် ဆိုနိုင်သော်လည်း ဖြောင့်မတ်စွာ ကျင့်ကြံလိုသော အခြားပုဂ္ဂိုလ်များနှင့်လည်း သက်ဆိုင်ပါသည်။ ထို့ကြောင့် အဂတိတရာလေ့ပါကိုပင် သံဃာတော်များ ရှောင်ကြဉ်ကြရမည့် အဂတိတရာလေ့ပါအဖြစ် ဝိနည်းမဟာဝဂ္ဂ အဋ္ဌကထာ၌ ဤသို့ဖွင့်ဆိုထား ပါသည်။

သက်ဒဏ်ခံသော ရဟန်းတို့တွင် နောက်မှလာကုန်သော်လည်း မိမိ၏အမျိုး စသူတို့အား သက်ဒဏ်ကို ရှေးဦးစွာ ခံသောရဟန်းသည် လည်းကောင်း၊ အချို့သော ဂါဃကာဋ္ဌ ချစ်ခြင်းကိုပြု၍ ခံသော ရဟန်းသည် လည်းကောင်း၊ ဒေါသကြီးသော ပြကတေ့သဘောရှိသောကြောင့် မိဒိသို့ညှဉ်းဆဲသောရဟန်းသည် ၎င်း ဆန္ဒဂတိသို့လိုက်သည်မည်၏။ရှေးဦးစွာ ရောက်သော်လည်း အမျက်အားဖြင့် နောက်မှယူသောရဟန်းသည် လည်းကောင်း၊ ဆဲးရဲသောသူတို့အား မထေမဲ့မြင်ပြု၍ယူသောရဟန်းသည်လည်းကောင်း၊ အသို့နည်း သင်တို့၏အိမ်၌ ထားရာအရပ်သည် မရှိပြီလော၊ သင်တို့၏ဥစ္စာကို ယူ၍သွားလေကုန်။ ဤသို့လာဘ်အန္တရာယ်ကိုပြုသောသူသည်လည်းကောင်း၊ ဒေါသဂတိသို့ လိုက်သည်မည်၏။ အကြင်ရဟန်းသည် လွတ်သောသတိရှိ၏။

အဆင်အခြင်မရှိ။ ဤရဟန်းသည် မောဟာဂတိသို့လိုက်သည် ည်၏။ နောက်မှလာကုန်သော်လည်း အစိုးရသောမင်းတို့အား ကြောက်ရွံ့သဖြင့် မျှော်ဦးစွာခံသော ရဟန်းသည်လည်းကောင်း၊ ဤသက်ဒဏ်ခံသော အရာမည်သည်ကား ဧစ္စာ၏၊ ဤသို့ ထင်လန့်သောသူသည် ၎င်းဘယာဂတိသို့လားသည်မည်၏။[၁၀၈]

ဤအမတ်မျိုးသည် မင်း၏ပြဿနာကိုလည်း ကူညီဖြေ ရှင်းပေးပါသည်။ ဗာရာဏသီပြည့်ရှင် ဗြဟ္မဒတ်မင်းသည် နန်းတွင်းသူတစ်ဦးကို ပြစ်မှားသောအတေ်အား သည်းခံ သင့် မခံသင့် မဆုံးဖြတ်နိုင်ဖြစ်သောအခါ ဘုရားအလောင်း အမတ်အား ဥပါယ်တံမျဉ်ဖြင့် ဤသို့ မေးပါသည်။ "ဟိမ ဝန္တာဒေဘာင်ခြေရင်းရှိ မြေပြန့်၌မြစ်တစ်ခု ရှိ၏။ ထိုမြစ်ကို ခြင်္သေ့စောင့်၏ဟုသိလျက် မြွေဒေးသည် ထိုမြစ်၌ ရေကို သောက်ကောင်းသလော" ထိုစကားကိုကြားလျှင် ဘုရား အလောင်း ပညာရှိအမတ်က "အတေ်တစ်ယောက်သည် မင်း၏နန်းတွင်းသူကို မှားယွင်းသည်ဖြစ်မည်" ဟု သိ၍ "သားအပေါင်းတို့က ရေသောက်စေကာမူ ထိုမြစ်သည် မြစ်မဟုတ်သည်မဖြစ်၊ သင်မင်းကြီးသည် ထိုမိန်းကို ချစ် မြတ်နိုးသည်ဖြစ်အံ့၊ သည်းခံတော်မူပါ" ဟု လျှောက်၏။ ၂၄

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏ မင်္ဂလာဆင်သည် ညအခါ မိမိ၏ ဘင်းကုပ်အနီး ခိုးသူတို့၏ တိုင်ပင်သံကို ကြားရ၍ မိမိကိုသင်ကြားခြင်းဖြစ်သည်ဟု ထင်မှတ်သဖြင့် ရက်စက်ကြမ်းကြုတ်လာပါသည်။ ထိုအဖြစ်အပျက်ကို မည် သူမျှ မသိကြပါ။ ဘုရားအလောင်းအမတ်သည်သာ အကျိုး အကြောင်းကိုသိသဖြင့် သီလရှိသောရဟန်းတို့ကို ဆင်တင်း

ကုပ်ဠဲနေစေ၍ ယဉ်ကျေးဖွယ်ရာသောစကားများကို ပြောစေသည်။ ထိုအခါ ဆင်တို့သည် ပြန်လည်ယဉ်ကျေးလာပါသည်။[၂၉]

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏ မြည်း ၅၀၀ တို့သည် မုဒရက်ဖျော်ရည်ကိုသောက်၍ မူးယစ်ခုန်ပေါက် ပြေးလွှားကြလေရာ မင်းသည် အကျိုးအကြောင်းမသိဖြစ်လေသည်။ ထိုအကျိုးအကြောင်းကို အဖြရှာ ရှင်းလင်းပြသော အမတ်သည်လည်း အကျိုးအကြောင်းအားလျော်စွာ ဆုံးမသော အမတ်မျိုးပင်ဖြစ်ပါသည်။[၃၀] ဝိမုရ[၃၁]၊ မဟောသဓ[၃၂] နှင့် သေနက[၃၃]စသူတို့သည်လည်း အလားတူအမတ်များပင် ဖြစ်ကြပါသည်။

၂။ တရားသူကြီး (ဝိနိစ္ဆယအမစ္စ)

တရားရေးရာများကို စီရင်ဆုံးဖြတ်ရသော အမတ်ကြီးဖြစ်ပါသည်။ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ပုရောဟိတ်နှင့်လှည်းကုန်သည်မှူးတို့သည် အမှုတစ်ခု ဖြစ်ပွားကြပါသည်။ လမ်းကျဉ်းတစ်ခုဌ် ပုရောဟိတ်၏ရထားနှင့် လှည်းကုန်သည်မှူးတို့၏လှည်းတို့ ဆုံမိကြရာ လှည်းကုန်သည်မှူးအား လမ်းဖယ်ပေးရန်စေခိုင်းသော်လည်း မဖယ်သဖြင့် လှည်းမောင်းသူကို နှင်တံဖြင့်ရိုက်ပါသည်။ သို့သော်ထိုနှင်တံသည် လှည်းဦးကိုထိ၍ ပုရောဟိတ်၏နဖူးကို ပြန်ခတ်မိသဖြင့် ပုဏ္ဏား၏နဖူးသည် ဖူးဖူးရောင်လေ၏။ ပုရောဟိတ်ကမင်းကို လီဆယ်၍တိုင်ရာ မင်းယုံကြည်သဖြင့် အမှုကိုသေချာစွာ မစစ်ဆေးဘဲ ပုရောဟိတ်ကို အနိုင်ပေးစီရင်၏။ မင်း၏ တရားစီရင်သူအမတ်ကြီးက အမှုကို ပြန်လည်စိစစ် ဆုံးဖြတ်

သင့်ကြောင်း လျှောက်ထားသောအခါတွင် မင်းသည် တရားအမှုကို စီရင်နိုင်လေသည်။[၃၄]

သံကိုကြွက်စားသည်ဟု လမ်းသွားလာသော ကုန်သည်နှင့် သားကိုစွန့်ချိသည်ဟု အဘိုးအပြန်လှည့်စားသော ကုန်သည်နှစ်ဦးတို့၏တရားကို အမှုန်တရားစီရင်နိုင်သည့် တရားသူကြီးများကိုလည်း တွေ့ရပါသည်။[၃၅]

မိထိလာပြည့်ရှင် အင်္ကတိမင်းကြီးလက်ထက် အမှုကြီးငယ်ကို စီရင်ဆုံးဖြတ်တတ်သောအမတ်တို့ကား ဝိဇယ၊ သုနာမနှင့် အလာတတို့ ဖြစ်ကြပါသည်။[၃၆]

၃။ မြို့တော်ဝန် (နာဂရဂုတ္တိက မဟာမတ္တ)[၃၇]

သူခိုးတို့၏ဘေးမှ ကာကွယ်ရန်လည်းကောင်း၊ ရန်သူတို့၏ဘေးမှ ကာကွယ်ရန်လည်းကောင်း မြို့စောင့်တို့ကို ထားလေ့ရှိဟန် တူပါသည်။ ထိုမြို့စောင့်တို့ကို ကြီးကြပ်အုပ်ချုပ်သူသည် မြို့စောင့်အမတ်ကြီးပင် ဖြစ်ပါသည်။ အချို့နေတော် ဝင်ထွက်သွားလာသူတို့အား တားဆီးခြင်း၊ ဖမ်းဆီးခြင်း အမှုကိစ္စတို့ကို ကြီးကြပ်တာဝန်ယူရသည်ဟု ဆိုနိုင်ဖွယ် ရှိပါသည်။[၃၈] ယင်းကို မြို့တော်ဝန်ဟု ခေါ်သင့်ပါသည်။

၄။ ရာပြတ် (အဋ္ဌပိနိက)

မင်းတို့သည် မိမိအတွက်သော် လည်းကောင်း၊ မိဖုရား၊ သားတော် စသည်တို့အတွက်သော် လည်းကောင်း၊ နိုင်ငံအတွက်သော် လည်းကောင်း ဝယ်ယူသော ပစ္စည်းစသည်တို့၏ တန်ဖိုးကို ဖြတ်ပေးရသောအမတ်များ ဖြစ်ဟန်တူပါ

သည်။ ထို အ မ တ် တို့ သ ည် ဆင်၊ မြင်း စသည်တို့ကို လည်းကောင်း၊ ပတ္တမြား၊ ရွှေ၊ ငွေစသည်ဘို့ကိုလည်းကောင်း အဖို့ဖြတ်၍ ဥစ္စာရှင်တို့အား အဖိုးကိုပေးစေလေသည်။[၆၉]

၅။ တင်းခြင် (ဒေါဏ မာပက မဟာမတ္တ)

သူကြွယ်ဘို့ဆံမှ မင်းအဖို့ရရန်ရှိသော ကောက်တို့ကို တင်းဖြင့်ခြင်၍ မင်း၏စပါးကျီဥ္စ ထ ာ း သို့ တ ာ ဝ န် ကို ဆောင်ရွက်ရသောအမတ်ကြီးပင် ဖြစ်ပါသည်။[၇၀]

၆။ ကြိုးတိုင်း (ရဇ္ဇုဂါဟက အမစ္စ)

လယ်လုပ်သူတို့သည် မိမိတို့၏ နယ်မြေအကျယ်အဝန်း အလိုက် မင်းထံ အခွန်တော် ဆောင်ကြရပါသည်။ ထိုမြေ ကေအကျယ်အဝန်းကို တိုင်းထွာသတ်မှတ်သည့်လုပ်ငန်းကို ဆောင်ရွက်သည့် အမတ်ကြီးဖြစ်ပါသည်။[၇၁] ယခုတော် ကြေးတိုင်နှင့်မြေစာရင်းဌာနက ဆောင်ရွက်သည့် လယ်ယာ မြေတိုင်းထွာခြင်းလုပ်ငန်းမျိုးဟု ဆိုရဖွယ်ရှိပ၊သည်။

(ဃ) ဘဏ္ဍာစိုး (ဘဏ္ဍာဂါရိက)

မင်း၏ဥစ္စာဘဏ္ဍာတို့ကို စာရင်းအင်းနှင့်တကွ ထိန်းသိမ်း စောင့်ရှောက်ရသူဟု ယူဆရပါသည်။ ၎င်းတို့၏ တာဝန်များ အနက် စစ်ရေးနှင့်ပတ်သက်၍ စစ်သည်တို့ကို တာဝန်ခွဲထား စီစဉ်ပေးခြင်းသည်လည်းတစ်ပါးအပါအဝင်ဖြစ်ပါသည်။[၇၂] ဘဏ္ဍာစိုးတို့သည် ကြေလောင်းအံတော် လည့်ပတ်စဉ်းလဲခြင်း ကင်းကြရပါသည်။ မင်း၏ဥစ္စာဘဏ္ဍာတို့ကို ဖျက်ဆီးခြင်း လည်း ကင်းကြရပါသည်။ ရထားထိန်းသည် မိမိနှင့်သော

ရထားကို မည်မည္ဆတ်သောခရီးသို့ မ ရောက် စေ ရန် စောင့်ရှောက်ရသကဲ့သို့ ရှေနှန်းတော်ဥစ္စာရှိသော ဘဏ္ဍာတော် တို့ကိုလည်း စောင့်ရှောက်ကြရပါသည်။[၇၃]

(င) အထွေထွေအမှုထမ်း (သဗ္ဗကိစ္စကာရက အမစ္စ)[၇၄]

ဤအမတ်မျိုးသည် မင်းရေးမင်းရာ ကိစ္စမှန်သမျှကို ဆောင်ရွက်ရသော အမတ်မျိုးဖြစ်မည်ဟု ယူဆရပါသည်။ သီးခြားတာဝန်ပေးအပ်ထားခြင်းမခံရဘဲ မင်းစေခိုင်းသမျှ လုပ်ငန်းအဝဝကို တာဝန်ယူ ဆောင်ရွက်ရသည့် အမတ်ဟု ဆိုနိုင်ပါသည်။

(၂) စစ်မှုထမ်းဆိုင်ရာ အမှုထမ်းများ

စစ်မှုထမ်းဆိုင်ရာ အမှုထမ်းများအကြောင်းကိုမူ စစ်ရေး ကဏ္ဍဘွင် ဖော်ပြပါမည်။

(၃) မင်း၏ ကိုယ်ရေးကိုယ်တာဆိုင်ရာ မင်းမှုထမ်းများ

မင်း၏ ကိုယ်ရေးကိုယ်တာ အမှုထမ်းများကို အောက်ပါ အတိုင်း ဖော်ပြနိုင်ပါသည်။

၁။ စေတမန် (ဒူတ)

စေတမန်သည် မင်းတစ်ပါးက အခြားမင်းတစ်ပါးထံသို့ လည်းကောင်း၊ မင်းက အခြားသူများထံသို့လည်းကောင်း မင်းခိုင်းစေသောအမှုကိစ္စဖြင့် သွားလာဆောင်ရွက်ရသော အမှုထမ်းပင် ဖြစ်ပါသည်။ သာဓကများ ပြရပါမူ ကာလင်္ဂတိုင်း၊ ဒန္တပူရမြို့တွင် မိုးခေါင်ခြင်းစသော ကပ် သုံးပါး ဆိုက်သောကြောင့် ကာလိင်္ဂတိုင်းရှင် ကာလိင်္ဂ

မင်းက ကုရုတိုင်း ဣန္ဒပတ္ထနဂိုရ်ပြည့်ရှင် ဓနဉ္ဇယကောရဗျ မင်းဆံ တမန် စေလွှတ်၍ ကုရုဓမ္မတို့ကို တောင်းစေပါသည်။[၅၁]

ဗာရာဏသီပြည့်ရှင် မနောဇဝမင်းက ကောသလတိုင်းပြည့်ရှင် ကောသလမင်းထံသို့ စစ်ထိုးမည်လော၊ ထီးဖြူကိုပေးမည်လောဟု တမန်စေတော်မူပါသည်။[၅၆]

ဂင်္ဂါမြစ်တွင်း၌ လှေစီးရင်း ရွှေထုပ်ကျသွားသော ကြောင့် ရွှေထုပ်ဆုံးရှုံးရသော ပုဏ္ဏားထံသို့ ငြဟ္မဒတ်မင်းက တမန်စေလွှတ်မေးမြန်းခြင်း[၄၇] မင်း၏ နှန်းတော်သို့ ကြွလာသော နဒ္ဒရသွေ့ထံသို့ ဗာရာဏသီပြည့်ရှင် မနောဇဝမင်းက အဘယ်ကြောင့် ကြွလာသနည်းဟု တမန်စေခြင်း[၄၈] ဗာရာဏသီမင်းသည် ငယ်ဆရာထံ လက်ဆောင်နှင့်တကွ တမန်စေလွှတ်ခြင်း[၄၉]တို့ကို ထောက်ရှု၍ မင်းတို့သည် မင်းအချင်းချင်းသာမက မင်းအောက် နိမ့်ကျသော ပုဂ္ဂိုလ်များထံသို့လည်း တမန်စေလွှတ်ကြောင်း ဆိုရပါမည်။ တမန်တို့သည် သွားလေရာရာ အရပ်တွင် တမန်၏ လက္ခဏာနှင့်အညီ တင့်တယ် လျော်ညီအောင် လည်းကောင်း၊ ဆောင်ရွက်ရသော အမှုပြီး စီး အောင် လည်းကောင်း ဆောင်ရွက်ခြင်းသည် ပဓာန တာဝန်ပင် ဖြစ်သည်။[၅၀]

၂။ သန်လျက်ကိုင်(အသိဂ္ဂါဟက)

သန်လျက်ကိုင် အမှုထမ်းသည် မင်း၏ သက်တော် စောင့်ဟု ယူဆရပါသည်။ မင်းကိုရန်ပြုမည့်သူ မင်းမနှစ် သက်လောက်သည့် အမှု ပြုသူတို့အား သတ်ဖြတ်ခွင့်

ရပြီးသူဟု ယူဆရပါသည်။ သန်လျက်ကိုင် တစ်ဦးသည် မင်း၏ ပုံတော်အုပ်မှ ထမင်းတို့ကို ယူစားသူ တစ်ဦး အား သတ်အံ့ဟု သန်လျက်ဖြင့် ရွယ်ဖူးလေသည်။[၅၁]

၃။ မြို့စောင့် (နဂရဂုတ္တိတ)

ခိုးသူတို့ကို ဖမ်းဆီးရန်လည်းကောင်း ၁၂၊ အချိန်မဲ့ဝင် ထွက်သွားလာသူတို့ကို ဖမ်းဆီးအပြစ်ပေးရန် လည်းကောင်း မြို့စောင့်တို့ကို ထားရှိခြင်းဖြစ်သည်ဟု ယူဆဖွယ်ရှိပါသည်။ ရဟန်းပြုအံ့ဟု မြို့မှထွက်သူပင် ဖြစ်စေကာမူ အချိန်မဲ့ဖြစ်က ဖမ်းလေ့ရှိပါသည်။[၅၃] မြို့စောင့်တို့သည် မင်း၏ ကိုယ်ရေး အမှုထမ်း မဟုတ်သော်လည်း အုပ်ချုပ်ရေးတွင် အရေးပါသောကြောင့် မင်း၏ ကိုယ်ရေးအမှုထမ်းတို့တွင် ထည့်သွင်း ဖော်ပြပါသည်။

၄။ ရွာစား (ဂါမဘောဇက)

မင်းအပိုင်စား ပေးထားသော ရွာမှ အခွန်တို့ကို ယူကာ မင်းမှုထမ်းရွက်ရသော အမှုထမ်း ဖြစ်ပါသည်။[၅၄]

၅။ ရထားထိန်း (သာရထိ)[၁၁]

မင်း၏ ရထားကို မောင်းနှင်၍ မင်းသွားလိုရာသို့ လိုက်ပို့ရသူ ဖြစ်ပါသည်။

ဆတ္တာဿည် (ကပ္ပက နှာပိတ)

မင်း၏ဦးခေါင်းကို တန်ဆာဆင်ပေးခြင်း၊ ဆံမုတ်ဆိတ်တို့ကို ပြုပြင်ပေးခြင်း[၅၆] အမှုတို့ကို ဆောင်ရွက်ရသူ မင်းမှုထမ်း ဖြစ်ပါသည်။

မင်းမှုထမ်းပင်ဖြစ်သော်လည်း အုပ်ချုပ်ရေးကဏ္ဍတွင် အရေးမပါသော အခြားအမှုထမ်းများကုလည်း တွေ့ရပါသေးသည်။ ၎င်းတို့မှာ မင်းသွားလုံရာတွင် လိုက်ပါ၍ ထီးမိုးပေးရသော ထီးတော်မိုး(ဆက္ကဂ္ဂဟ)[၁၇]၊ ခြေတံခါး၊ မင်းနန်းတော် အဝင်ဝဧည့် အရေးပါသော နေရာတိုင်းတွင် သန်လျက်စွဲကာ[၁၈]ဘံခါးကို စောင့်ကြပ်ရသောဘံခါးစောင့် (ဒွါရပါလ)၊[၁၉] မင်း၏ ဥယျာဉ်ကို လှပသာယာအောင် ဖန်တီးပြုပြင်ပေးရသော၊[၂၀] ပြု။ စူခြင်း၊ သေရည်သောက်ခြင်း၊ ချစ်ခြင်း၊ ဒေါသထွက်ခြင်းတည်းဟူသော အပြစ်လေးပါး ကင်းစင်ရသော ဥယျာဉ်စောင့် (ဥယျာနပါလ)၊ မင်း၏ သာတော်[၂၁] သမီးတော်များကို ချီယူထိန်းသိမ်း စောင့်ရှောက်ကြရသော နွှိထိန်း[၂၂](ဓာတီ) ဆင်တို့၏ ကျန်းမာရေး ကုသရေးကို ဆောင်ရွက်ရသော ဆင်ဆေးကုဆရာ (ဟတ္ထိဘိဇ္ဇော)[၂၃]နှင့် ဆင်တို့ကို အတတ်မျိုးစုံ သင်ကြားပေးရသော ဆင်ဆရာ (ဟတ္ထာစရိယာ)[၂၄]၊ ဆင်တင်းကုပ်ဥထားရှိသော မင်း၏ဆင်တို့ကို စောင့်ရှောက် ကျွေးမွေးသုတ်သင်ရသော ဆင်ထိန်း(ဟတ္ထိပါလ၊ ဟတ္ထိဂေါပကသာဒုထိ)[၂၅]နှင့် နွားတို့ကိုထိန်းသိမ်းစောင်ရှောက်၍ ကြံးငြင်းလာအောင် မွေးမြူပေးရသော နွားထိန်း (ဂေါပါလ)နှင့် ဆတ်ထိန်း (အဇပါလ)[၂၆]၊ မင်းပွဲတော်တည် ရန် ထင်းဟင်းလျာတို့ကို စားချင့်စဖွယ် ဖွယ်ဖွယ်ရာရ ဖြစ်အောင်ခူက်ပြုတ်ပေးရသော စားတော်ကဲ(ဘတ္တကာရက)[၂၇]၊ မင်းနန်းတော်အတွက် အိုးတို့ကိုလုပ်ပေးသော အိုးထိန်း(ရာဇကုမ္ဘကာရ)[၂၈]၊ ပန်းညှော် ဆိုးအဝတ်ကိုဝတ်လေ့ရှိသော၊ ပန်းနီပန်လေ့ရှိသော ပုဆိန်ကို

လည်းကောင်း၊ သားလှီးမောင်းကို လည်းကောင်း၊ ပခုံးဌာ ထား၍ စဉ်နှီးတုံးကိုယူလာလေ့ရှိသော မင်းကသတ်ရေးသူ အား သက်ပေးသော ခိုးသူသတ်(စောရဃာတက)[၂၉] တို့ ဖြစ်ကြပါသည်။

မင်းမှုထမ်းများ၏ ကိုယ်ကျင့်တရား

ကိုယ်ကျင့်တရားသည် လူ၏တန်ဖိုးဖြစ်ရကား မင်းမှုထမ်းတို့၏ ကိုယ်ကျင့်တရားအတွက် အဆုံးအမအခွန်ကို တွေ့ရပါသည်။ အကျင့်သီလနှင့် ပြည့်စုံရာ၏။[၃၀] ငတ္ထာအစရှိသော ဣန္ဒြေခြောက်ပါးကို ဆုံးမခြင်းနှင့်လည်း ပြည့်စုံရာ၏။[၃၁] သေရည်သေချက်ကိုလည်း မသောက်အပ်[၃၂]၊ မင်း၏ဘဏ္ဍာဥစ္စာကို မပေးဘဲ မယူသုံးရာ[၃၃]၊ အမျက်ထွက်ခြင်း၊ ပြု။စူခြင်းပြုယ်ခြင်းခြင်း၊ ချောပစ်ကုန်းတိုက်မပြုခြင်း၊ အကျိုးမရှိသော စကားမဆိုခြင်း တို့သည်လည်း အမှုထမ်းတို့၏ လက္ခဏာကောင်းများပင် ဖြစ်ပါသည်။[၃၄] မှန်ကန်သော စကားကို ပြေပြစ်သာယာနာပျော်ဖွယ် ပြောဆိုခြင်း[၃၅]သည် လူကိုယ်ကျင့်တရားကို ကောင်းမွန်အောင် အထောက်အကူပြုပါသည်။ မြား၏တည်ရာသည် လေးဖြစ်သကဲ့သို့ လောဘရမက် မကြီးသောအားဖြင့် ဝမ်းငယ်ရာ၏။[၃၆]

အခြင်စိုးမင်းတို့ အကျမ်းတဝင်ပြုအပ်သည့် အကြောင်းသုံးပါး ရှိပါသည်။ ၎င်းတို့မှာ (၁) အကျင့်သီလနှင့် ပြည့်စုံခြင်း၊ (၂) ပညာဆင်ခြင်ဉာဏ်ဖြင့် ပြည့်စုံခြင်း၊ (၃) နှလုံး၏ ဖြောင့်မတ်စင်ကြယ်ခြင်းတို့ ဖြစ်ကြပါသည်။ ထိုသုံးပါးနှင့် ပြည့်ကြောင်း မင်းသိပါက ထိုအမှုထမ်းကို

မင်းသည် အကျမ်းဝင်ခြင်းကိုလည်းပြု၏။ လျှို့ဝှက်အပ်သော စကားကုပင် တိုင်ပင်ပြောဆိုတတ်၏။[၇၇]

မင်းမှုထမ်းများ စောင့်စည်းအပ်သော အပြုအမူများ

မင်းမှုထမ်းတို့ အထွေထွေစောင့်စည်းအပ်သော အပြုအမူများနှင့် ဆောင်ရွက်ရန်ကိစ္စများကိုလည်း မှတ်သားပွယ်ရာတွေ့ရှိရပါသည်။ မင်းမှုထမ်းတို့ စောင့်စည်းအပ်သော အပြုအမူများမှာ မင်းနှင့်စပ်လျဉ်း၍ လည်းကောင်း၊ မိမိတို့ မင်းအမှုထမ်းအချင်းချင်းနှင့် စပ်လျဉ်း၍ လည်းကောင်း ဖြစ်ပါသည်။ မင်းနှင့်စပ်လျဉ်း၍ မင်းမှုထမ်းတို့ စောင့်စည်းအပ်သော အပြုအမူများမှာ အောက်ပါတို့ပြစ်ပါသည်။

ကာမဂုဏ် ငြီးစိမ်းကို မင်းနှင့်ထပ်တူ တစ်ရံ တစ်ဆစ်မျှ မခံစားရ၊ ပန်းနံ့သာဥဆိုးစသည့် အသုံးအဆောင်များကိုလည်း မင်းနှင့်တူယှဉ်ကာ မသုံးဆောင်သင့်ပေ။ မင်း၏ အသွင်သဏ္ဌာန်ကိုလည်းကောင်း၊ အသံကိုလည်းကောင်း မတုပသင့်ပေ။ တုပပါက မင်းတို့၏ အမျက်တော်ခံခြင်း ခံကြရပေသည်။[၇၀]

မင်းသည် ရေချိုးသောအခါ၊ နံ့သာလိမ်းသောအခါ၊ ခြေဆေးသောအခါ မင်း၏မျက်နှာကိုကြည့်ရ။ မျက်နှာအောက်ချ၍ နေရသည်။[၇၁] မင်းအမျက်ထွက်သော်လည်း မိမိကမထွက်[၇၂]ရ။ ထိုသို့သဘောရှိသောသူသည် မင်း၌ ခစားရ၏။

မင်းသည် မှူးမတ်မိဖုရားမောင်းမတို့နှင့် တင့်တယ်စွာ စံပယ်သောအခါ မိဖုရားမောင်းမတို့ကို အကျမ်းတင်ကြည့်ရှုပြောဆို ပြုံးရယ်ခြင်းပြုရ။ ပို့လွှင့်မိန်းမောခြင်း

မပြုရ။ တန်ဆာဆင်ခြင်း စသည်တို့၌ လျှပ်ပေါ်ခြင်းမရှိရ။ နိပကဟု ခေါ်ဆိုအပ်သော အခွင့်အရေးကို အစဉ်တွေးခေါ်မြော်မြင်ခြင်း၊ သံဝုတိန္ဒြိယခေါ် မင်းခြေလက်အင်္ဂါစသည်တို့ကို မကြည့်မရှုစကွေ့စသော ဣန္ဒြေကို စောင့်ရှောက်ခြင်းတည်းဟူသော တည်ကြည်နှစ်လိုဖွယ်စီတ်နှင့် ပြည့်စုံရ၏။[၇၃]

အရှင်စိုးမင်းသည် အကြင်ရိုးကို ကောင်းစွာသုတ်သင်တန်ဆာဆင်အပ်၏။ ထိုမင်းသည် သုတ်သင်တန်ဆာဆင်အပ်သော ခရိုးဖြင့် သွားလေးဟူ တိုက်တွန်းသော်လည်း မသွားရာ၊[၇၄] မင်း၏အိပ်ရာ စသည်တို့ကိုခွင့်ပေးသော်လည်း မသုံးစွဲရ။ မင်းထံ ခစားပါက မနီးလွန်းမဝေးလွန်းဇကတိစကားဖြင့် ကြားလောက်သောရွေ့မျက်နှာအပ်၌ မင်းနှင့်လောက်အောင် ခစားရ၏။[၇၅] အခါ ငါးသိမ်းလည်း ဆိတ်ဆိတ်မနေအပ်။ မိမိပြောဆိုခွင့်ရောက်လျှင် ဖဲ့ဖဲ့ဖရဲမရှိ။ သန့်ရှင်း ပြတ်သားစွာ ကိုယ်နှင့် အတိုင်းအတာစကားကို ပြောဆို ရ၏။[၇၆]

မင်းသည် ငါ၏အဆွေခင်ပွန်းဖြစ်သည်။ ငယ်သူငယ်ချင်းဖြစ်သည်ဟူ၍ အကျမ်းတင်မပြုရ။ မင်းသည် ငါ့ကို ရှဲသော လေးမြတ်စွာ ပြုသည်။ ငါ၏အဆုံးအမ၌တည်သည်ဟူ၍လည်း ပရိသတ်အလယ်၌ မင်းမနှစ်သက်သောစကားကို မဆိုရာ၊[၇၇] မင်းတံခါးမှဝင်ခွင့်ရသည်ဟူ၍ ငင်ခွင့်မတောင်းဘဲ မဝင်ရာ၀၌။

ဝါးပင်သည် လေတော်လျှင် ယိမ်းသကဲ့သို့ မင်းဆိုလျှင် ကြောက်ရွံတုန်လှုပ်ခြင်းကို ပြုရ၏။ ငါးသည် လျှာမ၌ စကားမဆိုနိုင်သကဲ့သို့ မင်းခယောကျ်ားသည် စကားနည်းရ၏။[၇၈] မင်းနှင့်ဆန့်ကျင်သော အကျင့်ကို ကျင့်ရာ[၇၉]၊

မင်းမှူထမ်းတို့သည် မင်းမှုကိစ္စများအပြင် အိမ်ထောင်ဦးစီးသူအနေဖြင့်မိမိတို့၏အိမ်ထောင်မှုကိစ္စများနှင့် ဘာသာရေးကိစ္စများ၌ မည်သို့ ဆောင်ရွက်သင့်သည်များကိုလည်း အကြံပေးထားသည်ကိုတွေ့ရှိရပါသည်။ အိမ်ထောင်မှုကိစ္စများနှင့် စပ်လျဉ်း၍ မင်းမှူထမ်းတို့သည် ဤအခါကား ဤအမှုကိုပြုရာ၏ဟု အချိန်ကာလကို သိကြရပါသည်။[၈၇] အထူးထူးအပြားပြား များစွာသောကျွန်တို့ဆောင်ရွက်ဖွယ်ရာလုပ်ငန်းတို့ကို ဝေဖန်စီရင် ထုံးဖွဲ့ခြင်း၌လည်း လိမ္မာကြရပါသည်။[၈၈] စပါးကိုချင့်တွက်၍ကား သိုသင်းရာ၏။ သုံးသော်ချင့်တွက် မှတ်သား၍ သုံးရာ၏။ အိမ်၌ တစ်အိုးတည်းစားသော လူဦးရေကို ချင့်တွက်၍ ဤမျှလူကိုဤမျှချန်လျှင် ဤလောက်၏ဟု ဆင်ခြင်လျက် သုံးဆောင်လောက်အောင် ချက်ရာ၏။ အကျွန်ကိုလည်း[၈၉] မများစေရာ။ လောကဘဏ္ဍာလူတို့သည် မိဓိတို့၏ သားကို လည်းကောင်း၊ ညီကို့ လည်းကောင်း၊ မိမိကိုယ်နှင့်အတူ ယုံမှတ်ရာ၏ဟု ဆိုကုန်၏။ ထိုသို့ဆိုသော်လည်း အမှု၌ ကျိုးမနွံ ကျင့်ရန်တရားကို လည်းမမြင် အဆင်ခြင်ဉာဏ်လည်းမရှိ အတိဗာလဖြစ်သော သား၊ ညီ၊ ကျွန်တို့ကို အမှုမျိုး၌ မျက်နှာမလဲရာ။ ထိုအမှု၌ မလိမ္မာ၊ အရာကိုမချင့် အခွင့်ကိုမသိသော သား၊ ညီ၊ ကျွန်တို့ကို ယုံမှတ်၍အမှုကို အပ်နှင်းလွဲမိအံ့။ သခ်ၤါင်း၌ လူသေကောင်ကို အမှုဆောင်ထားသကဲ့သို့ စီးပွားလစ်ဟင်းယုတ်လျော့ရာသည်။ ထိုသို့ စီးပွားယုတ်လျော့သဖြင့် ဆင်းရဲသူအား မင်း၌ခစားခြင်းငှာမဂ္ဂုံးနိုင်။ ထိုမလိမ္မာ အကျင့်သိလမရှိသော သား၊ ညီ၊ ကျွန်တို့အား သေသူကို ပေးသောကုတ်တီးထမင်းကဲ့သို့ ပြာစင်ပုဆိုးကဲ့သို့သော အငတ်

မင်းမိဖုရား မောင်းမတို့နှင့် ကစားမြူးတူးခြင်း၊ ဆိတ်ကွယ်ရာ အရပ်၌ပြောဆိုခြင်း မပြုရာ[၈၄]၊ မင်းမွေးထားသောဆိတ်၊ စက် စသည့် သတ္တဝါတို့ကို မသတ်ပုတ်ကြရာ[၈၅]။

မင်းမှူထမ် အချင်းချင်းနှင့် စပ်လျဉ်း၍ စောင့်စည်းအပ်သော အပြုအမူများမှာ ဤသို့ဖြစ်ပါသည်။ မင်းသည် တစ်စုံတစ်ခုသောအရာအထူးဖြင့် ပြည်သူအား ဤအရာကို ပေးအံ့ဟု မင်းခယောကျ်းတို့နှင့် ပြောဆိုသောအခါ ထိုသူ၏ဂုဏ်ကျေးဇူးကို လည်းကောင်း၊ ကျေးဇူးမဲ့ကို လည်းကောင်း မပြောဆိုရာ[၈၆]။ မင်းသည် ဆင်စီးသူရဲစသည်တို့အား အမှုထမ်းရည်နှင့် လျော်ညီစွာ ထိုသူတို့၏ဂုဏ်ကိုပြု၍ မျိုးရိုက္ခာအစရှိသည့် ဆုလာဘ်ပေးသောအခါ မပေးရအောင် မဖျက်ဆီးအပ်[၈၇]။

မင်းမှူထမ်းတို့ဆောင်ရွက်ရန် ကိစ္စများနှင့် စပ်လျဉ်း၍ ဤသို့ တွေ့ရှိရပါသည်။ အမှုထမ်းတိုင်းသည် မိမိဆောင်ရွက်သော အမှုကိစ္စတို့၌ အလေးတူချိန်ရသော ချိန်ခွင်သည် တစ်ဖက်မညွတ်။ တည့်မတ်စွာ တည်သကဲ့သို့ ဆန္ဒ ဂတိသို့ အစရှိသော အဂတိသို့မလိုက်သဖြင့် ဖြောင့်မှန်စွာ ပြုကျင့်ရာ၏[၈၈]။ ခပ်သိမ်းသော မင်းမှုကိစ္စတို့၌ ညဉ့် နေ့ မှောက်မှောက် မျက်ကွယ်ဟူ၍ မထင်မှတ်ဘဲ ယုံမှတ်သည့်အတိုင်း ဖြောင့်မှန်စွာ အမှုကုန်အောင်ဆောင်ရွက်ရာ၏[၈၉]။ မိမိဆောင်ရွက်သော အမှု၌လုံလထက်ကြခြင်းနှင့်ပြည့်စုံရာ၏။ မမေ့မလျော့ဘဲ ကောင်းစွာ ဆောင်ရွက်ရာ၏။[၉၀] မင်းယောကျ်းသည် ကောက်နယ်တလင်းသို့လည်းကောင်း၊ စပါးစုဆောင်းရာသို့လည်းကောင်း၊ နွားခြံစသည်သို့လည်းကောင်း၊ လယ်ယာသို့လည်းကောင်း မပြတ်သွား၍ ကြည့်ရှုရာ၏။[၉၁]

မင်းမှူထမ်းတို့၏ အရည်အသွေး တိုးတက်ကောင်းမွန်ရေးနှင့် ပတ်သက်၍ ဤသို့ တွေ့ရပါသည်။ ၎င်းအချို့အမြောက် ခံလိုသူသည် (၁)ကျေးဇူးပညာ သိတတ်ခြင်း၊ (၂) ရဲရင့်ခြင်း၊ (၃) ပညာရှိခြင်း၊ (၄) မမေ့မလျော့ခြင်းဟူသော အင်္ဂါလေးပါးဖြင့် ပြည့်စုံကြရပေမည်။[၁၀၈] မိမိ၏အရည်အသွေးကို ပျိုးထောင်မည့်သူသည် မျှားစွာအိပ်ခြင်းမငြူရာ။[၁၀၉] ဘောဇဉ် ခဲ့ဝယ်သည်တို့၏ လည်းကိုယ်၏အတိုင်းအတာကိုသိရာ၏။[၁၁၀] ကိလေသာ၏ အစွမ်းအား ဖြင့်မိန်းမတို့သို့ အဖန်များစွာမသွားလာအပ်။ မိန်းမကျူးသူသည် မိမိ၏တန်ခိုးကုန်ခြင်း၊ ခေ့ငင်းဆုံးခြင်း၊ ကုတ်ဟီးနာစေခြင်း၊ ကိုယ်ပူပန်ခြင်း၊ အားကုန်ခမ်းခြင်း၊ ပညာအဆင်ခြင်ဉာဏ်ယုတ်လျော့ခြင်းသို့ ရောက်ရာ၏။[၁၁၁] မိမိ၏အရည်အသွေးတိုးမြှင့်လိုသူသည် မင်းထံခစားသည်ရှိသော် အလွန်ဓကားမဆိုရာ။[၁၁၂]

မင်းမှူထမ်းများနှင့် ၎င်းတို့၏ တာဝန်များကိုဖော်ပြပြီးနောက် အုပ်ချုပ်ပုံစနစ်ကိုဖော်ပြပါမည်။ဇာတကဋ္ဌကထာကျမ်းတွင် အုပ်ချုပ်ပုံစနစ်နှင့်စပ်လျဉ်း၍ နှစ်မျိုးတွေ့ရပါသည်။ ယင်းတို့မှာ (၁) ဂဏအုပ်ချုပ်ရေးနှင့် (၂) ဘုရင်စနစ်အုပ်ချုပ်ရေးတို့ ဖြစ်ကြပါသည်။

(၁) ဂဏအုပ်ချုပ်ရေး (ဂဏရာဇ)။

ဂဏအုပ်ချုပ်ရေး ဟူသည် အပေါင်းဖြစ်သော မင်း၊ စုပေါင်း အုပ်ချုပ်သောမင်း[၁၁၃]ဟု ဆိုလိုပါသည်။ နိုင်ငံကို မင်းအများကစုပေါင်းအုပ်ချုပ်ခြင်းပင်ဖြစ်ပါသည်။ထိုမင်းအဖွဲ့သည် နယ်မြေအလိုက် လူထုကိုယ်စားလှယ်များဖြစ်ကြ

အစားတို့ကိုသာ ပေးရာ၏။ အမှုတို့၌ အဆင်ခြင် ဉာဏ်၊ ပညာ ကျင့်ရာသော်လည်း အာစာရ လုံ့လထက်ကြခြင်းနှင့် ပြည့်စုံသော သား၊ ညီ၊ ကျွန် အမှုအလုပ်တို့ကိုသာ အပ်နှင်းရာ၏။[၁၀၀]

ဘာသာရေးနှင့်စပ်လျဉ်း၍ မင်းမှူထမ်းသည် ဤအခါကား အလှူပေးအံ့သောအခါ၊ ဤအခါကား ကျောင်းဘုရား သွားအံ့သောအခါ၊ ဤအခါကား ဥပုသ် သီလဆောက်တည်အံ့သောအခါဟူ၍လည်း လျောက်ပတ်သောကာလကို သိရာ၏[၁၀၁]။အကျင့်သီလအကြားအမြင်သုတနှင့် ပြည့်စုံသောရဟန်းပုဏ္ဏားတို့ကို ရှိသေစွာ မှီဝဲဆည်းကပ်ရာ၏။ထိုရဟန်းတို့သည်၌ ဥပုသ်နေ့တို့တွင် ဥပုသ်သုံးလျက် မိမိကိုယ်ကို ကောင်းစွာကျင့်ရာ၏။ ထိုပုဂ္ဂိုလ်တို့အား ဆွမ်းအစရှိသော ပစ္စည်းဘိုဖြင့် ရောင့်ရဲစေရာ၏။ ထိုပုဂ္ဂိုလ်တို့အားအကျိုးစီးပွားရှိအံ့သော အမေးပြဿနာတို့ကို မေးမြန်းရာ၏။[၁၀၂]ဖုန်းတောင်းဟာစကားတို့ကိုမြင်သည်ရှိသော် စိုးစဉ်းမျှ မတားမြစ်အပ်။[၁၀၃]

မင်းမထမ်းတို့၏ ပုဂ္ဂိုလ်အသီးသီးနှင့် ဆက်ဆံရေးနည်းလမ်းတို့ကိုလည်း ဤသို့တွေ့ရပါသည် မင်းမှူထမ်းတို့သည် မိဒင်ဘခင်တို့ကိုလည်း အရှိအသေပြုလုပ်ကျွေးမွေးမြူရာ၏။ အနှက်အကြောက်နှင့်လည်း ပြည့်စုံစေရာ၏[၁၀၄] အသက်အရွယ်ကြီးသောသူတို့၌ နှိမ့်ခြင်း၊ အရှိအမဲ အလေးအမြတ်ပြုခြင်းနှင့်ပြည့်စုံစေရာ၏[၁၀၅] ဆရာကောင်းနှင့်လည်းဆည်းကပ်ပေါင်းဖော်ရာ၏။[၁၀၆] လျှို့ဝှက်သော သိစိမ့်သော ဌာနစသို့ဝှက်သော မင်းတစ်ပါး၏ တမန်နှင့် စကားပြောရသော်လည်း မိမိ၏လျှို့ဝှက်ချက်ကို မဖွင့်ဟရာ။

သော ဆင်ခြေလျှောမင်းမျိုးမင်းနွယ်တို့ ဖြစ်ကြပါသည်။[၁၁၄] ဝေသာလီပြည်၌ မင်းအဖွဲ့ဝင်ပေါင်း ၇၇၀၇ ဦး ရှိခဲ့ပါသည်။[၁၁၅] ဂဏအဖွဲ့ဝင်တို့သည် မကြာခဏ စည်းဝေး၍ အများသဘောတူဆောင်ရွက်လေ့ရှိကြပါသည်။ထိုအစည်းအဝေးများတွင် တိုင်းရေးပြည်ရာ များကို ဆွေးနွေးဆုံးဖြတ်ကြပါသည်။[၁၁၆] အစည်းအဝေးကျင်းပရာ အစည်းအဝေးခန်းမ (သန္ထာဂါရ)[၁၁၇] များလည်း ရှိပါသည်။ ထိုခန်းမများသည် ဂဏအဖွဲ့ဝင်တို့ စည်းဝေးရန် ရည်ရွယ်ဆောက်လုပ်ထားသော အဆောက်အအုံများ ဖြစ်ကြပါသည်။[၁၁၈] ဂဏ အဖွဲ့ဝင်တို့သည် ထိုခန်းမတွင် တိုင်းရေးပြည်ရာများ တင်ပြခြင်း (သန္ထာ) စည်းကမ်း ဥပဒေဖွဲ့ခြင်း၊ (ဗရိယာဒဗန္ဓန) အိမ်ရာထောင်သော ပုဂ္ဂိုလ်တို့၏ကိစ္စ (ဃရာဝါသကိစ္စ) ကိုကို ဆွေးနွေးဆုံးဖြတ်ခြင်း ပြုကြပါသည်။[၁၁၉]

ပုံစံအားဖြင့်ပြရလျှင် ကောသလမင်း၏ သမီးကညာတောင်းဆိုချက်နှင့်ပတ်သက်၍ သာကီဝင်မင်းမျိုးတို့သည် မိမိ၏သမီးတော်တို့ကို ပေးသင့်မပေးသင့်တိုင်ပင်ကြပါသည်။ မဟာနာမ်မင်းက မည်သို့မည်ပုံပြုမူသင့်ကြောင်းကို အကျယ်တဝင့် ဆွေးနွေးအကြံပြုခဲ့ပါသည်။[၁၂၀]

တစ်ခါတွင် ဂဏအုပ်ချုပ်ရေးစနစ်ကျင့်သုံးသော လိစ္ဆဝိမင်းတို့ ဘိသိက်သွန်းရာရေကန်သို့ ကောသလမင်းကြီး၏ စစ်သူကြီး ဗန္ဓုလနှင့်ဇနီးတို့ ရေချိုးလာရောက်ကြခြင်းကို မကျေနပ်၍ လိစ္ဆဝိမင်းသားငါးရာတို့ တည်ခြိတည်တံ့တည်းလိုက်လံတိုက်ခိုက် ခဲ့ကြပါသည်။[၁၂၁] ဤသို့အားဖြင့် နိုင်ငံ

အရေးနှင့် ပတ်သက်လာလျှင် ညီညွတ်စွာ ကျင့်သုံးဆောင်ရွက်ခြင်းသည် ဂဏအုပ်ချုပ်ရေးစနစ်၏ အနှစ်သာရပင်ဖြစ်ပါသည်။

၂။ ဘုရင်စနစ်အုပ်ချုပ်ရေး

ဘုရင်စနစ်အုပ်ချုပ်ရေးဟူသည် ဂဏအုပ်ချုပ်ရေးကဲ့သို့ နယ်မြေကိုယ်စားလှယ်ရာဇာများက စုပေါင်းအုပ်ချုပ်ခြင်း မျိုးမဟုတ်ဘဲ တိုင်းနိုင်ငံ၏ အကြီးဆုံးအာဏာပိုင် (ရာဇာ) တစ်ဦးတည်းကသာ ပဓာနအားဖြင့် အုပ်ချုပ်ခြင်းဖြစ်ပါသည်။ ထိုပုဂ္ဂိုလ်သည် နိုင်ငံတစ်ခုလုံးကို ဦးစီးကွပ်ကဲအုပ်ချုပ်သော်လည်း အုပ်ချုပ်ရေးလုပ်ငန်းတစ်ခုနှင့် မပတ်သက်အောက်တွင် ဖော်ပြခဲ့သည့် မင်းမှုထမ်းများပုဂ္ဂိုလ်များထားရှိအုပ်ချုပ်ခဲ့ပါသည်။ မိမိတို့၏ အုပ်ချုပ်သူမျိုးရိုးကို အစဉ်ရှင်သန်ပွားများစိမ့်သော ငှာ မင်းလောင်းလျာအိမ်ရှေမင်းကိုလည်း မိမိတို့မင်းမျိုးမှပင် ထားရှိခဲ့လေသည်။ နိုင်ငံအုပ်ချုပ်မည့် မင်းတို့သည် နိုင်ငံကိုအုပ်ချုပ်သည့် မင်းအဖြစ်ခံယူရာဝယ် အာဘိသိက်သွန်းခြင်းဓလေ့ကို ခံယူကြရပါသည်။ ထိုနေ့တွင် မြို့အလုံးနတ်မြို့ကဲ့သို့ တန်ဆာဆင်ကာ မြို့ကိုလက်ျာရစ်လှည့်၍ တန်ဆာဆင်ထားသော ပြာသာဒ်ထက်သို့တက်၍ ပြာသာဒ်၏အလယ် ကောင်းစွာဆောက်အပ်သော ထီးဖြူ၏ အောက်ပလ္လင်၌ တက်ရပါသည်။[၁၂၂] ရတနာအစုဝန်းရံသောထိုမင်းပြုမည့်ပုဂ္ဂိုလ်ကို ရွှေခရုသင်း၊ငွေခရုသင်း၊ ပကတိခရုသင်းဟူသော ခရုသင်းတို့ဖြင့် အဘိသိက်သွန်း၍ ရွှေပန်းကို လည်းကောင်း၊ ထီးဖြူကို လည်းကောင်း ဆောင်းနှင်းရပါသည်။[၁၂၃] ဤသို့ဖြင့်

နိုင်ငံအုပ်ချုပ်သည့်မင်းအဖြစ် အသိအမှတ်ပြုခြင်း ခံကြရပါသည်။

ဘုရင်အုပ်ချုပ်ရေးစနစ်သည် သက်ဦးဆံပိုင် ဖြစ်သော်လည်း အခါခပ်သိမ်း နိုင်ငံနှင့်ပြည်သူကို ပိုင်ဆိုင်သည်မဟုတ်ပါ။ မင်းအာဏာကိုဖျက်၍ မပြုအပ်သည်ကို ပြုကုန်သော သူတို့ကိုသဒ္ဓျင် ပိုင်ဆိုင်ပါသည်။ မင်းသည် ပြည်အလုံး၌ အစိုးရခြင်းကို လည်းကောင်း၊ အာဏာကိုလည်းကောင်း မပိုင်ဆိုင်ပေ ဘုရင်သည် နိုင်ငံအာဏာကို ပိုင်ဆိုင်သည်ဆိုသော်လည်း နိုင်ငံသားတို့သည် ဘုရင့်ချီယှဉ်းချက်ရှိ၍ မမကျနပ်သည့်ကာလများဝယ် ဘုရင့်ထံသို့ ချဉ်းကပ်ပြောဆိုကြသည်များကိုလည်း တွေ့ရပါသည်။ အုပ်ချုပ်သူမင်း၌ ထီးမွေနန်းမွေခံ သားမထွန်းကားပါက" သားမရှိကတိုင်းပြည်သည် ပျက်စီးလတ္တံ့ဟု မင်းနန်းတော်တံခါး၌ ကြေးကြော် ကြပါသည်။[၁၂၇] ကောက်စပါးတို့ မပြည့်စုံသည်ရှိသော် တော်မှတ်ခြင်း နှိပ်စက်ရာဂား လူတို့သည် စည်းဝေးကုန်၍ မင်းရင်ပြင်၌ကြေးကြော်တတ်ကြပါသည်။[၁၂၈] မင်းဆိုးပါက တိုင်းသူပြည်သားတို့သည် မင်းကို နန်းခွာတတ်ပါသေးသည်။[၁၂၉] မိမိသားတော်ကိုပင်မတရားသတ်ရန်ကြံသည့် ဖခင်မင်းကိုနန်းချကြ၍ သားတော်ကို ဝိုင်းဝန်းမင်းမြောက်ကြသည်[၁၃၀]ကိုလည်း တွေ့ရပါသည်။

သက်ဦးဆံပိုင်ဘုရင်စနစ်တွင် မင်းသည် အိမ်ရှေမင်းကိုသာ ထီးနန်းလွှဲအပ်ခဲ့လေ့ရှိသော်လည်း တူဖြစ်လျက် မင်းအဖြစ်လွှဲအပ်ခဲ့[၁၃၁]သည်လည်း ရှိပါသေးသည်။ မင်း၏သားတော်ကို ဥပါယ်တံမျဉ်ဖြင့် မင်းမြောက်ရန် ကြိုးစားကြပါသော်လည်း မအောင်မြင်သဖြင့် ဘုရားလောင်း

အမတ်ကိုသာ မင်းမြောက်ကြရသည်[၁၃၂]ကိုလည်း တွေ့ရပါသည်။ သားတော်ကြီးတို့ကို ထီးနန်းရိုက်ရာဆက်ခံစေခွင့် ထုံးတမ်းရှိသော်လည်း သားတော်တစ်ရာတို့တွင် အငယ်ဆုံးဖြစ်သူ သံဝရမင်းသားသည် လိမ္မာပါးနပ်မှုကြောင့် မင်းဖြစ်ပွားပါသည်။[၁၃၃] မိမိ၏မယ်တော်သည် ပုရောဟိတ်ကို တပ်မက်သောကြောင့် မိမိသည် မင်းအဖြစ်မှ ဆင်းကာ ပုရောဟိတ်ကို ထီးနန်းလွှဲခဲ့သည့် ဖြစ်ရပ်များလည်း ရှိပါသည်။[၁၃၄] မိမိစစ်ရှုံးစဉ်ကာလဝယ် ကောင်းမှုနှစ်ဖွာကျေးမွေးခဲ့သော တောရွာသားတစ်ဦးအား မင်းတန်ဆာဆင်၍ ပြည်တစ်ဝက်ပေးခဲ့သည်ကိုလည်း တွေ့ရပါသည်။[၁၃၅] ဤဖြစ်ရပ်များကို ထောက်၍ အုပ်ချုပ်ခံ ပြည်သူတို့သည် နန်းရေးနန်းရာတို့တွင် ပါဝင်စွက်ဖက်လေ့မရှိကြဘဲ သဘောတူညီလေ့ရှိကြသည်ဟု ဆိုနိုင်ပါသည်။

မင်းအဖြစ်တင်မြောက်ကြရာဝယ် မင်းလောင်းမင်းလျာတို့ အချည်အချင်းမဲ့၍ဖြစ်စေ၊ ထီးမွေနန်းမွေခံ မရှိရှုံဖြစ်စေ တစ်ခါတစ်ရံ အရေးတကြီး ပုဿရထားလှတ်၍ မင်းလောင်းရှာဖွေကာ ရထားရပ်နားသည့် နေရာဝယ် မင်းလောင်းကို တွေ့ရှိကာ မင်းမြောက်ခြင်း မျိုးလည်း ရှိပါသေးသည်။[၁၃၆]

ဘုရင်စနစ်အုပ်ချုပ်ရေးတွင် ပြည့်ရှင်မင်းတို့သည် မိမိတို့သိစေလိုသော ကိစ္စရပ်များကို နိုင်ငံတွင်းသို့ စည်လည်စေလျက် ပြောကြားစေသည်ကို တွေ့ရပါသည်။[၁၃၇]

အခန်း (၃)

၁။ ေဘး ဒု ဂု၆၊ ဂဝဂ။
ဌ၇၃ ဝဃဉဉ။
၂။ ၎ငါး ။ ဂ၆၊ ၆၆၂။
ဝ။ ၎ငါး ။ ၆၆၂–၇။
၃။ ၎ငါး ။ ၆၆၂–၇။
၄။ ၎ငါး ။ ၆၆၂–၇။
၅။ ၎ငါး ။ ၆၆၂–၇။
၆။ ၎ငါး ။ ၆၆၂–၇။
၇။ ၎ငါး ။ ၆၆၂–၇။
၈။ ၎ငါး ။ ၆၆၂–၇။
၉။ ၎ငါး ။ ၆၆၂–၇။
၁၀။ ၎ငါး ။ ၆၆၂–၇။
၁၁။ ၎ငါး ။ ၆၆၂–၇။
၁၂။ ၎ငါး ။ ၆၆၂–၇။

၁။ ထင်း၊ ဂျွန်၊ ၁၉၆၈။

၂။ ထင်း၊ ဂျွန်၊ ၁၉၆၉။

၃။ ထင်း၊ ဂျွန်၊ ၁၉၇၀။

၄။ ထင်း၊ ဂျွန်၊ ၁၉၇၁။

၅။ ထင်း၊ ဂျွန်၊ ၁၉၇၂။

၆။ ထင်း၊ ဂျွန်၊ ၁၉၇၃။

၇။ ထင်း၊ ဂျွန်၊ ၁၉၇၄။

၈။ ထင်း၊ ဂျွန်၊ ၁၉၇၅။

၉။ ထင်း၊ ဂျွန်၊ ၁၉၇၆။

၁၀။ ထင်း၊ ဂျွန်၊ ၁၉၇၇။

၁၁။ ထင်း၊ ဂျွန်၊ ၁၉၇၈။

၁၂။ ထင်း၊ ဂျွန်၊ ၁၉၇၉။

၁၃။ ထင်း၊ ဂျွန်၊ ၁၉၈၀။

၁၄။ ထင်း၊ ဂျွန်၊ ၁၉၈၁။

၁၅။ ထင်း၊ ဂျွန်၊ ၁၉၈၂။

၁၆။ ထင်း၊ ဂျွန်၊ ၁၉၈၃။

၁၇။ ထင်း၊ ဂျွန်၊ ၁၉၈၄။

၁၈။ ထင်း၊ ဂျွန်၊ ၁၉၈၅။

၁၉။ ထင်း၊ ဂျွန်၊ ၁၉၈၆။

၂၀။ ထင်း၊ ဂျွန်၊ ၁၉၈၇။

၂၁။ ထင်း၊ ဂျွန်၊ ၁၉၈၈။

၂၂။ ထင်း၊ ဂျွန်၊ ၁၉၈၉။

၂၃။ ထင်း၊ ဂျွန်၊ ၁၉၉၀။

၂၄။ ထင်း၊ ဂျွန်၊ ၁၉၉၁။

၂၅။ ထင်း၊ ဂျွန်၊ ၁၉၉၂။

၂၆။ ထင်း၊ ဂျွန်၊ ၁၉၉၃။

၂၇။ ထင်း၊ ဂျွန်၊ ၁၉၉၄။

၂၈။ ထင်း၊ ဂျွန်၊ ၁၉၉၅။

၂၉။ ထင်း၊ ဂျွန်၊ ၁၉၉၆။

၃၀။ ထင်း၊ ဂျွန်၊ ၁၉၉၇။

၃၁။ ထင်း၊ ဂျွန်၊ ၁၉၉၈။

၃၂။ ထင်း၊ ဂျွန်၊ ၁၉၉၉။

၃၃။ ထင်း၊ ဂျွန်၊ ၂၀၀၀။

၃၄။ ထင်း၊ ဂျွန်၊ ၂၀၀၁။

၃၅။ ထင်း၊ ဂျွန်၊ ၂၀၀၂။

၃၆။ ထင်း၊ ဂျွန်၊ ၂၀၀၃။

၃၇။ ထင်း၊ ဂျွန်၊ ၂၀၀၄။

၃၈။ ထင်း၊ ဂျွန်၊ ၂၀၀၅။

၃၉။ ထင်း၊ ဂျွန်၊ ၂၀၀၆။

၄၀။ ထင်း၊ ဂျွန်၊ ၂၀၀၇။

၄၁။ ထင်း၊ ဂျွန်၊ ၂၀၀၈။

၄၂။ ထင်း၊ ဂျွန်၊ ၂၀၀၉။

၄၃။ ထင်း၊ ဂျွန်၊ ၂၀၁၀။

၄၄။ ထင်း၊ ဂျွန်၊ ၂၀၁၁။

၄၅။ ထင်း၊ ဂျွန်၊ ၂၀၁၂။

၄၆။ ထင်း၊ ဂျွန်၊ ၂၀၁၃။

၄၇။ ထင်း၊ ဂျွန်၊ ၂၀၁၄။

၄၈။ ထင်း၊ ဂျွန်၊ ၂၀၁၅။

၄၉။ ထင်း၊ ဂျွန်၊ ၂၀၁၆။

၅၀။ ထင်း၊ ဂျွန်၊ ၂၀၁၇။

၅၁။ ထင်း၊ ဂျွန်၊ ၂၀၁၈။

၅၂။ ထင်း၊ ဂျွန်၊ ၂၀၁၉။

၅၃။ ထင်း၊ ဂျွန်၊ ၂၀၂၀။

၅၄။ ထင်း၊ ဂျွန်၊ ၂၀၂၁။

၅၅။ ထင်း၊ ဂျွန်၊ ၂၀၂၂။

၅၆။ ထင်း၊ ဂျွန်၊ ၂၀၂၃။

၅၇။ ထင်း၊ ဂျွန်၊ ၂၀၂၄။

၅၈။ ထင်း၊ ဂျွန်၊ ၂၀၂၅။

၅၉။ ထင်း၊ ဂျွန်၊ ၂၀၂၆။

၆၀။ ထင်း၊ ဂျွန်၊ ၂၀၂၇။

၆၁။ ထင်း၊ ဂျွန်၊ ၂၀၂၈။

၆၂။ ထင်း၊ ဂျွန်၊ ၂၀၂၉။

၆၃။ ထင်း၊ ဂျွန်၊ ၂၀၃၀။

၆၄။ ထင်း၊ ဂျွန်၊ ၂၀၃၁။

၆၅။ ထင်း၊ ဂျွန်၊ ၂၀၃၂။

၉၅။ ၎င်း ၂၊ ၁၀၀။
၉၆။ ရှစ်။
၉၇။ ၎င်း ၂၊ ၁၀၀–၂။
၉၈။ ၎င်း ၂၊ ၁၀၂–၃။
၉၉။ ၎င်း ၂၊ ၁၀၃–၄။
၁၀၀။ ၎င်း ၂၊ ၁၀၄–၅။
၁၀၁။ ၎င်း ၂၊ ၁၀၅။
၁၀၂။ ၎င်း ၂၊ ၁၀၆–၇။
၁၀၃။ ၎င်း ၂၊ ၁၀၇–၈။
၁၀၄။ ၎င်း ၂၊ ၁၀၈–၉။
၁၀၅။ ၎င်း ၂၊ ၁၀၉–၁၀။
၁၀၆။ ၎င်း ၂၊ ၁၁၀။
၁၀၇။ ၎င်း ၂၊ ၁၁၁–၁၂။
၁၀၈။ ၎င်း ၂၊ ၁၁၃–၁၄။
၁၀၉။ ၎င်း ၂၊ ၁၁၅–၁၆။
၁၁၀။ ၎င်း ၂၊ ၁၁၇–၁၈။
၁၁၁။ ၎င်း ၂၊ ၁၁၉–၂၀။
၁၁၂။ ၎င်း ၂၊ ၁၂၁–၂၂။
၁၁၃။ ၎င်း ၂၊ ၁၂၃–၂၄။
၁၁၄။ ၎င်း ၂၊ ၁၂၅–၂၆။
၁၁၅။ ၎င်း ၂၊ ၁၂၇–၂၈။
၁၁၆။ ၎င်း ၂၊ ၁၂၉–၃၀။
၁၁၇။ ၎င်း ၂၊ ၁၃၁–၃၂။
၁၁၈။ ၎င်း ၂၊ ၁၃၃–၃၄။
၁၁၉။ ၎င်း ၂၊ ၁၃၅–၃၆။
၁၂၀။ ၎င်း ၂၊ ၁၃၇–၃၈။
၁၂၁။ ၎င်း ၂၊ ၁၃၉–၄၀။
၁၂၂။ ၎င်း ၂၊ ၁၄၁–၄၂။
၁၂၃။ ၎င်း ၂၊ ၁၄၃–၄၄။
၁၂၄။ ၎င်း ၂၊ ၁၄၅–၄၆။
၁၂၅။ ၎င်း ၂၊ ၁၄၇–၄၈။
၁၂၆။ ၎င်း ၂၊ ၁၄၉–၅၀။
၁၂၇။ ၎င်း ၂၊ ၁၅၁–၅၂။
၁၂၈။ ၎င်း ၂၊ ၁၅၃–၅၄။
၁၂၉။ ၎င်း ၂၊ ၁၅၅–၅၆။
၁၃၀။ ၎င်း ၂၊ ၁၅၇–၅၈။
၁၃၁။ ၎င်း ၂၊ ၁၅၉–၆၀။
၁၃၂။ ၎င်း ၂၊ ၁၆၁–၆၂။
၁၃၃။ ၎င်း ၂၊ ၁၆၃–၆၄။
၁၃၄။ ၎င်း ၂၊ ၁၆၅–၆၆။
၁၃၅။ ၎င်း ၂၊ ၁၆၇–၆၈။
၁၃၆။ ၎င်း ၂၊ ၁၆၉–၇၀။
၁၃၇။ ၎င်း ၂၊ ၁၇၁–၇၂။
၁၃၈။ ၎င်း ၂၊ ၁၇၃–၇၄။
၁၃၉။ ၎င်း ၂၊ ၁၇၅–၇၆။
၁၄၀။ ၎င်း ၂၊ ၁၇၇–၇၈။
၁၄၁။ ၎င်း ၂၊ ၁၇၉–၈၀။
၁၄၂။ ၎င်း ၂၊ ၁၈၁–၈၂။
၁၄၃။ ၎င်း ၂၊ ၁၈၃–၈၄။
၁၄၄။ ၎င်း ၂၊ ၁၈၅–၈၆။
၁၄၅။ ၎င်း ၂၊ ၁၈၇–၈၈။
၁၄၆။ ၎င်း ၂၊ ၁၈၉–၉၀။
၁၄၇။ ၎င်း ၂၊ ၁၉၁–၉၂။
၁၄၈။ ၎င်း ၂၊ ၁၉၃–၉၄။
၁၄၉။ ၎င်း ၂၊ ၁၉၅–၉၆။
၁၅၀။ ၎င်း ၂၊ ၁၉၇–၉၈။
၁၅၁။ ၎င်း ၂၊ ၁၉၉–၂၀၀။
၁၅၂။ ၎င်း ၂၊ ၂၀၁–၂။
၁၅၃။ ၎င်း ၂၊ ၂၀၃–၄။
၁၅၄။ ၎င်း ၂၊ ၂၀၅–၆။
၁၅၅။ ၎င်း ၂၊ ၂၀၇–၈။
၁၅၆။ ၎င်း ၂၊ ၂၀၉–၁၀။
၁၅၇။ ၎င်း ၂၊ ၂၁၁–၁၂။
၁၅၈။ ၎င်း ၂၊ ၂၁၃–၁၄။
၁၅၉။ ၎င်း ၂၊ ၂၁၅–၁၆။
၁၆၀။ ၎င်း ၂၊ ၂၁၇–၁၈။
၁၆၁။ ၎င်း ၂၊ ၂၁၉–၂၀။
၁၆၂။ ၎င်း ၂၊ ၂၂၁–၂၂။
၁၆၃။ ၎င်း ၂၊ ၂၂၃–၂၄။
၁၆၄။ ၎င်း ၂၊ ၂၂၅–၂၆။
၁၆၅။ ၎င်း ၂၊ ၂၂၇–၂၈။
၁၆၆။ ၎င်း ၂၊ ၂၂၉–၃၀။
၁၆၇။ ၎င်း ၂၊ ၂၃၁–၃၂။
၁၆၈။ ၎င်း ၂၊ ၂၃၃–၃၄။
၁၆၉။ ၎င်း ၂၊ ၂၃၅–၃၆။
၁၇၀။ ၎င်း ၂၊ ၂၃၇–၃၈။
၁၇၁။ ၎င်း ၂၊ ၂၃၉–၄၀။
၁၇၂။ ၎င်း ၂၊ ၂၄၁–၄၂။
၁၇၃။ ၎င်း ၂၊ ၂၄၃–၄၄။
၁၇၄။ ၎င်း ၂၊ ၂၄၅–၄၆။
၁၇၅။ ၎င်း ၂၊ ၂၄၇–၄၈။
၁၇၆။ ၎င်း ၂၊ ၂၄၉–၅၀။
၁၇၇။ ၎င်း ၂၊ ၂၅၁–၅၂။
၁၇၈။ ၎င်း ၂၊ ၂၅၃–၅၄။
၁၇၉။ ၎င်း ၂၊ ၂၅၅–၅၆။
၁၈၀။ ၎င်း ၂၊ ၂၅၇–၅၈။
၁၈၁။ ၎င်း ၂၊ ၂၅၉–၆၀။
၁၈၂။ ၎င်း ၂၊ ၂၆၁–၆၂။
၁၈၃။ ၎င်း ၂၊ ၂၆၃–၆၄။
၁၈၄။ ၎င်း ၂၊ ၂၆၅–၆၆။
၁၈၅။ ၎င်း ၂၊ ၂၆၇–၆၈။
၁၈၆။ ၎င်း ၂၊ ၂၆၉–၇၀။
၁၈၇။ ၎င်း ၂၊ ၂၇၁–၇၂။
၁၈၈။ ၎င်း ၂၊ ၂၇၃–၇၄။
၁၈၉။ ၎င်း ၂၊ ၂၇၅–၇၆။
၁၉၀။ ၎င်း ၂၊ ၂၇၇–၇၈။
၁၉၁။ ၎င်း ၂၊ ၂၇၉–၈၀။
၁၉၂။ ၎င်း ၂၊ ၂၈၁–၈၂။
၁၉၃။ ၎င်း ၂၊ ၂၈၃–၈၄။
၁၉၄။ ၎င်း ၂၊ ၂၈၅–၈၆။
၁၉၅။ ၎င်း ၂၊ ၂၈၇–၈၈။
၁၉၆။ ၎င်း ၂၊ ၂၈၉–၉၀။
၁၉၇။ ၎င်း ၂၊ ၂၉၁–၉၂။
၁၉၈။ ၎င်း ၂၊ ၂၉၃–၉၄။
၁၉၉။ ၎င်း ၂၊ ၂၉၅–၉၆။
၂၀၀။ ၎င်း ၂၊ ၂၉၇–၉၈။
၂၀၁။ ၎င်း ၂၊ ၂၉၉–၃၀၀။
၂၀၂။ ၎င်း ၂၊ ၃၀၁–၂။
၂၀၃။ ၎င်း ၂၊ ၃၀၃–၄။
၂၀၄။ ၎င်း ၂၊ ၃၀၅–၆။
၂၀၅။ ၎င်း ၂၊ ၃၀၇–၈။
၂၀၆။ ၎င်း ၂၊ ၃၀၉–၁၀။
၂၀၇။ ၎င်း ၂၊ ၃၁၁–၁၂။
၂၀၈။ ၎င်း ၂၊ ၃၁၃–၁၄။
၂၀၉။ ၎င်း ၂၊ ၃၁၅–၁၆။
၂၁၀။ ၎င်း ၂၊ ၃၁၇–၁၈။
၂၁၁။ ၎င်း ၂၊ ၃၁၉–၂၀။
၂၁၂။ ၎င်း ၂၊ ၃၂၁–၂၂။
၂၁၃။ ၎င်း ၂၊ ၃၂၃–၂၄။
၂၁၄။ ၎င်း ၂၊ ၃၂၅–၂၆။
၂၁၅။ ၎င်း ၂၊ ၃၂၇–၂၈။
၂၁၆။ ၎င်း ၂၊ ၃၂၉–၃၀။
၂၁၇။ ၎င်း ၂၊ ၃၃၁–၃၂။
၂၁၈။ ၎င်း ၂၊ ၃၃၃–၃၄။
၂၁၉။ ၎င်း ၂၊ ၃၃၅–၃၆။
၂၂၀။ ၎င်း ၂၊ ၃၃၇–၃၈။
၂၂၁။ ၎င်း ၂၊ ၃၃၉–၄၀။
၂၂၂။ ၎င်း ၂၊ ၃၄၁–၄၂။
၂၂၃။ ၎င်း ၂၊ ၃၄၃–၄၄။
၂၂၄။ ၎င်း ၂၊ ၃၄၅–၄၆။
၂၂၅။ ၎င်း ၂၊ ၃၄၇–၄၈။
၂၂၆။ ၎င်း ၂၊ ၃၄၉–၅၀။
၂၂၇။ ၎င်း ၂၊ ၃၅၁–၅၂။
၂၂၈။ ၎င်း ၂၊ ၃၅၃–၅၄။
၂၂၉။ ၎င်း ၂၊ ၃၅၅–၅၆။
၂၃၀။ ၎င်း ၂၊ ၃၅၇–၅၈။
၂၃၁။ ၎င်း ၂၊ ၃၅၉–၆၀။
၂၃၂။ ၎င်း ၂၊ ၃၆၁–၆၂။
၂၃၃။ ၎င်း ၂၊ ၃၆၃–၆၄။
၂၃၄။ ၎င်း ၂၊ ၃၆၅–၆၆။
၂၃၅။ ၎င်း ၂၊ ၃၆၇–၆၈။
၂၃၆။ ၎င်း ၂၊ ၃၆၉–၇၀။
၂၃၇။ ၎င်း ၂၊ ၃၇၁–၇၂။
၂၃၈။ ၎င်း ၂၊ ၃၇၃–၇၄။
၂၃၉။ ၎င်း ၂၊ ၃၇၅–၇၆။
၂၄၀။ ၎င်း ၂၊ ၃၇၇–၇၈။
၂၄၁။ ၎င်း ၂၊ ၃၇၉–၈၀။
၂၄၂။ ၎င်း ၂၊ ၃၈၁–၈၂။
၂၄၃။ ၎င်း ၂၊ ၃၈၃–၈၄။
၂၄၄။ ၎င်း ၂၊ ၃၈၅–၈၆။
၂၄၅။ ၎င်း ၂၊ ၃၈၇–၈၈။
၂၄၆။ ၎င်း ၂၊ ၃၈၉–၉၀။
၂၄၇။ ၎င်း ၂၊ ၃၉၁–၉၂။
၂၄၈။ ၎င်း ၂၊ ၃၉၃–၉၄။
၂၄၉။ ၎င်း ၂၊ ၃၉၅–၉၆။
၂၅၀။ ၎င်း ၂၊ ၃၉၇–၉၈။
၂၅၁။ ၎င်း ၂၊ ၃၉၉–၄၀၀။

အခန်း(၄)

တရားရေး

တရားရေးဟူသည်မှာ တစ်ဦးတစ်ယောက်ချင်း ကိစ္စရပ်များနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ နိုင်ငံနှင့်စပ်လျဉ်း၍သော်လည်းကောင်း ကြုံတွေ့ရင်ဆိုင်ရသော ပြဿနာအမှုအခင်းများကိုဘုရင်စသောတရားစီရင်ပိုင်ခွင့်ရှိသည့် ပုဂ္ဂိုလ်များက တရားနှင့်အညီကျူးလွန်သောပြစ်မှုကိုလိုက်၍ ပြစ်ဒဏ်စီရင်ခြင်းကို ဆိုလိုပါဘည်။ တရားရေးနှင့်ပတ်သက်၍ (က) တရားစီရင်သည့် ပုဂ္ဂိုလ် (ခ) ပြစ်မှုနှင့်ပြစ်ဒဏ်ဟူ၍ ခွဲခြား ဖော်ပြနိုင်ပါသည်။

(၁) တရားစီရင်သည့်ပုဂ္ဂိုလ်

မင်း၏အာဏာရှိကြီးများ၌ တရားသူကြီးများရှိလင့်ကစား တရားစီရင်သည့်ပုဂ္ဂိုလ်မှာ ရံခါနိုင်ငံကို အုပ်ချုပ်သည့် ပြည့်ရှင်မင်းပင် ဖြစ်တတ်ပါသည်။ ဗာရာဏသီပြည့်ရှင် မဟာသီလဝ မင်းသည် အပြစ်တစ်ခုကို လွန်ကျူးသော အမတ်တစ်ဦး၏အမှုကိုလည်းကောင်း၊[၁] ကောသလမင်းသည် မိမိ၏ဗိုလ်ပါသူခိုးများနှင့်ပေါင်း၍ ရွာကိုလုယက်စေသော အမှုကိုလည်းကောင်း၊[၂] ဗာရာဏသီပြည့်ရှင် ဗြဟ္မဒတ်မင်းသည် မိမိ၏ ဝတ်ပန်းခင်းမှ ဝတ်ပန်းကို ခိုးသောအမှုကို

လည်းကောင်း၊[၃] ဗာရာဏသီပြည့်ရှင် ပဒုမမင်းကြီးသည် မိမ်မင်းသားဘဝက ချောက်ထသို့တွန်းချခဲ့သည့် ယောဟောင်း၏အမှုကို လည်းကောင်း၊[၄] ကောသလမင်းသည် မိမိ၏ ပရောဟိတ်အား လှည်းမှူးတစ်ဦးက နှင်တံဖြင့် ရိုက်သည်ဆိုသော အမှုကိုလည်းကောင်း၊[၅] ဘရုပြည့်ရှင်သည် ရသေ့တို့ ညောင်ပင်ကို သူပိုင်သင့် ငါပိုင်သင့် အငြင်းပွားမှုကို လည်းကောင်း၊[၆] ဗာရာဏသီပြည့်ရှင် ဗြဟ္မဒတ်မင်းသည် ခိုးမှုကိုလည်းကောင်း၊[၇] ဗာရာဏသီပြည့်ရှင် ကာသိကရာဇ်မင်းကြီးသည်လည်း ခိုးမှုကို လည်းကောင်း၊[၈] တရားစီရင်ဆုံးဖြတ်ခဲ့ကြပါသည်။

မင်းမှုတစ်ပါး အခြားလူတို့လည်း တရားစီရင်လေ့ရှိကြသည်ကို တွေ့ရပါသည်။ ဗာရာဏသီပြည့်ရှင် ကေရာဇ်၏ သားတော် စန္ဒကုမာရသည် မူလတရားသူကြီးဖြစ်သော ခဏ္ဍဟာလပုဏ္ဏား တံစိုးစားသဖြင့် တရားရေးရာများကို ဆုံးဖြတ်ပေးရန် မင်း၏တာဝန်ပေးခြင်း ခံခဲ့ရပါသည်။[၉] ဤတွင် တရားသူကြီးအဖြစ် ပုရောဟိတ် (ပုဏ္ဏား)တို့သည် လည်း တာဝန်ယူလေ့ရှိကြသည်ကို တွေ့နိုင်ပါသည်။ ဗာရာဏသီပြည့်ရှင် ယသပါဏိမင်း၏ ကာဠကမည်သော စစ်သူကြီးသည် တရားသူကြီးတာဝန်ကို ဆောင်ရွက်သော စစ်သူကြီးမျိုးဖြစ်ပါသည်။ ကာဠကစစ်သူကြီး တံစိုးစားသဖြင့် ယသပါဏိမင်းကြီးက ဘုရားလောင်း ဓမ္မဇေ ပုရောဟိတ်ကို လွှဲပြောင်း တာဝန်ပေးအပ်ခဲ့ပါသည်။[၁၀] ထူးခြားသည်မှာလောကီလူဘောင်ကိုစွန့်ခွာ၍ လောကုတ္တရာ တရားကိုကျင့်ကြံအားထုတ်လျက်ရှိသောပုဂ္ဂိုလ်တစ်ဦးသည် တရားစီရင်မှုပြုရသော အချက်ပင်ဖြစ်ပါသည်။ အဟေတုက ဝါဒ

ဣဿရဝါဒစသဖြင့် ဝါဒအသီးသီးရှိကြသော တရားဆုံးဖြစ်သူ အမတ်ကြီးငါးဦးတို့သည်တရားမှန်မဆုံးဖြတ်ကြပဲ တံစိုးစားသဖြင့် မင်းဥယျာဉ်တော်၌ သီတင်းသုံးမှီဝဲသည့် ဘုရားအလောင်းမဟာဗောဓိပရိဗိုဇ်ကိုပင်တရားသူကြီး ပြုစေခဲ့ပါသည်။[၁၁] တရားသူကြီးအမတ်များသီးသန့်ခန့်ထားတရားစီရင်စေခြင်းအကြောင်းကို အမှုထမ်းကဏ္ဍတွင်အကျယ်ဖော်ပြပြီးဖြစ်ပါသည်။ တစ်ခါတစ်ရံ ရပ်ရွာကယုံကြည်စိတ်ချအားကိုးခြင်း၌ တရားစီရင်ဆုံးဖြတ်ပေးရသည့် အရပ်သားတစ်ဦးကိုလည်း တွေ့ရပါသည်။ ထိုအရပ်သားသည် အသက်အငယ်ရွယ်သူလည်း ဖြစ်ပါသည်။ မိထိလာပြည့်ရှင် ဝိဒေဟရာဇ်မင်းကြီးလက်ထက် ပါစီနယဝမဇ္ဈဂုံးရွာနေ သိရိဝစ္ဆုန်သူဌေးကြီး၏သား မဟာသဓအမည်ရှိသူငယ်သည် အသက်ခုနစ်နှစ်အရွယ်မှစ၍ မိမိပညာစွမ်းဖြင့် နွားတရား၊ လည်ရွဲတရား စသည်တို့ကို ပရိသတ်အံ့သြဖွယ် ချီးကျူးဖွယ်ဖြစ်အောင် စီရင်နိုင်စွမ်ရှိခဲ့သူ ဖြစ်ပါသည်။[၁၂]

(၂) ပြစ်မှုနှင့်ပြစ်ဒဏ်

ဇာတ်တော်များတွင် အများဆုံးတွေ့ရသည့် ပြစ်မှုမှာ ခိုးမှုပင်ဖြစ်သည်။ ခိုးသူတို့သည် တစ်ဦးချင်းသော်လည်းကောင်း၊ အုပ်စုလိုက်သော်လည်းကောင်း[၁၃] ခိုးယူလေ့ရှိကြပါသည်။ ခိုးမှု လုယက်မှုကျူးလွန်သူတို့ကို အပြစ်ဒဏ်ပေးရာဝယ် အာဏာဉီးချခြင်း၊ ကြိုးတို့ဖြင့် ချည်နှောင်ခြင်း၊ သံခြေချင်းတို့ဖြင့် ချည်နှောင်ခြင်းတို့ကို တွေ့ရပါသည်။[၁၄] တစ်ခါတစ်ရံ ခိုးသူကိုသတ်လေ့ ရှိကြပါသည်။ မသတ်မီ ခိုးသူကို လက်ပြန်ချည်ဖွဲ့၍ ခရီးလေးခုဆုံရာ အရပ်တိုင်း၌

ကြိမ်ဖြင့်ရိုက်နှက်ကာ စည်ကြီးတီးလျက် သုဿာန်သို့ခေါ်ဆောင်သွားလေ့ရှိကြပါသည်။[၁၅]

မဏ္ဍဗျအမည်ရှိရသေ့ကို ခိုးသူဟုအထင်မှားကာ ဘုရင်ကောသမ္ဗက တံကျင်လှံသတ်စေခဲ့သည်။[၁၆]

ဗာရာဏသီပြည့်ရှင် ကာသိကရာဇ်မင်းကြီးသည် ခိုးသူလေးဦးကို တရားစီရင်ရာဝယ် ဆူးပါသောကြိမ်လုံးဖြင့် အချက်တစ်ဆောင်ရိုက်စေခြင်း၊ သံခြေချင်းခတ်၍နှောင်အိမ်သွင်းခြင်း၊ လှံဖြင့်ထိုးစေခြင်း၊ တံကျင်လှံခြင်းဟူ၍ တစ်ဦးလျှင် အပြစ်ဒဏ်တစ်မျိုးကျ စီရင်ခဲ့ပါသည်။[၁၇] ခိုးမှုနှင့်ဆက်နွယ်သော လုယက်မှုကိုလည်း တွေ့ရပါသည်။ လုယက်သူတို့သည် တောအုပ်တစ်ခုခွဲ စုပေါင်းနေပြီး ခရီးသွားတို့ကို လုယက်လေ့ ရှိကြပါသည်။[၁၈] တစ်ခါတစ်ရံ ခရီးသွားတို့ကတီးသောစည်[၁၉] မှတ်သောခရွသင်းသံတို့ကိုကြား၍ မင်း၏စည်၊ မင်း၏ခရွသင်းအသံများဟု မှတ်ထင်ကာ ပြေးတတ်ကြပါသေးသည်။[၂၀]

ဗာရာဏသီဗြဟ္မဒတ်မင်းလက်ထက်ဘုံ တောအုပ်တစ်ခုအနီး ရွာတစ်ရွာနေ တောအုပ်စောင့်ကြီးသည် ကုန်သည်တစ်ဦးထံမှ ငွေတစ်ထောင်ယူပြီး တောအုပ်တွင်းသို့ ဘေးအန္တရာယ်ကာကွယ်လျက် ပို့ပေးခဲ့ဖူးလေသည်။[၂၁]

ခိုးသူတို့သည် တစ်ခါတစ်ရံမင်း၏ဝတ်ပန်းခင်းမှ ဝတ်ပန်းကိုလည်း ခိုးယူတတ်ပါသေးသည်။ သူခိုးသည်မင်း၏တံကျင်လှံ သတ်မိန့်ပေးခြင်းကို ခံရပါသည်။[၂၂]

တစ်ခါတစ်ရံ ရွာစားတို့သည် ခိုးသူတို့နှင့်ပေါင်းကာ မိမိက ရွာမှရွောင်ဖယ်နေချိန်အတွင်း ခိုးသူတို့ကို လုယက်

စေသည်လည်းရှိပါသည်။[၂၃] ထိုသူတို့အကြောင်း မင်းသိသော အခါ အပြစ်ပေးသည်ကိုလည်း တွေ့ရပါသည်။

ပြစ်မှုတို့အနက် လူသေစေမှုကို ဤသို့ တွေ့ရပါသည်။ ဗာရာဏသီပြည့်ရှင်မင်း၏ သားတော် ခြောက်ဦးတို့သည် မင်းက ထီးနန်းလုမည်စိုး၍ နှင့်ထုတ်သဖြင့် မိမိမယားတို့ကို ပါ ခေါ်လာပြီး ထွက်ခဲ့ကြရပါသည်။ ကန္တာရတစ်ခုသို့ ရောက်စဉ် ဆာလောင်၍ မယာ တို့ကို အလှည့်ကျ သတ်စား ခဲ့ကြရပါသည်။ နောက်ဆုံး အကိုကြီး ပဒုမ မယားအလှည့် တွင် မိမိမယားလွှတ်စိမ့်သောငှာ ထွက်ပြေးခဲ့ကြပါသည်။ တစ်နေရာတွင် ကျောင်းဆောက်နေထိုင်ကြစဉ် မင်းပြစ် သင့်သော သူတစ်ဦးကို ပဒုမမင်းသားက သနားသဖြင့် ကယ်ဆယ်စောင့်ရှောက်ထားခဲ့ရာ အတန်ကြာသော် မိမိ မယားနှင့် ဖောက်ပြန်လေသည်။ ထိုအခါ မယားသည် ဥပါယ်ဘံမျှဉ်ဖြင့် တောင်ထိပ်သို့ခေါ်ဆောင် ခြောက်ထဲသို့ တွန်းချသတ်ခဲ့ပါသည်။ ထိုအမှုကိုစိုရင်သော တရားသူကြီး မှာ ကံကောင်းထောက်မသဖြင့် ခြောက်ထဲသို့မကျဘဲ မင်းအဖြစ်ရရှိသူ ပဒုမမင်းသားကိုယ်တိုင်ပင် ဖြစ်ပါသည်။ မိမိ၏ အလှူတင်းကုတ်၌ တွေ့ရှိရသော ထိုမယားခိုးသူနှင့် မယားဟောင်းကို ဤကဲ့သို့ အပြစ်ပေးခဲ့ပါသည်။ မယား ဟောင်းအား တောင်းကိုမျှနှိုင်အောင် မြဲစွာချီစေပြီး သူခိုးကိုတောင်းထဲထည့်စေ၍ နှိုင်ငံမှ နှင်ထုတ်ခဲ့လေသည်။[၂၄]

ဆဲရေးမှုနှင့်ပြစ်ဒဏ်ကို ဤသို့တွေ့ရပါသည်။ ဗာရာဏသီ ပြည့်ရှင် ဗြဟ္မဒတ်လက်ထက် တံငါရွာတစ်ရွာနေ တံငါသည် ၏မယားသည် အိမ်နီးချင်းနှင့်ငြင်းခုံခိုက်ရန် ဖြစ်ပွားခဲ့ပါ သည်။ တံငါသည်မယားက အိမ်နီးချင်းသည် မိုဧအား

အကြောင်းမရှိဘဲ ဆဲရေးကြောင်း ရွာစားထံ တိုင်ကြား သည်။ ရွာစားသည် အမှုကိုစစ်၍ တံငါသည်မယားသည် တရားရှုံးသောကြောင့် ထိုသူမကိုနှောင်ဖွဲ့၍ လျှောဒဏ် ပေးစေလေသည်။[၂၅]

ခန္ဓာကိုယ် ထိခိုက်နာကျင်စေမှုကို ဤသို့တွေ့ရပါသည်။ ဗာရာဏသီပြည့်ရှင်ဗြဟ္မဒတ်မင်း၏ ပုရောဟိတ်သည် မိန်းကို လမ်းမဖယ်သည့်လှည်းမှူးအား ဒေါသထွက်သဖြင့် နှင်တံ ဖြင့် လှမ်းရိုက်လိုက်ပါသည်။ ထိုနှင်တံသည် လှည်းဦးကိုထိ၍ ပြန်ခတ်သဖြင့် မိမိနဖူးကိုထိကာ ဖူးဖူးရောင်လေသည်။ ပုရောဟိတ်က မင်းအား လှည်းသမားသည် ကျွန်ုပ်ကို ရိုက်၏ဟု လိုဆယ်တိုင်လေသည်။ မင်းယုံကြည်သဖြင့် လှည်းသမားကို ခေါ်ယူစေစဉ်ဆဲးဘဲ ထိုသူ၏ ဥစ္စာ အားလုံးကို သိမ်းကြလေ့ဟု ဆုံးဖြတ်ခဲ့ပါသည်။ ဘုရား လောင်းအမတ်က အမှုကို စိစစ်ဆုံးဖြတ်ပါဟု လျှောက် ထားသောကြောင့် ပြန်လည်၍ တရားသဖြင့် ဆုံးဖြတ်ရာ ပုရောဟိတ်အားသာ အပြစ်ပေးလေသည်။[၂၆] ပေးသော အပြစ်ဒဏ်ကိုမူ မတွေ့ရပါ။

မည်သည့်အပြစ်ဟူ၍မသိရသော ပြစ်မှုတစ်ခုကို ကျူးလွန်သည့် အမတ်တစ်ဦးအား တိုင်းပြည်မှ နှင်ထုတ်ခြင်း ဒဏ်ပေးသည်ကိုလည်း တွေ့ရပါသည်။[၂၇]

မင်း၏မိဖုရားအား ကျူးလွန်သူတို့ကို ဗာရာဏသီ မင်းသည် ဦးခေါင်းကိုဖြတ်ခြင်းဒဏ်ကို ပေးခဲ့ပါသည်။[၂၈] ဤကား တွေ့ရသမျှပြစ်မှုနှင့် ပြစ်ဒဏ်တို့ဖြစ်ပါသည်။

ဧရာဒီမြစ်ဝှေ့ဒေသ

အခန်း (၇)

၁။ ဇော်ဂျီ ၁၈၀ ခု ကော်ဖီ
၂။ ၁၃၄ ခု ဆန်စပါး
၃။ ၁၂၇ ခု ကြေးနီ
၄။ ၃၁၀ ခု ကြေးဝါ
၅။ ၁၀၄ ခု ဆီသီးနှစ်မျိုးသီး
၆။ ၁၂၄ ခု ဆီသီးတစ်မျိုးသီး
၇။ ၂၀၄–ခု ကြေးဝါ
၈။ ၂၀၇ ခု ကြေးနီ
၉။ ၂၀၈–ခု ကြေးဝါ
၁၀။ ၂၀၉–ခု ကြေးနီ
၁၁။ ၂၁၀ ခု ကြေးဝါ
၁၂။ ၂၁၁ ခု ကြေးနီ
၁၃။ ၂၁၂–ခု ကြေးဝါ
၁၄။ ၂၁၃ ခု ကြေးနီ
၁၅။ ၂၁၄ ခု ကြေးဝါ
၁၆။ ၂၁၅ ခု ကြေးနီ
၁၇။ ၂၁၆ ခု ကြေးဝါ
၁၈။ ၂၁၇ ခု ကြေးနီ
၁၉။ ၂၁၈ ခု ကြေးဝါ
၂၀။ ၂၁၉–ခု ကြေးနီ
၂၁။ ၂၂၀ ခု ကြေးဝါ
၂၂။ ၂၂၁ ခု ကြေးနီ
၂၃။ ၂၂၂ ခု ကြေးဝါ
၂၄။ ၂၂၃ ခု ကြေးနီ
၂၅။ ၂၂၄ ခု ကြေးဝါ
၂၆။ ၂၂၅ ခု ကြေးနီ
၂၇။ ၂၂၆ ခု ကြေးဝါ
၂၈။ ၂၂၇ ခု ကြေးနီ
၂၉။ ၂၂၈ ခု ကြေးဝါ
၃၀။ ၂၂၉–ခု ကြေးနီ
၃၁။ ၂၃၀ ခု ကြေးဝါ
၃၂။ ၂၃၁ ခု ကြေးနီ
၃၃။ ၂၃၂ ခု ကြေးဝါ
၃၄။ ၂၃၃ ခု ကြေးနီ
၃၅။ ၂၃၄ ခု ကြေးဝါ
၃၆။ ၂၃၅ ခု ကြေးနီ
၃၇။ ၂၃၆ ခု ကြေးဝါ
၃၈။ ၂၃၇ ခု ကြေးနီ
၃၉။ ၂၃၈ ခု ကြေးဝါ
၄၀။ ၂၃၉–ခု ကြေးနီ
၄၁။ ၂၄၀ ခု ကြေးဝါ
၄၂။ ၂၄၁ ခု ကြေးနီ
၄၃။ ၂၄၂ ခု ကြေးဝါ
၄၄။ ၂၄၃ ခု ကြေးနီ
၄၅။ ၂၄၄ ခု ကြေးဝါ
၄၆။ ၂၄၅ ခု ကြေးနီ
၄၇။ ၂၄၆ ခု ကြေးဝါ
၄၈။ ၂၄၇ ခု ကြေးနီ
၄၉။ ၂၄၈ ခု ကြေးဝါ
၅၀။ ၂၄၉–ခု ကြေးနီ
၅၁။ ၂၅၀ ခု ကြေးဝါ
၅၂။ ၂၅၁ ခု ကြေးနီ
၅၃။ ၂၅၂ ခု ကြေးဝါ
၅၄။ ၂၅၃ ခု ကြေးနီ
၅၅။ ၂၅၄ ခု ကြေးဝါ
၅၆။ ၂၅၅ ခု ကြေးနီ
၅၇။ ၂၅၆ ခု ကြေးဝါ
၅၈။ ၂၅၇ ခု ကြေးနီ
၅၉။ ၂၅၈ ခု ကြေးဝါ
၆၀။ ၂၅၉–ခု ကြေးနီ

၆၁။ ၂၆၀ ခု ကြေးဝါ
၆၂။ ၂၆၁ ခု ကြေးနီ
၆၃။ ၂၆၂ ခု ကြေးဝါ
၆၄။ ၂၆၃ ခု ကြေးနီ
၆၅။ ၂၆၄ ခု ကြေးဝါ
၆၆။ ၂၆၅ ခု ကြေးနီ
၆၇။ ၂၆၆ ခု ကြေးဝါ
၆၈။ ၂၆၇ ခု ကြေးနီ
၆၉။ ၂၆၈ ခု ကြေးဝါ
၇၀။ ၂၆၉–ခု ကြေးနီ
၇၁။ ၂၇၀ ခု ကြေးဝါ
၇၂။ ၂၇၁ ခု ကြေးနီ
၇၃။ ၂၇၂ ခု ကြေးဝါ
၇၄။ ၂၇၃ ခု ကြေးနီ
၇၅။ ၂၇၄ ခု ကြေးဝါ
၇၆။ ၂၇၅ ခု ကြေးနီ
၇၇။ ၂၇၆ ခု ကြေးဝါ
၇၈။ ၂၇၇ ခု ကြေးနီ
၇၉။ ၂၇၈ ခု ကြေးဝါ
၈၀။ ၂၇၉–ခု ကြေးနီ
၈၁။ ၂၈၀ ခု ကြေးဝါ
၈၂။ ၂၈၁ ခု ကြေးနီ
၈၃။ ၂၈၂ ခု ကြေးဝါ
၈၄။ ၂၈၃ ခု ကြေးနီ
၈၅။ ၂၈၄ ခု ကြေးဝါ
၈၆။ ၂၈၅ ခု ကြေးနီ
၈၇။ ၂၈၆ ခု ကြေးဝါ
၈၈။ ၂၈၇ ခု ကြေးနီ
၈၉။ ၂၈၈ ခု ကြေးဝါ
၉၀။ ၂၈၉–ခု ကြေးနီ
၉၁။ ၂၉၀ ခု ကြေးဝါ
၉၂။ ၂၉၁ ခု ကြေးနီ
၉၃။ ၂၉၂ ခု ကြေးဝါ
၉၄။ ၂၉၃ ခု ကြေးနီ
၉၅။ ၂၉၄ ခု ကြေးဝါ
၉၆။ ၂၉၅ ခု ကြေးနီ
၉၇။ ၂၉၆ ခု ကြေးဝါ
၉၈။ ၂၉၇ ခု ကြေးနီ
၉၉။ ၂၉၈ ခု ကြေးဝါ
၁၀၀။ ၂၉၉–ခု ကြေးနီ။ ကြေးဝါ ခု ၃၀၀ ကျော်

အခန်း ၅

အခွန်တော်စည်းကြပ်ခြင်း

အခွန်တော်စည်းကြပ်ခြင်းဟူသည် နိုင်ငံအတွက်လိုအပ်သော ဘဏ္ဍာငွေများကိုရရှိရန် တိုင်းသူပြည်သားတို့၏ ဝင်ငွေပေါ်မှ သတ်မှတ်ထားသော နှုန်းထား အတိုင်း ကောက်ခံခြင်းပင် ဖြစ်ပါသည်။ အခွန်တော် စည်းကြပ်ကောက်ခံရာတွင် ကင်းခွန်(သုက်)နှင့် အခွန်တော် (ဗလီ) ဟူ၍ နှစ်မျိုးရှိသည်ကို တွေ့ရပါသည်။[၁]

ကင်းခွန်(သုက်)

ကင်းခွန်ဟူသည် ကုန်သည်တို့ ကုန်ကူးသန်းရောင်းဝယ်မှုပြုကြရာဝယ် မြို့တစ်မြို့၏အဝင်ဝမှ ကားဆီးကောက်ခံသော အခွန်ဖြစ်သည်ဟု ဆိုသင့်ပါသည်၊ ဗာရာဏသီပြည့်ရှင် သံဝရမင်းသားသည် ဤကဲ့သို့ အခွန်ကောက်ခံခြင်းကိစ္စရပ်တို့ကို မိမိကိုယ်တိုင် ကွပ်ကဲဆောင်ရွက်သည်ကို တွေ့ရပါသည်။[၂]

အခွန်တော် (ဗလိ)

သာမန်အခွန်တော်တို့ကို ကောက်ခံခြင်းပင်ဖြစ်ပါသည်။ ထိုသို့ကောက်ခံရာဝယ် (၁) ခြောက်စုတစ်စုကောက်ခံခြင်း၊

(၂) ဆယ်စုတစ်စုကောက်ခံခြင်းဟူ၍ နှစ်မျိုးရှိသည်။ ၂ အာခွန်ရရှိသည့်အရေအတွက်ပေါ်မူတည်၍ အခွန်တစ်သိန်းထွက်သောရွာဟူ၍ ငါးငါးသည်ကို တွေ့ရပါသည်။ ထို ရွာများမှထွက်သောအခွန်များကို ဆုလာဘ်အဖြစ် ချီးမြှင့်လေ့ရှိကြပါသည်။

သာခကပြုရပါလျှင် မိထိလာပြည့်ရှင် မဃဒေဝမင်းကြီးသည် ဆတ္တာသည်အား အခွန်တစ်သိန်းထွက်သောရွာကို ဆုအဖြစ်ပေးသည်ကိုလည်းကောင်း၊ ? ဗာရာဏသီပြည့်ရှင် ဖြဟ္မဒတ်မင်းသည် ပုရောဟိတ်၏ပါးစပ်ထဲသို့ ဆိတ်ခွေးများကို ဝင်အောင်ပစ်နိုင်စွမ်းသည့် ငဆွံအား အခွန်တစ်သိန်းထွက်သော ရွာလေးရွာကို ဆုအဖြစ်ပေးသည်ကိုလည်းကောင်း၊[၃] သာဂလပြည့်ရှင်သည် ရွှေဟင်္သနှစ်ပါးကို မိမိထံဆက်သသည့် မဒ္ဒိုးအား အခွန်တစ်သိန်းထွက်သောရွာစသည်တို့ကို ဆုအဖြစ် ပေးသည်ကို လည်းကောင်း၊[၄] ဗာရာဏသီပြည့်ရှင် သံယမမင်းသည် မိမိထံသို့ ရွှေဟင်္သနှစ်ပါးကို ဆက်သလာသော မုဆိုးအား အခွန်တစ်သိန်းထွက်သောရွာ တစ်ဆယ်နှစ်ရွာ စသည်တို့ကို ဆုလာဘ်အဖြစ်ပေးတော်မူသည်ကို လည်းကောင်း[၅] တွေ့ရပါသည်။

အခွန်ကောက်ရာတွင် ထွက်ရှိသောစပါးအပေါ်မူတည်၍ ကောက်ခံခြင်းသည်လည်း တစ်ခုအဖြစ် ပါဝင်ပါသည်။[၆]

အခွန်ကောက်ခံသောအမှုထမ်းဟူ၍ တသီးခြား ဧနှစ်ထား ဆောင်ရွက်စေခြင်းမျိုးကိုမူမတွေ့ရပါ။ ပုရောဟိတ်(ပုဏ္ဏား) တို့သည် တစ်ခါတစ်ရံ အခွန်ကောက်ခံခြင်းကိစ္စကို တာဝန်ယူရပါသည်။ ၉ မင်းချင်းတို့ အခွန်ကောက်ခြင်းရာတွင် အခမမှအခွန်ကောက်ခံခြင်း၊ လုယက်ဖျက်ဆီးခြင်း၊ စည်းစိမ်ဥစ္စာတို့ကို မတရားယူငင် သုံးစွဲခြင်း စသည်ဖြင့် အခွန်ဝန်ထမ်းက တိုင်းသူပြည်သားတို့အပေါ် တွင် အနိုင်ကျင့်လေ့ရှိကြပါသည်။ ထိုအခါ တိုင်းသူပြည်သားတို့သည် မိမိတို့ ရွာဘွင်မနေမူဘဲ တောသို့ပြေးလွှားကြရလေ့ရှိကြပါသည်။ ၁၀

အောက်ခြေမှတ်စုများ

အခန်း (၅)

၁။ ဇာ၊ ၄၊ ၄၊ ၁၃၅။
၂။ ၎င်း၊ ၅၊ ၂၅၆–၈။
၃။ ၎င်း၊ ၁၊ ၁၅၅။
၄။ ဇာ၊ ၆၊ ၁၊ ၄၄၄။
၅။ ၎င်း၊ ၅၊ ၂၁။
၆။ ၎င်း၊ ၅၊ ၃၇၃။
၇။ ၎င်း၊ ၅၊ ၃၉၄။
၈။ ၎င်း၊ ၆၊ ၃၁၃–၄။
၉။ ၎င်း၊ ၄၊ ၃၆၃။
၁၀။ ၎င်း၊ ၅၊ ၁၀၇။

အခန်း (၆)

နိုင်ငံအချင်းချင်းဆက်ဆံရေး

နိုင်ငံအချင်းချင်း ဆက်ဆံရေးဟူသည် တိုင်းနိုင်ငံတစ်ခု နှင့်တစ်ခုသည် စစ်ရေး၊ စီးပွားရေး၊ ပညာရေး စသည့် အကြောင်းတစ်မျိုးမျိုးကို မူတည်၍ ဆက်နွယ်မှု ပြုကြခြင်းကို ဆိုလိုပါသည်။ တွေ့ရသမျှသော နိုင်ငံအချင်းချင်း ဆက်ဆံရေးကို အောက်ပါအတိုင်း ခွဲခြားနိုင်ပါသည်။

(က) နိုင်ငံ၏ ပြည့်ရှင် မင်းအချင်းချင်း ဆက်ဆံရေး၊
(ခ) နိုင်ငံတစ်ခု၏ ပြည့်ရှင်မင်းနှင့် အခြားနိုင်ငံသား တင်ဉီးတို့ဆက်ဆံရေး
(ဂ) နိုင်ငံသားအချင်းချင်း ဆက်ဆံရေး

ထိုဆက်ဆံရေးတို့တွင် နိုင်ငံ၏ ပြည့်ရှင်မင်းအချင်းချင်း ဆက်ဆံရေးသည် နိုင်ငံတစ်ခုလုံးကို ကိုယ်စားပြုရာ ရောက်သောကြောင့် အရေးကြီးဆုံ ဖြစ်ရကား ပြည့်ရှင်မင်းအချင်းချင်း ဆက်ဆံရေးကို ဦ စွာဖော်ပြပါမည်။ ထိုနောက်နိုင်ငံ၏ အရေးပါဆုံးပုဂ္ဂိုလ် (မင်း)နှင့်အခြားသောနိုင်ငံသားတစ်ဦး၏ ဆက်ဆံရေးကို ဖော်ပြပါမည်။ နိုင်ငံသားအချင်းချင်း၏ ဆက်ဆံရေးတို့သည်လည်း နိုင်ငံအချင်းချင်းဆက်ဆံရေးတွင် အကျိုးသက်ရောက်မှု ရှိသောကြောင့် ယင်းအကြောင်းရပ်ကို နောက်ဆုံးထား၍ ဖော်ပြပါမည်။

(က) နိုင်ငံ၏ပြည့်ရှင်မင်းအချင်းချင်း ဆက်ဆံရေး

နိုင်ငံ၏ ပြည့်ရှင်မင်းအချင်းချင်းဆက်ဆံရေးကို –

(၁) စစ်ရေး
(၂) စီးပွားရေး
(၃) ချစ်ကြည်ရေး နှင့်
(၄) အခြားအရေးများဟူ၍ ခွဲခြားနိုင်ပါသည်။

၁။ စစ်ရေး

ရှေးခေတ်မင်းတို့သည်တစ်နိုင်ငံက တစ်နိုင်ငံကိုရယူသိမ်းပိုက်လိုရေးကြောင့်လည်းကောင်း၊ တစ်နိုင်ငံက တစ်နိုင်ငံကို စတင်စစ်ခင်းသောကြောင့်လည်းကောင်းနှစ်နိုင်ငံစစ်ပြိုင်ကာ ကူးလူးဆက်နွယ်ခဲ့ကြသည်ကို တွေ့ရပါသည်။ ဗြဟ္မဝေဠုပြည့်ရှင် မနောဇမင်းသည် နန္ဒပညာရှိ ရဲသေ့၏အကူအညီဖြင့် ကောသလတိုင်း၊ အင်္ဂတိုင်းနှင့် မဂဓတိုင်းတို့ကို တိုက်ခိုက်သိမ်းယူခဲ့လေသည်။[၁]

ဗာရာဏသီပြည့်ရှင် ဗြဟ္မဒတ်မင်းသည်စစ်သည်များစွာဖြင့် သာဝတ္ထိပြည်သို့ သွား၍ စစ်ထိုးပြီး ကောသလမင်းကို ဖမ်းယူ၏။ ကောသလမင်း၏ ဆတ္တာမည်သောသားသည် တက္ကသိုလ်သို့ ထွက်ပြေး၍ အတတ်ပညာတို့ကိုသင်ယူ၏။ ပြန်လာသော် ရဲသေ့ပြုကာ ရဲသေ့တို့၏ ဂိုဏ်းဆရာဖြစ်လာပြီး နောက် ညဏ်ရည်ကြွေညိုတို့ဖြင့် ပြည့်စုံလာပါသည်။ ထိုအခါ သာဝတ္ထိပြည်ကို ပြန်လည်သိမ်းယူနိုင်လေသည်။[၂]

ဝိဒေဟရာဇ်တိုင်း မိထိလာပြည့်ရှင် ဝိဒေဟရာဇ်မင်းကြီးသည် ပညာရှိမဟော်သဓာ၏ နည်းပေးလမ်းညွှန်မှု စွမ်းစွမ်းတမန်ဆောင်ရွက်မှုတို့ဖြင့် ကပ်လတိုင်းဥတ္တရပဉ္စာလပြည့်ရှင် စူဠနီဗြဟ္မဒတ်မင်းကြီးကို ကောင်းမွန်စွာ အောင်မြင်ခဲ့လေသည်။[၃]

ဗာရာဏသီပြည့်ရှင် ဗြဟ္မဒတ်မင်း ကွယ်လွန်ကြောင်းသဘင်းကြား၍ ကောသလမင်းသည် ဗိုလ်ပါနှင့်တကွ မြို့ကိုတိုက်ရန် ဝိုင်းလာခဲ့လေသည်။ ဧက်လာဆင်တော်အစွမ်းဖြင့် ကောသလမင်း အရေးနိမ့်ခဲ့လေသည်။[၄]

တစ်ခါတစ်ရံ မိမိပြည်တွင်းမှ အမတ်တစ်ဦးက အခြားမင်း တစ်ပါးပါးကို ခေါ်ယူတိုက်စေသည့် စင်္ခဝဲမျှားကိုလည် တွေ့ရပါသည်။

ပုံစံအားဖြင့် မိမိနှန်းဘွင်း၌ ပြဿမှား၍ နှင်ထုတ်လိုက်သော ဗာရာဏသီမင်း၏ အမတ်သည် ကောကလမင်းကို ခေါ်ဆောင်၍ ဗာရာဏသီပြည်ကို သိမ်းယူစေခြင်းကိုလည်းကောင်း၊[၅] ဗာရာဏသီပြည့်ရှင် ဃတမင်းက နန်းတွင်း၌ ပြစ်မှား၍ နှင်ထုတ်လိုက်သော အစေတ်သည် သာဝတ္ထိပြည် မဂဓမင်းထံ ခစား၍ မဂဓမင်းအား ဗာရာဏသီပြည်ကို သိမ်းယူစေခြင်းကိုလည်းကောင်း[၆] တွေ့ရပါသည်။

၂။ စီးပွားရေး

စီးပွားရေးနှင့်စပ်လျဉ်းသော ဆက်ဆံမှုဟူ၍ မင်းထံသို့ လည်းကောင်း၊ မင်း၏နိုင်ငံသို့လည်းကောင်း အခြားမင်းတပါးက အရောင်းအဝယ်နှင့် အကြောင်းပြုလာရောက်ခြင်း တမန်စေခြင်းကို ဆိုလိုပါသည်။ နိုင်ငံ၏

မင်အချင်းချင်း တိုက်ရိုက်ရောင်းဝယ်ဆက်သွယ်မှု ပြုခြင်းကို ယခုအချိန်ထိ မတွေ့ရသေးပါ။

၃။ ချစ်ကြည်ရေး

ချစ်ကြည်ရေးဟူ၍၌ ပြည့်ရှင်မင်းအချင်းချင်းသည် မိမိတို့၏ သားတော်၊ သမီးတော်တို့နှင့် လည်းကောင်း၊ မိဘတို့ကိုယ်တိုင်သော်လည်းကောင်း လက်ထပ်ထိမ်းမြား ကြကာ နှစ်ပြည့်တစ်ပြည် ရွှေလမ်းငွေလမ်းဖောက်ကာ ဆက်သွယ်ကြခြင်းကို ဆိုလိုပါသည်။ ကောသလတိုင်း သာဝတ္ထိပြည့်ရှင် ကောကလမင်းကြီးသည် ကပိလဝတ်ပြည် သာကီဝင်မင်းတို့ဆံ သမီးကညာ ဆက်စေလိုကြောင်း တမန်စေတော်မူလိုက်ပါသည်။ သာကီဝင်မင်းတို့သည် တိုင်ပင်ကြ၍ ကျွန်၏ သမီး ဝါသဘခတ္တိယာကို မင်းသမီးဟု လိမ်ညာကာပို့ဆက်ကြလေသည်။[၇]

မလ္လတိုင်း ကုသဝတ္ထိပြည့်ရှင် ဥတ္တရာကရာဇ်မင်းကြီးသည် မိမိ၏သားတော်ကုသမင်းအတွက် မဒ္ဒရာဇ်တိုင်း သာဂလပြည့်ရှင် မဒ္ဒရာဇ်မင်းကြီး၏ သမီးတော် ပဘာဝတီကို ပေးအပ်ဆက်နွှင်းရန် တမန်စေတော်မူလေသည်။ မဒ္ဒရာဇ်မင်းကြီး နှစ်သက်သဘောကျသဖြင့် သမီးတော်ပဘာဝတီကို ဆက်နွှင်းကာ နှစ်ပြည့်တစ်ပြည် ငွေလမ်းငွေလမ်း ဖောက်ကြလေသည်၊[၀]

မဒ္ဒရာဇ်တိုင်း မဒ္ဒရာဇ်မင်းကြီး၏ သမီးတော်သည် အရွယ်ရောက်လတ်သော် မင်းကြီးက ဗာရာဏသီပြည့်ရှင် ဇယဒတ်မင်းကြီးထံ ဆက်သပေးအပ်လေသည်။[၉]

၄။ အခြားအရေး

အခြား အရေးများ ဟူရာ၌ ပေါ် ပေါက် လာ သော အကြောင်းအရေးအခင်းများပေါ်တွင်မူတည်၍နိဒ်ဒေအချင်းချင်း ဆက်ဆံကြသည်ကို ဆိုလိုပါသည်။ ဗာရာဏသီပြည့်ရှင် ဇယဒတ်မင်းသည် မိမိ၏ဂုဏ်ကျေးဇူးမဲ့ကို ပြည်သူပြည်သားတို့ ပြောကြသလောဟု စုံစမ်းရန် ရထားနှင့်ထွက်လာရာ မတွေ့ဘဲ နယ်စပ်ခရီးလမ်းမတိုင် ရောက်လာ၏။ ကောသလမင်းသည်လည်း အလားတူပြည်ရွယ်ချက်ဖြင့် ထွက်လာရာ မင်းနှစ်ပါးသည် နယ်စပ်တစ်နေရာတွင် ဆုံမိကြသည်။ ရထားနှစ်စင်းသည် ချိုင့်ဝှမ်းရာလမ်းကြောင်းကို ရွှေ့ရှရင်ဆိုင်မိကြသဖြင့် ရှောင်လွဲစရာလမ်းမရှိ ဖြစ်နေလေသည်။ ထိုအခါ ပို၍သီလရှိသူကို လမ်းဖယ်ပေးကြအံ့ဟု နှစ်ဦးသဘောတူဆုံးဖြတ်ကြလေသည်။[၁၀]

သာဝတ္ထိပြည် ကောသလမင်း၏ ဗန္ဓုလစေတီကြီးသည် မိမိမယား မလ္လိကာ၏ဆန္ဒအရ လိစ္ဆဝီမင်းတို့ အဘိသိက်သွန်းရာဖြစ်သော မင်္ဂလာရေကန်သို့ ရေချိုးရန် သွားကြသည်။ လိစ္ဆဝီမင်းသားတို့သည် ဤသတင်းကိုကြား၍ ရေချိုးအပြန်တွင် နောက်မှလိုက်ပါ ရန်ပြုကြသည်။ ဗန္ဓုလစေတီကြီး၏ မြားလက်နက်ကြောင့် လိစ္ဆဝီမင်းသား ၅၀၀ တို့ အသက်ကုန်ခဲ့ကြရလေသည်။[၁၁]

ကောလိယနှင့်ကပိလဝတ်ပြည်တို့သည် နှစ်ပြည်ထောင်၏အကြား ရောဟိနီမြစ်မှ ယူသုံးကြရသော ရေကို အကြောင်းပြု၍ ပြည်ထောင်အချင်းချင်း စစ်ခင်းရန် ပြင်

ဆင်ကြလေသည်။ ဘုရားရှင် ကြွရောက်တရားဟောကြား သောအခါ ငြိမ်းအေးသွားလေသည်။[၁၂]

ကုရုတိုင်း ဣန္ဒပတ္ထနဂိုရ်မြို့တွင် မင်းပြုသည့် ကောရဗျ မင်းသည် ကုရုဓမ္မကို ကျင့်သုံးတော်မူသဖြင့် ယင်းကုရုဓမ္မကို သိရန် ကလိင်္ဂတိုင်း ဒန္တပုရပြည်ရှင် ကာလိင်္ဂမင်းက ပုဏ္ဏား အမတ်တို့အား ကောရဗျမင်းထံသို့ တမန်စေလေသည်။[၁၃] ဤဖြစ်ရပ်သည် တရားဓမ္မအကြောင်းရပ်နှင့် ဆက်စပ်၍ ပြည်ထောင်ချင်း ကူးလူးဆက်ဆံမှုရှိခဲ့သည်ကို ပြဆိုနေပါသည်။ ကုရုတိုင်း ဣန္ဒပတ္ထနဂိုရ်ပြည်ရှင် ကောရဗျမင်း၏သား သုတသောမသည် ဘုရင်အဖြစ်သို့ ရောက်ရှိသော အခါတွင် ဗာရာဏသီပြည် ကာသိမင်း၏သားတော် လုသား စားကျူးသည့် ဓြဟ္မဒတ်မင်းအား တရားဟောပြကာ လူသားစားဘဝမှ ကျွတ်စေလေသည်။[၁၄]

(၂) ပြည်ရှင်မင်းနှင့် နိုင်ငံခြားသားတစ်ဦးတို့ ဆက်ဆံရေး

နိုင်ငံအကြီးအကဲဖြစ်သော ပြည်ရှင်မင်းနှင့် အခြား နိုင်ငံသားတစ်ဦးသည် အကြောင်းဆုံစည်းသောအခါမှာ တွင် ဆက်ဆံမှုများ ပြုခဲ့ကြပါသည်။ ယင်းတို့၏ဆက်ဆံရေး ကို အောက်ပါအတိုင်း ပိုင်းခြားပေးပြနိုင်ပါသည်။

၁။ စီးပွားရေး
၂။ ပညာရေး နှင့်
၃။ အခြားအရေးများ

၁။ စီးပွားရေး

စီးပွားရေးကိုအခြေခံ၍ နိုင်ငံပြည်ရှင်မင်းနှင့် နိုင်ငံ ခြားသားတစ်ဦးတို့ ဆက်ဆံရေးကို တဏ္ဍုလနာဠိဇာတ်နှင့် သုဟနုဇာတ်တို့တွင် တွေ့ရပါသည်။ ဥတ္တရာပထမှ မြင်း ကုန်သည်တို့သည် မြင်းတို့ကို လာရောက်ရောင်းခဲကြရာ ဗာရာဏသီပြည်ရှင် ဓြဟ္မဒတ်မင်းထံသို့ ရောက်ရှိလာကြပါ သည်။ မင်းသည် အဖိုးပြတ်သူ (အာဇ္ဇပန်က)အား မြင်းတို့ ၏ဘဏ်ဖိုးကိုဖြတ်စေ၍ ငယ်ယူစေခဲ့လေသည်။[၁၅]

တပ်ခါတွင်လည်း ဗာရာဏသီပြည် ဓြဟ္မဒတ်မင်းထံသို့ လာရောက်ရောင်းချကြသော ဥတ္တရာပထမှ မြင်းကုန်သည် တို့၏ မြင်းများကို အဖိုးချီချီဖြင့် ငယ်ယူချင်သောကြောင့် မင်းကိုယ်တိုင်ပင် ဥပါယ်တံမျဉ်ဖြင့် ကြံစည်စေခိုင်းခဲ့ဖူးလေ သည်။[၁၆]

၂။ ပညာရေး

ပညာရေးနှင့်စပ်လျဉ်း၍ ပြည်ရှင်မင်းတို့သည် မိမိတို့ မသိနာ မလေ့သည့် ပညာရပ်တို့ကို ပညာရှိများနေထိုင်ရာ တိုင် ပြည်မြို့ရွာများသို့ စေလွှတ် မေးမြန်းလေ့ရှိသည်ကို တွေ့ရပါသည်။ တစ်ခါတစ်ရံ ပညာရှိများသည် မိမိတို့၏ တန် ဖိုး ရှိ သည့် ပညာဓမ္မများကို ပြည်ရှင်မင်းတို့ထံသို့ လာရောက် ဟောကြားလေ့ရှိသည်ကိုလည်း တွေ့တေတ်ပါ သည်။ ဤအကြောင်းနှစ်ရပ်ကို မူတည်ဆက်ဆံကြရာတွင် ပထမအကြောင်းရပ်ကို သမ္ဘဝဇာတ်တွင် တွေ့ရပါသည်။

ကုရုတိုင်း ဣန္ဒပတ္ထနဂိုရ်ပြည့်ရှင် ဓနဉ္ဇယကောရဗျမင်းသည် ဓမ္မယော၊မည်သော ပြဿနာကို မိမိ၏ ပုရောဟိတ်အား မေးမြန်းပါသည်။ မပြေနိုင်သပြင့် ဇာရဏသံ၊ပြည်ရှိ ခုနစ်နှစ်အရွယ်ရှိ သမ္ဘဝသူငယ်ဆီသို့ အမေးမြန်းစေလွှတ်လိုက်ပါသည်။ သူငယ်၏ ပြောဆိုချက်အားလုံးကို နှစ်ပြာ၌ ဟသ်ာပြဒါးဖြင့်ရေးယူပြီး ဘုရင်အား ဆက်သခဲ့ကြောင်း သည်။[၁၇]

ဒုတိယအကြောင်းရပ်ကို ဇယဒိသဇာတ်နှင့် ပေးသုတသောမဇာတ်တို့တွင် တွေ့ရပါသည်။ ကပိလတိုင်း ဥတ္တရပဉ္စာလပြည့်ရှင် ဇယဒိသမင်းကြီး ထံသို့လည်းကောင်း၊[၁] ကုရုတိုင်း ဣန္ဒပတ္ထနဂိရ်ပြည့်ရှင် သုတသောမ မင်းကြီးထံသို့ လည်းကောင်း၊ တက္ကသိုလ်ပြည်မှ နန္ဒပုဏ္ဏားသည် တစ်ဂါထာသျှင် ငွေတစ်ရာ ထုံးသည့် ဂါထာလေးခုယူဆောင်ပြီး တရားဟောရန်လာရောက်ခဲ့လေ၏။[၁၉]

၄။ ဒေသခြားအရေးများ

ဗာရာဏသီပြည့်ရှင် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားအလောင်းသည် တက္ကသိုလ်ပြည့်၌ လေးအတတ်ကို တစ်ဖက်ကမ်းတော်သင်ကြားတတ်မြောက်၍ စူဠဓနုဂ္ဂဟဟု တွင်၏။ တက္ကသိုလ်ပြည်မှထွက်ခွာ၍ မဟိသကတိုင်းသို့ ရောက်လျှင် မိန်းမသည် အလွန်ပုသူဖြစ်သဖြင့် ဘီမသေန အမည်ရှိ အရပ်အမောင်းကောင်းသည့် ရက်ကန်းသည်နှင့် ပေါင်းဖွဲ့ပြီး ထိုသူကိုမင်းထံအယောင်ပြခစားခိုင်းရန် ကြံလေသည်။[၂၀]

ဟိမဝန္တာတောင်အနီး သစ်ပင်ကြီးတစ်ပင်၏ အကောင်းသုံးခုခွကြား အခေါင်းကြီးမှ ဖြစ်ထွန်းလာသော သေရည်

ကို မုဆိုးတစ်ဦးက အနှီးနေ ရသေ့အား လှူဒါန်း၏။ ထိုနောက်ရသေ့နှင့်မုဆိုးတို့သည် အရက်သောက်ငှက်သား၊ အမဲသားများ စားကြပြီး ရှေးဦးစွာ ပစ္စန္တရစ်မြို့၊ နောက်ဗာရာဏသီ၊ ထိုနောက် သာကေတမြို့တို့၏ ပြည့်ရှင်မင်းများထံသို့ အရက်တို့ကို ဆက်သကြလေသည်။ နောက်ဆုံး သာဝတ္ထိပြည့်ရှင် သဗ္ဗစိတ္တမင်းထံ သွားရောက်၍ သေရည်ကို ဆက်သကြလေသည်။[၂၁]

တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာကြီး၏သမီး ဥဒုမ္ဗရဒေဝီကို လက်ထပ်ထိမ်းမြားခဲ့သော ပဂုံတွရ လုလင်သည် သတို့သမီးနှင့်အတူမိမိ၏ဇာတိမိထိလာပြည်သို့ပြန်လာခဲ့လေသည်။ ထိုသတို့သမီးကို မနှစ်သက်သောကြောင့် မြို့တော်အနီး ရေသဖန်းပင်ပေါ်၌ သဖန်းသီးများကို ဆွတ်စားနေစဉ် သဖန်းပင်ပတ်ဝန်းကျင်ဝယ် ဆူးများကာရံပြီး မိမိနေရာသို့ ထွက်ပြေးခဲ့သည်။ ဥယျာဉ်ကစားပြီး ပြန်လာသော မိထိလာပြည့်မှင် ဝိဒေဟရာဇ်မင်းကြီးက တွေ့မြင်၍ လင်စွန့်ပစ်ကြောင်း သိသောအခါ ဥဒုမ္ဗရဒေဝီ အမည်ဖြင့် မိဖုရားကြီး မြှောက်လေသည်။[၂၂]

(၃) နိုင်ငံသားအချင်းချင်း ဆက်ဆံရေး

နိုင်ငံသားအချင်းချင်းဆက်ဆံရေးကို –

၁။ စီးပွားရေး

၂။ ပညာရေး

၃။ အခြားအရေးများဟူ၍ ခွဲခြားဖော်ပြနိုင်ပါသည်။

၁။ စီးပွားရေး

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဥတ္တရုပသတိုင်းနေ ဘုရားအလောင်းမြင်းကုန်သည်လည်း မြင်းငါးရာတို့ကိုယူ၍ ဗာရာဏသီပြည်သို့ သွားလေသည်။[၂] ဗာရာဏသီပြည်နှင့် ဥဇ္ဇေနီပြည်တို့သည်လည်း ကုန်အရောင်းအဝယ်ပြုရင်း ကူးလူးဆက်ဆံခဲ့ကြပါသည်။[၃]

၂။ ပညာရေး

ပညာရေးနှင့် စပ်လဉ်း၍ တိုင်းပြည် တစ်ပြည်နှင့် တစ်ပြည်ဆက်ဆံကြရာတွင် တက္ကသိုလ်သို့ အခြားတိုင်းပြည် အသီးသီးမှပုဂ္ဂိုလ်များ ပညာသင်ကြီးဖြင့်သွားကြခြင်းကို အများဆုံးတွေ့ရပါသည်။ အထူးသဖြင့် ဗာရာဏသီပြည်မှ ပုဂ္ဂိုလ်များဖြစ်ကြသော ပဉ္စာဝုဓမင်းသား[၄] သောမင်းတို့လုလင်[၅]ဗြဟ္မဒတ်မင်း၏သားတော်[၆] စသည်တို့ ဖြစ်ကြပါသည်။

၃။ အခြားအရေး

မိမိတို့ အရေးကိစ္စများဖြင့် တစ်တိုင်းမှတစ်တိုင်းသို့ သွားလာကြစဉ်တိုင်းတစ်ခုအတွင်းမှပုဂ္ဂိုလ်များနှင့် အခြားတိုင်းမှပုဂ္ဂိုလ်များ ဆက်သွယ်ခြင်းတို့ကိုလည်း တွေ့ရပါသည်။ တစ်ခါတစ်ရံ တိုင်းတစ်ခုမှတစ်ခုသို့ သိက္ခမ်းသူရင်းနှီးသူမရှိဘဲလျက် သွားလာကြသည်ကိုလည်း တွေ့ရပါသည်။ ဗာရာဏသီဗြဟ္မဒတ်မင်းလက်ထက် ရွာငယ်တစ်ရွာမှပုဏ္ဏားတစ်ယောက်သည် တစ်ခုသောအမှုကိစ္စဖြင့် တပည့်ဘုရားလောင်းကိုခေါ်၍ စေတတိုင်းသို့ သွားလေသည်။[၇]

ရာဇဂြိုဟ်ပြည် မဂဓရာဇ်မင်း လက်ထက် ဘုရားလောင်းသခင်သူဌေးသည် ဗာရာဏသီပြည်မှပိဋ္ဌိယသူဌေးနှင့် မိတ်ဆွေခင်ပွန်းဖြစ်ကြလေသည်။[၉] ရာဇဂြိုဟ်ပြည် မဂဓမင်းလက်ထက် ဘုရားလောင်းနိဂြောဓ သူဌေးသားသည် အတူကြီးပြင်း၍ ကစားဖက်များဖြစ်ကြသော သာခနှင့် ပေါဋ္ဌကမည်သော လုလင်နှစ်ဦးနှင့်အတူ တက္ကသိုလ်သို့ ပညာသင်သွားရောက်ကြပြီးနောက် ပညာသင် အပြန်တွင် ဗာရာဏသီအနီး နတ်ကွန်းတစ်ခု၌ ဧတ္တာ အိပ်စက်ကြလေသည်။[၁၀] ဗာရာဏသီပြည်မှ ပုဏ္ဏားတို့သည် မိမိတို့ဇာတ်ပျက်ကုန်ပြီဟု ရှက်သောကြောင့် မဇ္ဈတိုင်းသို့ သွားကြလေကုန်သည်။[၁၁]

အခန်း (၇)

စစ်ရေး

ဇာတ်တော်လာ စစ်မှုရေးရာများကို ဖော်ပြရာ၌ (က) စစ်မှုထမ်းများ၊ စစ်လက်နက် ပစ္စည်းများနှင့် အ သုံး အဆောင်များ၊ စစ်အောင်နိုင်ရေးနည်းလမ်းများနှင့် (ဃ) စစ်ဘွဲ့များဟူ၍ ခွဲခြားနိုင်ပါသည်။

(၁) စစ်မှုထမ်းများ

စစ်မှုထမ်းများကို အောက်ပါအတိုင်း တွေ့ရှိရပါသည်။ စစ်မှုထမ်းများကိုစီစဉ်ရာတွင် စစ်ရေးစစ်ရာ၌ တာဝန်ယူရသော ယင်းတို့၏ ရာထူးအဆင့်အတန်း အကြီးအငယ်ကို မူတည်ပါသည်။

၁။ စစ်သူကြီး
၂။ သူရဲကြီး
၃။ မြင်းစီးကြီး
၄။ သူရဲကောင်း
၅။ လေးသမား
၆။ ဆင်စီးသူရဲ
၇။ မြင်းစီးသူရဲ
၈။ ရထားစီးသူရဲ
၉။ ခြေသည်သူရဲ

အခန်း (၆)

၂၃။ ဇာ၊ ဌ၊ ၁၀၆–၀။
၂၄။ ဇာ၊ ဌ၊ ၁၀၆–၉။
၂၅။ ဇာ၊ ဌ၊ ၁၀၆–၁၀။
၂၆။ ဇာ၊ ဌ၊ ၁၀၆–၁၁။
၂၇။ ဇာ၊ ဌ၊ ၁၀၆–၁၂။
၂၈။ ဇာ၊ ဌ၊ ၁၀၆–၁၃။
၂၉။ ဇာ၊ ဌ၊ ၁၀၆–၁၄။
၃၀။ ဇာ၊ ဌ၊ ၁၀၆–၁၅။
၃၁။ ဇာ၊ ဌ၊ ၁၀၆–၁၆။
၃၂။ ဇာ၊ ဌ၊ ၁၀၆–၁၇။
၃၃။ ဇာ၊ ဌ၊ ၁၀၆–၁၈။
၃၄။ ဇာ၊ ဌ၊ ၁၀၆–၁၉။
၃၅။ ဇာ၊ ဌ၊ ၁၀၆–၂၀။
၃၆။ ဇာ၊ ဌ၊ ၁၀၆–၂၁။
၃၇။ ဇာ၊ ဌ၊ ၁၀၆–၂၂။
၃၈။ ဇာ၊ ဌ၊ ၁၀၆–၂၃။
၃၉။ ဇာ၊ ဌ၊ ၁၀၆–၂၄။
၄၀။ ဇာ၊ ဌ၊ ၁၀၆–၂၅။
၄၁။ ဇာ၊ ဌ၊ ၁၀၆–၂၆။
၄၂။ ဇာ၊ ဌ၊ ၁၀၆–၂၇။
၄၃။ ဇာ၊ ဌ၊ ၁၀၆–၂၈။
